
www.burmeseclassic.com

No 86 July 2014

# ဂမ္ဘီရလောက

မဂ္ဂဇင်း



ဒဂုန်ရွှေမျှား
ဝေယံလင်းခေါင်
မောင်မောင်မိုးအောင်
အမ်ဂျီလှကြည်
ဆွေမြင့်
မောင်နီချို
ချစ်နွေမိုး
ကျော်စွာ
ဟိန်းဇေယျာ
မောင်လူသစ်
နတ်မိမယ်
ဓာတ်စုထိုက်
အေးသင်းဘာသက်ဝေ

BURMESE CLASSIC .com

– တစ္ဆေစွာ – ထနောင်းကိုင်းမှ ဝိညာဉ် – သရဲမိုးတောနှင့် စွားကျောင်းသားများ – သေချလက်ချက်
– အဖြေရှာမရသော ပုစ္ဆာတစ်ပုဒ် – အလှနဲ့ ရွေးခေတ်ဒဏ္ဍာရီ – ဝိညာဉ်ညည်းသံ
– နောက်ဆုံးကျန်သည့် ခရီးသည် – ဂမ္ဘက်ကြူးသော ပန်းပုဆရာ – နဂါးစောင့်သည့်တောင်
– မောင့်ဒေဝီ – ကုက္ကိုပြင်ရွာကမိုးဘိုးဘိုးကြီးနှင့် အထင်အရှား ဖြစ်ရပ်ဆန်းများ
– ကျွန်ုပ် နှင့် ဖူးစွာဆန်းပြား ပရနယ်သားများ

www.burmeseclassic.com

www.burmeseclassic.com


ဆုပြည့်စုံထွန်းစာပေမှ ထုတ်ဝေထားသော
င်းသား/ကျောင်းသူများနှင့်ကလေးငယ်များဗဟုသုတရပြီး
သိမှတ်စေရန်စာအုပ်ကောင်းများ



င်းသားကျောင်းသူများနှင့်ကလေးများအတွက်ဗဟုသုတရစေရန်နှင့်
ကြီးမားစေရန်ရည်ရွယ်၍ ဆုပြည့်စုံထွန်းစာပေမှ ပျော်ရွှင်စရာတီထွင်ကမ္ဘာ၊
အမေးကမ္ဘာ၊ ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ၊ ပျော်ရွှင်စရာဆန်းကြယ်ကမ္ဘာ၊
ပျော်ရွှင်စရာပုံပြင်ကမ္ဘာနှင့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ
စရှိသောစာအုပ်များကို ကာလာများဖြင့် ပြန်လည်ဆန်းသစ်၍
စာအုပ်ဆိုဒ်ကြီး ထုတ်ဝေလိုက်ပါသည်။


သို့

၈ - JUN 2014

မှ

# ဂမ္ဘီရလောက


ဆုပြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House

ချုပ်ဆောင်းပါး၏
ဘဝနှင့်ပတ်သက်သော
ကြောင်းအရာများကို
ဖော်ပြထားသော

သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့




ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့




ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
နှလုံးသွင်းမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)





# ဂမ္ဘီရလောက

ဇေဝင်း

ဆုမြည့်စုံဝွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်၊
www.burmeseclassic.com

www.burmeseclassic.com

No.86, July 2014

# ကလျာရလောက


သေသူ့လက်ချက်
အဂုန်ရွှေမျှား ၆

အဖြေရှာမရသော ပဉ္စာတစ်ပုဒ်
ချစ်နွေမိုး ၃၁

အလှနဲ့ ရှေးခေတ်ဒဏ္ဍာရီ
ဆွေမြင့် ၄၉

ဝိညာဉ်ညည်းသံ
စောစုထိုက် ၆၃

နောက်ဆုံးကျန်သည့် ခရီးသည်
အမ်ရီ-လှကြည် ၇၆

ကုတ္တိုပြင်ရက္ခစိုးဘိုးဘိုးကြီးနှင့် အထင်အရှားဖြစ်ရပ်ဆန်းများ
မောင်လှသစ် ၁၀၁

ထင်ရှူးနား
အောင်နိုချို ၁၀၆

နဂါးစောင့်သည့်တောင်
မောင်မောင်မိုးအောင် ၁၃၁

မောင့်ဒေဝီ
နုတ်မီမယ် ၁၄၆

ထနောင်းကိုင်းမှဝိညာဉ်
အေသင်ဇာသက်ဝေ ၁၅၄

သင်္ချိုင်းတေနှင့်ရွာကျောင်းသားများ
ကျော်စွာ ၁၉၁

ရူးမက်ကြူးသော ပန်းပုဆရာ
ဟိန်းဇေယျာ ၂၀၀

ကျွန်ုပ်နှင့် ထူးထွေဆန်းပြား ဝရုဏ်သားများ
ဝေသီလင်းခေါင် ၂၁၀

Next Month Preview ၅


www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
ကျော်မြင့်ထွန်း (Quality)

အုပ်ချုပ်မှု အယ်ဒီတာ
မခင်မာရွှေ

အာဂန္တုအယ်ဒီတာ
အတွင်းဝန်ခွန် (၁၉၃၃၀၀၀၉၄)

အယ်ဒီတာအဖွဲ့
ညက်လင်းထက်

ပုံအဖွဲ့
ကိုဝိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ဓလင်း၊ ကျော်ကျော်၊ ဖြူဖြူသင်း
ဝင်းဝင်းမော်၊ ပေမာလှိုင်၊ ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိဖြူ၊ မီမီဇင်၊

ထုတ်ဝေသူ
ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ)၊ (၀၃၄၀၅) (မြ)၊ အမှတ် ၅၁၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး
ညက်လင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး
လူသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ။

ကွန်ပျူတာနှင့် ဖလင်
Quality

ပုံနှိပ်သူ
ဦးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၆၅၉)
ဆန်စက်အဝိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

တန်ဖိုး
တင်မေထွန်း
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

စာတည်းအဖွဲ့ နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၁၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၁၆၆၄၊ ၁၈၆၈၃၁








# Next Month Preview

www.burmeseclassic.com

www.burmeseclassic.com

# ဒုန်ရွှေများ

## သေသူ့လက်ချက်



လူတို့သည် ယခုဘဝ၌ စုတိစိတ်ကျ၍ ဘဝတစ်ပါး ပြောင်းသွားသောအခါ
ဘဝဟောင်းမှ အဖြစ်အပျက်များကို သတိမေ့လျော့၍ သွားလေ၏။
အုတ်နံရံ၏ အခြားဘက်သို့ ပစ်ချလိုက်သောသူသည်
တစ်ဖက်၌ရှိသော အရာဝတ္ထုကို မမြင်ရဘဲ သကဲ့သို့ လွန်ခဲ့သော
ဘဝကို လုံးလုံး သတိမရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပင်ဖြစ်သော်လည်း မှသားပြောခဲလှသော သူတစ်ယောက် ဖြစ်သဖြင့် မယုံကြည်စရာအကြောင်း မရှိပေ။

သို့ဖြစ်ရကား ကျွန်တော်သည် ဦးဘိုးထော် တွေ့ကြုံခဲ့သောအကြောင်းအရာများကို ၎င်းပြောပြသည့်အတိုင်း ဝတ္ထုအဖြစ်ဖြင့် အောက်တွင်ရေးသားဖော်ပြပါအံ့။

ဒဂုန်ရွှေမျှား

= ၂ =

ကျွန်ုပ်သည်ဓားထိုးမှုတစ်မှုနှင့်အထက်မြင်းခြံထောင်၌အကျဉ်းခံလျက်ရှိစဉ် ကျွန်ုပ်တို့ထောင်ကို အုပ်ချုပ်သော ထောင်မှူးကြီးသည် အခွင့်ယူ၍ပြောင်းသွားသဖြင့်နောက်ထပ်ထောင်မှူးအသစ်တစ်ယောက်သည် ရန်ကုန်မြို့မှ ဆိုက်ရောက်လာလေသည်။ ၎င်းမှာအင်္ဂလိပ်မျက်နှာဖြူလူမျိုးနှင့်အိန္ဒိယတိုင်းသားရောစပ်ပေါက်ဖွားဟန်ရှိသော ကပြားဖြစ်ဟန်ရှိ၏။ ၎င်းမှာအသက် (၄၀)ကျော်ခန့်လောက်ရှိ၍ အသားဖြူလျက် အရပ်အမောင်း ထွားကြိုင်းပြီးလျှင် တည်ကြည်ခံ့ညားသောမျက်နှာရှိ၍ ရင့်သီးသောဣန္ဒြေနှင့်လည်းပြည့်စုံပေ၏။ ၎င်းမိန်းမမှာ ကပြားမပင် ဖြစ်ဟန်ရှိသော်လည်း ဘိလပ်သူကုလားဖြူမအစစ်များထက် လှပချောမော၍ အရွယ်မှာ (၃၀)ခန့်မျှသာ ရှိဦးမည်ဟု ခန့်မှန်းရ၏။ ၎င်းတို့၌ (၅)နှစ်ရွယ်ခန့် သမီးကလေးတစ်ယောက်ပါ၍လာရာ ၎င်းကလေးမှာ ဖခင်၏ ဖြူစင်လတ်ဆတ်သောအသားနှင့် မိခင်၏ယဉ်ကျေးနွဲ့နှောင်းသော ကိုယ်ပေါက်ကိုယ်ရောက်တို့သည် ရောစပ်လျက်ရှိသဖြင့် ကျွန်ုပ်တွေ့မြင်ခဲ့ဖူးသော ကလေးများထဲတွင် ချစ်စရာအကောင်းဆုံးကလေးတစ်ယောက် ဖြစ်သည်ဟု ဆိုရပေမည်။

ထောင်မှူးကြီးသည် ကျွန်ုပ်တို့ထောင်သို့ရောက်၍ (၇)ရက်ခန့်ကြာလတ်သော် ထောင်သားများကို စစ်ဆေးရခြင်း၊ ထောင်အလုပ်ကို ကြည့်ရှုရခြင်း၊ ထောင်သားအဝင်အထွက်စာရင်းအင်းမှစ၍ ထောင်၏အုပ်ချုပ်ပုံကို စီမံခန့်ခွဲရခြင်းအစရှိသည့်ပြုရန်အလုပ်ကိစ္စများကို နေသားတကျရှိအောင်



ဆောင်ရွက်ရ၏။ ထိုအတွင်း ထောင်မှူးကြီးနှင့် (၂)ကြိမ်၊ (၃)ကြိမ်မျှ မျက်နှာချင်းဆိုင်မိရာ ၎င်းက ကျွန်ုပ်၏ အကြောင်းကို အတော်အတန် သိနှင့်ပြီးသတ္တဏနှင့် အတော်အတန်ဖော်ရွေသော လက္ခဏာဖြင့် ကျွန်ုပ်ကို ကြည့်၏။ ထောင်တွင်း၌ ဆိုးသွမ်းသူများ၊ ဦးထုပ်ရထောင်ဗားရာများနှင့် ထောင်မင်းသားများ၌ ၎င်းတို့၏အကြောင်းကို အတိုချုပ်ရေးမှတ်ထားသော ရာဇဝင်များရှိသဖြင့် ကျွန်ုပ်၏ရာဇဝင်ကို ထောင်မှူးကြီးမှာ ဖတ်၍ပြီးဟန် လက္ခဏာရှိ၏။

(၁၅)ရက်ခန့်မျှ ကြာလတ်သော် ထောင်ဗားရာတစ်ယောက်မှာ ဆေးရုံသို့ တက်ရောက်နေသဖြင့် ကျွန်ုပ်လည်း ထောင်ခြံမှထွက်သော ပန်းများကို စည်းနှောင်ကာ ထောင်မှူးကြီး၏ စားပွဲသို့ ပို့ရ၏။ စားပွဲ၌တင်ထားသော ပန်းတံခါးထဲသို့ ပန်းများကို စိုက်ခဲ့ပြီးနောက် ကျွန်ုပ်လည်း အခန်းထဲမှ ထွက်ခဲ့ရာ အခန်းဝတွင် ထောင်မှူးကြီးနှင့် မျက်နှာချင်းဆုံ၍နေသဖြင့် ကျွန်ုပ်တ အရှိအသေပြု၏။ ၎င်းက ကျွန်ုပ်၏ မျက်နှာကိုကြည့်ပြီးလျှင် "ထောင်မင်းသား မောင်ဘိုးထော် မဟုတ်လား" ဟု မြန်မာလို အတော်ပင်ပီသစွာမေး၍ ကျွန်ုပ်မှာ ပထမ၌ အံ့အားသင့်၍နေပြီးမှ ဟုတ်ပါကြောင်းဖြင့် ဖြေဆိုရလေသည်။

"မောင်မင်းအကြောင်းကို အရင်ထောင်မှူးကြီးဒေးဗစ်ကဖြင့် ကောင်းကောင်းရေးခဲ့တယ်။ သတ္တိရှိပြီး ထောင်ထဲမှာ တကယ့်အရေးအကြောင်းရှိတဲ့အခါမှာ တကယ်အားကိုးရတယ်ဆိုပဲ။ ဘယ့်နှယ်လဲ - မှန်ရဲ့လား"

"ဝတ္တရားရှိတဲ့အတိုင်းတော့ ဆောင်ရွက်ဖူးပါတယ် - သခင်ကြီး"

"မောင်မင်းဇာတိ ဘယ်အရပ်ကလဲ"

"ရွှေဘိုတောလက်ကပါ"

"ရွှေဘိုနယ်က လူများဟာ အင်မတန်သတ္တိကောင်းတယ်"

"မှန်ပါတယ်"

"ပြီးတော့ - မြန်မာလူမျိုးများရဲ့သတ္တိကို ကျွန်ုပ် အများကြီးသိတယ်"

"မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ထောင်များမှာ ထောင်မင်းသား ဖြစ်ဖူးသေးသလဲ"

"အင်းစိန်၊ ရန်ကုန်၊ သရက်၊ ပြည် ..."

"တော်ပါပြီ – တော်ပါပြီ၊ ကြော် – ဒါနဲ့ – တစ်ခုမေးရဦးမယ်၊ ဒီထောင်က ထောင်သားတွေဟာ တော်တော် ငြိမ်ငြိမ်ဆိတ်ဆိတ် ပိပိပြားပြား ရှိကြရဲ့လား"

"ရှိကြပါတယ် – သခင်ကြီး၊ နို့ပေမဲ့ – နှစ်ကြိမ်းသမားထဲက တစ်ယောက်၊ နှစ်ယောက်ကတော့ နည်းနည်းစိတ်ဆတ်ချင်တယ် – ဒါပါပဲ"

"သူတို့က ဘာလုပ်ဖူးလို့လဲ"

"ထောင်သား(၂)ယောက်ကိုပါးရိုက်ဖူးတယ်၊ တစ်ယောက်ကဗာရာကို လက်သီးနဲ့ခံပြီးထိုးဖူးတယ်၊ တစ်ယောက်ကထောင်မှူးကလေးတစ်ယောက်ကို ရွှေပေါ်အိမ်နဲ့ ရိုက်ဖူးတယ်"

"ထောင်သားတွေကို စောင့်ရှောက်ရတာလဲ၊ တယ်ပြီး မခဲယဉ်းလှဘူး မဟုတ်လား"

"မခဲယဉ်းလှပါဘူး – သခင်ကြီး"

"မောင်ဘိုးတော်စကားကို နားမထောင်တဲ့ လူများကော ရှိသေးသလား"

"တယ်ပြီးမရှိလှပါဘူး – သခင်ကြီး၊ နားမထောင်ရင်လည်း သူတို့ကို ဆုံးမတန်ရင် ဆုံးမရပါတယ်"

"ဘယ်လိုဆုံးမတာလဲ"

"ပထမ – ပါးစပ်နဲ့ ဆုံးမရပါတယ်၊ နောက်ကို လက်နဲ့ ဆုံးမတာပါပဲ"

"ကောင်းတယ် – ကောင်းတယ် – ထောင်သားတွေအပေါ်မှာထောင်မင်းသားက ဒီလိုလည်း ဩဇာရှိမှ၊ ကျွန်ုပ်တို့က အုပ်ချုပ်လို့လွယ်တယ်၊ အဆုံးမှာမြန်မာလူမျိုးတွေကိုမြန်မာအုပ်ချုပ်မှ သာပြီးကောင်းတာပဲ၊ ကုန်ကုန်ပြောမယ်လေ၊ ထောင်မှူးကြီးတွေကို မြန်မာလူမျိုးတွေချည်းထားရင် သာပြီးကောင်းတာပဲ"

"မှန်ပါတယ် – သခင်ကြီး၊ သခင်ကြီးတစ်ယောက် အဲဒီလိုစကားမျိုး ပြောသံကြားရလို့ အင်မတန်ဝမ်းသာပါတယ်"



ထိုခဏ၌ လက်ဖက်ရည်ပွဲ ရောက်လာ၍ ထောင်မှူးကြီးသည် စကားကို ဖြတ်ပြီးလျှင် "ကောင်းပါပြီ – မောင်ဘိုးတော်၊ ကျုပ်လိုချင်တဲ့ စကားတွေကို သိရလို့အများကြီးကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကိုလည်း အရေးအကြောင်း ရှိရင် ကူညီပါနော် – ကြားလား"

"ကောင်းပါပြီ – သခင်ကြီး"

ထို့နောက် ကျွန်ုပ်မှာ ထောင်မှူးကြီး အခန်းထဲမှ ထွက်ခဲ့လေ၏၊ ထိုနေ့မှစ၍ ကျွန်ုပ်မှာ ထောင်မှူးကြီးနှင့် ယခင်ကထက် မျက်မှန်းတန်းမိပြီးလျှင် ၎င်း၏အလုပ်ခန်းသို့လည်းကောင်း၊ တစ်ခါတစ်ရံ ၎င်း၏အိမ်သို့ ၎င်းခေါ်ကာ ဝတ်ကြီးဝတ်ငယ်များကို ပြုလုပ်ဆောင်ရွက်စေ၏၊

=❦=

ထောင်မှူးကြီး၏အိမ်သို့ မကြာမကြာ သွားရောက်ရသဖြင့် ၎င်း၏သမီးကလေး "လစ်လီ" မှာ ကျွန်ုပ်နှင့် အတော်ပင် အကျွမ်းတဝင်ဖြစ်ကာ ကျွန်ုပ် အလုပ်လုပ်သောအခါများ၌ ကျွန်ုပ်အနီးသို့ လာရောက်ပြီးလျှင် တစ်ခါတစ်ရံ မြန်မာစကားများကို မပီကလာ၊ ပီကလာ တော့တီးတော့တ ပြောလေ့ရှိ၏၊ ဘီစကွတ်မုန့်ကလေးများကိုယူလာကာ ကျွန်ုပ်အား ပေးတတ်၏၊ ၎င်း၏ နုညံ့သော ပါးပြင်ကလေးများကိုကျွန်ုပ်၏ကြမ်းတမ်းသောလက်ကြီးများဖြင့် ယုယပွတ်သပ်သောအခါ "လစ်လီ" သည် ကျွန်ုပ်အား မျက်စောင်းထိုး၍ ကြည့်တတ်၏၊ ၎င်း၏ အပြစ်ကင်းမဲ့၍ ပြာလဲ့သောမျက်လုံးကလေးများကို မြင်သောအခါ ကျွန်ုပ်၏ မိုက်မဲသော ဘဝအကြောင်းကို အောက်မေ့မိကာ သတိတရား ရမိ၏၊ ကြာဖူးကြာဖတ်ကဲ့သို့ နီမြန်းပျော့ပျောင်းသော နှုတ်ခမ်းကလေးများဖြင့် မပွင့်တပွင့်စကားပြောသောအခါများ၌ လွန်စွာပင် ချစ်စဖွယ် ကောင်းလှသဖြင့် လစ်လီမှာ ငါ၏သမီးကလေးဖြစ်လျှင် ကောင်းလေစွဟုပင် အောက်မေ့မိ၏၊ ဤနည်းအားဖြင့် ကျွန်ုပ်မှာ ထောင်မှူးကြီးအိမ်၌ အလုပ်လုပ်ရသောအခါများတွင် "လစ်လီ" နှင့် လက်ပွန်းတတီး နေရခြင်းအားဖြင့် ကျွန်ုပ်၏ ရုန့်ရင်းကြမ်းတမ်းသော ဘဝကြီးကို မေ့ပျော်ဖြေရပါကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com

အချိန်သည် တရွေ့ရွေ့ကုန်လွန်၍လာခဲ့ရာ ကျွန်ုပ်၏ထောင်သက်သည်လည်း တက်မှန်းမသိ တက်၍လာခဲ့၏။ ထောင်မှူးကြီး ရောက်သည်မှာ (၆) လကျော်ကျော်ခန့်ကြာရှိလတ်သော် တစ်နေ့သ၌ ကျွန်ုပ်သည် ကြိုးများကျစ်သော "ကြိုးကျစ်ရုံ" ရှေ့၌ ဘာရာတစ်ယောက်နှင့် စကားပြောလျက်ရှိစဉ် ထောင်မှူးကလေးက တွေ့လိုသည်ဟု ထောင်သားတစ်ယောက် လာ၍ခေါ်သဖြင့် ကျွန်ုပ်လည်း လိုက်သွားရလေ၏။

ထောင်မှူးကလေးဦးညွှန့်ဖေရှေ့သို့ရောက်သောအခါ ထောင်မှူးကြီးက ကျွန်ုပ်အား အရေးကြီးသောကိစ္စတစ်ခုနှင့် အမြန်တွေ့လိုကြောင်း ပြောသဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီး၏အိမ်သို့ အမြန်သွားရောက်လေ၏။

အချိန်မှာ နံနက် လက်ဖက်ရည်သောက်ချိန်ဖြစ်သော်လည်း ထောင်မှူးကြီးသည် စားပွဲဝိုင်းပေါ်တွင် တည်ခင်း၍ထားသော လက်ဖက်ရည်ကိုသောက်ပြီးဟန် မရှိသေးဘဲ အခန်းထဲတွင် လက်(၂)ဖက်ကို နောက်သို့ပစ်ကာ စကြံလျှောက်၍နေသည်ကို တွေ့ရ၏။ ဆံပင်မှာ သပ်ရပ်စွာ ဖီး၍မထားနိုင်ဘဲ ဗွယောင်းယောင်းဖြစ်ကာ တစ်ခါတစ်ရံ ဦးခေါင်းကိုကုတ်လျက် ကျွန်ုပ်ဝင်လာသည်ကို တစ်ချက်မျှ လှမ်း၍ကြည့်ပြီးနောက် လမ်းလျှောက်မြဲ လျှောက်၍နေပြန်၏။

တစ်ခဏမျှ ကြာလတ်သော် ကျွန်ုပ်အား လှမ်း၍ -

"မောင်ဘိုးတော် - ရောက်လာပြီလား"

"မှန်ပါတယ် - သခင်ကြီး"

ဤကဲ့သို့ နှုတ်ဆက်သော်လည်း လမ်းလျှောက်မပျက်သေးဘဲ ၎င်း၏ ဆံပင်များကို လက်နှင့်ထိုးဆွကာ "သိပ်ခက်တာပဲ - မောင်ဘိုးတော်၊ ဒီဟာ ယုံရမှာလည်းခက်၊ မယုံရမှာလည်းခက်ဆိုသလို ဖြစ်နေပါပြီ၊ ကျွန်ုပ်ကို အကြံကလေးများ နည်းနည်းပေးစမ်းပါဦး - မောင်ဘိုးတော်၊ ကျွန်ုပ်ဝမ်းထဲမှာတော့ ကမ္ဘာမီးလောင်နေပြီ"

"ဘယ်လိုဖြစ်တာလဲ - သခင်ကြီး၊ ကျွန်တော်မျိုး တတ်နိုင်သမျှ ကူညီဖို့ အသင့်ရှိပါတယ်"



"ခက်တယ် - မောင်ဘိုးတော် - ခက်တယ်၊ အထင်ခံ၊ အမြင်ခံ မြင်ရတဲ့ ရန်သူဆိုရင် ကျွန်ုပ် မကြောက်ပါဘူး၊ ဓားချင်းယှဉ်ပြီး ခုတ်ရမယ်ဆိုရင်လည်း ခုတ်မယ်၊ သေနတ်ချင်း ယှဉ်ပြီးပစ်ဖို့လည်း အဆင့်သင့်ပဲ၊ အခုတော့ ..."

"အခုတော့ - ဘယ်လိုရန်သူမျိုးဖြစ်လို့လဲ - သခင်ကြီးရဲ့ ကျွန်တော်မျိုး ရှေ့ကနေပြီး အသေခံမယ်ဆိုတာ သခင်ကြီး ယုံကြည်တယ်မဟုတ်လား"

(ဦးခေါင်းကို ဆတ်ဆတ်ခါအောင်ညိတ်လျက်)

"တော်ပါပေတယ် - တော်ပါပေတယ်၊ ဒီလိုတပည့်မျိုးတွေ့ရတာ အများကြီး ကျွန်ုပ်ဝမ်းမြောက်မိပါတယ်၊ ကိုင်း - ကျွန်ုပ်အကြောင်းကို မောင်ဘိုးတော် ပြောပြရဦးမှာပဲ၊ ဒီအကြောင်းတွေကို ကျွန်ုပ် ဘယ်သူ့မှလည်း မပြောဖူးဘူး၊ ပြောချင်တဲ့စိတ်လည်း မရှိဘူး၊ အထက်အရာရှိကြီးတွေကိုလည်း မသိစေချင်ဘူး၊ ဒါကြောင့် - ကျွန်ုပ် ဘယ်သူ့မှ မတိုင်ပင်ဘူး၊ မောင်ဘိုးတော်ကိုတော့ ကျွန်ုပ်တွေ့ရတဲ့ မြန်မာလူမျိုးထဲမှာ သစ္စာအရှိဆုံး၊ သတ္တိအရှိဆုံးလူတစ်ယောက်ပဲလို့ ကျွန်ုပ် ယုံကြည်မိတယ်၊ ဒါကြောင့်လည်း တိုင်ပင်မယ်လို့ ခေါ်တာပဲ"

"တိုင်ပင်နိုင်ပါတယ် - သခင်ကြီး၊ မိမိကို ယုံကြည်ပြီး လျှို့ဝှက်စွာ တိုင်ပင်တဲ့အရာများကို ကျွန်တော်မျိုး အသက်နှင့်အတူ လုံခြုံအောင် စောင့်ရှောက် ပါမယ်"

"ကိုင်း - ကိုင်း - ကျွန်ုပ်ကိုကြည့်ပြီး နည်းနည်းအကဲခတ်စမ်း၊ ကျွန်ုပ်ဟာ ဘယ်လိုလူမျိုးလဲ၊ ဘာဖြစ်ခဲ့သလဲ၊ အခု - ဘာဖြစ်နေသလဲဆိုတာ မောင်ဘိုးတော်ဟာ လူကဲခတ်လည်း အတော်ကောင်းတဲ့လူတစ်ယောက်လို့ ထောင်မှူးကလေးက ပြောဖူးတယ်"

"သခင်ကြီးကိုကြည့်ရတာ ထောင်မှူးအလုပ်နဲ့တောင် မတန်ဘူး၊ သိမ်သိမ်မွေ့မွေ့အလုပ်လုပ်ရတဲ့ တရားသူကြီးဖြစ်စေ၊ ဝတ်လုံတော်ရဖြစ်စေ ဖြစ်ခဲ့တယ်လို့ထင်ပါတယ်၊ သခင်ကြီးမှာ အရင်က ဒုက္ခတစ်ခု တွေ့ခဲ့တယ်၊ အခု တလောလည်း၊ အင်မတန်စိတ်မချမ်းသာစရာတစ်ခု ..."

(စကားမဆုံးမီ အားရပါးရ ဦးခေါင်းကို ညိတ်လျက်)



www.burmeseclassic.com

www.burmeseclassic.com

"သိပ်တော်တာပဲ – မောင်ဘိုးထော်၊ မောင်ဘိုးထော်အကြောင်းကို အရင်ကသည့်လောက်မယုံမိဘူးနေပါဦး – ဒီအကြောင်းတွေကိုဘာကြောင့် ဒီသလဲဆိုတာ ပြောစမ်းပါဦး"

"သခင်ကြီးရုပ်ရည်ကို ကြည့်ရတာ၊ ပြီးတော့ – ဗီရိုကြီးနဲ့ ပါပြီးလာတဲ့ စာအုပ်ကြီးတွေ ကြည့်ရတာ၊ စကားပြောပုံ၊ ဆုံးဖြတ်ပုံကို ကြည့်ရတာ၊ တရားသူကြီးတစ်ယောက်ရဲ့ဟန်ပန်လေသံနဲ့အင်မတန်တူလို့ကျွန်တော်မျိုး သည် လို့ဆိုပါတယ်"

"အရင်က ဒုက္ခတစ်ခု တွေ့ခဲ့တယ်ဆိုတာကကော"

"သခင်ကြီးမှာအရွယ်နဲ့မလိုက်အောင်ဆံပင်တွေလည်းဖြူ၊အရေလည်း လိပ်နေတယ်"

"မှန်တယ် – မောင်ဘိုးထော်"

"အခုစိတ်ညစ်တဲ့အကြောင်းကိုတော့ ကျွန်တော်မျိုး ပြောစရာမလို တော့ပါဘူး"

"မှန်တယ် – မောင်ဘိုးထော်၊အားလုံးမှန်တယ်၊ ကျွန်ုပ်အရင်ကစက်ရှင် မင်းကြီး (၇)နှစ်လုပ်ခဲ့ဖူးတယ်၊ ဗီရိုကြီး(၃)လုံးနဲ့ပါပြီးလာတဲ့စာအုပ်တွေဟာ အားလုံး ကျွန်ုပ် ဥပဒေစာအုပ်တွေချည်းပဲ၊ အဲဒီလို ကျွန်ုပ် စက်ရှင်မင်းကြီး အဖြစ်နဲ့ နေစဉ်အခါမှာ အမှုအမျိုးမျိုးကိုစီရင်ခဲ့ရတယ်၊ မောင်ဘိုးထော် သိတဲ့ အတိုင်း လူသတ်မှု၊ ဓားပြမှုမှစပြီး လွှတ်တန်ရင်လည်း လွှတ်၊ ထောင်ချတန် ချ၊ တစ်ကျွန်းပို့တန် ပို့၊ ကြိုးပေးတန်ရင်လည်း ပေးပေါ့လေ၊ နို့ပေမဲ့ – ကျွန်ုပ် ဟာ ဘယ်တော့မှ လာဘ်သပ္ပကာယူပြီးတစ်ဖက်စီးနင်းမတရားမလုပ်ခဲ့ဘူး၊ ကျွန်ုပ်စိတ်ထဲမှာ အပြစ်မရှိဘူးထင်ရင် ဘယ်သူ့ကိုမှ ထောက်ထားမနေဘူး၊ လွှတ်ပစ်လိုက်တာပဲ၊ အမှုမှန်တယ်ထင်ရင်လည်း ဘယ်သူ့မျက်နှာကိုမှ သနားမနေဘူး၊ ဥပဒေအတိုင်း စီရင်လိုက်တာပဲ၊ ဒါနဲ့ – လွန်ခဲ့တဲ့ (၄)နှစ် လောက်က သာယာဝတီမှာ ကျွန်ုပ် စက်ရှင်အဖြစ်နဲ့နေတဲ့အခါမှာ မောင် ဒအောင်ပေါ်ဆိုတဲ့ လူတစ်ယောက်ကို ကြိုးပေးခဲ့ဖူးတယ်၊ မောင်ဘိုးထော် သိတဲ့အတိုင်း၊ ကျုပ်တို့တရားသူကြီးများမှာ တွေ့ရတဲ့တရားခံတွေက များ





"ခင်ဗျားက စက်ရှင်မင်းကြီးဖြစ်လို့ ကျုပ်ကို ကြိုးမိန့်ပေးခဲ့တာ၊ ကျုပ်မှာတော့ မှုမရှိပေမဲ့ ကျုပ် ဘာတွေလဲသိတယ်လို့ အမှုမဲ့ပြစ်ရှင်တော့ ကျုပ် စိတ်မနာဘူး။ အခုတော့ – ကျုပ်မှာ မှောက်ဘဲနဲ့ အသေခံရတော့ သိတယ်မဟုတ် ကျွန်တော်မှုမကျူးဘူး ကျုပ်ကိုယ်ကို ခင်ဗျားသတ်နိုင်မယ် ကျုပ်ဝိညာဉ်ကို ခင်ဗျား မသတ်နိုင်ဘူး၊ ဒီတော့ – ကျုပ် ဖြစ်လေရာဘဝ လိုက်ပြီးတားမှာ လူညီမယ် နာမယ်ရှိလား ကျုပ် အသက်နဲ့ပေး တမင်းလည်းပြုနေ"

လွန်းလို့ ဘယ်သူ့နာမည်ကိုမှ ကျုပ် ကောင်းကောင်းမမှတ်မိဘူး၊ မမှတ်မိ အောင်လည်းကျုပ်ကြိုးစားတယ်၊ နို့ပေမဲ့ – ဒီလူတစ်ယောက်ကိုတော့ကျွန်ုပ် စိတ်ထဲက ဖျောက်မပစ်နိုင်တော့ဘူး၊ ကျွန်ုပ် သေသည့်တိုင်အောင် သူ့ကို အမှတ်ရလိမ့်မယ်ထင်တယ်၊ ဒီလူကိုကြိုးပေးပြီးကတည်းက သူ့ကိုကြောက် နေတဲ့စိတ်ဟာ ကျွန်ုပ်ဝမ်းထဲမှာ အမြဲအောင်းနေတယ် – မောင်ဘိုးထော်"

"ဘာကြောင့် – သည်လောက်စွဲလမ်းပြီးနေဘာလဲ – သခင်ကြီးရဲ့၊ ပြီးတော့လည်းသူ့ကိုအမြဲကြောက်နေရအောင်သေပြီးသားသူတစ်ယောက် ဘာလာပြီး တတ်နိုင်ဦးမှာလဲ – သခင်ကြီး"

"မဟုတ်ဘူး – မဟုတ်ဘူး – ဒီလူကို အသက်ရှင်နေတဲ့လူထက် ကျွန်ုပ် ကြောက်တယ်"

www.burmeseclassic.com

"ကြောက်ပုံကို အမိန့်ရှိပါဦး - သခင်ကြီး"

"မောင်ဘိုးထော် - မြန်မာလူမျိုးပဲ မဟုတ်လား၊ ဗုဒ္ဓဘာသာနော်"

"မှန်ပါတယ် - သခင်ကြီး"

"မောင်ဘိုးထော်တို့ ဗုဒ္ဓဘာသာလူမျိုးမှာ အကောင်အထည်ကို မမြင်ရတဲ့ ဝိညာဉ်ဘုံရယ်လို့ ရှိသလား"

"ဘယ်လိုဝိညာဉ်ဘုံလဲ - သခင်ကြီး၊ ဩော် - တစ္ဆေသရဲပြောတာ ထင်ပါရဲ့"

"ဟုတ်တယ် ထင်တယ်၊ ဘာခေါ်သလဲလို့တော့ ကျွန်ုပ် မသိဘူး၊ သူတို့ကို ကျွန်ုပ်တို့က မမြင်နိုင်ဘူး၊ သူတို့က ကျွန်ုပ်တို့ကို မြင်နိုင်တယ်"

"ပြိတ္တာရယ်လို့တော့ ရှိပါတယ်"

"ဒီဟာတွေ ကျုပ် နားမလည်ဘူး - မောင်ဘိုးထော်၊ နို့ပေမဲ့ - ဒီလူဟာ သေပြီးတဲ့နောက် ကျွန်ုပ်ဆီကို ပြန်လာတာ (၃)ခါရှိပြီ"

"မဟုတ်နိုင်ပါဘူး - သခင်ကြီး"

"ဘာမဟုတ်နိုင်ရမလဲ၊ ကျွန်ုပ်မျက်စိနဲ့ မြင်ရတယ်၊ ကျွန်ုပ်ဟာ မရူးသေးဘူး - နားလည်လား"

"မှန်ပါ့ - အမိန့်ရှိပါ - သခင်ကြီး"

"ဒီလူကို ကျွန်ုပ်ကြိုးမိန့်ပေးလိုက်တော့ သူက သူမဟုတ်ရတဲ့အကြောင်း ပုလိပ်များကသာ အမှုကို မတရားသဖြင့် လီဆယ်ပြီးတင်တဲ့အကြောင်းတွေကို ပြောတာပေါ့လေ၊ နို့ပေမဲ့ - သေရမယ့်တရားခံဆိုတာ ဒီလိုပဲ ပြောရိုးပြောစဉ်ပြောကြတာပဲ၊ ဒီလိုပြောတာ ကျုပ်တို့မှာတော့ အဆန်းမဟုတ်တော့ပါဘူး၊ သူ့အမှုကတော့ မိန်းမနဲ့ပတ်သက်ပြီးဖြစ်ရတဲ့အမှုပဲ၊ အမှုအကျိုးအကြောင်းကိုတော့ မသိချင်ပါနဲ့တော့လေ၊ ကျုပ်လည်း ကောင်းကောင်းမမှတ်မိတော့ပါဘူး၊ ဒါနဲ့ - အယူခံဖို့ ရက်ပေးပြီးချောမှာ အယူခံမှာလည်း ရှုံးပြီးကြိုးပေးခံရရာတယ်၊ ဒါနဲ့ - သူ့ကို ကြိုးပေးပြီးတဲ့ညမှာ ကျုပ် အိပ်မက်တစ်ခု မက်တယ်၊ ကျုပ် အမိန့်ပေးလိုက်စဉ် ဝတ်ထားတဲ့အဝတ်အတိုင်း ကျုပ်နေတဲ့အိမ်တံခါးဝက ကျုပ်ကို လက်ညှိုးထောင်ပြီး "ခင်ဗျားက စက်ရှင်မင်းကြီးဖြစ်လို့



ကျုပ်ကို ကြိုးမိန့်ပေးခဲ့တာ၊ ကျုပ်မှာတော့ မရှုမလှ သေရပြီ၊ ကျုပ် တကယ်သတ်လို့ အမှုမှန်ဖြစ်ရင်တော့ ကျုပ် စိတ်မနာဘူး၊ အခုတော့ - ကျုပ်မှာ မဟုတ်ဘဲနဲ့ အသေခံရတော့ ဒီဘဝမဟုတ်၊ ဘယ်ဘဝမှမကျေဘူး၊ ကျုပ်ကိုယ်ကို ခင်ဗျားသတ်နိုင်ပေမယ့် ကျုပ်ဝိညာဉ်ကို ခင်ဗျားမသတ်နိုင်ဘူး၊ ဒီတော့ - ကျုပ် ဖြစ်လေရာဘဝက လာပြီးကလဲ့စားချေလည့်မယ် နားလည်ရဲ့လား၊ ကျုပ် အသတ်ခံရတာ တပေါင်းလပြည့်နေ့၊ ဒီတော့ - တပေါင်းလပြည့်နေ့တိုင်း ကျုပ်အဖြစ်အပျက်ကို ဘယ်တော့မှ ကျုပ်မမေ့နိုင်ဘူး၊ ဒီနေ့ ဒီရက်တိုင်း ခင်ဗျား သတိကောင်းကောင်းထားပြီး ထမင်းဝဝစားနှင့်ပေတော့၊ ခင်ဗျားတို့ အိမ်သားတွေ တယောက်စီလာပြီး ဒီဝိန်ချွေရမှာပေါ့ဆိုပြီး အိပ်မက်ထဲမှာ ပျောက်သွား၊ ကျုပ်လည်း အိပ်ရာက လန့်ပြီးနိုးတယ် - မောင်ဘိုးထော်ရဲ့"

"တယ်ပြီးထူးဆန်းတာပဲ - သခင်ကြီး"

"ကျုပ်စိတ်ထဲမှာ နည်းနည်းကလေးမှ မကြောက်ပါဘူး၊ ဒီဟာတွေကိုလည်း ကျုပ်မယုံဘူး၊ အိပ်မက်မက်တုန်းကတော့ အိပ်မက်ထဲမှာ အတော်ကြောက်မိတယ်၊ သို့သော် အိပ်မက်ပြီးသည်နှင့်တစ်ပြိုင်နက် ဒီဟာတွေ အလကားဟာပဲလို့ထားလိုက်တယ်၊ ဒါနဲ့ - ဒီအကြောင်းတွေကို ကျုပ်စိတ်ထဲက ဖျောက်ဖျက်နိုင်သလောက် ဖျောက်ဖျက်ခဲ့တယ်၊ သို့သော် အိပ်မက်မက်ပြီးတဲ့နောက် တစ်နှစ်ကြာတဲ့အခါမှာ ထူးဆန်းတဲ့အကြောင်းအရာတွေ ဖြစ်ပေါ်ပြီးလာတယ် - မောင်ဘိုးထော်"

"အမိန့်ရှိပါ - သခင်ကြီး"

"ဒီအကြောင်းတွေကို ကျွန်ုပ်စိတ်ထဲမှာ မေ့မတတ်ဖြစ်နေတုန်းပဲ၊ ညတစ်ညမှာ ကျုပ်အိမ်ရှေ့က ဧည့်ခန်းမှာ ကျုပ် စာဖတ်ပြီးနေတယ်၊ အချိန်က (၁၀)နာရီထိုးပြီးပြီ၊ နို့ပေမဲ့ - အင်မတန်ပူတဲ့ရာသီဖြစ်လို့ ကျုပ်တို့လင်မယား မအိပ်နိုင်သေးဘူး၊ ခေါင်းရင်းခန်းမှာရှိတဲ့ ပန်ကာဖွင့်ပြီး ကျုပ်က စာဖတ်နေတယ်၊ ကျုပ်မိန်းမက ကျုပ်အနားက ဇာထိုးပြီးနေတယ်။ ဒါနဲ့ - တော်တော်ကြာတော့ ကျုပ်မိန်းမက အိပ်ချင်ပြီဆိုပြီး အိပ်ခန်းထဲကို ဝင်သွားတော့ အပြင်မှာ ကျုပ်တစ်ယောက်တည်း စာဖတ်ပြီး ကျန်ရစ်ခဲ့တာပေါ့၊ တအုပ်က တော်

www.burmeseclassic.com

တော် ဖတ်ကောင်းတဲ့ဝတ္ထုစာအုပ်ဖြစ်လေတော့ ကျုပ်လည်း တော်တော်နဲ့ မထဖြစ်ဘူး။ နောက် နာရီဝက်လောက်ကြာတော့ နောက်ဖေးဆောင်ကို သွားတဲ့တံခါးဆီက လေအေးကလေးတစ်ချက်၊ နှစ်ချက်ဆွတ်ပြီးတိုက်လာလိုက်တာ နွေအခါကြီးမှာတောင် အရိုးထဲကို ဝင်ပြီးအေးသွားတယ်ထင်တာပဲ။ သည်တော့ - ကျုပ်လည်း လေဝင်လာတဲ့တံခါးဆီကို လှမ်းပြီးချောင်းကြည့်လိုက်မိတယ်။ တံခါးက ကန့်လန့်မတိုးပဲ အသာစေ့ပြီးထားတဲ့တံခါးကို ကျုပ်ကြည့်လိုက်တော့လက်(၄)သစ်လောက်ဟပြီးနေတာကို တွေ့ရတယ်။ ဒီက တိုက်လိုက်တဲ့လေလား၊ မဆိုနိုင်ဘူး။ အသည်းထဲမှာ ခိုက်ပြီးသွားတဲ့အအေးပဲ၊ ဒါနဲ့ - ကျုန်ပ်လည်း ဒီတံခါးကို ထပြီးပိတ်မယ်လုပ်တယ်။ ဒီလို တံခါးပိတ်ရအောင်လည်း နေရာကထရော - မောင်ဘိုးထော်ရယ် တံခါးဟာ တဖြည်းဖြည်း တဖြည်းဖြည်း၊ တရွေ့ရွေ့တရွေ့ရွေ့အတွင်းဘက်ကို ပွင့်လာတာကို ကျုပ် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ သည့်လောက် မတုန်လှုပ်ဖူးဘူး။ ကျုပ်လည်းပဲ စားပွဲအံဆွဲထဲမှာ ထည့်ထားတဲ့ (၆)လုံးပြူးကို အမှတ်ရတာနဲ့ စားပွဲအံဆွဲကို ထပြီးဆွဲမယ်လုပ်တယ်။ နို့ပေမဲ့ - ကျုပ် မထနိုင်တော့ဘူး - မောင်ဘိုးထော်၊ ကျုပ်ထိုင်နေတဲ့နေရာနဲ့စားပွဲနဲ့ လက်တစ်လှမ်းလောက်ပဲ ဝေးတယ်၊ ဒီလက်တစ်လှမ်းလောက်ဝေးတဲ့ နေရာကိုရောက်အောင် ကျုပ်ကြိုးစားတာမရောက်နိုင်တော့ဘူး။ ကျုပ်ခြေနဲ့ လက်များကို သံကြိုးနဲ့ ချည်ပြီးထားသလိုပါပဲ၊ ကျုပ်ထိုင်နေတဲ့နေရာကတစ်လက်မတောင်ရွေ့လို့မရတော့ဘူး"

"တယ်ပြီးထူးဆန်းတာပဲ - သခင်ကြီး။ ကျွန်တော်မျိုးဖြင့် ဒီတစ်ခါပဲ ကြားဖူးတယ်"

"အခုပြောတဲ့အတိုင်း တံခါးဟာ လေမတိုက်ပဲနဲ့ တရွေ့ရွေ့ပွင့်လာပြီး ကြည့်နေတုန်းမတ်တတ်၊ မီးခိုးလုံးကြီးများလိုဖြူဖြူအလုံးကြီးတစ်ခု၊ မထင်မရှားပေါ်လာရာက တဖြည်းဖြည်း စုစုပြီး နောက်ဆုံးလူတစ်ယောက်ရဲ့ပုံသဏ္ဍာန် ပေါ်လာတာကိုး - မောင်ဘိုးထော်ရဲ့ တခြားသူ ဟုတ်ပါ့ရိုးလား မောင်ဘိုးထော်၊ ကျုပ်ရုံးကကြီးမိန့်ပေးလိုက်တဲ့မောင်အောင်ပေါ်ပေါ့။ တရား



ခွင်မှာကျုပ်အမိန့်ပေးလိုက်စဉ်က ဝတ်ထားတဲ့အဝတ်အစားအတိုင်းပဲ၊ သူက ကျုပ်မျက်နှာကိုစေ့စေ့ကြည့်လက်ညှိုးထိုးပြီး - "နက်ဖြန်တပေါင်းလပြည့်နေ့နှင့်ကလေးအငယ်ဆုံး သေရမယ်" လို့ ပြောတာကိုး၊ အသံအက်ကြီးနဲ့ပြောလိုက်တာ - မောင်ဘိုးထော်ရယ် ကျုပ်နားထဲမှာ အခုထက်ထိ ကြားယောင်ပါသေးတယ်။ သည်တော့ - ကျုပ်မှာ ဒေါသလည်းဖြစ်၊ ကြောက်လည်း ကြောက်၊ လှုပ်ကလည်း မလှုပ်နိုင်နဲ့၊ နောက်ဆုံး ကျုပ်မိန်းမကို အော်ပြီးခေါ်တာကို၊ နို့ပေမဲ့ - မောင်ဘိုးထော်ရေ့ အသံတစ်စက်မှ မထွက်တော့ဘူး၊ ကျုပ်မှာ ဘယ်လိုဖြစ်မှန်းမသိတော့ပါဘူး - မောင်ဘိုးထော်၊ ဒါနဲ့ - ကျုပ်လည်းပဲ မီးခိုးလုံးထဲက ထွက်လာတဲ့ သေပြီးသားအကောင်ကြီးကိုကြည့်ရင်းကြက်သေ သေနေတာပေါ့လေ၊ နို့ပေမဲ့ - ဒီအရုပ်ကြီးဟာ ကြာကြာမခံဘူး၊ တစ်မိနစ်လောက်လည်းကြာရောအရုပ်အကောင်အထည်ဟာတဖြည်းဖြည်း ပြားသွားပြီး မီးခိုးလုံးလို ပြန်ဖြစ်ရာက တဖြည်းဖြည်း မှိန်သွားပြီးတဲ့နောက် ပျောက်သွားတာပဲ"

"နောက် - ဘယ်လိုဖြစ်သလဲ - သခင်ကြီးရဲ့"

"ဒီအကောင်လည်းပျောက်သွားရောကျုပ်အသံလည်းထွက်လာတယ်၊ လှုပ်ရှားလည်း လှုပ်ရှားနိုင်လာတယ်၊ သည်တော့မှ ကျုပ်လည်းပဲ အံဆွဲထဲက (၆)လုံးပြူးဆွဲပြီး တံခါးဆီသွားကြည့်တော့ ဘာမှမတွေ့ရပါဘူး - မောင်ဘိုးထော်၊ ဒါနဲ့ - စိတ်ထဲမှာ ဒီနေ့ည အတော်ချောက်ချားပြီး အိပ်ရာထဲကို ဝင်ရတယ်"

"ကလေးငယ်ဆိုတာက လစ်လီ မဟုတ်ဘူး"

"မဟုတ်ဘူး - မောင်ဘိုးထော်၊ လစ်လီက အကြီးပဲ၊ အငယ်ကလေးက သားယောက်ျားကလေး ဘေဘီတဲ့၊ ဆုံးတုန်းက (၃)ခါလယ်လောက်ပဲ ရှိဦးမယ်"

"အမိန့်ရှိပါဦး - သခင်ကြီး"

"ဒါနဲ့ - ဒီအကြောင်းတွေကို ကျုပ်မိန်းမကိုတောင် မပြောဘူး။ ဒီနေ့မှာ ဘေဘီလည်း တစ်စုံတစ်ရာမှ မဖြစ်သေးဘူး - မောင်ဘိုးထော် အကောင်း

www.burmeseclassic.com

သတ်သက်ပဲ၊ ဒါနဲ့ - ကျုပ်လည်းပဲ နောက်တစ်နေ့ တပေါင်းလပြည့်နေ့မှာ၊ ဆီးနေ့သော အားအားလျှော့စွာ တနင်္ဂနွေနေ့ဖြစ်တဲ့အတွက် ရုံးမသွားရဘူး၊ "ဘေဘီ" ကို မျက်စိအောက်က အလစ်မခံဘဲ ကြည့်နေတယ်၊ ကြည့်မနေ ဘောင် အာယားက လခကောင်းကောင်းပေးထားပြီး အင်မတန်စိတ်ချရတဲ့ အာယားဖြစ်တဲ့အတွက် တစ်စုံတစ်ရာ ဘာမှမဖြစ်နိုင်ဘူးဆိုတာ ယုံကြည် တယ်၊ ဒါနဲ့ - ဘေဘီဟာ တစ်နေ့လုံး ကျွန်ုပ်တို့ မျက်စိအောက်မှာ ကစားနေ တယ်၊ သူ့ ကြည့်ရတာ တစ်စုံတစ်ယောက် ဘာမှမဖြစ်နိုင်ဘူး၊ ပျော်ပျော် ရွှင်ရွှင်ပဲ၊ ည(၈)နာရီလောက်ကျတော့ ကျွန်ုပ်တို့နဲ့အတူ ညစာ စားတယ်၊ ညစာ စားပြီးတဲ့နောက် ကျွန်ုပ်စာရေးတဲ့ စားပွဲနားမှာ သတင်းစာရွက်တွေနဲ့ ဘာစားနေတယ်၊ အာယားကလည်း မနီးမဝေးက ထိုင်ပြီးကြည့်နေတာပေါ့ လေ၊ ဒါနဲ့ ကျုပ်လည်းပဲ စိတ်ထဲမှာ နည်းနည်းအေးပြီး ဘာမှမဖြစ်နိုင်တော့ ဘူးဆိုပြီး အိမ်ရှေ့ဧည့်ခန်းကို ထွက်လာ၊ ဆေးလိပ်သောက်တာကိုး - မောင်ဘိုးတော်ရဲ့၊ ကျုပ်စိတ်ထဲမှာ ဘာမှကြာမယ်မထင်ပါဘူး၊ အလွန်ဆုံး (၃)မိနစ်ပါပဲ၊ ဖြုန်းဆို အာယားမ အိမ်ခန်းထဲက ပြေးထွက်လာပြီး "ဘေဘီ - တွယ်အပ်တစ်ချောင်း မျိုချလိုက်ပြီ - လုပ်ကြပါဦး" လို့ အလန့်တကြား အော် တာကိုး၊ သည်တော့မှ ကျုပ်မလည်း ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ ဘာကိုလုပ် ရမှန်းမသိဘဲ ကြက်သေသေနေတာပဲ၊ နောက်မှ ကျုပ်မိန်းမက ဒီလိုကြည့် နေလို့ ဘယ်ဖြစ်မလဲ၊ ဆရာဝန်ဆီကို ပြေးချေပါပြောတော့မှ ကျုပ်လည်း သတိရလာပြီး တစ်ခါတည်း ဒရိုင်ဘာကို ကားအထုတ်ခိုင်းပြီး ဆရာဝန်ဆီ ကို ပြေးတာကိုး၊

အခန့်သင့်ပဲ ဆရာဝန်ကြီးနဲ့တွေ့၊ သူ့ခမျာလည်း ထမင်းစားပြီးခါစ၊ ကမျာကယာ ဆေးအိတ်ကလေးယူပြီး ကားပေါ် ခုန်တက်လိုက်လာရှာပါ တယ်၊ နို့ပေမဲ့ - မရတော့ပါဘူး မောင်ဘိုးတော်၊ ကျုပ်တို့လည်း အိမ်ပြန် ရောက်လို့ (၅)မိနစ် လောက်လည်းကြာရော၊ ဆရာဝန်ကြီးက ရင်ဘတ်ကို ဝမ်းသပ်ကြည့်ပြီး အကြံထုတ်နေတုန်း ဘေဘီမှာ မရှိမဆုံဝေဒနာခံစားပြီး မျက်လုံးကလေး ကလယ်ကလယ်နဲ့ ကျွန်ုပ်တို့မျက်စိအောက်မှာ အသက်



ပျောက်သွားရှာတယ်၊ အထွေးဆုံးကလေးလည်း ဖြစ်ပြန်၊ ကျုပ်အသည်း ကလေးလည်းဖြစ်ပြန်တော့ ကျုပ်မှာ ရူးလောက်ဖြစ်ပြီး သည့်နောက်အလောင်း ငါ့ကို စိတ်ဒုက္ခပေးတဲ့ရာထူးကို မတပ်မက်တော့ပါဘူးဆိုပြီး တစ်ခါတည်း အလုပ်ထွက်လိုက်တယ် - မောင်ဘိုးတော်၊ ပြီးတော့မှ - ရန်ကုန်ထောင် မင်းကြီးက ခင်ဗျား အသက်အငယ်ကလေး ရှိသေးတယ်၊ ဒီလိုနေလို့ ဘယ် ဖြစ်ဦးမလဲဆိုပြီး ယခု ဒီအလုပ်ကို ပေးလိုက်တယ်"

"ဒါဖြင့် - ကျွန်တော်မျိုး တွေးတဲ့အတိုင်း မှန်တာပဲ - သခင်ကြီး"

"မှန်တာပေါ့ - မောင်ဘိုးတော်၊ နေ့တိုင်း မောင်ဘိုးတော်ဘိုက်နေတဲ့ ဗီရိုတွေထဲက စာအုပ်တွေဟာ ကျွန်ုပ် စက်ရှင်မင်းကြီးဖြစ်တုန်းက ဥပဒေ စာအုပ်တွေပေါ့"

"ဒါနဲ့ - ပြောရဦးမယ်၊ ကျုပ်လည်းပဲ ဒီအလုပ်ဘက်ကို ပြောင်းလာခဲ့လို့ ရှိရင်ဖြင့် ဒီရန်ဟာ အေးပြီလို့ အောက်မေ့မိတာ၊ အခုတော့ - မနေ့ညက အိပ်မက်ထဲမှာ ဒီအကောင်ကြီး ကျွန်ုပ်နောက်ကို လိုက်လာပြန်တယ် - မောင်ဘိုးတော်"

"စိတ်စွဲလို့များလား - သခင်ကြီး"

"ထွတ် - ဘယ်က စိတ်စွဲလို့ရမှာလဲ၊ ကျွန်ုပ်ဟာ ဘယ်ဟာကိုမှလည်း စိတ်မစွဲဘူး၊ ဘယ်သူ့ကိုမှလည်း မကြောက်ဘူး၊ နို့ပေမဲ့ - အိပ်မက်ထဲမှာ သူကလေ ကျွန်ုပ်လင်မယားကို လက်ညှိုးထိုးပြီး "နက်ဖြန် တပေါင်းလပြည့် နေ့ နင့်သမီးအလှည့်ပဲ" လို့ဆိုပြီး ပျောက်သွားတာကိုး၊ သည်တော့ - ကျုပ် စိတ်ထဲမှာ အတော်တုန်လှုပ်မိတယ် - မောင်ဘိုးတော်၊ ဒီတစ်ခါတော့ - ကျုပ် မိန်းမကိုလည်း ဒီအကြောင်းတွေ မပြောမဖြစ်ဘူးဆိုပြီးပြောတော့ သူလည်းပဲ အိပ်ရာက နိုးကတည်းက တငိုတည်း ငိုနေတော့တာပဲ - မောင်ဘိုးတော်၊ ပြီးတော့ ကျုပ်တို့လင်မယား(၂)ယောက်မှာ အင်မတန်ချစ်တဲ့ ကလေး(၂) ယောက် ရှိတဲ့အနက် တစ်ယောက်က ပဲ့သွားပြီး အခုကျန်တဲ့တစ်ယောက် များ မတော်တဆ - အို - ကျွန်ုပ် စဉ်းစားပြီးတောင် မကြည့်ဝံ့ဘူး - မောင်ဘိုး တော်"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ပါဘူး - သခင်ကြီး၊ ကျွန်တော်မျိုးတို့ မျက်စိအောက်မှာ မတော်တာ မဖြစ်စေရပါဘူး၊ ရှေ့က အသေခံပါမယ်"

"မောင်ဘိုးထော် အသေခံတာက ဟုတ်တယ်၊ နို့ပေမဲ့ - ကျုပ်တို့နဲ့ ယှဉ်ပြီး တိုက်ရမှာက မမြင်နိုင်တဲ့ ဝိညာဉ်တစ်ဦးနဲ့ တိုက်ခိုက်ရမှာ ဖြစ်တယ်"

ထိုခဏ၌ ထောင်မှူးကလေးသည် စာအုပ်နှင့် အမှုတွဲများကိုပိုက်ကာ လက်မှတ်ထိုးရန် ဝင်လာသည်နှင့် ထောင်မှူးကြီးလည်း လက်မှတ်ထိုးရန် ရှိသည်များကို ဖတ်၍မျှပင် မကြည့်ဘဲ လက်မှတ်ထိုး ချလိုက်လေ၏။

= ❦ =

ကျွန်ုပ်သည် ထောင်မှူးကြီး၏အထက်ပါ ထူးဆန်းသောအဖြစ်အပျက်များကို ကြားရသဖြင့် လူမျိုးခြားပင်လျှင် ကျွန်ုပ်တို့မြန်မာလူမျိုးများ၌ရှိသော စုန်းနတ်၊ တစ္ဆေစသည်တို့ကို ယုံကြည်သလောဟု အံ့ဩလျက်ရှိ၏။ အကျိုးအကြောင်းတိုက်ဆိုင်၍ ကြည့်သောအခါ ဆီလျော်အောင် ဖြစ်တတ်သော အကြောင်းအရာများသည် တစ်ခါတစ်ရံ၌ကံအားလျော်စွာ အခန့်သင့်ဖြစ်ပေါ်၍လာတတ်သည်ကိုလည်း စဉ်းစားမိ၏။ သို့ဖြစ်၍ ကျွန်ုပ်ကိုယ်တိုင်ပင် မယုံကြည်ချင်သလို ဖြစ်၍လာ၏။ သို့သော် ထောင်မှူးကြီး၏ အတ္တုပ္ပတ္တိမှာ ပထမဦးစွာ ၎င်းသည် သေပြီးသည့်နောက် အိပ်မက်လာ၍ပေးခြင်း၊ ဒုတိယ ကိုယ်တိုင်လာ၍ပြခြင်း၊ တတိယအကြိမ် ကလေးမှာ ပြောသည့်အတိုင်း သေဆုံး၍သွားခြင်း စသည်တို့မှာ အခန့်သင့်၍ကံအားလျော်စွာ ဖြစ်နိုင်သော အကြောင်းများ မဟုတ်ပေ။ သို့ဖြစ်၍ မယုံကြည်ရမှာလည်း ခက်၍နေ၏။

ထိုအခိုက်၌ ကျွန်ုပ်၏ သမီးရင်းတမျှ ချစ်ခင်၍နေသော လစ်လီသည် ခွေးရုပ်ကလေးတစ်ခုကိုကြိုးနှင့်ဆွဲကာ အိမ်ခန်းထဲမှ ပြေးထွက်လာ၍ ကျွန်ုပ်ကို မြင်သောအခါ ကျွန်ုပ်၏ ရင်ခွင်ထဲသို့ ပြေးဝင်၍လာပြီးလျှင် တွတ်တီးတွတ်တာ မေးမြန်းပြောဆိုလျက် ရှိလေ၏။



ကျွန်ုပ်ကိုယ်တိုင် နေ့ရောညဥ့်ပါလာ၍ စောင့်ရှောက်ရန် ထောင်မှူးကြီး၏ သဘောတူညီချက်အရ ကျွန်ုပ်လည်း နံနက်စာစားရန် ခေတ္တပြန်ပြီးသော် ထောင်မှူးကြီး၏အိမ်သို့ ပြန်၍ ရောက်ခဲ့လေ၏။ ထောင်မှူးကြီး၏ သေနတ်ကို မဆိုထားဘိ၊ အိမ်တွင်သုံးသော မောင်းချများ၊ ကတ်ကြေးမှစ၍ အန္တရာယ်ဖြစ်စေလောက်မည်ထင်ရသော သံတိုမယ်နများကိုပါ အလွန်လုံခြုံသော နေရာ၌ထား၏။ စားပွဲများပေါ်၌လည်းကောင်း၊ အကျီ၌လည်းကောင်း တွယ်အပ်များကို ဖြုတ်၍ထား၏။ အကျီချုပ်သောအပ်များကိုပင် ဗီရိုတွင်း၌ သော့ခတ်၍ ထားစေပြီးလျှင် လစ်လီအား ၎င်း၏ အာယာနှင့်အတူ ကျွန်ုပ်တို့၏ မျက်မှောက်၌ ကစားစေ၏။ ညနေဝင်သည့်တိုင်အောင် အကြောင်းတစ်စုံတစ်ရာ မထူးချေ။ ထောင်မှူးလင်မယားမှာ လူမိသောကျိုးကဲ့သို့ လွန်စွာပင် စိုးရိမ်ကာ ပျာလောင်ခတ်လျက်ရှိလေရာ ကျွန်ုပ်မှာလည်း ကုန်ခဲလှသော အချိန်ကိုသာ တဖြည်းဖြည်း စောင့်ဆိုင်းလျက်ရှိလေ၏။

နေဝင်သည်နှင့်တစ်ပြိုင်နက် ထောင်ပြာတာ (၂)ယောက်နှင့် ဒရဝမ်ကုလားသည် အိမ်၏ ပတ်ဝန်းကျင်တွင် တုတ်ရှည်ကြီးများကိုထမ်းကာ မှန်အိမ်တစ်လုံးစီနှင့် စောင့်ကြည့်လျက်ရှိလေရာ ထောင်မှူးကြီးမှာ အတော်ပင် သက်သာရာရဟန်လက္ခဏာ ရှိလေ၏။ အဘယ်ကြောင့်ဆိုသော် ကြောက်ရွံ့၍နေသော သူများမှာ ကူညီမည့်လူများလေလေ၊ အားတက်လေလေ ဖြစ်လေသည်၊

(၈)နာရီထိုးလတ်သော် ထောင်မှူးကြီးတို့လင်မယားသည် ညစာစားပွဲသို့ လစ်လီနှင့်အတူ သွားရောက်ကာ ညစာကို စားကြလေ၏၊ ကျွန်ုပ်၏အကြံပေးချက်အရ လစ်လီအား အရိုးပါသော ဟင်းလျာများကို အလျဉ်းမပေးဘဲ ဖွပ်ပြုတ်တစ်ခွက်၊ ကြက်ဥကြော်၊ ပေါင်မုန့်တစ်ချပ်နှင့် သစ်တော်သီးတစ်လုံးကိုသာ စားစေ၏။

လစ်လီသည် ညစာစားပြီးနောက် သာ၍ပင် ပျော်ရွှင်ခုန်မြူးလျက် ရှိလေ၏။ စကားများကို မပီတပီပြောကာ ၎င်း၏မိခင်ရင်ခွင်မှ တစ်ခါတစ်ရံ ကျွန်ုပ်ထံသို့ ပြေးလာ၏။ ထောင်မှူးကြီးသည် ထိုအခြင်းအရာများကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com

ပြုံးရွှင်လျက် ကြည့်နေလေ၏။ သို့သော် ၎င်း၏ပြုံးရွှင်ခြင်းမှာ စိုးရိမ်တုန်လှုပ်သော ပြုံးခြင်းမျှဖြစ်ကြောင်းကို ကျွန်ုပ် ရိပ်မိ၏။ (၉)နာရီထိုးလတ်သော် ထောင်မှူးကြီးသည် ကျွန်ုပ် ထိုင်၍နေသော စုံရှည်အနီးသို့ လာပြီးလျှင် "ဘာမှမဖြစ်နိုင်ဘူး ထင်ပါတယ် - မောင်ဘိုးထော်၊ အခု (၉)နာရီတောင် ထိုးပြီ၊ (၁၂)နာရီထိုးရင် ကျွန်ုပ်တို့ကောင်းကောင်းစိတ်ချရပြီ၊ သည်တော့ - နောက် (၃)နာရီ ကျန်တော့တာပေါ့၊ အခု သိပ်လိုက်ရင် အိပ်ပျော်သွားတော့မှာပဲ"

"မှန်ပါတယ် - သခင်ကြီး၊ တစ်စုံတစ်ရာ ဘာမှမဖြစ်နိုင်တော့ပါဘူး၊ ကျွန်တော်မျိုးသဘောဖြင့် စောစောအိပ်နိုင်းရင် အကောင်းဆုံးထင်ပါတယ်၊ အနားက စောင့်ပြီးနေကြတာပေါ့"

ထိုအခါ ထောင်မှူးကြီးသည် ကျွန်ုပ်ပြောသည်ကို သဘောကျဟန် လက္ခဏာဖြင့် ၎င်း၏ဇနီးအား တစ်စုံတစ်ရာပြောလိုက်ရာ ထောင်မှူးကတော်သည် အာယားမအား ကလေးအတွက် အိမ်ပေါ်ထပ်၌ အိပ်ရာပြင်ဆင်ရန် အမိန့်ပေးသဖြင့် အာယားမသည် အပေါ်ထပ်သို့ တက်သွားလေ၏။ ၎င်းနောက် "လစ်လီ" သည် ၎င်း၏ မိခင်နှင့် ဖခင်အား အင်္ဂလိပ်လူမျိုးတို့ထုံးစံအတိုင်း အိပ်ရာဝင်ခါနီး၌ အရိုအသေပြုလေရာ ထောင်မှူးကြီးတို့လည်း ပါးစပ်မှ တီးတိုးရေရွတ်ကာ ဆုမွန်ကောင်းလျက် နဖူးနှင့် ဆံစပ်များကို နမ်းရှုပ်လေ၏။

(၁၅)မိနစ်ခန့်ကြာလတ်သော် ထောင်မှူးကြီးကိုယ်တိုင် လစ်လီအား အိမ်ပေါ်ထပ်သို့ ပွေ့ချီ၍ တက်သွားလေရာ ၎င်း၏ဇနီးက ရှေ့က တက်နှင့်၍ ကျွန်ုပ်က ထောင်မှူးကြီး၏နောက်မှ လိုက်ပါသွားလေသည်။ အိမ်ပေါ်ထပ်သို့ရောက်သောအခါ ခုတင်ပေါ်တွင် ဖြည်းညင်းစွာ ချထားပြီးနောက် အာယားမသည် အနီးတွင်ထိုင်ကာ ယပ်ခတ်လျက် အင်္ဂလိပ်သီချင်းများကို ခပ်တိုးတိုးဆို၍ပေး၏။ ထောင်မှူးကြီးနှင့် ထောင်မှူးကတော်တို့မှာ ခုတင်၏နံဘေး တစ်ဖက်တစ်ချက်တွင် ကုလားထိုင်တစ်လုံးစီနှင့် ထိုင်နေလေရာ ကျွန်ုပ်မှာ မနီးမဝေးရှိ ကော်ဇောတစ်ချပ်ပေါ်၌ထိုင်ကာ ၎င်းတို့အရိပ်အကဲကို ကြည့်ရှုနေရလေ၏။



ပျော်ရွှင်လျက်ရှိသော သူတို့အဖို့၌ အချိန်သည် လွန်စွာတိုတောင်းလှသော်လည်း ကျွန်ုပ်တို့အဖို့၌ကား ထို(၃)နာရီမျှသောအချိန်ကို (၃)ရက်ခန့် ထင်မိ၏။ နာရီလက်တံများသည် ခရု၏သွားခြင်းဖြင့် သွားလျက်ရှိသည်ဟု အောက်မေ့မိ၏။ အိမ်ပေါ်ထပ်၌ရှိသော ပြတင်းပေါက်များမှာ အားလုံးပင် နိုင်မာသောသံတိုင်များ ကာလျက်ရှိသည်ဖြစ်၍ အပြင်အပရန်သူများအား တစ်စုံတစ်ရာ စိုးရိမ်ရန်အကြောင်း မရှိပေ၊ အိမ်အောက်ထပ်တံခါးများမှာလည်း သံတံခါးချည်းသာဖြစ်၍ ပတ်ဝန်းကျင်၌လည်း ထောင်ပြာတာများ စောင့်ကြည့်လျက် ရှိသေး၏။ ကျွန်ုပ်လည်း တစ်ပေါက်တည်းသာ ဖွင့်၍ထားသော ပြတင်းပေါက်ဆီသို့သွား၍ အပြင်သို့ကြည့်ရှုလေရာ ကြည်လင်အေးမြသော လရောင်သည် အခန်းတွင်းသို့ တစ်လံခန့်မျှ ထိုးဝင်လျက် ရှိလေ၏၊ ထောင်၏ပတ်ဝန်းကျင်တစ်ခုလုံးမှာ အသက်ကင်းမဲ့၍နေသကဲ့သို့ ဆိတ်ငြိမ်လျက်ရှိသည်ဖြစ်ရာ တစ်ခါတစ်ရံ ထောင်နာရီထိုးသောအသံများသာ ဆိတ်ငြိမ်ခြင်းကို ဖောက်ခွဲ၍ ကျွန်ုပ်တို့ရှိရာအိမ်ခန်းသို့ ရောက်လာ၏။ လစ်လီမှာ ကောင်းစွာအိပ်မောကျလျက် ရှိလေပြီ၊ တစ်ခန်းလုံးတွင် တစ်စုံတစ်ယောက်သောသူမျှ စကားမပြောဘဲ တိုင်ကပ်နာရီကြီးမှ တချက်ချက်မြည်သောအသံနှင့် ကျွန်ုပ်တို့၏ အသက်ရှူသံများပင် ထင်ရှားစွာ ကြားရလေ၏။ အချိန်မှာ (၁၀)နာရီနှင့် (၁၅)မိနစ်မျှသာ ရှိသေး၏။

ထောင်မှူးကြီးသည် ကုလားထိုင်ပေါ်မှ ကျွန်ုပ်ရှိရာသို့ ခြေဖျားထောက်၍ လျှောက်လာပြီးလျှင် "တော်တော်စိတ်ချရပါပြီ၊ အချိန်လည်း (၁)နာရီခွဲလောက်ပဲ လိုပါတော့တယ်၊ (၁၂)နာရီထိုးရင် ကျုပ်သမီး ဘာမှမဖြစ်နိုင်တော့ဘူး - မောင်ဘိုးထော်၊ ဪ - သားသမီးများအတွက် မိဘများမှာ တယ်ပြီး စိတ်ပူရပါကလားနော်"

"မှန်ပါတယ်၊ နို့ပေမဲ့ - အလကားဟာတွေပါ၊ ဘာမှမဖြစ်နိုင်ပါဘူး၊ ကျွန်တော်မျိုး မျက်စိအောက်မှာ ဘာမှမဖြစ်စေရပါဘူး - စိတ်သာချပါ"

"ဒီလိုပြောတာ အများကြီးကျေးဇူးတင်တယ် - မောင်ဘိုးထော်"

“သို့သော် ဒုန်း – ဒုန်း – ဒုန်း ဟု အသံကြီးကို ကြားလိုက်ရ၏။ ကျွန်ုပ်တို့ကား နောက်ကျနေပြီ။ ကျွန်ုပ် လှေကားရင်းသို့မရောက်မီ တစ်စက္ကန့်မျှအတွင်း၌ပင် လစ်လီသည် နိမ့်လျှောလျက်ရှိသော လှေကားကို ကြမ်းပြင်ဟု ထင်မှတ်သည့်အလား၊ ရှေ့သို့ တစ်လှမ်းတိုးလေရာ ခြေသည် လေထဲ၌နင်းမိ၍ မြင့်မားသော အုတ်လှေကားအထက်ဆုံးအဆင့်မှ အောက်သို့ လိမ့်ကျသွားရှာလေ၏”



အချိန်သည် နေ့သည်ဟုပင် ထင်ရသော်လည်း မရပ်မနားသွားလျက်ရှိသောလက်တံသည်နောက်ဆုံး၌ (၁၁) နာရီနှင့်မိနစ် (၄၀) သို့ရောက်သဖြင့် ထောင်မှူးကြီးသည် ကျွန်ုပ်အနီးသို့ လာပြီးလျှင် “မောင်ဘိုးထော် – အောက်ထပ်ကို ခဏလိုက်ခဲ့စမ်း၊ ရေငတ်လိုက်တာ၊ ရေခဲနှင့် ဘီလပ်ရည်တစ်ခွက်သွားသောက်ရအောင်၊ ဘာမှမဖြစ်နိုင်ပါဘူး၊ အချိန်လည်း (၁၂) နာရီထိုးမှာ မိနစ် (၂၀) လိုပါတော့တယ်၊ ပြီးတော့ – သူ့အမေနဲ့ အာယာ့မလည်း အရှိသားပဲ” ဟု ပြောပြောဆိုဆိုနှင့်ပင် အောက်ထပ်သို့ ခေါ်သွားသဖြင့် အောက်ထပ်သို့လိုက်ပါသွားရလေ၏။ အောက်ထပ်သို့မဆင်းမီ ထောင်မှူးကြီးသည် ၎င်း၏ဇနီးအားလည်းကောင်း၊ အာယာ့မအားလည်းကောင်း အနည်းငယ်မျှ



ဓိုက်မျဉ်းရန် သတိပေးခဲ့သေး၏။ အောက်ထပ်သို့ရောက်၍ ဘွိုင်ကုလားသည် ဘီလပ်ရည် (၂) ပုလင်းကိုဖွင့်ပြီးသော် တစ်ခွက်ကို ထောင်မှူးကြီးအားပေး၍ တစ်ခွက်ကို ကျွန်ုပ်အား သောက်စေ၏။

ကျွန်ုပ်တို့သည် ဘီလပ်ရည်များ သောက်ပြီး၍ ထောင်မှူးကြီးသည် စီးကရက်တစ်လိပ်ကို မီးညှိပြီးသော် “ပြန်တက်ဦးမှပဲ – မောင်ဘိုးထော်၊ အပေါ်ထပ်ကျမှပဲ ဆေးလိပ်ကိုအေးအေးဆေးဆေး သောက်ကြစို့ရဲ့၊ အခုမှပဲ ရေငတ်ပြေသွားတော့တာပဲ၊ အလို – ဘုရား – ဘုရား၊ အိမ်ပေါ်ထပ်က ခြေသံမဟုတ်လား” ဟု အထိတ်တလန့် စကားကို ဖြတ်၍ပြောသဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီး လက်ညှိုးညွှန်ရာအရပ်သို့ ကြည့်လိုက်ရာ အံ့ဩဖွယ်ကောင်းသော အရာတစ်ခုကို မြင်ရ၏။

= ၄ =

လစ်လီသည် မျက်တောင်မခတ်ဘဲ မျက်လုံးများပြူးကာ လက်နှစ်ဖက်ကိုရှေ့သို့ဆန့်တန်းပြီးလျှင် အခန်းမှတရွေ့ရွေ့ထွက်ခဲ့ပြီးနောက် လှေကားထိပ်သို့ရောက်၍လာခဲ့၏။ လှေကားမှာ (၁၅) တောင်ခန့်မြင့်သော အုတ်လှေကားတစ်ခုဖြစ်လေရာ လစ်လီသည် လှေကားထိပ်တွင် စက္ကန့်အနည်းငယ်ရပ်ကာ ရှေ့သို့တိုး၍လာမည့်ဆဲဆဲ ရှိ၏။ သို့သော် ရှေ့သို့ တစ်လှမ်းမျှ တိုးခဲ့သော် –

ထောင်မှူးကြီးနှင့် ကျွန်ုပ်မှာ စက္ကန့်အနည်းငယ် ကြက်သေသေလျက်ရှိရာမှ ထောင်မှူးကြီးသည် ငယ်သံပါအောင် ဟစ်အော်လိုက်ရာ ကျွန်ုပ်လည်း “လစ်လီ – ရပ်နေနော်၊ မဆင်းခဲ့နှင့်” ဟု ပြောပြောဆိုဆိုနှင့်ပင် သတိရသည်နှင့်တစ်ပြိုင်နက် လှေကားရင်းသို့ ပြေးသွားလေ၏။

သို့သော် ဒုန်း – ဒုန်း – ဒုန်း ဟု အသံကြီးကို ကြားလိုက်ရ၏။ ကျွန်ုပ်တို့ကား နောက်ကျနေပြီ။ ကျွန်ုပ် လှေကားရင်းသို့ မရောက်မီ တစ်စက္ကန့်မျှအတွင်း၌ပင် လစ်လီသည် နိမ့်လျှောလျက်ရှိသော လှေကားကို ကြမ်းပြင်ဟု ထင်မှတ်သည့်အလား၊ ရှေ့သို့ တစ်လှမ်းတိုးလေရာ ခြေသည် လေထဲ၌နင်း



www.burmeseclassic.com

www.burmeseclassic.com

မိ၍မြင့်စောက်သော အုတ်လှေကားအထက်ဆုံးဆင့်မှ အောက်သို့ လိမ့်ကျသွားရှာလေ၏။

လှေကားရင်းတွင် ပုံလျက်သား ကျ၍နေရှာသော လစ်လီအား ကျွန်ုပ်သည် လျင်မြန်စွာ ပွေ့ချီကာ ယူ၍ကြည့်လေရာ လစ်လီမှာ အသက်မရှိရှာတော့ချေ။ ကျွန်ုပ်လည်း ၎င်း၏နီထွေးလျက်ရှိသောပါးကလေးနှစ်ဖက်ကို နမ်းမိ၏။ ၎င်းတို့မှာ ပူနွေးလျက်ပင် ရှိချေသေး၏။ ထိုအချိန်၌ ထောင်မှူးကတော်နှင့် အာယားမတို့သည် အိမ်ပေါ်ထပ်မှ ကသီကရီပြေးဆင်းလာကြပြီးလျှင် မိမိတို့မှာ စတ္တန္တအနည်းငယ်မျှတစ်မြိုင်နက်ငိုက်မျဉ်း၍သွားကြသည့်အတွင်း လစ်လီမှာ အိပ်ရာမှ ပေါင်ယမ်းကာ ထသွားကြောင်းဖြင့် ပြောဆိုကြလေ၏။

ထောင်မှူးကြီးသည် မိမိ၏ဆံပင်ကို အကြိမ်ကြိမ်ဆွဲလျက် "တစ်ခါဖြင့်ကိုယ်ကျိုးနည်းပြီ – သမီးရေး အဖေမိုက်လို့ဖြစ်ရတာနော်။ ဒီဘဝမှာ အဖေဘယ်လိုလုပ် ဖြေရပ့ါမလဲကွဲ့ – သမီးရယ်" စသည်ဖြင့်ပြင်းထန်စွာ ငိုကြွေးရာလေရာ ကျွန်ုပ်မှာ သွေးသားပင် မတော်စပ်သော်လည်း နေ့စဉ်လိုပင် တွေ့ဆုံပြီးလျှင် ချစ်ခင်ယုယ၍နေသော ကလေးလည်းဖြစ်ပြန်၊ ကျွန်ုပ်၏မျက်မှောက်၌လည်းဖြစ်ပြန်ရကား ၎င်းတို့နှင့်အတူ ရောနှောငိုကြွေး ပူပန်မိ၏။

"လစ်လီ" ၏အလောင်းကိုထောင်ခြံအတွင်း၌ပင် မြှုပ်နှံ၍ ၎င်း၏သင်္ချိုင်းရာပေါ်၌ ကျောက်ဖြူတိုင်တစ်ခုကို စိုက်ထူ၍ထားလေ၏။

နောက် (၁) လခန့်မျှကြာသောအခါ ထောင်မှူးကြီးသည် အခွင့်ယူ၍ ဘိလပ်သို့ ပြန်သွားသည်ဟု သိရ၏။ ကျွန်ုပ်မှာ သမီးတမျှ ချစ်ခင်လှသော လစ်လီကို ထောင်မှလွတ်သည့်တိုင်အောင် မမေ့နိုင်တော့ချေ။

☛ ဒဂုန်ရွှေမျှား




www.burmeseclassic.com

www.burmeseclassic.com

# အပြေရှာမရသော တစ်ပုဒ် ပန်းခြံ

ချစ်နွေမိုး

မျှော်လင့်မထားသော ဒေါသလှိုင်းရိုက်ခတ်မှုကြောင့် နရည် အသားများ တဆတ်ဆတ်တုန်လာမိသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး ပင့်သက်အကြိမ်ကြိမ် ရှိုက်နေမိ၏။

ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ဆွေးမြည့်ခြင်းများ ပြည့်နှက်နေသည်ကိုပင် ဖြေဖျောက်နိုင်ဖို့ ကြိုးစားနေဆဲရှိသေး၏။ ဒေါသက အစွယ်အပွားတစ်ခုအဖြစ် တွယ်ငြိလာခဲ့ဖြစ်သည်။ တွယ်ငြိလာသော ဒေါသကို မျက်လုံးစုံမှိတ်ပြီး အော်ဟစ်ပေါက်ကွဲ မောင်းထုတ်ပစ်လိုက်ချင်၏။ ဒီလိုမောင်းထုတ်ခဲ့လျှင် နရည် စိတ်ကို ပေါ့ပါးသွားနိုင်၏၊ လွတ်လပ်သွားနိုင်၏။ သို့သော် ...

＝❦＝

ကာလရှည်လျားစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မေ့ပျောက်မရနိုင်သည့် ပုံရိပ်တစ်ခုက နရည် မျက်ဝန်းတွင် အမြဲတမ်း ရှိနေခဲ့သည်။ ဒီတုန်းက နရည် အထက်တန်းကျောင်းသူဘဝပင် ရှိသေး၏။

ရှေးဆုတောင်း ကောင်းခဲ့သည်လား၊ မှားခဲ့သည်လား မပြောတတ်၊ နရည်အလှအပက ကျောင်းတွင်စတားဖြစ်ခဲ့သည်။ ဆင်စွယ်နရောင်အသား၊ ရွှန်းလဲ့သည့်မျက်လုံး၊ လေးကိုင်းမျက်ခုံး၊ ကော့လန်သည့် မျက်တောင်ဖြောင့်စင်းသည့် နှာတံ၊ သေးသွယ်သည့်သွား၊ ငုံဖူးနေသည့် နှုတ်ခမ်း၊ မို့မောက်နေသည့်ပါးပြင်၊ ဖွံ့ထွားသည့် ခန္ဓာအချိုးအဆစ်ကြောင့် ကျောင်းသားတိုင်းက နရည်အလှကို စိတ်ဝင်စား၏။

ကျောင်းသားများသာမက ကျောင်းသူချင်းပင်လျှင် စောင်းငဲ့ကြည့်ရလောက်အောင် စတားတစ်ယောက်ဖြစ်ခဲ့သည်။ စတားဖြစ်သော်လည်း မတရားသော မှဲ့တစ်လုံးက နရည်မျက်နှာတွင် အထင်းသားပေါ်လွင်နေခဲ့၏။

မျက်နှာ၏ နဖူးညာဘက်တွင် မှဲ့ရှိလျှင် ခင်ပွန်းကောင်းရပြီး အသက်ရှည်ရှည်၊ ချမ်းချမ်းသာသာ နေရတတ်၏။ နဖူးပြင် ဘယ်ဘက်တွင် မှဲ့ရှိလျှင် ခင်ပွန်းကောင်း၊ သမီးကောင်းရတတ်၏။ နှုတ်ခမ်းနားတွင်မှဲ့ရှိလျှင် နှုတ်ချိုပရိယာယ်ကြွယ်ဝတတ်၏။ ပါးပြင်တွင် မှဲ့ရှိလျှင် လင်ယောကျ်ား၏ အကျိုးပေးမှု အပြည့်အဝရတတ်၏။

မျက်နှာပြင်၏ မျက်ရည်စီးကြောင်း တစ်ဖက်တစ်ချက်စီ၌ တစ်ခုတည်းသော မျက်ရည်စီးကြောင်းပေါ်တွင်ပင်လျှင် မှဲ့ရှိနေခဲ့သော် ချစ်သူယောကျ်ားသေဆုံးတတ်သည်ဟု မှဲ့သျှတ္တရကျမ်းတွင် ဆိုထားခဲ့၏။ နရည်၏ မှဲ့သည်ကား ညာဘက် မျက်ရည်စီးကြောင်း၏ မျက်ဝန်းအောက်တည့်တည့်တွင် ရှိနေခဲ့၏။

အများစုက မျက်ရည်ခံမှဲ့ဟု ခေါ်ကြ၏။ ဒီမျက်ရည်ခံမှဲ့ကြောင့် နရည်စိတ်အလျဉ်တွင် သိမ်ငယ်စိတ် ကြိမ်ဖန်များစွာ ဝင်ခဲ့ဖူး၏။





www.burmeseclassic.com

www.burmeseclassic.com

"နုရည်ကတော့ လှပါတယ်၊ မျက်ရည်ခံမှုကြီးနဲ့ဆိုတော့ ကြောက်ဖို့ကောင်းတယ်"

သူငယ်ချင်းများ၏ တီးတိုးတစ်မျိုး၊ ပြောင်ပြောင်တင်းတင်း တစ်သွယ် ပြောဆိုဝေဖန်သံများ မကြာခဏ နုရည်ကြားရမိ၏။ ကြားမိတိုင်း ကိုယ့်ကိုယ်ကိုယ် အားပေးမိသည်။ ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွေ့ပါဘူးဟု။

တတ်နိုင်သမျှ စိတ်ကောင်းမွေးမြူ၏။ တတ်နိုင်သမျှ လူတကာပေါ် ကူညီသည်၊ တတ်နိုင်သမျှ စေတနာရှေ့တန်းတင်ထား၏၊ သည်သို့သော တတ်နိုင်သမျှတွေကြောင့် နုရည်ကို လူချစ်လူခင်များ၏ အပေါင်းအသင်းများ မြတ်နိုးကြ၏။ နုရည်ကို ချစ်ကြသည်။

= ❦ =

နုရည်ကို ချစ်ကြသူများထဲတွင် ထူးထူးခြားခြား ချစ်သူတစ်ယောက် ပေါ်လာ၏။ တစ်ခန်းထဲ ကျောင်းအတူတူတက်နေသော သီဟဖြစ်၏။ သီဟ ဆိုသည့်အတိုင်း နာမည်နှင့်လိုက်အောင် ခြင်္သေ့အားမာန်အပြည့်ရှိသည်။ တောင့်တောင့်တင်းတင်း ယောကျ်ားပီသ၏။ ခန္ဓာကိုယ်တောင့်တင်းပြီး စိတ်ဓာတ်က နူးညံ့သည်။ စိတ်ကူးယဉ်ခြင်းထက် လက်တွေ့ကို ပိုမိုမြတ်နိုးတတ်၏။

သူက နုရည်ကို ချစ်ခွင့်ပန်လာခဲ့သည်။ နုရည်ကသာ ပြန်ချစ်လျှင် ကျောင်းပြီးသွားသည်နှင့် လက်ထပ်ယူပြီး ဘဝအဖော်အဖြစ် လက်တွဲသွားရန်အထိ ဆုံးဖြတ်ထားသည်ဟုဆို၏။

"သီဟရာ - မင်းက ချစ်စရာရှားလို့၊ နုရည်ကို ချစ်ရတယ်လို့၊ နုရည်က မျက်ရည်ခံမှုနဲ့ကွ - မင်း စံသွားရလိမ့်မယ်"

"နုရည်ရဲ့မျက်ရည်ခံမှုက မင်းအသက်ကို နုတ်ယူသွားလိမ့်မယ်"



"မျက်ရည်ခံမှုရှိတဲ့ နုရည်ကို ချစ်မယ့်အစား အခြားမိန်းကလေး တစ်ယောက်ယောက်ကို ချစ်ပါလားကွာ၊ နုရည်ကို မစဉ်းစားပါနဲ့"

"မျက်ရည်ခံမှုရှိတဲ့သူကို ချစ်မိတာက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခြင်းတစ်မျိုးပဲ"

သီဟ အပေါင်းအသင်းများက သီဟကို အမျိုးမျိုးသတိပေးကြ၏။ ဟန့်တားကြ၏။ သို့သော် - မရခဲ့၊ သီဟရင်ထဲတွင် နုရည်တစ်ယောက်ပဲ ရှိနေခဲ့သည်။ နုရည်ကလွဲရင် သဲနှင့်ဖွဲ့ဟုပင် ရှေးလူကြီးတွေပြောသလို ပြောလိုက်ချင်၏။

နုရည်ကို ချစ်လွန်းသဖြင့် ချစ်ခွင့်ပန်ခဲ့၏၊ တစ်ကြိမ်တည်းမဟုတ်၊ နှစ်ကြိမ်တည်းမဟုတ်၊ ကြိမ်ဖန်များစွာ ချစ်ခွင့်ပန်ခဲ့သည်။ နုရည်က အဖြေမပေးခဲ့၊ စဉ်းစားရန်သာ အကြိမ်ကြိမ် သတိပေးခဲ့သည်။ သူမလည်း စဉ်းစားမည့် အကြောင်းသာ အကြိမ်ကြိမ်ဖြေခဲ့၏။

နုရည် စဉ်းစားတိုင်း သီဟအပေါ် တိမ်းညွတ်ချင်စိတ် ဝင်လာခဲ့၏။ သီဟ အချစ်ကို ယုံကြည်မိသည်။ သီဟ အချစ်ကို တန်ဖိုးထားမိသည်။ သီဟအချစ်ကို သာယာမိသည်၊ သီဟအချစ်ကို ကိုးစားမိသည်။ ထပ်တလဲလဲ စဉ်းစားပြီးမှ ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာ ချလိုက်မိသည်။ သီဟကို ချစ်အဖြေပေးတော့မည်ဟု...

= ❦ =

သီဟကို ပျော်စေချင်၏။ သီဟကို ရန်ခုန်စေချင်၏၊ သီဟ၏ အောင်ပွဲခံ ပျော်ရွှင်မှုလေးကို တစိမ့်စိမ့်ကြည့်ချင်၏။ မိမိသည် သီဟအတွက် ဖြစ်သွားပြီဟု ခံယူရင်း သီဟကို အဖြေပေးရန် အင်းလျားကန်ဘောင်သို့ ချိန်းလိုက်သည်။



www.burmeseclassic.com

၄ ဒါဟွေက အစွဲအလမ်း အယုအဆတွေပါ၊
ဥပဒ်ဆိုတာ ဥပါဒါန်ကြောင့်ဖြစ်ကြတာ၊ ဥပါဒါန်ဆိုတာက
စွဲလမ်းခြင်း၊ ဒီလိုစွဲလမ်းခြင်းမျိုးတွေ ကိုယ် အယုံအကြည်မရှိဘူး၊
နုရည်လည်း ဒီလိုအစွဲအလမ်းတွေ မထားစေချင်ဘူး



ချိန်းသည့်အတိုင်း သီဟ ရောက်လာသည်။ နုရည် အရှေ့တွင် ဖြိမ်သက်စွာ မတ်တတ်ရပ်ရင်း နိမ့်ရှုည်မြင့်ချည် လှုပ်ရှားနေသော သီဟရင်အစုံကို နုရည်မြင်နေရ၏။ မစို့တစို့ ချွေးစေးများက သီဟ မျက်နှာတွင် စေနရာယူနေကြသည်။ ရင်ခုန်စွာ စောင့်စားနေသည့် သီဟကိုကြည့်ရင်း နုရည် သနားမိ၏။ သနားခြင်း၏ သင်္ကေတအဖြစ်ကား နုရည်နှုတ်ခမ်းများမှ တစ်စစီလွင့်ထွက်သွားသည်။

"တို့ - သီဟကို ချစ်ပါတယ်"

"တကယ် - ပေါ့"



အဖြေစကားအတွက် ရှက်သွေးများ နုရည်ခန္ဓာထဲ စိမ့်ဝင်ဆဲရှိသေး၏၊ ကလေးငယ်တစ်ယောက်လို အော်ဟစ်သည့် သီဟအသံ၊ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။

"နုရည်က ချစ်တယ်၊ နုရည်ကိုချစ်တယ်၊ နုရည်က ချစ်တယ်၊ နုရည်ကို ချစ်တယ်"

တဖွဖွအော်ဟစ်ရင်း သီဟတစ်ယောက် ခန္ဓာကိုယ်ကို လှည့်ပတ်နေသည့် သီဟ၏ အပျော်ကိုကြည့်ရင်း နုရည်ပျော်နေမိ၏။

"အရမ်းမလှည့်နဲ့ - ဖြည်းဖြည်းလှည့်၊ မူးပြီး လဲနေဦးမယ်"

နုရည် သတိပေးနေသည့်တိုင် သီဟ အကြိမ်ပေါင်းများစွာ လှည့်ပတ်နေသည်၊ ထို့နောက် - ရီဝေမူးယစ်နေသည့်ကြားမှ ဒယီးဒယိုင်ဖြင့် အင်းလျားကန်ပေါင်ပေါ်မှ ကားလမ်းမဆီသို့ ပြေးဆင်းသွားသည်၊

"ကျွီ - ဝုန်း - အား"

အရှိန်ပြင်းစွာ မောင်းလာသော ကားတစ်စီး၏ရှေ့တွင် သီဟ ခွေခွေလေး လဲကျသွားသည်၊ နီရဲသောသွေးများက လမ်းမပေါ် စီးရှုံသွား၏၊ နုရည် မျက်လုံးများ ပြာသွားခဲ့သည်၊

နောက်တစ်နေ့ သတင်းစာတွင် သီဟနာရေးကြော်ငြာကို ဖတ်ရင်း နုရည် ရှုံ့ပွဲချငိုလိုက်မိ၏၊ နုရည် စိတ်ထဲမှ ဆုတောင်းနေမိခဲ့သည်၊

ဆုံးရှုံးခဲ့ရသော ချစ်သူနှင့် သံသရာမပြတ်မီ ဘဝစပ်ကြား ကြိမ်ဖန်များစွာ ပြန်လည်ဆုံတွေ့ပေါင်းသင်းရပါလို၏ဟု . . .

= ၄ =

မိဘတို့မည်သည် သားသမီးတို့ရှေ့ရေး မျက်တောင်မွေးအဆုံးကြည့်တတ်ကြ၏၊ သားသမီးတို့ အနာဂတ် ပေသီးမှတ်၍ တွက်တတ်ကြ၏၊ သား



www.burmeseclassic.com

www.burmeseclassic.com

သမီးများကို ဆင်စီးမြင်းရံခွင့် မရသည့်တိုင် လင်ခရှဆာ ထည်လဲစီးပြီး ဘိုတ်တာဝင်း၌ဖြင့် နေစေချင်ကြ၏။

နရည် ကျောင်းပြီးစတွင်ပင် မိဘများ၏ မေတ္တာဗီအားက နရည် နလုံးသားဆီ ရောက်လာခဲ့၏။ မိဘများက နရည်ကို သူတို့မိတ်ဆွေ ရတနာတုန်သည်၏သား ကျော်ဝဏ္ဏနှင့် နေရာချထားပေးလိုကြောင်း ဖွင့်ဟလာခဲ့သည်။ ကျော်ဝဏ္ဏကို နရည် ကောင်းစွာသိနေ၏။ ကျော်ဝဏ္ဏဆိုသည့် နာမည်နှင့်လိုက်အောင် ရုပ်ဆင်းအင်္ဂါတင့်တယ်ပြီး မိဘဂုဏ်မျိုးရိုးကြောင့် လူရည်သန့်တစ်ယောက်ဖြစ်သည်။

ယောကျ်ားလေးပီပီ တစ်ခါတစ်ရံ ဘီယာအစ၊ ဝီစကီအစ နည်းနည်းပါးပါးသောက်သည့်အကျင့်တော့ ရှိ၏။ နရည်အဖို့ကျော်ဝဏ္ဏ အရက်သောက်ခြင်းသည် ခွင့်ပြုနိုင်လောက်သည့် အဆင့်မျှပင်ရှိသည်။

ကျော်ဝဏ္ဏက နရည်တွင် မျက်ရည်ခံမှဲ့ရှိမှန်းသိသည်။ သိသော်လည်း မျက်ရည်ခံမှဲ့အပေါ် အလေးအနက်ထားသူမဟုတ်၊ အေးဆေးတည်ငြိမ်ပြီး လှပတင့်တယ်သော နရည်ကို ယစ်မူးသူဖြစ်သည်။

"ကျွန်မမှာ မျက်ရည်ခံမှဲ့ရှိတယ် ကိုကျော်ဝဏ္ဏ။ ကျွန်မကြောင့် ကိုကျော်ဝဏ္ဏ ဘဝတစ်ခု ထိခိုက်မှုတွေ မဖြစ်ချင်ဘူး"

"ဒါတွေက အစွဲအလမ်းအယူအဆတွေပါ။ ဥပဒ်ဆိုတာ ဥပါဒါန်ကြောင့်ဖြစ်ကြတာ။ ဥပါဒါန်ဆိုတာက စွဲလမ်းခြင်း၊ ဒီလိုစွဲလမ်းခြင်းမျိုးတွေ ကိုယ် အယုံအကြည်မရှိဘူး၊ နရည်လည်း ဒီလို အစွဲအလမ်းတွေ မထားစေချင်ဘူး"

နရည်က မျက်ရည်ခံမှဲ့ရှိကြောင်း ပွင့်ပွင့်လင်းလင်းပြောခဲ့သည်ကိုပင် ကျော်ဝဏ္ဏ လက်မခံခဲ့၊ မျက်စိမပါသောအချစ်က နရည် ခန္ဓာကိုယ်တစ်ခုလုံးကို ရစ်ပတ်နှောင်ဖွဲ့ထားပြီဖြစ်ကြောင်း နရည် နားလည်ခဲ့သည်။ ရုန်းထွက်၍ မရနိုင်မှန်းလည်း နရည်သိနေသည်။



သည့်တော့ မိဘစကားနားထောင်ခြားက သံပြားကျောက်စောင်းကျို့သော်ဖျောင်းလဲဟူသော မိဘအပေါ် ပေးဆပ်လိုသော ခံယူချက်ဖြင့် မျက်လွှာချ၍ ခေါင်းညိတ်ခဲ့ပါသည်။

ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပကာသနဂုဏ်များဖြင့် ထုံမွှမ်းထားခဲ့သော နရည်၏ မင်္ဂလာပွဲက နရည်ဘဝမှာ မမေ့နိုင်သော မင်္ဂလာပွဲတစ်ခု ဖြစ်ခဲ့သည်။

=၃=

အဘယ်မျှ တည်ငြိမ်ရင့်ကျက်ပါသည်ဟု ဆိုစေကာမူ သဏ္ဌာရာဇ်တို့၏ ဖြုန်ခွင်းဖွဲ့ခြွေခြင်းကို မည်သူမှ မတွန်းလှန်နိုင်ကြ။ ထိုမတွန်းလှန်နိုင်သူများထဲတွင် နရည်နှင့် ကျော်ဝဏ္ဏတို့လည်း ပါလာခဲ့၏။

အချစ်သဏ္ဌာရာဇ်များ၊ အိမ်ထောင်သက်သဏ္ဌာရာဇ်များ ညင်သာစွာ ပြောင်းလဲလာခဲ့သည်။ တစ်ရက် နှစ်ရက်၊ တစ်နှစ် နှစ်နှစ်မှသည် ငါးနှစ်ဟူသော သက်တမ်းဆီသို့ အိမ်ထောင်စာရင်းဝင်လာခဲ့သည်။ အိမ်ထောင်သက် ငါးနှစ်သို့ ပြောင်းလဲလာသည်နှင့်အမျှ ကျော်ဝဏ္ဏ၏ ရုပ်ဆင်းအင်္ဂါလည်း ပြောင်းလဲလာခဲ့၏။ တင့်တယ်ခန့်ညားသော ကျော်ဝဏ္ဏ၏ ရုပ်အဆင်းသည် ပျက်ယွင်းခြင်းသို့ ဦးတည်လာ၏။

ကျော်ဝဏ္ဏ မျက်နှာတို့ အရက်၊ မူးယစ်ဆေးကြောင့် ဖောင်းကားလာသည်။ အသားအရည်တို့ ခန်း ခြောက်လာ၏။ ခြေနှင့်လက်က ဖောရောင်နေသည်။ စကားပြောလျှင်ပင် သွက်သွက်လက်လက် မရှိတော့၊ အာလေးလျှာလေးဖြင့် အားယူပြောရသည့် အဆင့်ရောက်လာသည်။

"ကိုကျော်ဝဏ္ဏရယ် အရက်မသောက်ပါနဲ့တော့။ ရှင့်မှာ အသည်းတင်ခြမ်း မရှိတော့ဘူးလို့တောင် ဆရာဝန်က ပြောနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝဏ္ဏ အရက်သောက်ခြင်းသည် တစ်ချိန်က နုရည် ခွင့်လွှတ်နိုင်သည့်အဆင့်မျှသာ ရှိခဲ့သော်လည်း ယခု နုရည် တားယူရသည့်အဆင့်ထိ ရှိလာခဲ့သည်။

အပျော်သောက်ခြင်း၊ မိတ်ဖြစ်ဆွေဖြစ်သောက်ခြင်း၊ အားနာ၍သောက်ခြင်း၊ စားကောင်းရုံလောက် သောက်ခြင်းမှ မဖြတ်နိုင်သော သောက်ခြင်းအထိ ဖြစ်လာသည်။ ကျော်ဝဏ္ဏ စိတ်အာရုံတွင် အရက်တစ်ခုတည်းသာ ရှိနေခဲ့၏။

အသည်းတစ်ခြမ်းဖြင့် ငရဲခန်းရောက်နေမှန်းသိသော်လည်း လက်ကျန်အသည်းအတွက် အရက်က ခမည်းအဖြစ် လိုအပ်နေပြန်သည်။ နုရည် ဘယ်လိုပင်တားသော်လည်း ကျော်ဝဏ္ဏနားထဲ ဝင်မလာခဲ့။ လက်ကျန်အသက်အားလုံး အရက်လက် ဝ.ကွက်အပ်လိုက်သည်။

နောက်ဆုံး ထွက်သက်တွင်ပင် ရိက္ခာအဖြစ် အရက်တစ်စက် မြည်းလျက် သွားသေး၏။ ကျော်ဝဏ္ဏ၏ ရုပ်အလောင်းကိုကြည့်ရင်း နုရည် ဆုတောင်းမိခဲ့၏။

သံသရာ မပြတ်မီဘဝစပ်ကြား အရက်သမားဘဝမှ လွတ်မြောက်နိုင်ပါစေဟု . . .

=❦=

နှစ်လင်၊ သုံးလင် ပြောင်းသောမိန်းမ၊ နှစ်ကျောင်း၊ သုံးကျောင်း ပြောင်းသောရဟန်း၊ ကျော့ကွင်းမှ နှစ်ကြိမ် သုံးကြိမ် လွတ်သောငှက် ဤသုံးဦးသည် မာယာကြွယ်၏ဟု လောကနီတွင် အဆိုရှိ၏။ နုရည်က မာယာကြွယ်တတ်သူမဟုတ်။ နှစ်လင် သုံးလင် ပြောင်းလိုသောစိတ်မရှိ။

ပထမဆုံးချစ်သူနှင့် ဘဝချင်းခြားခဲ့ရသည်။ ဒုတိယအကြိမ်တွင် လင်ယောကျာ်းနှင့် သေကွဲကွဲခဲ့ရ၏။ တတိယဟူသော စကားကို နုရည်မကြားလိုမမြင်လိုခဲ့။ မုဆိုးမဆိုသည့်ဘွဲ့ကို သိက္ခာရှိစွာ နေထိုင်ခဲ့၏။



နုရည်ဘဝတွင် ယောကျာ်းဖြစ်သူ ကျော်ဝဏ္ဏ သေဆုံးပြီး မကြာမီပင် နုရည် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူကြီးရောဂါများဖြင့် ကွယ်လွန်သွားခဲ့ကြ၏။ ယောကျာ်းမရှိ၊ သားသမီးမရှိ၊ မိဘမရှိသော နုရည်၏ မုဆိုးမဘဝသည် အထီးကျန်ဆန်လွန်းခဲ့၏။ ငြီးငွေ့ဖွယ် ကောင်းလွန်းလှ၏။

အထီးကျန် ငြီးငွေ့ရင်းဖြင့် မနေလို၍ ဈေးတစ်ခုတွင် အထည်ဆိုင်ဖွင့်ပြီး မုဆိုးမအမည်နာမကို ဈေးသည်ဝိသေသ ဆွဲကပ်လိုက်၏။ မုဆိုးမ နုရည်ဘဝမှ မုဆိုးမဈေးသည် နုရည်ဖြစ်သွားသည်။ ဈေးရောင်းဈေးဝယ် ဈေးသည်လုပ်ရင်း ငြီးငွေ့စရာကောင်းသော အထီးကျန်ဆန်မှုကို ဥပေက္ခာပြုထားလိုက်သည်။ တွေ့သည့်သူနှင့် သင့်အောင် ပေါင်းရင်း ဘဝကို တည်ငြိမ်အောင် ကြိုးစားခဲ့၏။

ခက်သည်က မုဆိုးမဈေးသည်ဟူသော ဝိသေသပင်ဖြစ်သည်။ အရွယ်ကရှိပြီး ရုပ်ရည်က ကျန်သေးသည်၊ မုဆိုးမဈေးသည်ဆိုတော့ လက်တည့်စမ်းချင်သည်။ သကောင့်သားများက ခြေချင်းရှုပ်နေ၏။ ရှုပ်နေသော ခြေရာများကို နုရည်လုပစွာ ရှောင်ရှားခဲ့သည်။

အိမ်နှင့်ဈေးသွားလျှင်ပင် လမ်းလျှောက်မသွားတော့။ အနှောင့်အယှက်ကင်းကင်း၊ စိတ်ရှင်းရှင်းသွားလိုသဖြင့် ကိုဗလဆိုက်ကားကို ဖယ်ရီအဖြစ် အသုံးပြုခဲ့သည်။ နုရည် ဈေးသွားလျှင် ကိုဗလက ဆိုက်ကားဖြင့် ပို့၏။ နုရည် ဈေးမှပြန်လျှင် ကိုဗလက ဆိုက်ကားဖြင့်ကြို၏။ လူတကာ၏ အမြင်တွင် နုရည်၊ ကိုဗလနှင့် ဆိုက်ကားသည် တစ်ထပ်တည်းကျလာ၏။

ကိုဗလက ငြိုးခြုံချွေတာ (နမြော)တတ်သည်မှလွဲ၍ နုရည်အတွက်ဆိုဘာမိုင်းနိုင်း များများသလဲ လုပ်ပေးတတ်သည်။ နမြောတွန့်တိုတတ်သူဟူသော ဂုဏ်ပုဒ်ပျက်စေသည်အထိ နုရည်စားဖို့၊ နုရည်သောက်ဖို့ အချိန်မှန်မှန် ဝယ်ယူကျွေးမွေးသည့်အဆင့်ထိ နုရည်ပေါ် ဂရုစိုက်လာသည်။

www.burmeseclassic.com

နုရည်ဆိုင်တွင် ဈေးဝိုင်းရောင်းပေးရုံမက နုရည်နှင့် အခြားယောက်ျား တစ်ယောက် စကားပြောနေသည် တွေ့ရသည်နှင့် မျက်နှာမှုန်တေတေဖြင့် စိတ်ကောက်နေတတ်သေး၏။ နုရည်အပေါ် ကိုဗလ စိတ်ဝင်စားနေကြောင်း နုရည်သိလာသည်။ ပတ်ဝန်းကျင်ရှိ ဈေးသည်များကလည်း ရိပ်စားမိလာ၏။

ကိုဗလက လူပျိုမဟုတ်၊ တစ်ခုလပ်ဖြစ်သည်၊ ကိုဗလ မြို့မြို့ရွှေတာပြီး မိန်းမဖြစ်သူက အသုံးအဖြုန်းလက်ဖွာရာကစပြီး စကားများကာ ကွာရှင်းခဲ့ကြဖူး၏၊ ကိုဗလအကြောင်းကို နုရည်က စုံစမ်းထားသလို နုရည်အကြောင်းကိုလည်း ကိုဗလက သိနေခဲ့၏။ နှစ်ယောက်စလုံး အတွင်းသိ အစင်းသိတွေမို့ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိကြ၏။

"ကိုက ဆင်းရဲပေမယ့် နုရည်ကို စိတ်ဆင်းရဲအောင်၊ လူဆင်းရဲအောင် မထားပါဘူး။ နုရည် ချမ်းချမ်းသာသာ၊ ပြည့်ပြည့်စုံစုံ နေနိုင်အောင် ကို အမြဲ ကြိုးစားမှာပါ၊ နုရည် ပြောပြောနေတဲ့ မျက်ရည်ခံမဲ့ဆိုတာလည်း ကို ဂရုမစိုက်ဘူး၊ နုရည်အတွက်ဆို ကိုသေရမှာလည်း ဝန်မလေးဘူး၊ ကို နုရည်ကို ချစ်တယ်၊ နုရည်နဲ့ အတူတူနေပြီး ကြီးပွားချမ်းသာတဲ့အထိ ကြိုးစားမယ်"

ချမ်းသာအောင် ကြိုးစားမယ်ဟူသော စကားကို ကိုဗလ လက်သုံးစကား အဖြစ် သုံးလေ့ရှိ၏။ နေပူမရှောင်၊ မိုးရွာမရှောင် တကယ်လည်း ကြိုးစားသူ ဖြစ်သည်၊

ကိုဗလ၏ ကြိုးစားမှုစွမ်းရည်က နုရည်၏ မုဆိုးမဈေးသည် ဂုဏ်ပုဒ်ကို ရိုက်ချိုးပစ်နိုင်ခဲ့သည်၊ နုရည်တစ်ယောက် မုဆိုးမဈေးသည်ဘဝမှ ကိုဗလ၏ ဇနီးဘဝ ရောက်သွားခဲ့သည်။

ဈေးသည်အချို့က "ကြောင်စံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးတွေ တွေ့ကြပြီ" ဟု တီးတိုး တီးတိုး သဖန်းပိုးလုပ်ကြ၏။ နုရည် နားနှစ်ဖက် ပိတ် ထားလိုက်သည်၊ မျက်လုံး စုံမှိတ်ထားလိုက်သည်၊ ကိုဗလ၏ ကြိုးစားမှု စွမ်းရည်ကို နုရည် အကြွင်းမဲ့ ယုံကြည်ခဲ့၏။

= ၂ =

ကိုဗလ၏ ဂရုစိုက်မှုက နုရည်အတွက် လိုအပ်သည်ထက် ပိုလွန်းနေ သည်ဟုတောင် ထင်ရ၏၊ စိတ်တူကိုယ်တူ အိမ်ထောင်တစ်ခု ထူထောင်ပြီး ကတည်းက ကိုဗလ အလွန်ပျော်ခဲ့၏။ နုရည်အတွက် လိုလေသေးမရှိ စောင့်ရှောက်သည်၊ ပြီးတော့ - ကိုဗလက အူတိုတတ်၏။ နုရည် အခြား ယောက်ျားလေးများဖြင့် ပြောဆိုဆက်ဆံသည်ကိုပင် မကြိုက်၊ ကိုဗလ အူတို လွန်းသဖြင့် နုရည် အရောင်းအဝယ်လုပ်ရာတွင် အဟန့်အတားဖြစ်စေ ခဲ့၏။

ကိုဗလကို အူမတိုရန်၊ သဝန်မကြောင်ရန် အမျိုးမျိုးဖျောင်းဖျပြောဆို သော်လည်း မရခဲ့၊ နောက်ဆုံး နုရည် အထည်ဆိုင်တွင် ဖွင့်လှစ်ရောင်းချခြင်း မလုပ်တော့ဘဲ အိမ်မှုကိစ္စဖြင့်သာ ဘဝကို နှစ်မြှုပ်ထားလိုက်၏၊ ကိုဗလ အတွက် ဇနီးကောင်း၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်ရန်သာ ကြိုးစားမိတော့သည်၊

နုရည်က အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားသလို ကိုဗလက နုရည် အားမငယ်ရအောင် နုရည် ပြည့်ပြည့်စုံစုံ နေနိုင်အောင်၊ နုရည် မပူမပင်နေနိုင်အောင် အလုပ်ကြိုးစားခဲ့၏။ ကိုဗလ ကြိုးစားလွန်းသဖြင့် နားနားနေနေ အလုပ် လုပ်ရန်ပင် နုရည်က ဟန့်တားခဲ့ရသည်။

"တစ်ချိန်ချိန် ကိုယ်တို့ရင်သွေးလေး ရလာတဲ့အခါ မိသားစု ချမ်းချမ်း သာသာ နေနိုင်ဖို့ကို ကြိုးစားနေတာပါ"




www.burmeseclassic.com

www.burmeseclassic.com

နရည် ဘယ်လိုပင် ဟန့်တားသော်လည်း ကိုဗလက သူ့ရည်မှန်းချက်နှင့် သူကြိုးစားမှု မပျက်ခဲ့။ ကိုဗလ အလိုရှင်ဆုံးက ငွေဖြစ်နေ၏။ မသမာသောနည်းဖြင့် ရမည့်ငွေကို မလိုလား။ သန့်ရှင်းသောငွေဖြင့်သာ သန့်ရှင်းသော မိသားစု ထူထောင်လိုသော ဆန္ဒရှိသည်။

နေ့ရောညပါ ဆိုက်ကားနင်း၏၊ တစ်ခါတစ်ရံ ကုန်စိမ်းနှင့် ဝန်ထုပ်ဝန်ပိုးထမ်းပိုးသည့် အလုပ်ကို လုပ်သည်။ မနက်ပိုင်းတွင် သတင်းစာ ကိုယ်စားလှယ်ဆီမှ သတင်းစာယူ၍ သတင်းစာပို့သည့် အလုပ်ကို လုပ်ပေး၏။ တစ်ရက်တွင် (၂၄) နာရီရှိသည်ကပင် သူ့အတွက် အလုပ်လုပ်ရန် အချိန်နည်းနေသည်ဟု ခံယူထားမိ၏။

ကိုဗလက အလုပ်သာလုပ်သည်၊ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ လောင်းကစားမလုပ်၊ အပျော်အပါးမမက်၊ တကယ်ရိုးသားသူစစ်စစ် ဖြစ်သည်။ ခက်သည်က အလုပ်သာ ဖယ်ဆက်နေသလိုလုပ်ပြီး အစားအသောက် ပုံမှန်မစားခြင်းပင် ဖြစ်၏။

အလုပ်တွင်သာ ဖောကပ်နေသဖြင့် အစားအသောက် စားသောက်ရန်အချိန်မမှန်ခဲ့။ ရှိရင်းစွဲအကျင့်က နမြောတွန့်တိုတတ်သည်မို့ မုန့်ပဲသရေစာဝယ်မစားသည့်ပြင် ထမင်းစားသည့်အခါ ဖြစ်သလို စားတတ်၏။

"ထမင်းစားတာ ပါးစပ်နဲ့စားရင် ဗိုက်ဆံကုန်တယ်၊ အချိန်ကုန်မယ် ဗိုက်နဲ့စားတာ အကောင်းဆုံးပဲ စရိတ်ငြိမ်းတယ်" ဟု ပြောလေ့ရှိ၏။ တကယ်လည်း ဗိုက်ပြည့်ရင်ပြီးရော ဖြစ်ကတတ်ဆန်း စားသူလည်းဖြစ်သည်။

အစားအသောက် အချိန်မမှန်ခြင်း၊ ထမင်းကို ဖြစ်သလိုစားခြင်းများကြောင့် ကိုဗလတွင် အစာအိမ်ရောဂါ ဖြစ်လာခဲ့သည်။ အာဂန္တုအဖြစ် ဝင်လာသော အစာအိမ်ရောဂါကို လျစ်လျူရှုထားမှုကြောင့် ရောဂါအခြေအနေကကြီးထွားလာခဲ့သည်။ ဗိုက်အောင့်ပြီဆိုသည်နှင့် ချွေးသီးချွေးပေါက်များ ထိမ်းမနိုင်၊ သိမ်းမနိုင်လောက်အောင် ကျလာတတ်၏။



ဆေးခန်းပြလျှင် ပိုက်ဆံကုန်မည်စိုးသဖြင့် ရပ်ကွက်ဆေးဆိုင်မှ စပ်ပေးသောဆေးများဖြင့် ရောဂါသက်သာအောင် ထိန်းထားခဲ့၏။ ရောဂါသက်သာသည်နှင့် အလုပ်လုပ်သည်။ အလုပ်လုပ်တော့ ရောဂါက မခံမရပ်နိုင်ဖြစ်လာ၏။ နရည်က ကျန်းမာရေးဂရုစိုက်ဖို့ သတိပေးသော်လည်း မရခဲ့။

ပြင်းထန်သော အလုပ်ကြိုးစားမှုကြောင့် အစာအိမ်အချဉ်ပေါက်ရာမှ အစာအိမ်လမ်းကြောင်းသွားသည့် အူပေါက်သည်အထိ ဖြစ်လာသည်။ မခံမရပ်နိုင်သည့်အဆုံး ဆေးရုံပြေးရ၏။ ဆေးရုံမှ ဆရာဝန်များက ခွဲစိတ်ကုသဖြင့် သက်သာခဲ့သည်။

ဆေးရုံက ပြန်ဆင်းတော့ ချုပ်ရိုးပင် မကျက်သေး။ နရည် မသိအောင် အလုပ်ပြန်လုပ်၏။ သူ့ခေါင်းထဲတွင် အလုပ်သာရှိနေသည်။ ဆေးရုံတက်လိုက်ရသဖြင့် ကုန်ကျသွားသည့် ပိုက်ဆံများကို မျက်လုံးထဲမြင်နေသည်။ ကုန်သွားသည့် ပိုက်ဆံများရအောင် ပြန်ရှာရန်သာ ဆန္ဒစောနေ၏။

ကျန်းမာရေး တစ်ပိုင်းတစ်စဖြင့် အလုပ်ပြန်လုပ်၍ ဆေးရုံပြန်တက်ခဲ့ရသည်။ သည်တစ်ခါ တက်ခဲ့ရသည်က ဆေးရုံတင်သာ မဟုတ်တော့ ရေခဲတိုက်အထိ တက်ခဲ့ရတော့သည်။

နရည်အဖို့ ဆုံးရှုံးသွားသော လင်ယောကျာ်းအတွက် ငိုကြွေးခြင်းမှတစ်ပါး အခြားဘာမှ မတတ်နိုင်ခဲ့သော နရည်ပိုင်ဆိုင်ခဲ့ဖူးသော မုဆိုးမဟူသည့် ဂုဏ်ပုဒ်သည်သာ နရည်ဘဝထဲ ဒုတိယမို့ ထပ်မံရောက်ရှိလာခဲ့၏။

= ❦ =

ကွယ်လွန်သူ ကိုဗလအတွက် ရည်စူး၍ (၇) ရက်ပြည့်နေ့တွင် သံဃာတော် (၃) ပါးကို အိမ်သို့ ပင့်ဖိတ်၍ ဆွမ်း၊ ခဲဖွယ် ဒါတဗ္ဗဝတ္ထုအစုစုကို လှူဒါန်းခဲ့၏။ လှူဒါန်းမှုအတွက် ကိုဗလကို အမျှဝေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘဲသာတော်များကို လှူဒါန်းပြီးသည်နှင့် ရပ်ကွက်ထဲမှ ရောက်ရှိလာသူများကို မုန့်ဟင်းခါးဖြင့် ဆက်လက်ဧည့်ခံ ကျွေးမွေးသည်။ အိမ်ကျဉ်းသဖြင့် ဘာ့ခွဲဝိုင်း သုံးဝိုင်းဖြင့် ပြင်ဆင်၍ ဧည့်ခံခဲ့သည်။ ခေါင်းရင်းပိုင်းက ဧည့်သည်များကို ဧည့်ခံနေဆဲရှိသေး၏။ ခြေရင်းဝိုင်းမှာ စားသောက်နေသော ရပ်ကွက်ထဲမှ အမျိုးသမီးတစ်ဦး၏ စကားသံကို နုရည် သဲသဲကွဲကွဲ ကြားလိုက်ရသည်။

"ကိုဗလကြီး သနားပါတယ်၊ သူ့ခမျာ အလုပ်အရမ်းကြိုးစားတာ၊ အင်း - အလုပ်ကြိုးစားပေမယ့် မျက်ရည်ခံမဲ့ရှိတဲ့ မိန်းမကို ယူထားတော့ အသက်မရှည်နိုင်တော့ဘူးပေါ့"

မျက်ရည်ခံမဲ့ရှိတဲ့ မိန်းမကို ယူထားတော့ - တဲ့။ နုရည် မျက်ဝန်းအိမ်အောက် မျက်ရည်စီးကြောင်းပေါ်တွင်ရှိသော မျက်ရည်ခံမှဲ့ကို ယောင်ယမ်းပြီး လက်ဖြင့် စမ်းမိလိုက်သည်။

ပြောရက်ကြပါဘိ။ မျှော်လင့်မထားသော ဒေါသလှိုင်းများ ရင်ဝဆီသို့ လှုးလိမ့်တက်လာသည်။

=❦=

မျှော်လင့်မထားသော ဒေါသလှိုင်း ရိုက်ခတ်မှုကြောင့် နုရည်အသားများ တဆတ်ဆတ်တုန်လာမိသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး ပင့်သက်အကြိမ်ကြိမ် ရှိုက်နေမိ၏။

ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ဆွေးမြည့်ခြင်းများ ပြည့်နက်နေသည်ကို ပင် ဖြေဖျောက်နိုင်ဖို့ ကြိုးစားနေဆဲ ရှိနေသေး၏။ ဒေါသက အစွယ်အမွှားတစ်ခုအဖြစ် တွယ်ငြိလာခဲ့ဖြစ်သည်။ တွယ်ငြိလာသော ဒေါသကို မျက်လုံးစုံမှိတ်ပြီး အော်ဟစ်ပေါက်ကွဲ မောင်းထုတ်ပစ်လိုက်ချင်၏။ ဒီလို မောင်းထုတ်ခဲ့လျှင် နုရည် စိတ်ကို ပေါ့ပါးသွားနိုင်၏။ လွတ်လပ်သွားနိုင်၏။



သို့သော် - ဒီအချိန် ဒီနေရာမှာ စိတ်ရှိတိုင်း လုပ်၍မဖြစ်။ ကိုဗလ၏ ဝိညာဉ်က စောင့်ကြည့်နိုင်နေသေးသည်။ ကိုဗလက နုရည်ကို အရမ်းချစ်၏။ နုရည် စိတ်ဆင်းရဲမည်ကို လိုလားလိမ့်မည်မဟုတ်။ ကိုဗလ ဝေးသထက်ဝေးရာ ပြန်မသွားမီ နုရည် ရေငုံနှုတ်ပိတ် အံကြိတ်နေခဲ့ရသည်။ ပြောချင်သူတွေ ပြောချင်တာ ပြောကြပါစေတော့။

=❦=

ပြောချင်သူတွေ ဘိုးဘွားစဉ်ဆက်ပြောခဲ့သည့်စကားကို နုရည် စဉ်းစားမိ၏။ မှဲ့သျှုတ္တရကျမ်း၏ အဆိုအမိန့်ကိုလည်း သတိရနေမိသည်။ "မျက်နှာပြင်၏ မျက်ရည်စီးကြောင်း တစ်ဖက်တစ်ချက်စီ၌ တစ်ခုတည်းသော မျက်ရည်စီးကြောင်းပေါ်တွင်ပင်လျှင် မှဲ့ရှိနေခဲ့သော် ချစ်သူယောကျ်ား သေဆုံးတတ်သည်"ဟု ဆိုကြ၏။ မျက်ရည်ခံမှဲ့ရှိနေသော မိမိဘဝကို မိမိပြန်လည် ဆန်းစစ်မိ၏။

ကျောင်းတုန်းက ချစ်သူက နုရည်အဖြေစကားပေါ် အပျော်လွန်၍ သေဆုံးခဲ့သည်။ မိဘပေးစားခဲ့သည့် လင်ယောကျ်ားက အရက်အလွန်အကျွံသောက်၍ သေဆုံးခဲ့သည်။ တစ်ပင်လဲ၍ တစ်ပင်ထူခဲ့မိသည်၊ ယခုယောကျ်ားက ကျန်းမာရေးဂရုမစိုက်ပဲ ပိုက်ဆံသာ တန်ဖိုးထားနေသဖြင့် သေဆုံးခဲ့သည်။

သူတို့ သေဆုံးခြင်းသည် မိမိတွင်ရှိနေသော မျက်ရည်ခံမှဲ့ကြောင့်ဟု ဆိုနိုင်ပါမည်လား။ သူတို့မဆင်ခြင်ခဲ့ကြ၍ သေဆုံးခဲ့ခြင်းဟုထင်၏။ သို့သော် အားလုံးက မျက်ရည်ခံမှဲ့ကြောင့်ဟု ဆိုကြသည်။ မိမိမျက်နှာတွင်ရှိသော မျက်ရည်ခံမှဲ့ကို မြင်တွေ့သူတိုင်းက မျက်ရည်ခံမှဲ့အကြောင်း ငြီကာချဲ့ခန် ကြဦးမည်သာ ဖြစ်၏။ ဒီမျက်ရည်ခံမှဲ့ကို မည်သူမျှ မြင်နိုင်ခွင့်မရှိအောင်



www.burmeseclassic.com

www.burmeseclassic.com

ဒေဝတ်မိနည်းပညာဖြင့် ခွဲစိတ်ဖျောက်ဖျက်ပစ်လျှင် ကောင်းပါမည်လော၊ မျက်ရည်စံမှဲ့သည် အတိတ်ကံကြမ္မာ၏ သင်္ကေတဖြစ်၏၊ ရုပ်ပိုင်းဆိုင်ရာ ခွဲစိတ်ခြင်း၌ မျက်ရည်စံမှဲ့မရှိခဲ့လျှင်ရော အတိတ်ကံကြမ္မာသည် ပျောက်ကွယ်သွားနိုင်ပါမည်လား။ နရည် စဉ်းစားရင်း မှိန်းကျပ်နေခဲ့သည်၊ နိုင်လုံသော အဖြေထွက်မလာခဲ့၊ နရည် မည်သို့ ဆုံးဖြတ်ရပါမည်နည်း။

(တဖတ်သူအဖေပါင်းကို မေးကြည့်ချင်ပါသည်၊ နရည် မည်သို့ ဆုံးဖြတ်စေချင်ပါသနည်း။ အကယ်၍ သင်ကိုယ်တိုင် နရည်အဖြစ်မျိုးနှင့် ကြုံတွေ့နေရပါက မည်သို့ ဆုံးဖြတ်ပါမည်နည်း။)

☛ ချစ်ငွေမိုး

စာ ပို ရှင် များ သို့

"ဂန္ထိရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂန္ထိရလောကမဂ္ဂဇင်း



www.burmeseclassic.com

# အလှနှင့် ရှေးခေတ် ဒဏ္ဍာရီ

ဆွေ မြင့်

"မြန်မာအစ၊ တကောင်းက" ဟူ၍ ထင်မြင်ယူဆသတ်မှတ်ကြသော ကာလတွင် ပဌမမြောက် တကောင်းမင်းဆက်ဖြစ်သည့် ကြောင်းနှုရစ်မင်းလက်ထက်၌ ကိုးကွယ်သည့် ဘာသာဆိုသည်မှာ ရေရေရာရာ၊ နိုင်နိုင်မာမာ ပြောစမှတ်ပြုစရာ ထင်ထင်ရှားရှား မရှိပါသေးချေ။ သမုတ်ရာဇ်မင်း၊ သေလဥ်ကြောင်၊ ပြူစောထီးစသော မင်းများလက်ထက်၌ လူစွမ်းကောင်းအရေးပေါ်ဝါဒကို ဦးစားပေးခဲ့ကြသည်။

အထူးသဖြင့် ဝိပဿနာထက် သမထ ကျင့်စဉ်ကဲ့သို့သောအကျင့်များကို တောမှီရသေ့များပမာ သစ်ခေါက်ဆိုး သင်တိုင်းရှည်ကြီးများ ဝတ်

လေ့ရှိကာ လူနေအိမ်ခြေများရှိရာ ဇနပုဒ်နှင့် အလှမ်းအလှန် ကွာလှမ်းသော စိမ့်ကြီးမြိုင်ကြီး၊ ဂနိုင်ကြီးများထဲသို့ စွန့်စားသွားရောက် နိမ့်မိုးလျက် ကောတရိကျင့်သူများ ရှိကြသည်။

ယင်းသို့သော ပုဂ္ဂိုလ်များသည် ရေကသိုဏ်း၊ မြေကသိုဏ်း၊ လေကသိုဏ်း၊ မီးကသိုဏ်း စသည်တို့ကို မိမိတို့အနေနှင့် သန်ရာသန်ရာ သဲသဲမဲမဲ အရိုးကြေကြေ၊ အရည်ခန်းခန်း ကြိုးကုတ်အားထုတ်ကြသည်။

မည်သို့ပင်ဖြစ်စေ၊ ပေါက်မြောက်အောင်မြင်သွားသူဟူ၍ လက်ချိုးရေတွက်နိုင်ရုံမျှသာ ရှိသည်။ တောကြီးမျက်မည်းအတွင်း၌ အသားစားကျူးသည့် တောရိုင်းတိရစ္ဆာန်များ၏ သားကောင်အဖြစ်နှင့် ဇီဝိန်ကြွေသွားကြသူများ၊ ဆိုးရွားသော တောတောင်သဘာဝ၊ ရာသီဒဏ်ကြောင့် ဖျားနာရောဂါဝေဒနာများဖြင့် သေဆုံးကြသူများက အနတ္တဂ္ဂမ မရေမတွက်နိုင်လောက်အောင် များပြားလှသည်။

=❦=

ထိုနေ့သည်ကား တန်ဆောင်မုန်းလပြည့်ညတစ်ည ဖြစ်သည်။ တောမှီရသေ့ကြီး ဦးအဂ္ဂသည် ထုထည်အားဖြင့် ကြီးမားကျစ်လျစ်သော ကျောက်လိုဏ်ခေါင်းကြီး၏ အပေါက်ဝတွင် ရပ်တည်လျက်ရှိသည်။

လိုဏ်ဂူသည် သက်ရှင့်ပံသုဘာဝမှ ကျောက်သားစိုင် ပကတိဖြစ်သွားသော အစိုင်အခဲကြီး ဖြစ်သည်။ ထိုလိုဏ်ဂူကြီးတွင် ယခင် ရှေးပဝေသဏီအချိန်ကာလများကတည်းက တစ်ကိုယ်ရေတစ်ကာယ တရားကျင့်ရာလိုဏ်ဂူအဖြစ် အသုံးပြုခဲ့ကြသည်။

ဦးအဂ္ဂသည် သာမန်တောမှီ၊ ယောဂီရသေ့များထက် ပို၍ထူးစမ်းလေ့လာသုတေသနပြုသော ဆောင်ရွက်မှုများကိုလည်း ဝါသနာထုံသူတစ်ဦး ဖြစ်သည်။ သူ့ထံသို့ သုံးလလျှင်တစ်ကြိမ် ပုံမှန်လာရောက် တွေ့ဆုံဆွေးနွေးလေ့ရှိသူ သုံးဦးရှိကြသည်။

www.burmeseclassic.com

ထိုသုံးဦးအနက် တစ်ဦးမှာ အမျိုးသမီးကြီး ဖြစ်သည်၊ သူတို့အားလုံး တောမီယောဂီများဖြစ်ကြပြီး အကျင့်သန်သော (တစ်နည်းအားဖြင့်) အကျင့် လွန်သောသူများ ဖြစ်နေကြသည်၊ သူ့ကသိုဏ်းနှင့်သူ နှစ်ကာလ ကြာမြင့် စွာ ဖွဲ့ကောင်းကောင်းနှင့် အရိုးကြေကြေ၊ အရည်ခန်းခန်း မလျှော့တမ်း ကျင့် ကြံကြိုးကုတ် အားထုတ်နေကြရာမှ အတော်အတန် အကျိုးသက်ရောက် ပေါက်မြောက်နေကြသည်ဟု ထင်မြင်ယူဆနိုင်ဖွယ်ရာ ရှိသည်၊

=❦=

ယနေ့ (တန်ဆောင်မုန်းလပြည့်နေ့) သည် လွန်ခဲ့သော ရက်ပေါင်းကိုး ဆယ်က ချိန်းဆိုခဲ့ကြသော သူတို့လေးယောက် ဆုံတွေ့ရမည့်နေ့ ဖြစ်လေ သည်၊

မိုးကောင်းကင်တစ်ခုလုံး တိမ်စိုင်ဟူ၍ ကြက်မတစ်ဝပ်စာမျှပင် မတွေ့ရ၊ ပကတိ ကြည်လင်ပြာလဲ့နေသည်၊ ထို့ကြောင့် ငွေလရောင် ရွှန်းမြသော ည တစ်ည ဖြစ်လေသည်၊

ထူထပ်သိပ်သည်းသော တောအုပ်ကို ကျောက်လိုဏ်ဂူရှိရာ ကျောက် တောင်ကုန်းမြင့်ပေါ်မှ အပေါ်စီးမြင်နေရသည်၊ ထိုကျောက်လိုဏ်ဂူ၏အောက် ခြေတွင် ဝေ့ဝိုက်ရစ်ခွေ စီးဆင်းနေသည့် ကြည်လင်စိမ့်မြသော စမ်းရေသည် အောက်ခြေမြေသားပြင်အထိ သဲသဲကွဲကွဲ မြင်နိုင်သည်၊ တစ်နှစ်ပတ်လုံး တသွင်သွင် စီးဆင်းနေသော စမ်းချောင်း၏ အကျယ်အဝန်းမှာ နစ်လံသာ သာမျှရှိပြီး အနက်အားဖြင့် ငါးပေခန့် နက်ရှိုင်းသည်၊

တောမီရသေ့ကြီး ဦးအဂ္ဂသည် သူ မျက်နှာမူရာ အရှေ့အရပ် မိုးကောင်း ကင်မှ အရွယ်အားဖြင့် သာမန်ငှက်ကုလားအုတ်ကြီးအရွယ် ကြီးမားလှသော အသွင်သဏ္ဌာန်တစ်ခုသည် ငြိမ့်ညောင်းစွာ ပျံသန်းလာသည်ကို မြင်လိုက်ရ သည်၊



ရသေ့ကြီးတည်ရှိရာ ကျောက်လိုဏ်ဂူနှင့်မလှမ်းမကမ်းတွင်ထိုသဏ္ဌာန် ကြီးသည် နိမ့်ကျသွားပြီးနောက် မြေပြင်သို့ သက်ဆင်းလိုက်သောအခါ သစ်ခေါက်ဆိုး သင်တိုင်းရှည်ကြီး ဝတ်ရုံထားသော ယောဂီတစ်ဦးပင် ဖြစ် နေသည်၊

မကြာမီ ကျောက်လိုဏ်ဂူဘေးတွင် စီးဆင်းနေသောရေကို ဆန်၍ ကူးခတ်လာသော နီညိုရောင်အသွင်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်၊ ထိုအရာ၏ အရွယ်အစားမှာ သာမန်လူတစ်ယောက်နှင့် မတိမ်းမယိမ်းမျှ ရှိသည်၊ ထိုသဏ္ဌာန်သည် ကျောက်လိုဏ်ဂူ၏ အခြေသို့ရောက်ရှိခဲ့သည် နှင့်တစ်ပြိုင်နက် ကူးခတ်မှုရပ်တန့်သွားပြီးနောက် ချောင်းစပ်မှတက်လာသူ မှာ ယောဂီအမျိုးသမီးကြီး ဖြစ်နေလေသည်၊

ထိုအခိုက်အတန့်တွင် သစ်တောအုပ်အတွင်းရှိ တစ်ယောက်သွားလမ်း တစ်လျှောက် မြေသားများကြွတက်ကာ စွပ်ကြောင်းတစ်ခုပမာ လိုဏ်ဂူခြေ ရင်းသို့ တစ်ဟုန်ထိုး ရွေ့လျားလာသည်ကို ရသေ့ကြီးဦးဒိဋ္ဌက မြင်လိုက်ရ သည်၊ ထိုလှုပ်ရှားမှုသည် လိုဏ်ဂူခြေရင်းတွင် ရပ်တန့်သွားသည်၊

များမကြာမီ ကျောက်လိုဏ်ဂူရှိရာ ကျောက်တောင်ခြေရင်းမှ သုံးဖက် သုံးတန် အတက်လမ်းအတိုင်း ယောဂီပုဂ္ဂိုလ်သုံးဦးသည် ခြေလှမ်းမှန်မှန်ဖြင့် သက်သောင့်သက်သာ တက်လာကြလေသည်၊

ယောဂီသုံးယောက်စလုံး ဇရာ၏ အရိပ်အယောင်ဖြစ်သော ခေါင်းဖြူ စွယ်ကျိုး၊ ပါးရည် နားရည် တွန့်နေကြလေပြီ၊ သို့ရာတွင် ခါးမကိုင်းညွတ်သေး ပါချေ၊ သူတို့၏ မျက်လုံးအစုံများသည်လည်း စူးရှတောက်ပြောင်ဆဲ ဖြစ် သည်၊

လေထဲမှ ပျံဝဲရောက်ရှိလာသူမှာ လေကသိုဏ်းဝိဇ္ဇာ ဦးထွတ်ခေါင် ဖြစ် သည်၊ ရေထဲမှ တက်လာသူမှာ ရေကသိုဏ်းဖြင့် ထူးထူးခြားခြား ပေါက် မြောက်နေသူ ဒေါ်သူဇာ ဖြစ်သည်၊ မြေပြင်ကို စွပ်ကြောင်းထင်၍ အမြန်ဆန် ဆုံးရောက်လာသူမှာ မြေကြောရှုံ့ဝိဇ္ဇာ ဦးဒီပါ ဖြစ်သည်၊ သူတို့သုံးယောက် စလုံး၏အသက်ကို မည်သူမည်ဝါမှ ရေရေရာရာ ပြောနိုင်ခြင်း မရှိကြပါချေ၊

www.burmeseclassic.com

သူတို့ကိုယ်တိုင်လည်း မှတ်သားထားခြင်းမရှိ၊ မှတ်သားထားစရာလည်း မလိုဟု၍ တစ်ယူသန် ယူဆထားကြသည်။ မိမိတို့ အသက်မည်မျှဟု မှတ်သားထားခြင်းထက် မိမိနေကြသည့် ကသိုဏ်းရှုခြင်းကိုသာ ပဓာနထားကြသည်။ လေကသိုဏ်းဝိဇ္ဇာ ဦးထွတ်ခေါင်၊ ရေကသိုဏ်းဝိဇ္ဇာ ဒေါ်သူဇာနှင့် မြေကသိုဏ်းဝိဇ္ဇာ ဦးဒီပါတို့သည် အစွန်းရောက် သမထသမားများဟူ၍ ယူဆနိုင်ဖွယ်ရာရှိသည်။ ထိုခေတ်၊ ထိုကာလတွင် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဟူ၍ လုံးဝမကြားဘူးကြပါချေ။ အိန္ဒိယ ဆာဒူးကြီးများ၊ ဖကီး စသည့် ပုဂ္ဂိုလ်အချို့နှင့် ပဋ္ဌာန်းဆက်၊ နှယ်ယုက်ကြသူများသာလျှင် မြေ၊ ရေ၊ လေ စသည်တို့၏ စွမ်း အင်ကို ရယူလျက် အသုံးပြုခဲ့ကြသည်။ ပုဂံခေတ် အရှည်းကြီးများခေတ်ထက် ရာစုနှစ် အနည်းငယ်မျှ စောနေသေးသည်။

မည်သို့ပင်ဖြစ်စေ၊ သူတို့သုံးဦးစလုံးနှင့် တောမိုဂုအောင်း ရသေ့ကြီး ဦးအဂ္ဂတို့၏ အသက်ကို ခန့်မှန်းခြေအားဖြင့် နှစ်ပေါင်းတစ်ရာကျော်ဟူ၍ အချင်းချင်း ခန့်မှန်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ - ယင်းကဲ့သို့ အကျင့်လွန်သူများသည် လူ့ဘဝ၏ သက်တမ်းကုန်ဆုံးသောအခါမျိုးတွင် နာမ်ဟူ၍မရှိ၊ ရုပ်ချည်းသက်သက် ဖြစ်တည်သော ဗြဟ္မာဘုံသို့ရောက်ကြောင်း သူတို့ကြိုတင်သိမြင်ခြင်း မရှိကြပါချေ။

= ၆ =

"ကဲ - လာကြ - လာကြ"

ရသေ့ကြီး ဦးအဂ္ဂက သူ့မိတ်ဆွေသုံးဦးကို ဖိတ်ခေါ်လိုက်သည်။ သူတို့လေးယောက်စလုံး ကညင်ဆီမီးတိုင်ကြီးလေးတိုင် ထွန်းညှိထားသော ကျောက်လိုဏ်ဂူတွင်းသို့ရောက်ရှိသောအခါ အတွင်း၌ပေတစ်ရာပတ်လည် ကျယ်ပြန့်သော အဝန်းအဝိုင်း၊ မြေညီကွက်တစ်ခုတွင် နေရာယူလိုက်ကြသည်။



"သည်တစ်ကြိမ်မှာတော့ အသင်တို့နဲ့ ကျွန်ုပ်တို့ မြေ၊ ရေ၊ လေတို့ရဲ့ သဘာဝစွမ်းအင်ကို မိမိအတွက် သဟဇာတဖြစ်အောင် ဖလှယ်ကျင့်ဆွဲငင်အသုံးပြုတဲ့အကြောင်းတွေနဲ့ ပတ်သက်လို့ ရုပ်တန်းက ရုပ်တန့်ကြဦး၊ တခြားထူးခြားဆန်းကြယ်တဲ့အရာတစ်ခု ကျွန်ုပ် ရရှိခဲ့တယ်၊ ဟော့ဒီမှာ - ကြည့်ကြ"

ရသေ့ကြီး ဦးအဂ္ဂသည်လေးဖက်လေးတန် တည့်ရှိသော မီးတိုင်ကြီးများ၏အလင်းရောင်ထဲတွင် အနီရောင် ပိုးထည်စဖြင့် အိတ်ရှုံ့လေးတစ်ခုကိုပြသသည်။ ထို့နောက် သူတို့မျက်မှောက်တွင် သတိကြီးစွာထား၍ နှိုက်ယူလိုက်သည်၊ ထိုအခါ လက်သီးဆုပ်သာသာ အရွယ်အစားရှိသော ကြွေအိုးတစ်လုံးကို တွေ့လိုက်ကြရသည်။ ယိုကြွေအိုးမှာ လုံးဝန်းသော အသွင်သဏ္ဌာန်ဖြစ်ပြီး အဖုံးနှင့်တကွ အံဝင်ခွင်ကျ ဖုံးအုပ်ထားသည်။

"ဟော့ဒီ - ကြွေအိုးလေးကို ကျွန်ုပ် ရရှိလာတာက အထူးတလည် မဆန်းကြယ်ပေဘူး၊ လွန်ခဲ့တဲ့ညဉ့်က သူ့အလိုအလျောက် ကျောက်သားနံရံက ထွာဆိုင်ခန့် ပဲ့ကျသံကြားလို့ သွားကြည့်တော့ အကန့်လေးတစ်ခုသေသေ သပ်သပ် ထွင်းထားတာ တွေ့ရတယ်၊ အံဝှက်လေးသဘောမျိုးဖြစ်ပြီး အတွင်းမှာ ဟော့ဒီ အိတ်ရှုံ့လေးထဲက ကြွေအိုးလေး တွေ့လိုက်ရတယ်၊ အနီ ရောင် တရုတ်စာလုံးတစ်လုံး မှိန်မှိန်ဖျော့ဖျော့ တွေ့ရတယ်၊ ကြွေအိုးကို ဖွင့်မကြည့်ဘဲ အသာအယာ ခလောက်ကြည့်တော့ အတွင်းမှာအရည်ရှိနေသလိုမျိုး သိရတယ်"

ရသေ့ကြီး ဦးအဂ္ဂက နားထောင်နေကြသော ပုဂ္ဂိုလ်သုံးယောက်ကို ဖျတ်ခနဲ တစ်ချက်ကြည့်၍ အကဲခတ်သည်။ သူတို့သုံးယောက်စလုံး စိတ်ဝင်စားမှု အလေးအနက်ရှိကြပုံ မရပါချေ။ ထို့ကြောင့် ဦးအဂ္ဂက ခေတ္တနားပြီးမှ ဆက်လက်ပြောဆိုပြန်သည်။

"ရှေးလွန်လေပြီးသောအခါက ဟော့ဒီကျောက်လိုဏ်ဂူထဲမှာ တာအိုဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးသွားတဲ့အကြောင်းနဲ့ ပတ်သက်လို့ ဘုန်းပ်တို့ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း မိန့်ကြားခဲ့ကြတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

တာအိုဘုန်းတော်ကြီးဟာ ဒီကျောက်တောင်ကုန်း ပတ်ဝန်းကျင်မှာ ရှိသမျှ အပင်တွေရဲ့အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်သီး၊ သစ်သီးနှံတွေကို စားပြီး တရားထိုင်သွားသတဲ့၊ တစ်ခါတစ်ရံ ဆေးဖက်ဝင်သစ်ခွ၊ ဂမုန်းနဲ့ တော်ဝင်သဇင် စတဲ့အရာတွေကို ပေါင်းစပ်ထုထောင်းစရနယ်ပြီး ရရှိတဲ့အရည်ကို စုဆောင်းလေ့ ရှိတယ်လို့သိရတယ်၊

ဟောဒီ – ကြွေအိုးလေးဟာ တာအိုဘုန်းတော်ကြီး ထားခဲ့တာ ဖြစ်လိမ့်မယ်၊ ဒီကြွေအိုးထဲက အရည်ဟာလည်း အဲဒီ့တာအိုဘုန်းတော်ကြီးကိုယ်တိုင် ပေါင်းစုဖော်စပ်ထားတာ ဖြစ်ဟန်တူတယ်၊ သူတို့ဟာ သူတော်ကောင်းသူတော်စင်အနွယ်ဝင်တွေ ဖြစ်တဲ့အတွက် ဒီကြွေအိုးထဲမှာ ဖြစ်တည်နေတဲ့



“ထိုအခါ ကြွေအိုးလေး၏အဝမှ ရှူးခနဲ မြည်သံသဲ့သဲ့နှင့်အတူ ငွေဝါရောင်အခိုးအငွေ့တန်းတစ်ခု ရုတ်တရက်ထွက်ပေါ်လာပြီးနောက် မျက်နှာကြက်ဆီသို့ ထိုးတက်ပျောက်ကွယ်သွားသည်”



အရည်ဟာ ဘယ်သူ့အပေါ်မှာဖြစ်စေ၊ ဘယ်သတ္တဝါကိုဖြစ်စေ ဆိုးကျိုးသက်ရောက်စေမှာ မဟုတ်ဘူး၊ ဒါပေမဲ့ – မည်သို့သော အကျိုးသက်ရောက်မှု ရှိနေသလဲဆိုတာကိုလည်း ကျွန်ုပ်တို့ မသိနိုင်ဘူး၊ ဒါကြောင့် – သင်တို့နဲ့ တွေ့နေကျချိန်းဆိုထားခဲ့ကြတဲ့ ရက်ပေါင်းကိုးဆယ်ပြည့်ဖို့ တစ်ရက်ပဲလိုတော့တဲ့အချိန်ကာလဖြစ်လို့ သင်တို့ ရောက်လာတဲ့အခါကျတော့မှ အဲဒီ့ကြွေအိုးလေးကိုဖွင့်ပြီး စမ်းသပ်စူး စမ်းလေ့လာဖို့ သန္နိဋ္ဌာန် ချထားလိုက်တယ်၊ ကဲ – အခု သင်တို့ ရောက်လာကြပြီး လာကြ – လာကြ – ရှေ့တိုးကြည့်ကြ၊ အလေ့ကျပွင့်နေတဲ့ လွန်ခဲ့တဲ့ရက်သတ္တပတ်ကတည်းက ကျွန်ုပ်ကိုယ်တိုင် ရှူးဆွတ်ခဲ့တာ၊ အခုတော့ လုံးဝခြောက်သယောင်းနေပြီး သေချာကြည့်ကြ”

ရသေ့ကြီး ဦးအဂ္ဂ ချပြထားသော နှင်းဆီပန်းခြောက်လေးသည် ပန်းပွင့်တစ်ပွင့်နှင့်ပင် မတူတော့ပါချေ၊ ပွင့်ဖတ်၊ ပွင့်ချပ်များက ညိုမည်းတွန့်ခေါက်ကြေနေလေပြီ၊ ပန်းပွင့်အလယ်တွင် ရှိရမည့် ဝတ်မှုန်တံများလည်း မရှိတော့၊ ရိုးတံနှင့်အရွက်မှာ မူလအစိမ်းရောင်ပျောက်၍ ညိုမည်းသော သစ်ရွက်ခြောက်သဏ္ဌာန် ပြောင်းလဲနေပြီဖြစ်သည်၊ မကြာမီ မြေဩဇာ ဖြစ်ရတော့မည့် အနေအထားမျိုး တွေ့ကြရသည်၊

“ကဲ – သင်တို့ရှေ့မှာ ကျွန်ုပ် ကြွေအိုးလေး ဖွင့်တော့မယ်၊ အထဲမှာ ရှိနေမယ့်အရည်ကို ဟောဒီနှင်းဆီပန်းခြောက်လေးပေါ်ကို တစ်စက်ချကြည့်လိုက်မယ်၊ ဘယ်လိုအပြောင်းအလဲ၊ အကျိုးသက်ရောက်မှု ရှိမလဲဆိုတာ ကျွန်ုပ်တို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ကြည့်ကြစို့”

ရသေ့ကြီး ဦးအဂ္ဂ၏ စကားအဆုံးတွင် ကျောက်လိုဏ်ဂူထဲတွင် ပကတိတိတ်ဆိတ်သွားသည်၊ ကညင်ဆီ မီးတိုင်ကြီး၏ တဖျစ်ဖျစ်မြည်သံနှင့် သူတို့ခလေးယောက်၏ အသက်ရှူသံများသာလျှင် ပီပြင်စွာ ကြားနေကြရသည်၊

လိုဏ်ဂူပြင်ပတွင် လေတိုးနေသောကြောင့် သစ်ကိုင်းသစ်ခက်သစ်ရွက်တို့ အရှင်းချင်း ပွတ်တိုက်သံများက သဲ့သဲ့မျှ ဂူတွင်းသို့ ရောက်ရှိလာသည်၊ ရသေ့ကြီး ဦးအဂ္ဂအပါအဝင် လေးယောက်စလုံး ကြွေအိုးလေးတွင်းမှ အရည်နှင့် ထိတွေ့လိုက်သောအခါ နှင်းဆီပန်းခြောက်လေးနှင့် ရွက်ခြောက်လေးတို့

www.burmeseclassic.com

မည်သို့ပြောင်းလဲသွားမည်နည်းဟူ၍ မျက်တောင်မခတ် အာရုံစူးစိုက်ကြည့်ရှုနေကြသည်။

ရမသေ့ကြီးဦးအဂ္ဂသည် ကြွေအိုးလေး၏ အဖုံးကို အသာအယာ သတိကြီးစွာထား၍ ဂရုတစိုက် ဖွင့်လိုက်လေသည်။ ထိုအခါ ကြွေအိုးလေး၏အဝမှ ရှူးခနဲ မြည်သံသဲ့သဲ့နှင့်အတူ မွှေဝါရောင် အခိုးအငွေ့တန်းတစ်ခု ရုတ်တရက်ထွက်ပေါ်လာပြီးနောက် မျက်နှာကြက်ဆီသို့ ထိုးတက်ပျောက်ကွယ်သွားသည်။

ရမသေ့ကြီးက ကြွေအိုးလေးကို အနည်းငယ်စောင်း၍ အတွင်းမှထွက်သည့်အရည်ကို နှင်းဆီပန်းခြောက်လေး၏ အလယ်ပဟိုပေါ်သို့ တစ်စက်မျှ ချပြီးပြီးချင်း ကြွေအိုးကို ပြန်လည်တည့်မတ်လိုက်ကာ အဖုံးကို အံဝင်ခွင်ကျ ပြန်ဖုံးသည်။

သူတို့လေးဦး၏ မျက်မှောက်မှာပင် မယုံကြည်နိုင်လောက်အောင် ထူးခြားဆန်းကြယ်မှုတစ်ခုက တစ်စတစ်စ ဖြည်းဖြည်းချင်း ဖြစ်ပေါ်ပြောင်းလဲလာလေသည်။

နှင်းဆီပန်း၏ ရိုးတံနှင့် အရွက်သည် ညိုညစ်မွဲခြောက်သောအသွင်မှ စိမ်းမြလာလေသည်။ နှင်းဆီပွင့်လေးသည်လည်း လန်းလန်းဆန်းဆန်းနှင့် ပကတိလတ်လတ်ဆတ်ဆတ် ဖြစ်လာကာ မွှေးရနံ့ပင်လျှင် ပျံ့သင်းလာလေသည်။

"တကယ့်ကို ထူးဆန်းအံ့ဩဖွယ် ကောင်းလှချည်လား ရှင်။ အဲဒီဆေးရည်ဟာ ကျွန်မတို့လို လူသားတွေအပေါ်မှာရော ဒီလိုမျိုး အကျိုးသက်ရောက်နိုင်ပါသလား – ဆရာ ရမသေ့ကြီး"

ရေကာသိုက်းဝိဇ္ဇာ ဒေါ်သူဇာက ဦးစွာပထမ မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒီအဖြေကို ကျွန်ုပ်ကိုယ်တိုင်လည်း သိချင်နေတာပါပဲ။ တကယ်ကို စမ်းသပ်ဖို့ သက်ရှိလူသားတစ်ယောက် လိုအပ်မယ်ဆိုရင် သင်တို့အထဲက ဘယ်သူများ အစမ်းသပ်ခံနိုင်မလဲ"



ရမသေ့ကြီး ဦးအဂ္ဂက ကသိုဏ်းဝိဇ္ဇာသုံးယောက်တို့၏ မျက်နှာပြင်တို့ကို တစ်လှည့်စီ ကြည့်ရှုအကဲခတ်လိုက်သည်။ ခေတ္တမျှ လှုပ်ရှားမှုမရှိ။ ပကတိငြိမ်သက်တိတ်ဆိတ်နေကြသည်။

"ကျွန်မ – ရှေးဦးစွာ စမ်းသပ်ခံဖို့ဆန္ဒ ရှိပါတယ် – ဆရာ ရမသေ့ကြီး"

ဒေါ်သူဇာ၏ ပြတ်သားသောစကားကြောင့် ကျန်ပုဂ္ဂိုလ်သုံးဦးစလုံးက ဒေါ်သူဇာအား စူးစူးရဲရဲ ကြည့်လိုက်ကြသည်။

"ကောင်းပြီလေ – ဒေါ်သူဇာရဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်။ ကဲ – ဒေါ်သူဇာရဲ့စကားကို ပြန်လည်ပြင်ဆင် ပြောင်းလဲပြောဆိုချင်ပါသေးသလား"

ဆရာ ရမသေ့ကြီးက သေချာစေရန် မေးသည်။

"ကျွန်မ – ထွေးပြီးတဲ့တံတွေးကို ပြန်မမျိုတော့ပါဘူးရှင်"

ဒေါ်သူဇာက ယတိပြတ် ပြောလိုက်သည်။

သို့ဖြင့် – ရမသေ့ကြီး ဦးအဂ္ဂသည် ဒေါ်သူဇာ ထိုင်နေရာသို့ လျှောက်သွားသည်။

"သင်တို့အထဲကတစ်ယောက် မီးတုတ်ကိုင်ပြီး အလင်းရောင်နဲ့ ပြပါဦး၊ ကျွန်ုပ်က ဒေါ်သူဇာရဲ့ဦးခေါင်းအထက် ငယ်ထိပ်တည့်တည့်ပေါ်ကို ဆေးစက်ချရမှာ။ လွဲချော်လို့ မဖြစ်ပါဘူး"

ရမသေ့ကြီး၏ စကားကြောင့် မီးတုတ်ထွန်းညှိထားသောနေရာနှင့် အနီးဆုံးရှိ မြေကသိုဏ်းဝိဇ္ဇာ ဦးဒီပါသည် မီးတုတ်ကို ဆွဲယူ၍ ထိုင်နေသော ဒေါ်သူဇာ၏ ဦးခေါင်းပေါ်သို့ အလင်းရောင် ပြည့်ပြည့်ဝဝ ကျရောက်စေရန် ကိုင်ပေးထားသည်။

ဆရာ ရမသေ့ကြီးသည် ဒေါ်သူဇာ၏ ဦးခေါင်းထက်ရှိ ဖွတ်ဖွတ်ဖြူနေသော ဆံပင်များကို အသာအယာဖြဲ၍ ငယ်ထိပ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကြွေအိုကလေးတွင်းမှ ဆေးရည်တစ်စက်ကို ဘိတိကျကျ အစက်ချလိုက်လေသည်။

= ၆ =



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် – နပျိုသွားပြီ၊ ကြည့်လို့ကောင်းလိုက်တာ – ချစ်စရာလေး"

ဦးဒီပါက တီးတိုးရေရွတ်လိုက်သည်၊ ဒေါ်သူဇာတစ်ဖြစ်လဲ မိန်းမပျိုလေးသည် အသက်အားဖြင့် စိတ်မထိန်းနိုင်သော ရှောမောလှပသည့် ဆယ်ကျော်သက်အရွယ် ဖြစ်သွားလေပြီ၊ နက်မှောင်သော ဆံကေသာများ၊ တလက်လက်တောက်ပနေသော မျက်နက်ဝန်းတစ်စုံ၊ ပြည့်ဖြိုးတင်းရင်းသော အသားအရည်က ဝင်းပနေသည်၊ ကိုယ်လုံးလေးကလည်း အချိုးအဆစ် ပြေပြစ်တင့်မောနေသည်၊

"ကျွန်မ – ဒီသစ်ခေါက်ဆိုးဝတ်ရုံကြီးတွေ ဝတ်ရတာ မသတီဘူး၊ နံဟောင်နေတာပဲ၊ ရှင်တို့ အဘိုးအိုကြီးတွေရဲ့ကိုယ်က ထွက်နေတဲ့လူ့အိုအနံ့ကိုလည်း မခံနိုင်တော့ဘူး"

မသူဇာသည် ရုတ်တရက် ကျောက်လိုဏ်ဂူ၏ အပြင်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်၊

"ဟယ် – လရောင်လေးက ထိန်ထိန်သာနေပါလား၊ အခုလို လရောင်ရွှန်းမြတဲ့ညတစ်ညမှာ ဟောဒီလိုဏ်ဂူကြီးထဲမှာ နေခြင်းအားဖြင့် ငွေလစန္ဒာရဲ့ အလှကို ပစ်ပယ်ရာရောက်တယ်"

မသူဇာက ပြောပြောဆိုဆို ပြေးထွက်သွားသည်၊ ဂူပြင်သို့ ရောက်သောအခါ ငွေလရောင်ခြည်အောက်တွင် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးကို လှမ်းမြင်သွားသည်၊

"ဒီလိုညမျိုးမှာ စိမ့်မြတဲ့စမ်းရေထဲကို တစ်ကိုယ်လုံး စိမ်နေလိုက်ရရင် အင်မတန် ကြည်နူးရွှင်မြူးစရာ ကောင်းမှာပါပဲနော်"

မသူဇာသည် စမ်းချောင်းလေးရှိရာသို့ မြူးထူးစွာ ခုန်ပေါက်ပြေးလွှားသွားသည်၊

ဆရာ ရသေ့ကြီးက ဦးခေါင်း တဆတ်ဆတ်ညိတ်နေရာမှ ညည်းတွားသံကြီးဖြင့် ပြောလိုက်လေသည်၊

"ကျွန်ုပ်ကြိုတင်သတိပေးသင့်တာတစ်ခုကို ပြောဖို့မေ့သွားတယ်၊ အဲဒီဆေးရည်ကြောင့် နပျိုသွားတဲ့အခါမှာ အဲဒီအသက်အရွယ်နဲ့ တူညီတဲ့အသိ



ဉာဏ်ပဲ ဖြစ်နေလိမ့်မယ်၊ ငယ်ရွယ်သူတစ်ယောက်ရဲ့ အတွေးအခေါ်ပဲရှိတယ်၊ အဲဒီအရွယ်တုန်းက အရည်အချင်းထက် မပိုတဲ့အတွက် သင်တို့ နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့ကြလို့ ကသိုဏ်းဝိဇ္ဇာဘဝကို ရောက်ရှိနေခဲ့တာတွေအားလုံးဟာ လုံးဝပျောက်ကွယ်သွားလိမ့်မယ်၊ သာမန်ဆယ်ကျော်သက် လုံမငယ်တွေရဲ့အသိဉာဏ်အတိုင်း ထပ်တူထပ်မျှပဲ ဖြစ်နေလိမ့်မယ်၊ နောက်ပြီး – အဲဒီဆေးရည်ရဲ့စွမ်းအင်ဟာ အချိန်ကာလ အတိုင်းအတာ ဘယ်လောက်ဘယ်မျှအထိ ငယ်ရွယ်နပျိုနေမှာလဲဆိုတာ ဘယ်သူမှ တိတိကျကျခန့်မှန်းနိုင်ခြင်း မရှိဘူး၊ တစ်ရက်လား၊ တစ်ပတ်လား၊ တစ်လလား၊ တစ်နှစ်လား သေသေချာချာ ရေရေရာရာ မသိနိုင်ဘူး၊ ဒါကြောင့် – အခု ငယ်ရွယ် နပျိုနေတဲ့ မသူဇာကို ဆိုးဆိုးဝါးဝါး အန္တရာယ်တစ်ခုခုမဖြစ်ခင် လိုက်သွားကြပြီး အကာအကွယ်ပေးကြမှဖြစ်မယ်"

ဆရာ ရသေ့ကြီးက စကားဆုံးသည်နှင့်တစ်ပြိုင်နက် လိုဏ်ဂူထဲမှ ထွက်လိုက်သည်၊ သူ့နောက်မှ ကသိုဏ်းဝိဇ္ဇာကြီးနှစ်ဦးသည်လည်း ဇဝေဇဝါဖြင့် ရှာယီးပျာယာ လိုက်ပါလာကြသည်၊

လိုဏ်ဂူပြင်ပသို့ ရောက်လျှင်ရောက်ခြင်း၊

"ဝေါင်း" ခနဲ ကျားဟိန်းသံနှင့် ဆက်တိုက်ဆိုသလိုပင် –

"အမယ်လေး – ကယ်ကြပါဦး"

ဟူသော မိန်းမပျိုလေးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်၊

"ဟော – မသူဇာတော့ ဒုက္ခတွေ့နေပြီ"

ဆရာ ရသေ့ကြီးက သတိပေးသံနှင့်အတူ သူတို့သုံးဦးစလုံးသည် စွမ်းအင်များ ထုတ်သုံးလျက် ချောင်းစပ်သို့ တဒင်္ဂအတွင်း ရောက်ရှိခဲ့ကြသည်၊

ချောင်းစပ်မြေပြင်ပေါ်တွင် မသူဇာ၏ သစ်ခေါက်ဆိုးဝတ်ရုံကြီးကိုသာ ပုံလျက်သား တွေ့လိုက်ရသည်၊ သူတို့မြင်ကွင်းထဲတွင် မသူဇာကို မတွေ့ကြရတော့၊

"ကဲ – လူခွဲပြီး ဖြန့်လိုက်ကြစို့၊ အကြောင်းထူးရင် ကျွန်ုပ်တို့ အချင်းချင်း မနောအာရုံနဲ့ ဆက်သွယ်လိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ရသေ့ကြီး၏ အကြံပြုချက်အတိုင်း ရေ့တူရှုနှင့် လက်ဝဲ၊ လက်ျာ လမ်းကြောင်းသုံးကြောင်းဖြန့်၍ ကသိုဏ်းစွမ်းအင်ကို အသုံးပြုလိုက်ကြသည်။

=၂=

သူတို့သုံးယောက်စလုံး မသူဇာ၏ ဇီဝိန်ကြွေနေသော ခန္ဓာကိုယ်ပတ်လည်တွင် သုံးပွင့်ဆိုင် နေရာယူထားကြသည်။

မသူဇာအား ကိုက်ချီသွားသော ကျားငစဉ်းလဲသည် ဆရာရသေ့တို့ မရောက်မီ ကသိုဏ်းစွမ်းရည်ဖြင့် လေဟုန်ခွင်းလာကြသံကို ကြားလျှင်ကြားချင်း သူ့အစာကို ချထားခဲ့ပြီး ပြေးနှင့်လေပြီ။

"ဟော - ကြည့်စမ်း။ ကြည့်လိုက်ကြစမ်းပါဦး"

ဆရာ ရသေ့က မသူဇာ၏မျက်နှာကို ငုံ့ကြည့်နေရာမှ ရေရွတ်မြည်တမ်းလိုက်သည်။ မသူဇာ၏ ဆယ်ကျော်သက်တစ်ယောက်၏ ပြစ်မျိုးမှည့်မထင်သောမျက်နှာပြင်အလှမှာ တစ်စတစ်စ ယိုယွင်းအိုမင်းရင့်ရော်လျက်ရှိရာမှ ဆေးစက်မချမီက ဒေါ်သူဇာ၏ အသွင်သဏ္ဌာန်အတိုင်း ဖြစ်သွားလေသည်။

ဤအချက်သည်ပင်လျှင် ဆရာ ရသေ့ကြီးနှင့် ကသိုဏ်းဝိဇ္ဇာကြီးနှင့် ကသိုဏ်းဝိဇ္ဇာကြီးနှစ်ယောက်တို့အတွက် ဘဝသင်ခန်းစာတစ်ခုကို ရရှိလိုက်ကြပေတော့သည်။ ကြွေအိုးလေးထဲမှ ဆေးရည်လက်ကျန်သည် သူတို့အဖို့ လုံးလုံးလျားလျား အသုံးမဝင်သောအရာတစ်ခုအဖြစ်သို့ ရောက်ရှိသွားလေတော့သတည်း။

☛ ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ညည်းသံ

စော
စု
ထိုက်

"အင်း-ဟင်း-ဟင်း"

ညည်းညူသံတစ်ခုကို ကျွန်မ ကြားလိုက်ရ ပါတယ်။ ကျွန်မ ကြက်သီး မွေးညင်းတွေ ဖြန်းခန် နေအောင် ဖြစ်သွားတယ်။ ကျွန်မ ဘေးကနေ မိန်းမတစ်ယောက် ဆံပင်ဖားလျားနဲ့ လျှော သွားတာ ရုတ်တရက် တွေ့လိုက်ရသလိုပဲ။ ကျွန်မ ကြောက်လိုက်တာ၊ မောင်ကလည်း ဒီနေ ကျမှ ဂျူတီရှိတယ်လေ။ အိမ်မှာ ကျွန်မ တစ ယောက်တည်းပေါ့။ တစ်ယောက်တည်း ဖြစ်နေ လို့ပဲ စိတ်ချောက်ချားတာလား။ မောင်ရှိတဲ့ ရက တွေမှာတော့ ဒါမျိုး မကြုံဖူးပါဘူး။ ကျွန်မလည ဧည့်ခန်းထဲကနေ အိပ်ခန်းထဲသို့ အမြန်ပြေးသွာ ခဲ့ပါတယ်။ စောင်ခေါင်းမြီးခြုံပြီး ဘုရားစာရေ

တတွတ်တွတ်ရွတ်ရင်း အိပ်ပျော်သွားခဲ့ပါတယ်။ အိပ်ပျော်နေရင်း ရုတ်တရက် ကျွန်မ လန့်နိုးသွားတယ်၊ တစ်လောကလုံး အိပ်မောကျလို့ နေပါပြီ။ ကျွန်မ ကတော့ တစ်ရေးနိုးပေါ့လေ၊ အဲဒီအချိန်မှာပဲ ခြေသံတွေ တရှပ်ရှပ်နဲ့ ကြား နေရတယ်။ ကျွန်မ စုတင်ဘေးမှာ မိန်းမတစ်ယောက် လမ်းလျှောက်နေတယ်၊ သူမက အိပ်ခန်းထဲကို လိုက်လာတာလား။ ကျွန်မ ကြောက်လွန်းလို့ ဖောချွေး တွေတောင် ပြန်နေပြီ၊ ဘုရားဂုဏ်တော်တွေကို ရွတ်လိုက်တော့မှ ခြေသံ မကြားရတော့သလို သူမကိုလည်း မတွေ့ရတော့ပါဘူး။ ဘုရားရဲ့ ကျေးဇူး ကြောင့် နာနာဘာဝတွေ ကျွန်မအနား မနေနိုင်တော့ဘူးလေ။ ကျွန်မလည်း မြတ်စွာဘုရားကို အာရုံပြုရင်း သရဏဂုံပွားများပြီး တစ်ညတာ ဖြတ်သန်းလို့ လာခဲ့ရပါတယ်။

=❦=

နောက်တစ်နေ့ မောင် ပြန်လာတော့ မနေ့ညက အဖြစ်အပျက်တွေ မောင့်ကို ကျွန်မ ပြောပြမိတယ်၊ မောင်က မေတ္တာသုတ်ရွတ်ဖို့နဲ့ အမျှအတန်း ပေးဝေဖို့ပြောပါတယ်၊ ဒါပေမဲ့ - မောင် အိမ်မှာ မရှိတဲ့အချိန်တွေက ကျွန်မရဲ့ ချောက်ချားစရာ အချိန်တွေပါ၊ ဆံပင်ဖားလျားနဲ့ အိမ်ထဲမှာ လျှောက်သွား နေတဲ့မိန်းမကိုပဲ ကျွန်မ မြင်နေရတယ်၊ သူမရဲ့ စူးရှတဲ့အကြည့်တွေနဲ့ မျို တင်ကဲ ပြုံးတဲ့အပြုံးတွေက ကျွန်မအတွက် လိပ်ပြာလွင့်စဉ်မတတ်ပါပဲ၊ အချိန်တိုင်းလိုလိုပဲ ကျွန်မ အနောက်ကနေ တစ်ကောက်ကောက် လျှောက် လိုက်နေသလိုပဲ၊ တစ်ခါတလေမှာ ထောင့်တစ်နေရာက သူမက ကျွန်မကို ထိုင်ကြည့်နေသလိုပါပဲ၊ ကျွန်မတော့ ရူးတော့မှာပဲ။

ကျွန်မလည်း စိတ်တိုလာပြီး "အိမ်မှာ နေချင်ရင်နေနော်၊ ငါ့ကိုတော့ လန့်အောင်မလုပ်နဲ့၊ အနှောင့်အယှက်မပေးနဲ့" လို့ ကျွန်မ ပြောလိုက်မိတယ်၊ အဲဒီလိုပြောလိုက်တဲ့အချိန်မှာ ဖျန်းခနဲနေအောင် ကြက်သီးမွေးညင်းတွေ ထသွားလိုက်တာ အသက်ရှူရပ်ပြီလားတောင် မှတ်ရပါတယ်ရှင်၊ ကျွန်မ ပြောမိုးမှ မှားသွားပြီလား မသိဘူး။





www.burmeseclassic.com

www.burmeseclassic.com

"ဒို – ထားလိုက်ပါတော့၊ သူမကို မနှောင့်ယှက်ဖို့ ပြောထားတာပဲလေ။ ဘာမှ ဖြစ်မယ်မထင်ပါဘူး"

ကျွန်မလည်း တစ်ယောက်တည်းပြောပြီး ညနေ ဈေးသွားဖို့ ထွက်လာခဲ့ပါတယ်။ နောက်နေ့ကျရင် မောင်နှင့်ကျွန်မ ထမင်းချိုင့်ထည့်ဖို့အတွက် ညနေကတည်းက ကြိုဝယ်ထားတာလေ။ မောင်က ဆိတ်သားနဲ့ပဲဟင်း ချက်တဲ့ဟင်း၊ အရမ်းကြိုက်တာ။ ကျွန်မလည်း ကြိုက်တယ်လေ။ အကြိုက်ချင်းတူတဲ့ ကျွန်မတို့နှစ်ယောက်အတွက် အဆင်ပြေတာပေါ့။

"ဟယ် – မောင်ပြန်ရောက်နေပြီ။ မ ဈေးသွားနေတာ၊ မောင်ကြိုက်တဲ့ ဆိတ်သားနဲ့ပဲ ချက်မလို့လေ"

"ဟုတ်လား – ကောင်းတာပေါ့။ အလိုက်သိ အကြိုက်သိတဲ့မကို မောင်က ချစ်နေရတာ"

မောင်ရဲ့ချစ်စကားများကြား၍ အမောပြေသွားတဲ့ ကျွန်မ အရာအားလုံးကို မေ့သွားသလိုပါပဲ။ ကျွန်မလည်း အသားတွေ ရေဆေး၊ ဘူးထဲထည့်ပြီး ရေခဲသေတ္တာအတွင်းသို့ ထည့်ထားလိုက်ပါတယ်။ မောင်နဲ့ကျွန်မ ညစာ စားကြတဲ့အချိန် ထမင်းဝိုင်းရဲ့ ခပ်လှမ်းလှမ်းမှာထိုင်ကြည့်နေတဲ့ သူမကို ကျွန်မ ရုတ်တရက် တွေ့လိုက်ရတယ်။ ကျွန်မ လန့်ပြီး "ဟင်" ဟု အာမေဋိတ်ထွက်ပြီး မျက်လုံးပြူးသွားတဲ့အမူအရာကို မောင်က တွေ့လိုက်ပါတယ်။

"ဘာဖြစ်တာလဲ"

မောင်က ကျွန်မ လှမ်းကြည့်မိတဲ့နေရာကို လှည့်ကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူမ အိမ်ပေါ်က ဆင်းသွားတာ ကျွန်မ တွေ့လိုက်တယ်။

"ဘာလဲကွာ – မကလည်း ထမင်းစားနေတာ ဟိုကြည့်ဒီကြည့်နဲ့"

မောင် ပြောတာ နားထောင်ရင်း ကျွန်မ စိတ်တွေလွင့်ဝေနေခဲ့ပါတယ်။ ထမင်းစားပြီး ပန်းကန်တွေ ဆေးနေချိန် အနောက်ကနေ "ဖုတ်" ဆိုတဲ့ အသံကြားလိုက်တယ်။ လှည့်ကြည့်တော့ ဘယ်သူမှလည်း မရှိဘူး။ ဒီညမှာ အိပ်ရာဝင်တဲ့အချိန်ထိ သူမရဲ့ပုံသဏ္ဌာန်က ကျွန်မ မျက်လုံးထဲမှာ စွဲလျက်ပါပဲ။ သူမရဲ့ညည်းညူသံတွေကိုလည်း အဆက်မပြတ် ကြားနေရသလိုပဲ။ သူမကို မြင်ယောင်ရင်း ကျွန်မ အိပ်ပျော်သွားတယ်။ ကျွန်မ အသက်ရှူကြပ်သလို ခံစားနေရတယ်။ ကျွန်မရဲ့မြင်ကွင်းထဲမှာ ကားအကြီးကြီးနှစ်စီး တိုက်မိတာကို မြင်နေရတယ်။ ကားပေါ်က လူတွေလည်း လွင့်စဉ်ထွက်ကုန်ကြတယ်။ ထိုမြင်ကွင်းကိုကြည့်ရင်း သွေးပျက်သလို ဖြစ်နေရပါတယ်။ အဖြစ်အပျက်တွေကို ရပ်ကြည့်နေရင်းက "အိမ်ထဲဝင်လေ – ဘာတွေကြည့်နေတာလဲ" အသံကြား၍ ကျွန်မလည်း အိမ်ထဲ ပြန်ဝင်လာခဲ့တယ်။ အသံရှင်ကိုတော့ မတွေ့လိုက်ဘူး။ ဘယ်သူများ လာပြောတာလဲ မသိဘူး။

ထိုအချိန်မှာပဲ နာရီနှိုးစက်သံကြား၍ လန့်နိုးခဲ့ပါတယ်။ "ဟင်း" ကျွန်မ အိပ်မက်တွေ မက်နေတာပဲ၊ ကျွန်မလည်း မောပန်းစွာနဲ့ သက်ပြင်းချရင်း အိပ်ခန်းထဲမှာ မီးဖိုခန်းဆီကို လျှောက်လာခဲ့ပါတယ်။ မီးဖိုခန်းထဲမှာ အရိပ်တစ်ခု လှစ်ခနဲ တွေ့လိုက်ရတယ်။ ပြတင်းပေါက်မှ လေနုအေးတစ်ချက် တိုက်လိုက်တာ ကျွန်မရဲ့ အသွေးအသားကို စိမ့်ခနဲဖြစ်သွားပါတယ်၊ ကြောက်စိတ်တွေ ဝင်မလာအောင် တားဆီးရင်း ထမင်းဟင်းချက်ဖို့အတွက် ကျွန်မ ပြင်ဆင်နေရပါတယ်။ အသားလှီးနေတဲ့အချိန်မှာ ကျွန်မ ဘေးက တစ်ယောက်ယောက် ထိုင်ကြည့်နေသလို ခံစားနေရတယ်။ ကျွန်မလည်း အားတင်းပြီး အသားတွေလှီးနေတာ လက်တွေတုန်ပြီး လှီးလို့မရဖြစ်နေတယ်။ စူးရှတဲ့မျက်လုံးတွေနဲ့ ကျွန်မကိုကြည့်နေတဲ့ သူမကိုမြင်လိုက်ရတယ်ဆိုရင်ပဲ "မောင်ရေ – လာပါဦး၊ ကျွန်မ ကြောက်တယ်" မောင်လည်း ကျွန်မ အော်သံကြောင့် အနားရောက်လာပါတယ်။

"ဘာဖြစ်တာလဲ – မရဲ့ လန့်လိုက်တာကွာ"

ချွေးတွေပြန်နေတဲ့ ကျွန်မကို မောင်က ချွေးသုတ်ရင်း ပြောနေပါတယ်။ ကျွန်မလည်း ဖြစ်ကြောင်းကုန်စင် မောင့်ကို ပြောပြလိုက်ပါတယ်။

"ဟာ – ဒုက္ခပါပဲ မရယ်၊ မောင် အနားမှာ ဘုရားစာရွတ်ပေးနေမယ်"

ကျွန်မလည်း ချက်စရာရှိသည်များ ချက်ပြုတ်နေလိုက်ပါတယ်။ မောင်ကလည်း အနားမှာ ဘုရားဂုဏ်တော်တွေ ရွတ်ပေးနေတော့ ကျွန်မလည်း ကြောက်စိတ်တွေ ပြေသွားပါတယ်။

နံနက်မိုးလင်းတော့ မောင် ရုံးသွားပြီး ကျွန်မလည်း ကျွန်မရဲ့ရုံးကို သွားခဲ့ပါတယ်။ ရုံးမှာလည်း အသုဘသတင်းတစ်ခု ကြားရပြန်တယ်၊ ကျွန်မတို့

www.burmeseclassic.com

ဒ္ဒါနက လူတစ်ယောက် ဆုံးသွားတယ်လေ။ သူနဲ့ ကျွန်မက အရမ်းခင်ကြတာပေါ့။ သူကလည်း လုန့်တာဝါသနာပါတဲ့သူလေ။ ရုံးခန်းထဲမှာ သူ အရင်ရောက်နေရင် တံခါးနောက်ကနေ ဝါးခနဲ လုန့်တတ်တဲ့အကျင့်ရှိသူပေါ့။ ကျွန်မကလည်း သူရဲ့အမိန့်ပြန်စာကို လက်နှိပ်စက်ရိုက်ရတယ်။ လက်နှိပ်စက်ရိုက်တဲ့အခန်းမှာ ကျွန်မတစ်ယောက်တည်း စာရိုက်နေတဲ့အချိန် အနားမှာ တစ်ယောက်ယောက်က ဝါးခနဲလုန့်လိုက်သံကို ကျွန်မ ကြားလိုက်ရတယ်၊ ကျွန်မလည်း ကြက်သီးမွေးညင်းတွေထ၊ ချွေးသီးချွေးပေါက်တွေကျပြီး လန့်ဖျပ်စွာဖြင့် ရုံးခန်းဆီသို့ အမြန်ပြေးခဲ့မိတယ်။ အမောတကောဖြင့် ပြေးလာတဲ့ကျွန်မကို အားလုံးကလည်း အကြောင်သားဖြင့် ကြည့်နေကြတယ်။ ကျွန်မလည်း လက်ဖျားတွေအေးစက်ပြီး မောနေပါတယ်။ နောက်တော့မှ အားလုံးလည်း ပျာယီးပျာယာ ဖြစ်ကုန်ကြတယ်၊

"ဟယ် - ခင်မမ၊ ဘာဖြစ်တာလဲ - ကြည့်စမ်းပါဦး၊ လက်ဖျားတွေလည်း အေးစက်နေတာပဲ၊ ရေတိုက်ကြပါဦး"

ကျွန်မလည်း ရေသောက်ပြီး စိတ်ငြိမ်သွားတော့မှ ဖြစ်ပုံတွေ ပြောပြနေမိတယ်၊ အားလုံးကလည်း အာမေဍိတ်များစွာဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပါတယ်၊ ကျွန်မလည်း ဒီနေ့တစ်နေ့လုံး စိတ်ပင်ပန်းစွာဖြင့် ရုံးတက်ခဲ့ရပါတယ်၊

ညနေ ရုံးမှပြန်လာပြီး အိမ်ရှေ့ရောက်တော့ ကျွန်မ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားတယ်၊ အိမ်ထဲဝင်ရမှာ ကျွန်မ ကြောက်နေတယ်၊ ဒါပေမဲ့လည်း ကျွန်မ အိပ်ပဲလေ၊ ဝင်ရတော့မှာပေါ့၊ "ဟင်း" သက်ပြင်းရှည်ကြီးကို လေးပင်စွာချရင်း ကျွန်မ ထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်မိပါတယ်၊ ခဏအကြာမှာ မောင် ပြန်ရောက်လာတယ်၊

"မရေ - မောင် အလုပ်ကိစ္စနဲ့ ခရီးထွက်ရမယ်၊ အိမ်မှာ မတစ်ယောက်တည်း ထားခဲ့ရမှာလည်း စိတ်မချဘူး"

မောင်က ကျွန်မကို စိတ်မချသော စိုးရိမ်သောအမူအရာများဖြင့် အားပေးစကားများ ဆိုလျက်ရှိပါတယ်၊ ကျွန်မလည်း မောင့်ရဲ့အားပေးစကားများ နားထောင်ရင်း အတွေးတွေလည်း နယ်လွန်လျက်ပေါ့ရှင်၊



မောင် အလုပ်ကိစ္စဖြင့် ခရီးထွက်နေသောကြောင့် အိမ်မှာ ကျွန်မ တစ်ယောက်တည်း ဖြစ်နေတာပေါ့၊ နေ့ဝင်မှာကို ကျွန်မ ကြောက်နေတယ်၊ ညရောက်မှာကိုလည်း ကြောက်နေမိတယ်၊ ဒီလိုနဲ့ပဲ အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးပြီး ညအချိန်သို့ ရောက်ခဲ့ပြန်ပြီပေါ့။

"အင်း - ဟင်း - ဟင်း"

ညည်းညူသံတွေ ကြားနေရပြန်ပြီ၊ ကျွန်မ ကြောက်လိုက်တာ၊ ဒီညတစ်ညလုံး ကျွန်မ အိပ်ပျော်ပါ့မလား၊ မိုးမြန်မြန်လင်းပါစေလို့ ကျွန်မဆုတောင်းနေမိတယ်၊ ကျွန်မလည်း အိပ်ပျော်သလို မပျော်သလိုနဲ့ ဇောချွေးများ ပြန်လျက်ရှိပါတယ်၊ တစ်ယောက်ယောက်က ကျွန်မကို စကားတွေလာပြောနေသလိုပဲ၊ ဒါပေမဲ့ - စကားလုံးတွေကို ပီသစွာမကြားရဘူး၊ ကျွန်မ မျက်လုံးထဲမှာလည်း ကားတိုက်မှုမြင်ကွင်း၊ အိမ်ထဲမှာ လျှောက်သွားနေတဲ့ ဝိညာဉ်တစ်ခု၊ ရုံးမှာ နေ့ခင်းကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအားလုံးကို ပြန်မြင်ယောင်နေမိတယ်၊ "အင်း - ဟင်း - ဟင်း" ညည်းညူသံတွေကလည်း အဆက်မပြတ်ကြားနေရပြန်တယ်၊ ကျွန်မ နားကို လက်ဝါးဖြင့်ပိတ်ထားပေမယ့်လည်း ကြားနေရသေးတယ်၊ အိပ်ရာပေါ်မှာ လူးလွန့်နေတဲ့ ကျွန်မ အရူးတစ်ယောက်လိုပါပဲ၊ ကျွန်မ အိပ်မက်တွေ မက်ပြန်ပြီ၊ ဟိုအရင်နေ့ကမက်တဲ့ လမ်းဆုံက ကားတိုက်မှုကို ပြန်မက်နေတယ်၊ ကျွန်မနဲ့ ဘာပတ်သက်လို့ တူညီတဲ့ အိပ်မက်တွေပဲ မက်နေရတာလဲ၊ ကျွန်မ ရင်တွေတလှပ်လှပ်နဲ့ အသက်ရှူရကြပ်နေသလိုပဲ၊ "ကယ်ကြပါဦး - ကယ်ပါဦး" ကျွန်မကို ကယ်မယ့်သူမရှိဖြစ်နေတယ်၊ "မောင်ရေ - ကယ်ပါဦး" ကျွန်မ မောင့်ကို တမ်းတမိတယ်၊ မောင် အနားမှာမရှိတာ အားငယ်လိုက်တာ၊ ကျွန်မ ငိုချင်လာပြီ၊ ဝမ်းနည်းသလို ခံစားရတယ်၊ ကျွန်မ ပင်ပန်းစွာနဲ့ ညအချိန်ကို ဖြတ်သန်းနေရပါတယ်၊

ထိုအချိန်မှာ ကျွန်မ မြတ်စွာဘုရားကို သတိရလိုက်တယ်၊ ဘုရားဂုဏ်တော်တွေ ပွားများနေလိုက်တော့မှ ကျွန်မရဲ့စိတ်တွေ ငြိမ်သက်သွားပါတယ်၊ ဘုရားနဲ့ ဂုဏ်တော်ကျေးဇူးတွေကြောင့် ကျွန်မ ငြိမ်းချမ်းစွာ အိပ်ပျော်ခဲ့ရတယ်၊

www.burmeseclassic.com

ဒီလိုနဲ့ပဲ တစ်ညတာကုန်ဆုံး၍ နံနက်မိုးသောက်ခဲ့ပြန်ပါပြီ။ ရုံးရောက်တော့ ကျွန်မ၏ သူငယ်ချင်းအား ညက အဖြစ်များကို ပြောပြမိနေပါတယ်။

= ၆ =

"အင်း – ခင်မမရေ၊ ရှင် ပြောပုံအရဆိုရင်တော့ ရှင် ကံနိမ့်နေတာထင်တယ်။ မကောင်းတဲ့အိပ်မက်တွေ မက်နေတာ ရှင့်အတွက်မကောင်းဘူး။ ဘုရားသွားပြီး ကောင်းမှုကုသိုလ်သွားလုပ်ဦး။ တစ်ယောက်တည်းဆိုတော့ စု လာအိပ်ပေးရမလား"

"ရပါတယ် – စုရယ်၊ စုကို အားနာပါတယ်"

တစ်နေ့တာကုန်ဆုံး၍ ရုံးဆင်းပြီး ကျွန်မ အိမ်ပြန်လာခဲ့ပါတယ်။ လေးလံသော ခြေလှမ်းများဖြင့်ပေါ့ရှင်။ အိမ်ရောက်တော့ အိမ်ထဲမဝင်ချင်သေးတာနဲ့ အိမ်ရှေ့အုတ်ခုံလေးပေါ် ထိုင်နေလိုက်ပါတယ်။ ထိုအချိန် အိမ်နီးနားချင်း အစ်မက ကျွန်မအား နှုတ်ဆက်ပါတယ်။

"ရုံးက ပြန်လာပြီလား – ညီမ"

"ဟုတ်ကဲ့"

အဲဒီအစ်မက ကျွန်မအနား လာထိုင်ပါတယ်။ ကျွန်မတို့လည်း ဟိုအကြောင်း ဒီအကြောင်းတွေပြောကြရင်း မြို့သစ်တည်သည့်အကြောင်း ရောက်သွားပါတယ်။ ယခုဆိုရင် မြို့သစ်တွေ အများကြီးပေါ်ထွက်လာပြီး စည်ကားလျက်ရှိကြောင်းတွေပေါ့ရှင်။ ကျွန်မတို့နေသည့် မြို့ကလည်း မြို့သစ်များထဲမှ တစ်ခုအပါအဝင်ပေါ့။ မြို့စတည်စဉ်က လမ်းတွေဖောက်တဲ့အခါ လမ်းဆုံတစ်ခုမှာ ကားတိုက်မှုဖြစ်ခဲ့တယ်၊ အဲဒီလမ်းဆုံက ကျွန်မတို့ အိမ်ရှေ့ပဲပေါ့၊ အဲဒီမှာ လမ်းအလုပ်သမားတွေ သေဆုံးခဲ့ကြတယ်။ ဒါဆိုရင် သူတို့တွေများ မကျွတ်မလွတ်ဘဲ ရှိနေကြတာလား။ ကျွန်မ အိမ်ထဲရောက်နေတဲ့ သူမကရော အဲဒီထဲက တစ်ယောက်ယောက်များလား။ တကယ်တမ်းကျတော့ သူတို့တွေက သနားစရာကောင်းပါတယ်၊ လမ်းဆုံမှာ ကားတိုက်မှုဖြစ်ခဲ့တယ်ဆိုတော့ အိပ်မက်ထဲက ကားတိုက်တဲ့မြင်ကွင်းက ဒါများလား။



ညညဆိုရင် ညည်းသံတွေကြားနေရတာ ကားတိုက်ခံရသူတွေရဲ့ညည်းသံတွေလား။ အိမ်ထဲမှာမြင်နေရတဲ့ ဆံပင်ဖားလျားနဲ့ မိန်းမကရော ဘယ်သူလဲ။

ဒီညမှာလည်း ကျွန်မ တစ်ယောက်တည်း ချောက်ချားလျက်ရှိပါတယ်။ ညနေက အိမ်နားက အစ်မနှင့် ပြောခဲ့သည်များကို ပြန်ကြားယောင်၍ စိတ်မတည်ငြိမ်ဖြစ်နေတယ်။ တစ္ဆေတွေ၊ ဝိညာဉ်တွေက ကြောက်တတ်ရင် ပိုခြောက်တယ်လို့ ကြားဖူးတယ်။ ကျွန်မ ကြောက်နေလို့ ပိုခြောက်နေတာများလား။ ထိုအချိန်မှာပဲ ကျွန်မရဲ့မျက်လုံးအစုံက ပြတင်းပေါက်မှ လိုက်ကာများဆီသို့ ရောက်ရှိသွားပါတယ်။ ပြတင်းမှ လိုက်ကာများ လှုပ်ယမ်းနေပုံမှာ ဝိညာဉ်တွေ၊ တစ္ဆေတွေက က,ခုန်နေသယောင်ပေါ့။ ကျွန်မရဲ့အကြည့်တွေကို ဖယ်လိုက်ပြီး ဘုရားခန်းထဲသို့ ဝင်လာခဲ့ပါတယ်၊ ဘုရားရှိခိုးနေတဲ့အချိန်မှာ အိမ်အပြင်ဘက်မှာ တစ်ယောက်ယောက် ရှိနေသလိုပဲ။ ပြတင်းပေါက်ကနေ လှမ်းကြည့်နေသလို ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်ရဲ့အရိပ်ကို လှစ်ခနဲ၊ မိန်းမတစ်ယောက်ရဲ့အရိပ်ကို လှစ်ခနဲမြင်လိုက်ရတယ်။ ကျွန်မ ကြောက်စိတ်တွေ ဝင်သွားပေမယ့် ဘုရားဂုဏ်တော်ပွားများနေတဲ့အချိန်မို့ အန္တရာယ်အပေါင်းမှ ကင်းလွတ်နေတယ်လို့ ခံစားရတယ်။ သူတို့အတွက်တော့ ကောင်းမှုကုသိုလ်တစ်ခုခုတော့ လုပ်ပေးရမယ်ဟု တွေးနေမိပါတယ်ရှင်။ မောင် ပြန်လာရင်ပြောပြပြီး သံဃာတွေပင့်ပြီး အလှူလုပ်ရမည်ဟု ဆုံးဖြတ်လိုက်ပါတော့တယ်။ အိမ်တက်အလှူလုပ်ဖို့တော့ စီစဉ်ထားတာရှိပါတယ်၊ ငွေစုထားတာ နည်းနေသေးတဲ့အတွက် မလုပ်ဖြစ်သေးတာပါ။ ကျွန်မက သံဃာတွေကို နေ့ဆွမ်းကပ်ချင်တာ၊ ဧည့်သည်တွေကိုလည်း ထမင်း၊ ဟင်း ကျွေးချင်တာလေ။ ဒါကြောင့် အလှူအတွက် ငွေများများရအောင် စုနေတာပေါ့ရှင်။

ကျွန်မလည်း အတွေးများဖြင့် အိပ်ပျော်သွားခဲ့တာ မိုးလင်းမှပဲ အိပ်ရာနိုးတော့တယ်၊ ဒီတစ်ညမှာတော့ ကျွန်မ နှစ်ခြိုက်စွာ အိပ်စွင့်ရခဲ့တာပဲ၊ အရင်ရက်တွေကလို အိပ်မက်ဆိုးတွေလည်း မမက်၊ ညည်းသံတွေလည်း

www.burmeseclassic.com

မကြားရဘဲ အေးချမ်းစွာ အိပ်ခဲ့ရပါလား။ ကျွန်မ တွေးနေတုန်း အိမ်ရှေ့မှ ကားရပ်သံကြားရ၍ ထွက်ကြည့်လိုက်ရာ ဟင် – ဘယ်သူမှ မရှိပါလား။

ကျွန်မ သေချာကြားလိုက်ပါတယ်။ ကားတစ်စီးရပ်လိုက်ပြီး လူတွေ ကားထဲက ဆင်းလာသလိုမျိုး ကျွန်မ သေသေချာချာကြီးကို ခံစားနေမိတယ်၊ ကျွန်မရဲ့ အကြားအာရုံ၊ အမြင်အာရုံတွေ ချို့ယွင်းနေပြီလား။ စိတ်ပင်ပန်းစွာဖြင့် အရုပ်ကြိုးပြတ်သလို ကျွန်မ ထိုင်ချလိုက်မိပါတယ်။ ထို အချိန်မှာပဲ လေတစ်ချက်ဝှေ့လိုက်သလို ခံစားမိပြန်တယ်။ အပြင်မှာတော့ လေငြိမ်၍ သစ်ပင်တွေလည်း ငြိမ်သက်လျက်ပါပဲ။ ကျွန်မ – ရှုးတော့မယ်နဲ့ တူတယ်။

ကျွန်မလည်း အချိန်ဘယ်လောက်ကြာအောင် တွေဝေခဲ့မှန်း မသိတော့ပါဘူး။ ဧည့်ခန်းထဲမှာ အချိန်ကြာမြင့်စွာ ထိုင်နေခဲ့တာ ငူငူငိုင်ငိုင်ကြီးနဲ့လို့ မောင် ပြောမှပဲ ကျွန်မ သိတော့တယ်။ ဆံပင်ဖားလျားနဲ့ မျက်လုံးအသေကြီးနဲ့ တစ်နေရာကို စိုက်ကြည့်နေတဲ့ ကျွန်မကို မောင်တောင်မှပဲ မြင်မြင်ချင်း ကြောက်သွားတယ်ဆိုပဲ။ မောင်က ဘုရားသောက်တော်ရေတွေယူပြီး ကျွန်မကို လောင်းချလိုက်တော့မှ ပုံမှန်ပြန်ဖြစ်သွားတယ်တဲ့။ "ခရီးက ပြန်ရောက်ချင်း စိတ်ပူလိုက်ရတာ" ဟု မောင်က စိုးရိမ်တကြီး ပြောနေပါတယ်။

"မောင် – ကျွန်မတို့အိမ်မှာ အိမ်တက်အလှူလုပ်ပြီး မကျွတ်သေးတဲ့ သူတွေကို အမျှပေးရအောင်နော်၊ သူတို့အတွက်လည်း အလှူလုပ်ပေးရမယ်"

"အေး – အဲဒါ အကောင်းဆုံးပဲ မရေ"

ဒီညမှာတော့ ကျွန်မ အိပ်ဆေးသောက်ပြီး အိပ်ခဲ့ရပါတယ်။ မောင် ပြန်ရောက်နေပြီဆိုတော့လည်း ကျွန်မ အားရှိတာပေါ့လေ။

"ဟင် – ဘုရားကျောင်းဆောင်ထဲက ဘုရားဆင်းတုတော်တွေ ဘယ်ရောက်သွားတာလဲ"

ထိုစဉ် ကျွန်မ သူငယ်ချင်းက –

"ခင်မမကလည်းကွယ်၊ အလှူလုပ်မယ်လို့ ဘုရားတွေက အိမ်ရှေ့ခန်းကို ကြွနေပြီ"



"အိမ်ရှေ့လှေကားနားမှာ ဆိုက်စုံ၊ အရွယ်စုံ၊ လူကြီး၊ ကလေးနှင့် လူလတ်ပိုင်းတွေပါ ရောက်နေကြတာ မြို့ထဲမှာ အပြည့်ပါပဲ၊ ထိုအထဲမှ တစ်ယောက်က ကျွန်မအား "အလှူလုပ်မယ်ဆိုလို့ စောင့်နေကြတာပါ" ဟု ပြောပါတယ်။ ကျွန်မလည်း မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် မှင်တက်နေမိပါတယ်။ အလှူလုပ်မယ်ဆိုတာ မောင်နဲ့ကျွန်မ နှစ်ယောက်ပဲ သိထားတာပဲ"



ဟုတ်ပါရဲ့ရှင် – ဘုရားခန်းထဲရှိ ဘုရားကျောင်းဆောင်ထဲမှ ဘုရားများက အိမ်ရှေ့ဧည့်ခန်းစားပွဲပေါ်မှာ ကြွရောက်နေကြပါပြီ။ ကျွန်မ သူငယ်ချင်းက လည်း ပန်း၊ ဆီမီး၊ သောက်တော်ရေတွေ ကပ်လို့နေပါတယ်။ ကျွန်မရဲ့ မျက်လုံးအစုံကလည်း အိမ်ရှေ့ဆီသို့ ရောက်သွားပါတယ်၊

အိမ်ရှေ့လှေကားနားမှာဆိုက်စုံ၊ အရွယ်စုံ၊ လူကြီး၊ ကလေးနှင့် လူလတ်ပိုင်းတွေပါ ရောက်နေကြတာ မြို့ထဲမှာ အပြည့်ပါပဲ။ ထိုအထဲမှ တစ်ယောက်က ကျွန်မအား "အလှူလုပ်မယ်ဆိုလို့ စောင့်နေကြတာပါ" ဟု ပြောပါတယ်။ ကျွန်မလည်း မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် မှင်တက်နေမိပါတယ်၊ အလှူလုပ်မယ်ဆိုတာ မောင်နဲ့ကျွန်မ နှစ်ယောက်ပဲ သိထားတာ တခြားသူများကို မပြောရသေးပါဘူး။ သူတို့က ဘယ်လိုသိပြီး ရောက်လာကြတာလဲ၊

www.burmeseclassic.com

"ဟင်း"

ကျွန်မ သက်ပြင်းရှည်ကြီး ချလိုက်မိပါတယ်။

မောင့်ကို လှမ်းခေါ်မိတော့ -

"မ - ဘာဖြစ်တာလဲ၊ သတိထားဦးလေ၊ မောင် အနားမှာရှိတယ်"

မောင့်အသံကြား၍ ကျွန်မ ကြည့်မိတော့ အိပ်ရာထဲမှာပဲ ရှိသေးတယ်။ ဒါဆို ကျွန်မ အိပ်မက် မက်နေတာပေါ့။ အိပ်မက်အကြောင်း မောင့်ကို ပြောပြတဲ့အခါ -

"အင်း - သူတို့က အမျှလိုချင်နေကြပြီကွ။ စုထားတဲ့ငွေနဲ့ပဲ အမြန်ဆုံး အလှူလုပ်လိုက်ရအောင်ကွာ။ နေ့ဆွမ်း မကပ်နိုင်တော့လည်း မုန့်ဟင်းခါးပဲ ကပ်ကြတာပေါ့"

နောက်တစ်နေ့ ရုံးပိတ်ရက်မှာပဲ သံဃာတွေပင့်ပြီး အလှူလုပ်ခဲ့ကြပါတယ်။ ကျွန်မ၏ အိမ်မှ အဖြစ်အပျက်များနှင့် အိပ်မက်ထဲကအကြောင်းများကို ဆရာတော်အား လျှောက်ထားခဲ့ပါတယ်။

"မကျွတ်မလွတ်သေးတဲ့ သူတွေရှိတတ်ပါတယ်။ အချိန်တန်တော့ အမျှလိုချင်တဲ့ ဒါယိကာမကြီးကို အကူအညီတောင်းတာလည်း ဖြစ်နိုင်ပါတယ်"

ကျွန်မတို့အားလုံး အမျှဝေသာဓုခေါ်နေကြတဲ့အချိန်မှာ ကြက်သီးမွေးညင်းများ ထသွားခဲ့ပါတယ်။ လေတစ်ချက် ဝှေ့လိုက်သလို ခံစားခဲ့ရတယ်။ ကျွန်မရဲ့ အိပ်မက်ထဲမှသူများ အားလုံးအမျှရ၍ သာဓုခေါ်နိုင်ကြပြီလို့ ယုံကြည်မိပါတယ်။ ဒါ့အပြင် အိမ်ထဲမှာ လျှောက်သွားနေတဲ့ ဆံပင်ဖားလျားနဲ့ ဝိညာဉ်လည်း အမျှရမှာပါလေ။

ထိုနေ့က မုန့်ဟင်းခါးအိုးမှာ လုံးဝမလျော့ဘဲ လာသမျှဧည့်သည်များလည်း ဝဝလင်လင် စားကြရပါတယ်။ လာသမျှ ဧည့်သည်တွေကလည်း အချိုပွဲမုန့်တွေ ဝယ်လာကြတာ။ ဧည့်သည်တွေကို မုန့်တွေ ပြန်ကျွေးနဲ့ ထားစရာတွေ မကုန်နိုင်သလိုဖြစ်နေပါတယ်။ စားသောက်ရင်း ကျွန်မ သူငယ်ချင်းက -



"ခင်မမရယ် - ဆရာတော်ကို လျှောက်ထားတဲ့အချိန်မှာပေါ့၊ စုလေ ကြက်သီးထလိုက်တာ။ အိပ်မက်ထဲမှာက အိမ်ရှေ့လှေကားမှာ သူတို့ တစ်တွေ အဖွဲ့လိုက်စုဝေးပြီး ရောက်နေကြတာဆို၊ စုကလည်း အိမ်ပေါက်ဝ နားမှာထိုင်ပြီး တရားနာနေတာလေ"

"လှေကားနဲ့ နီးတာပေါ့။ အနောက်တောင် လှည့်မကြည့်ရဲဘူး။ အမျှဝေ တော့ ကြက်သီးထလိုက်တာ"

ကြက်သီးထတယ်ဆိုတာ ဝိညာဉ်တွေက သူတို့ သိတယ်ဆိုတာကို အသိပေးတာနေမှာပေါ့။ ကျွန်မရဲ့အလှူအတွက် ပီတိဖြစ်ရပါတယ်။ နောက်နေ့ကျတော့ အိမ်နီးချင်း အစ်မလည်း ပြောပါတယ်။

"ညီမရယ် - ဧည့်သည်တွေ ဘယ်လောက်ဖိတ်ထားတာလဲ၊ လာလိုက်ကြတာ။ ဆရာတော် တရားမပေးခင်တည်းက ရောက်နေကြတာ၊ အိမ်ပေါ်မှာ လူတွေနဲ့မို့ ခြံထဲကနေပဲ အမျှယူတော့မယ်ဆိုပြီး ပြောနေတာကြားရတယ်။ အရက်ဆွမ်းကပ်တာဆိုတော့ အစောကြီးလာပြီး တရားနာကြတယ်နော်။ အစ်မတောင်မှ တွေးမိသေးတယ်၊ အစ်မလည်း ကလေးငယ်လေးနဲ့ လို့ အိမ်နီးပြီး တရားလာမနာနိုင်ဘူးလို့၊ သူတို့က မိုးမလင်းခင်တည်း ရောက်နေကြတော့ အစ်မက အိပ်ရာထဲကနေ သူတို့ပြောတာတွေ ကြားနေရတာ"

ကျွန်မ နားထောင်ရင်း အံ့သြရပြန်တယ်။ အိပ်မက်ထဲကအတိုင်း သူတို့ အားလုံး အမျှဝေတာကို သာဓုလာခေါ်ကြတာနေမှာပေါ့။ အလှူပြီးသည့်နေ့မှစ၍ ကျွန်မ အိမ်တွင် ညည်းညူသံ၊ လမ်းလျှောက်သံ၊ စကားသံများ မကြားရတော့ပါ။ ကျွန်မလည်း ချမ်းသာစွာ အိပ်စက်ရပြီး နိုးထလာသည့်အခါမှာလည်း လန်းဆန်းတက်ကြွလို့ နေပါတော့တယ်ရှင်။

စောစုထိုက်

www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆုံးကျန်သည့်ခရီးသည်

အမ်ရို - လှကြည်

ည (၇) နာရီ ထိုးပြီး၍ မိနစ်အနည်းငယ်ပင် ရွှန်းသွားခဲ့ပါလေပြီ။ စောစောကပင် ဂိတ်ဝင်လာသည့်(အရုပ်ခေါ်) ပေါင်မုန့်ကား Toyota Light Ace ကားပေါ်မှ ဂိတ်ဆင်း ခရီးသည်များပင် ဆင်းသွားကြပြီ ဖြစ်သော်လည်း ထိုကားကလေး၏ တာဝန်က မနားရသေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးကျန်သည့် ခရီးသည်

အမ်ကျီ
လှ
ကြည်

ဒီမြို့မှ မိုင်ငါးဆယ် ကျော်နီးပါးမျှဝေးသည့် ရှက်လုမြိုင်ဂိတ်သို့ ရောက်အောင် မောင်းသွားပြီးမှသာ တာဝန်ပြီး ဆုံးသွားမည်ဖြစ်သလို ထိုကားကလေးကို မောင်းသည့် ထွန်းပိုင် အနေဖြင့်လည်း တစ်ညတာ အနားရတော့မည် ဖြစ်လေသည်။

ထွန်းပိုင် မောင်းလာသည့် ထိုမှန်လုံတားကလေးသည် ဒီဂိတ်တွင် နောက်ထပ်တစ်နာရီမျှနားပြီးမှ သာ ဆက်၍ထွက် ရမည်ဖြစ် သဖြင့် ဂိတ်အတွင်း နားနေခန်းတွင်းရှိ ဘဝတူ အပေါင်းအသင်း ယာဉ်မောင်းများနှင့် အပျင်းပြေ စကားစမြည်ပြောရန် ဝင်လာရင်း အလုပ်ရှုပ်နေသည့် ဂိတ်စာရေးအား ခရီးသည်စာရင်းစာရွက်ကို ပေးလိုက်သည်။

သူတို့ ရွှေ့ပွင့်ဦး ခရီးသည်ပို့ဆောင်ရေး ကားလိုင်းသည် ခရီးသည် ရှားသည်ဖြစ်စေ၊ လုံးဝမရှိသည်ဖြစ်စေ အချိန်ဆွဲ၍စောင့်မနေဘဲ ဂိတ်မှအချိန်အတိအကျထွက်၍ ပြေးဆွဲသောလိုင်းဖြစ်ပြီး ခပ်ဖြည်းဖြည်းမောင်းရင်း လမ်းကြုံခရီးသည်များကို တင်၍မောင်းလေ့ရှိကြသည်။ မှန်လုံကား အသေးစားတလေးများသာဖြစ်၍ များသောအားဖြင့် စပယ်ယာမပါသော တက္ကစီသာသာ ကားများသာ ဖြစ်ကြလေသည်။

ထွန်းပိုင်အနေဖြင့် ယခင်ရက်များက အခြားမြို့များသို့ မောင်းရသည့်လိုင်းတွင် တာဝန်ကျနေရာမှ သည်နေ့တွင်မှ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့မှ အသစ်ထုတ်ပြန်လိုက်သည့် အချိန်ဇယားကြောင့် သူ့အတွက် ထူးခြားသလိုဖြစ်နေသည်။ သည်လမ်းကြောနှင့် သူကင်းကွာနေခဲ့သည်မှာလည်း ဆယ်နှစ်မက ကြာခဲ့ပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ - ဒီလို ညပိုင်းအချိန်ကာလမျိုးတွင် သွားလာလိုသူခရီးသည်ဟူ၍ မရှိသလောက်ပင် ဖြစ်နေလေ့ရှိသည်။ ထွန်းပိုင်သာမက အခြားယာဉ်မောင်းများအနေဖြင့်လည်း ခရီးသည်ဟူ၍ မရှိသလောက်ပင် ရှားပါးလွန်းလှသဖြင့် ညဥ့်ပိုင်းလိုင်းများတွင် မောင်းချင်သူဟူ၍ မရှိချေ။ သို့သော် - တာဝန်ရှိ တန်းစီဇယားအရ ဂိတ်ထိုးထားကြရသည် ဆိုသော်လည်း‘ များသောအားဖြင့် တန်းစီဂိတ်ထိုးရသည့်ကားတိုင်း ထွက်ရသည်တော့မဟုတ်ပါ။ တစ်ခါတစ်ရံအရေးတကြီး ခရီးသည်တစ်ဦးဦးက အရေးပေါ်ကိစ္စကြောင့် ၎င်း၏ မိသားစုလိုက်ပါနိုင်ရန် စင်းလုံးငှားခြင်းရှိပါမှ လိုက်ပို့ရခြင်းမျိုးသာ ရှိတတ်လေသည်။ ဒါမျိုးကလည်း ထီဆုကြီး ပေါက်သလိုမျိုးသာ လျှင်ဖြစ်ချေသည်။ ထိုအခါမျိုးတွင် ကားစင်းလုံးငှားသူက သီးသန့်ပေးသည့် ဘောက်ဆူးများ ရတတ်ကြလေသည်။

www.burmeseclassic.com

ထိုကားလေးရှိရာ ဂိတ်ဝင်းထဲတွင် မာကျူရီမီးရောင်များ ထိန်ထိန်လင်းနေသည်၊ ဂိတ်ရုံးခန်း တစ်ဖက်တွင်းရှိ ယာဉ်မောင်းများ နားနေခန်းတွင် စကားပြောသူပြော၊ အိပ်ငိုက်သူငိုက် ရှိနေကြစဉ် တစ်ယောက်သည် အပြင်သို့ငေးကြည့်နေရာမှ -

"ဟာ - ဟေ့ - ထွန်းပိုင်၊ မင်းကားပေါ်ကို ခရီးသည် လေးငါးယောက်လောက် တက်သွားတယ်ကွ၊ မင်းကတော့ ဒီညအတွက် အလုပ်ရသွားပြီဟေ့"

ထွန်းပိုင် - သူ့လက်က နာရီကိုကြည့်လိုက်တော့ ရှစ်နာရီထိုးရန် နစ်မိနစ်သာ လိုတော့သည်၊ ဂိတ်စာရေးက လက်မှတ်လိုက်ဖြတ်ပေး၍ နေရာချပေးပြီး ဂိတ်ရုံးခန်းသို့ ပြန်ဝင်လာသည်နှင့် သူ ကားပေါ်တက်၍ စက်နှိုးပြီး မောင်းထွက်လာခဲ့သည်၊

ထိုင်ခုံနံပါတ်များအရ သူ့ဘေးတွင် အနက်ရောင်အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသည့် ဗလတောင့်တောင့် လူရွယ်ခရီးသည်တစ်ယောက် ထိုင်၍လိုက်ပါလာသည်၊ သူနှင့်အသက် မတိမ်းမယိမ်း ရှိလိမ့်မည်ဟု ထွန်းပိုင် ထင်မိသည်၊

=✦=

လမိုက်ညဖြစ်နေသဖြင့် ကောင်းကင်တွင် လရောင်မရှိချေ၊ စက်တင်ဘာလ၏ မိုးရာသီညဖြစ်သည့်ပြင် ကောင်းကင်တစ်ခွင်လုံးတွင် ထူထဲပြည့်သိပ်သော မိုးသားတိမ်တိုက်များက အပြည့်လွှမ်းခြုံထားသဖြင့် ကြယ်ပွင့်ကလေးများပင် မလင်းလက်နိုင်သော မှောင်မိုက်မည်းသည့် ညဥ့်ပင်ဖြစ်နေလေသည်၊ အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် သူ့ကား၏ မီးရောင်သာလျှင် ရှိနေသည်၊

သူ့နံဘေးက ခရီးသည်ရော၊ နောက်ပိုင်းက ခရီးသည်လေးယောက်ကပါ တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းတလေမျှပင် ပြောကြခြင်းမရှိဘဲ ကားရွေ့လျားလှုပ်ရှားသည့်အတိုင်း အလိုက်သင့် ယိမ်းယိုင် ယိမ်းထိုးကြရင်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လိုက်လာကြသည်၊ သူ့နံဘေးခုံမှ ခရီးသည်မှာလည်း သူ့ကို စကားပြောဖော်ပင်မရဘဲ သူ့ရှေ့ရှိ လေကာမှန်မှ မြင်နေရသည့် လမ်းမကြီးကိုတစ်လှည့်၊ လမ်းဘေးမှ အမှောင်ထုကိုတစ်လှည့် ငေးမောရင်းလိုက်ပါလာသည်၊

"ဟင်း - အသုဘကား မောင်းနေရသလိုပါပဲလားကွာ"

ထွန်းပိုင်၏ စိတ်ထဲမှ မကျေမချမ်း ရေရွတ်လိုက်သည်၊ လမ်းမကြီး ဘေးဝဲယာတွင် တမာပင်နှင့် ထနောင်းပင်များ ကုလားကာင်ပွန်း (ခေါ်) ဆူးဖြူပင်များ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်နေခဲ့ကြလေသည်၊ ထိုအခိုက် -

"အဆင်း ပါတယ်ဗျို့..."

ကားနောက်ပိုင်းမှ ရုတ်တရက် ထွက်လာသည့်အသံကြောင့် လီဗာကို လျှော့ချလိုက်သည်၊

"ကားဆရာရေ - ရှေ့က ထနောင်းပင်မှာ ဆင်းမယ်"

ထိုခရီးသည်မှ ထပ်ပေါ်လာသည့်အသံကြောင့် အရှိန်ကိုထပ်လျှော့၍ ဘရိတ်ကို ခပ်ဖိဖိနင်းလိုက်သည်၊

ထိုခရီးသည်သည် ကားပေါ်မှဆင်းလျှင်ဆင်းချင်း မှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို ကားရှေ့မီးရောင်ကြောင့် အပြင်ရှိနောက်ကြည့်မှန်မှန်မှတစ်ဆင့် မြင်လိုက်ရသည်၊

"ဘုရားရေ - ဒီနားမှာ ဘာရွာမှမရှိသလို ဘာဖြတ်လမ်းမှလည်း မရှိဘူး၊ ဘယ်လို ခရီးသည်မျိုးပါလိမ့်၊ အေးလေ - ငါကလည်း သည်ဘက်လမ်းကြောင်းကို မမောင်းဖြစ်တာကလည်း ဆယ်နှစ်ကျော်လောက် ကြာသွားပြီဆိုတော့ ရွာအသစ်တွေရှိချင်လည်း ရှိလာမှာပေါ့၊ မှောင်မည်းနေလို့သာ ငါကမမြင်မိတာ နေမှာပါလေ"

ထွန်းပိုင်သည် ကားကို ပြန်မောင်း၍ ထွက်လာရင်း စိတ်ထဲမှ ပြောနေမိသည်၊





www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်ကာလအထိ ဒီလမ်းကို အခေါက်ခေါက် အခါခါ မောင်းခဲ့ဖူးသဖြင့် ထိုလမ်း၏ ဘေးဝဲယာတစ်လျှောက်လုံး မြေပြင် အခင်းအကျင်းနှင့် ပထဝီဓဝဒကို ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဖြစ်လေသည်။ သို့သော် – ဒီဆယ်နှစ်ကျော်ကာလအတွင်း ဒီလမ်းကြောကို သူ မျက်ခြည် ပြတ်ခဲ့ရသည့်ကာလအတွင်း လူနေရပ်ရွာနှင့် အိမ်ခြေများ ပေါ်ပေါက်လာ နိုင်ဖွယ်ရှိသည်ဟု ထင်နိုင်ဖွယ်ရာ ရှိလေသည်။

ထွန်းပိုင်သည် အတွေးစများကို ဖြတ်လိုက်ပြီး လမ်း၏ မြင်ကွင်းဆီသို့ စိတ်အာရုံကို ပြောင်းလိုက်သည်။

မည်သို့ပင်ဖြစ်စေ – လမ်း၏ အနိမ့်အမြင့်များ၊ အဖြောင့်အကွေးများ၊ တံတားကြီးငယ်များနှင့် မိုင်တိုင်များ၏ တည်နေရာနှင့် အနေအထားများ တို့မှာ ယခင်အတိုင်းပင် မပြောင်းမလဲဘဲ ရှိနေလေသည်။ ရွာကြီးရွာငယ်များ ၏ ရွာလယ်လမ်းများကိုဖြတ်၍ မောင်းလာရသည့်တိုင် အရှိန်မလျှော့ ကာလ ဖြစ်နေသည့်ပြင် လူသွားလူလာ ရှင်းနေသောကြောင့် အရှိန်ကိုမလျှော့ဘဲ မောင်းလာခဲ့သည်။

"ရှေ့က ညာဘက် တမာပင်မှာ ဆင်းမယ်ဗျို့"

နောက်ခန်းဆီမှ အော်၍သတိပေးသံကြောင့် ကား၏ အရှိန်ကို လျှော့ရ ရင်း စိတ်ထဲမှ ရေရွတ်လိုက်မိပြန်သည်။

"ဘယ့်နှယ့် ဟာပါလိမ့်၊ ရွာထဲမှာ မဆင်းဘဲနဲ့ ရွာမဟုတ်တဲ့နေရာမှာ ဆင်းရတာတဲ့လည်းကွာ"

ကောင်းကင်ပြင်တစ်ခွင်လုံး မည်းမှောင်နေသည်ဖြစ်သော်လည်း တစ်ခါတစ်ရံဝင်းခနဲ၊ လက်ခနဲ ဖြစ်သွားသည့် လျှပ်စီးရောင်ကြောင့် ဝန်းကျင် ၏မြေအပြင်ကို တဒင်္ဂအတွင်း မြင်လိုက်ရသည့် မြင်ကွင်းအရ ဖုန်းဆိုးမြေ များ၊ လွင်တီးခေါင်မြေရိုင်းလွင်ပြင်များသာ ရှိနေကြသည်။

ထွန်းပိုင်၏ ဘေးမှခရီးသည်ရော၊ ကားနောက်ခန်းရှိ ကျန်ခရီးသည် နှစ်ယောက်ကပါ စကားပြောခြင်းမရှိသဖြင့် ကားစက်သံမှလွဲ၍ တိတ်ဆိတ် လျက် ရှိနေလေသည်။



"ကားဆရာရေ – ဆင်းမယ်ဗျို့ ရပ်ပေးပါဦး"

သူ နားယဉ်နေပြီဖြစ်သည့်အသံကိုကြားလိုက်ရပြန်သည်။ ထိုခရီးသည် က ဆင်းမည့်နေရာကို အတိအကျမပြောသဖြင့် စက်ရှိန်ကို လျှော့၍ရပ်ပေးပြီး အော်တိုခလုတ်ဖြင့် ဘေးတံခါးကို ဖွင့်ပေးရင်း လမ်းဘေးတွင်ကပ်၍ ရပ်ပေး လိုက်သည်။ ဒီတစ်ကြိမ်တွင်မူ ထွန်းပိုင်သည် ကားကို ဆက်မထွက်သေးဘဲ ကားတံခါးမှန်ပေါက်မှ ခေါင်းပြူ၍ လှည့်ကြည့်လိုက်သည်။ သို့သော် – ဆင်း သွားသူ ထိုခရီးသည်၏ အရိပ်အယောင်ကိုမျှပင် မမြင်လိုက်ရသဖြင့် သူ့စိတ် ထဲတွင် သင်္ကာမကင်း ဖြစ်သွားသည်။

လမ်းဘေးတွင် လူသွားလမ်း၊ လှည်းလမ်း စသည့် လမ်းခွဲတစ်စုံတစ်ရာ မရှိပါဘဲနှင့် ဘယ်နေရာကို သွားလေမည်နည်း။ ဒီနေရာကို မရောက်ခင်က ဆင်းသွားကြသည့် အလျင်ခရီးသည် နှစ်ယောက်ကရော ဘယ်နေရာသို့ သွားကြလေသနည်း။ သူ သတိထားမိသလောက် ကားပေါ်မှ ဆင်းသွားကြ သူများသည် တစ်နိုင်တစ်ဆွဲ၊ ဝန်စည်စလယ် ပစ္စည်းပစ္စယဟူ၍ ဘာမျှမပါရှိ ကြချေ။ ယုတ်စွအဆုံး လွယ်အိတ်ပင် မပါရှိကြချေ။ အဝတ်တစ်ထည် ကိုယ် တစ်ခု၊ လူချည်းသက်သက်ဖြင့် ဆင်းသွားကြသည်သာဖြစ်၍ ဒီညအတွက် သူ ကားမောင်းရသည်မှာ ထူးဆန်းသလို ဖြစ်နေလေသည်။

"ဒီလူတွေဟာ လူနေအိမ်ခြေရှိတဲ့ ရွာတွေမှာ မဆင်းကြဘဲ ရွာမဟုတ်တဲ့ နေရာတွေမှာပဲ ဆင်းသွားကြတယ်။ ဘာတွေများ ကြံစည်နေကြတာလည်း မသိဘူး။ လူကောင်းတွေကော ဟုတ်မှဟုတ်ကြရဲ့လား။ အေးလေ – အဲဒီလူ တွေဟာ မကောင်းတဲ့လူတွေဆိုရင်ကော ဘာအရေးလဲ။ ကားပေါ်က ဆင်း သွားကြပြီပဲ။ ဒါပေမဲ့ – နှစ်ယောက်ကျန်နေသေးတယ်၊ သူတို့နှစ်ယောက် အမြန်ဆုံးဆင်းသွားကြဖို့က အရေးအကြီးဆုံးပဲ။ ဒါမှလည်း ငါ့စိတ်တွေ ပေ့ါပါး သွားမှာ သေချာတယ်"

ထွန်းပိုင်သည် စိတ်ထဲမှ တွေးနေရင်းမှာပင် ကျောရိုးထဲမှ စိမ့်လာရှမှု ခကာ ကြက်သီးမွေးညင်းများ ထလာသည်။ သက်မကို လေးကန်စွာ ရှိုက်ရှု လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ကွာ ..."

ဟူသော စိတ်ဖြင့် အားတင်းလိုက်သည်၊ ပစ္စည်းအတင်အချမရှိသဖြင့် တစ်ယောက်ဆင်းသွားပြီးတိုင်း တစ်မိနစ်အတွင်း ကားကိုပြန်ထွက်နိုင်သည် ဖြစ်၍ ဒီခရီးစဉ် မိုင်ငါးဆယ်ကျော်ခရီးကို နစ်နာရီခွဲမှ ပုံမှန်မောင်းရသည်ဖြစ်သော်လည်း ခုတော့ နစ်နာရီကျော် မောင်းလိုက်ရုံမျှဖြင့် ဂိတ်ဆုံး ရွှက်လှမြိုင်သို့ ရောက်လေတော့မည်၊

ခါတိုင်း - ဒီလိုညပိုင်းများတွင် လမ်းမကြီးများတွင် ခြောက်ဘီး၊ ဆယ်ဘီး၊ ဆယ့်နစ်ဘီးစသည့် ဟိုင်းဝေးပြေး ကုန်တင်ကားကြီးများ မပြတ်တွေ့ရနိုင်သည်ဖြစ်သော်လည်း ဒီနေ့ - ဒီလမ်းကြောတွင် မည်သည့်ကုန်ကားကိုမျှ မတွေ့ရသေးသဖြင့် ထွန်းပိုင်၏ စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ထူးဆန်းနေပြန်လေသည်၊

"ကားဆရာရေ - ဆင်းမယ်ဗျို့"

စတုတ္ထမြောက် ခရီးသည်၏အသံကြောင့် ထွန်းပိုင်သည် အတွေးများကို ဖြတ်လိုက်ပြီး ကားကို ရပ်ပေးလိုက်သည်၊ ဒီတစ်ခါမှာတော့ နောက်ကြည့်မှန်မှသော်လည်းကောင်း၊ ခေါင်းပြူ၍သော်လည်းကောင်း အပြင်သို့ မကြည့်ရဲတော့ပါ၊ စိတ်ထဲမှနေ၍ တစ်မှ တစ်ဆယ်အထိ ရေတွက်ပြီး တစ်ဆယ်ပြည့်သည်နှင့် ကားကို မောင်းထွက်လာခဲ့သည်၊

ထွန်းပိုင်သည် သူ့ဘေးမှ အနောက်တိုင်းဝတ်စုံအနက်နှင့် ခရီးသည်ကို မျက်လုံးစွေ၍ ကြည့်လိုက်ရင်း စိတ်ထဲမှလည်း ...

"အင်း - အလကားခရီးသည်၊ အရုပ်ကြီးအတိုင်းပဲ ဆွံ့အနေလို့လား၊ ငါ အပျင်းပြေအောင်၊ အိပ်ချင်ပြေအောင် စကားပြောဖော်တောင် မရပါလား၊ အင်းမလှုပ်၊ အဲမလှုပ်နဲ့ ကြုံမှကြုံဖူးရတယ်ကွာ"

ကားပေါ်တွင် ခရီးသည်ဆို၍ ထိုတုံကိုဘာဝေ သည်တစ်ယောက်သာ ကျန်တော့သည်၊ ဒီတစ်ခါတော့ ကားကိုအရှိန်မြှင့်၍ ခပ်ပြင်းပြင်းမောင်းလိုက်သည်၊ ဒိုင်ခွက်ထဲတွင်းရှိ စပီဒိုမီတာထဲမှ မီးစုန်းသုတ်လက်တံက ညာဘက်ဆီသို့ ပို၍ ပို၍ ရွေ့လျားလာသည်၊



စောစောက ဆင်းသွားကြသည့် ထူးဆန်းသော ခရီးသည်လေးယောက် အကြောင်း တွေးလိုက်မိစဉ် သို့လော - သို့လော သံသယများက သူ့ကို ခြောက်လှန့်စပြုနေချေပြီ၊ လေဝင်ပေါက်မှ လေများ တိုးဝှေ့လာသည့်တိုင် သူ့အနေဖြင့် အေး၍မသွားဘဲ ကြောက်ရွံ့စိတ်များကြောင့် ချွေးစေးများ ပြန်နေသည်၊

"အင်း - ကားတစ်စီးလုံးမှာ ခရီးသည်ဆိုလို့ ငါ့ဘေးက လူပဲကျန်တော့တယ်၊ ဘယ်နေရာမှာ ဆင်းမလဲမသိဘူး၊ ရွှက်လှမြိုင်အထိပဲ လိုက်မှာလား၊ တကယ်လို့များ ငါ့ကို အန္တရာယ်ပြုလာရင် ဘယ်လို ခုခံကာကွယ်ရပါ့မလဲ"


ထွန်းပိုင်၏ စိတ်ထဲတွင် အားငယ်သလိုလို ဖြစ်လာမိသည်၊ ရန်ကုန်မြို့ကြီးတွင် လုံးချင်း (သို့မဟုတ်) စင်းလုံးငှား တက္ကစီကားအချို့ဆိုလျှင် ဒီလိုညဥ့်အချိန် မဆိုထားနှင့် နေ့ခင်းကြောင်တောင်မှာပင် မသမာသူများက ခရီးသည်ဟန်ဆောင်၍ တက္ကစီမောင်းသူများကို ဓားဖြင့်ထောက်၍ ငွေလုသည် ဆိုသော သတင်းများကို အရင်က ကြားခဲ့ရဖူးလေသည်၊ ထွန်းပိုင်အနေဖြင့် ယခု - ဒီလိုလုယက်သည့်သတင်းများ မကြားရတော့သော်လည်း သူ ယခု ပစ္စုပ္ပန်ကာလနှင့် နေရာသည် နယ်ဒေသတွင်လည်း ဖြစ်ပြန်၊ ညဥ့်အချိန်လည်း ဖြစ်နေပြန်သဖြင့် ခုလို ကားပေါ်တွင် တစ်ယောက်တည်းသော ခရီးသည်မှာ သူ့ဘေးတွင် ရှိနေသဖြင့် သတိကို အထူးထားရှိနိုင်ပါမှ တန်ရုံသင့်ရုံ ရှိပေလိမ့်မည်၊

ထွန်းပိုင်၏ စိတ်ထဲ၊ အသိထဲတွင် စနိုးစနောင့်နှင့် ထိတ်လန့်ကြောက်ရွံ့နေသည့်စိတ်များ ရောထွေးနေသည်၊ နောက်ဆုံးကျန်ရှိနေတော့သည့် ထို ခရီးသည်ကပင် သူ့စိတ်ကို ပို၍ချောက်ချားစရာ ဖြစ်နေစေလေသည်၊

ညိုညာပြန့်ပြူးနေသည့် လမ်းမျက်နှာပြင်ပေါ် ထိုးကျနေသည့် ကား၏ မီးရောင်ပြန်ဖြင့် မြင်နေရသည့် ထိုခရီးသည်၏ အသွင်အပြင်မှာ လူသေ အလောင်းတစ်လောင်း၏ မျက်နှာကဲ့သို့ဖြစ်နေပြီး မျက်လုံးအစုံမှာလည်း နီရဲဝင်းတောက်နေသဖြင့် သူ၏ ရင်းတွင်းခြင်ဆီတစ်ချောက် စိမ့်သွားပြီး နလုံး သွေးပျက်လုခမန်း ကြောက်ရွံ့ထိတ်လန့်စိတ်များ အတိုင်းအဆရှိ ဝင်လာ

www.burmeseclassic.com

“ဗျာ - ခင်ဗျားက သေမင်း ဟုတ်လားဗျား ခင်ဗျား စိတ်မှန်ရဲ့လား၊ ရူးနေသလား စိတ်ကျန်းမာရေးဆေးရုံက ထွက်ပြေးလာတာလား၊ ဒုက္ခပါပဲ ကျုပ်တလည်း အရူးကိုမှ ကားပေါ်တင်လာခဲ့မိတာကိုး။ အင်း - တကယ်လို့သာ ခင်ဗျားဟာ သေမင်းဆိုရင် ခင်ဗျား ကားမှားစီးလာတာပဲဗျာ၊ တကယ်ဆို ခင်ဗျားအနေနဲ့ အသုဘယာဉ်တို့၊ နိဗ္ဗာန်ယာဉ်တို့လိုသာ စီးရမှာဗျ”



သည်၊

ထိုအခိုက် - ထိုဧရီးသည်သည် သူ့ကို စတင်၍ စကားပြောလာသည်၊ ထိုသူက မေးခွန်းဖြင့် စတင်ခဲ့သည်၊

“ဟေ့ကောင် - မင်းနာမည် ထွန်းပိုင် - ဟုတ်တယ်နော်”

ထိုဧရီးသည်၏ အမေးကြောင့် တအံ့တဩ ဖြစ်သွားသည်၊

“ဗျာ - ဟုတ် - ဟုတ်ပါတယ်၊ ကျွန်တော် ထွန်းပိုင်ပါ၊ ခင်ဗျားက ကျွန်တော့်ကို သိနေလို့လားဗျ၊ ခင်ဗျားက ဘယ်သူများလည်းဗျာ”



ထိုသူသည် ထွန်းပိုင်ဘက်သို့ လှည့်မကြည့်ဘဲ လက်ကို ပိုက်မြဲပိုက်လျက် ရှေ့ကို ကြည့်မြဲကြည့်လျက်ဖြင့် ဆက်၍ပြောလာသည်၊

“ငါ - ဘယ်သူဘယ်ဝါဆိုတာ အခု မင်းသိစရာ မလိုသေးဘူးကွ၊ နောက်မှ ပြောမယ်၊ မင်းက ငါ့ကို မသိခဲ့ပေမဲ့ ငါက မင်းကို ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတည်းက သိနေခဲ့တာကွ၊ ဟေ့ - ဒါနဲ့ ဇေဒါကန်သုသာန်ကို ရောက်ဖို့ ဘယ်လောက်လိုသေးသလဲကွ”

“ဗျာ - ဇေဒါကန်သုသာန်ကို ဟုတ်လား၊ ဘာ - ဘာဖြစ်လို့လဲ”

မည်သို့မျှ မျှော်လင့်မထားသည့် ထိုသူ၏ စကားကြောင့် ထွန်းပိုင် အထိတ်တလန့်ဖြစ်သွားစဉ် လှစ်ခနဲမြင်လိုက်ရသည့် မိုင်တိုင်ကိုကြည့်လိုက်ရင်း -

“ဟို - ဟို - နှစ်ဆယ့်တစ်မိုင်ကျော်လောက် လိုသေးတယ်၊ ခင်ဗျား - အဲဒီမှာ ဆင်းမှာလား”

“အေးကွ - ငါခန့်မှန်းထားတဲ့အတိုင်းပဲ၊ ဟေ့ကောင် - ကားကို အရှိန်အစ်ဝက်လောက် လျှော့မောင်းစမ်းကွာ”

“ဟုတ် - ဟုတ်ကဲ့ - ကျွန်တော် - အရှိန်လျှော့မောင်းပါ့မယ်၊ ဒါနဲ့ဗျာ - ခင်ဗျား ဘယ်သူလဲ”

“အေးကွာ - ငါ ဘယ်သူလဲဆိုတာ နောက်မှပြောလို့ဟာ ခု မင်းက အိပ်ကို သိချင်နေပြီဆိုတော့လည်း ပြောရတော့မှာပေါ့ကွာ၊ ငါ့နာမည် ဘယ်သူဘယ်ဝါဆိုတာထက် မင်းမသိမဖြစ်သိထားရမှာက ငါဟာ မင်းရဲ့ သေမင်းပဲကွ”

ထိုသူ၏ စကားကြောင့် ထွန်းပိုင်အနေဖြင့် စောစောက သွေးပျက်လုခမန်းဖြစ်လာသည့် ထိတ်လန့်ကြောက်ရွံ့မှုများအစား စိတ်ပျက်မှုများဝင်လာသည်၊

“ဗျာ - ခင်ဗျားက သေမင်း ဟုတ်လားဗျာ၊ ခင်ဗျား စိတ်မှန်ရဲ့လား၊ ရူးများနေသလား၊ စိတ်ကျန်းမာရေးဆေးရုံက ထွက်ပြေးလာတာလား၊ ဒုက္ခပါပဲ



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကလည်း အရှုံးကိုမှ ကားပေါ်တင်လာခဲ့မိတာကိုး၊ အင်း - တကယ်လို့သာ ခင်ဗျားဟာ သေမင်းဆိုရင် ခင်ဗျား ကားမှားစီးလာတာပဲဗျာ၊ တကယ်ဆို ခင်ဗျားအနေနဲ့ အသုဘယာဉ်တို့၊ နိဗ္ဗာန်ယာဉ်တို့ကိုသာ စီးရမှာဗျ၊ အဲဒီယာဉ်တွေကလည်း ခုလို ညဉ့်ပိုင်းမှာလည်း မထွက်ကြဘူး၊ နေ့ခင်းပိုင်းမှာတောင် အသုဘကိစ္စရှိမှ ထွက်ကြတာမျိုးဆိုတော့ ခင်ဗျား အဲဒါမျိုးယာဉ်တွေကိုသာ စောင့်ပြီးစီးသင့်တယ်၊ ဒီကားက လူ့ခရီးသည်တွေ အသက်ရှင်တဲ့လူတွေသာ စီးတဲ့ကားဗျ"

"အော် - ဂျင်ပေါ်ကထုံး ပန်ကာထိပ်က ဝက်အူဖြစ်တဲ့ မင်းက လူလည်ကျပြီး မေ့ချင်ယောင် ဆောင်နေတာကိုးကွ၊ ဟား - ဟား - ဟား - ဟား"

ထိုသူက နှစ်မြို့ဖွယ်မကောင်းသည့်အသံဖြင့် ဟားတိုက်၍ ရယ်လိုက်ပြီး ကုတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည်၊ ဖြောင်းခနဲ မြည်သံနှင့်အတူ အသွားငါးလက်မခန့်ရှိ ခလုတ်နှိပ်မောင်းပြန်ဓားက လက်ခနဲ ပွင့်ထွက်လာသဖြင့် ထွန်းပိုင် ရုတ်တရက်မို့ လန့်ဖျပ်၍ သွားမိသော်လည်း အလိုက်သင့်ပင် ပြောလိုက်သည်၊

"ကောင်းပြီလေ - သေမင်းဆိုတော့လည်း အဲဒီဗေဒါကန်သုသာန်မှာ ခင်ဗျားက ဆင်းရမှာပေါ့လေ"

"အေး - ဟုတ်တယ် - ထွန်းပိုင်၊ ငါပြောတာကို မင်းက သဘောပေါက်လွယ်သားပဲ၊ ဒါကြောင့်လည်း မင်းရော၊ ငါရော၊ အဲဒီ ဗေဒါကန်သုသာန်ရှိတဲ့ဆီ သွားနေကြတာပဲကွ"

"ဗျာ - ဘယ်လိုဗျ - ခင်ဗျား ဘာပြောလိုက်တယ်၊ မဆိုင်လိုက်တာဗျာ၊ ကျုပ်က သေမင်းဆိုတဲ့ခင်ဗျားကို ဗေဒါကန်သုသာန်ရှေ့က လမ်းဘေးမှာ ရပ်ပေးလိုက်ရင် ခင်ဗျား - ကားပေါ်က ဆင်းသွားလိုက်ရုံပဲမဟုတ်လား၊ ပြီးရင် ကျုပ်က ဗေဒါကန်ရွာနဲ့ ဆက်လျက်ရှိနေတဲ့ ရွက်လှမြိုင်ကားဝင်းအထိ ဆက်မောင်းသွားလိုက်ရုံပဲ၊ အဲ - စောစောကပြောတဲ့ ဗေဒါကန်ရွာမရောက်ခင် သုသာန်ရှေ့က လမ်းဘေးမှာ ကားကို ရပ်ပေးလိုက်ရုံနဲ့ ခင်ဗျာ၊ ကိုယ့်လမ်းကိုယ်သွားရုံပဲ မဟုတ်လား၊ ကျုပ်ကို ဆွဲထည့်စရာမလိုဘူး ကိုယ့်လူ"



"ဟော့ကောင် - ထွန်းပိုင်၊ မင်းဘာပြောတယ်ကွ - ဆွဲထည့်စရာမလိုဘူး ဟုတ်လား၊ ဆွဲထည့်ရမှာပေါ့၊ မဖြစ် ဖြစ်တဲ့နည်းနဲ့ဖြစ်အောင် ဆွဲကိုဆွဲထည့်ရမှာပေါ့၊ ဒါကြောင့်လည်း ဒီည ဒီလိုင်းကို မင်းမောင်းရမယ့်ကားကို ငါက တမင်တကာစောင့်ပြီး စီးရတာပေါ့ကွာ၊ ပြောရရင်ကွာ ဒီခရီးနဲ့ ဒီလမ်းကို ဒီလိုညအခါမျိုးမှာ ဘယ်သူမှ မသွားကြဘူးကွာ၊ ဒါပေမဲ့ - မင်း - ဒီလမ်းကြောကို မောင်းဖြစ်အောင် ငါက ဖန်တီးလိုက်ရတာပေါ့ကွာ"

"ဘယ်လိုဗျ - ဘယ့်နှယ် ခင်ဗျားက ဖန်တီးလိုက်တယ်ဆိုရင် လူနေအိမ်ခြေမရှိ၊ ရွာမရှိ၊ လမ်းခွဲရယ်လို့ မရှိတဲ့နေရာတွေမှာ ဆင်းသွားကြတဲ့ ခရီးသည်တွေကကော ဗျာ၊ ကျုပ်တော့ နားမလည်နိုင်တော့ဘူး"

"အေး - အဲသည်ကောင်တွေက ခရီးသည်ယောင်ဆောင်ပြီး လိုက်လာခဲ့ကြတဲ့ ဝိညာဉ်လောက,က အပါယ်ဘုံသားတွေပေါ့ကွ"

သူ့စကားကြောင့် ထွန်းပိုင် စဉ်းစား၍မရအောင် စိတ်တွေ ရှုပ်ထွေးသွားသည်၊ စောစောပိုင်းကပင် ထိုထူးဆန်းသည့် ခရီးသည်တွေနှင့် ပတ်သက်သည့် သံသယတွေက ခြောက်လှန့်ခဲ့ပြီး ဖြစ်လေသည်၊ ထိုသူကပင် ဆက်လက်၍...

"အဲသည် - တမလွန် ဝိညာဉ်လောကထဲက အပါယ်ဘုံသား မိစ္ဆာတွေကို ငါကပဲ စည်းရုံးပြီး မင်းတို့ရဲ့လိုင်းကားဂိတ်ကို ခေါ်လာခဲ့တာပေါ့ကွာ၊ အဲဒီ ဝိညာဉ်လောကသားတွေဟာ သူတို့နဲ့ သက်ဆိုင်တဲ့ သူတို့ ပျော်စံကျက်စားတဲ့နေရာတွေမှာ ဆင်းသွားကြတာပေါ့"

ထိုသေမင်းဆိုသူ ခရီးသည်က အေးဆေးတည်ငြိမ်စွာဖြင့် ပြောနေသော်လည်း ထွန်းပိုင်ကမူ စတီယာရင်ဘီးခွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း တဆတ်ဆတ်တုန်စပြုနေလေပြီ၊ ထိုသူက ထွန်းပိုင်၏နံကြားသို့ မောင်းပြန်ဓားဖြင့် ခပ်ဖိဖိထောက်လိုက်သည်၊ ထွန်းပိုင်အနေဖြင့် ကြောက်ရွံ့နေသည်မှာမှန်သော်လည်း သူ သိလိုသည်ကို မေးလိုက်မိလေသည်၊

"ခင်ဗျားဟာ တကယ့်သေမင်းအစစ်ဆိုရင် တန်ခိုးဣဒ္ဓိပါဒ်နဲ့ အဲဒီဗေဒါကန်သုသာန်ကို သွားပါလားဗျ၊ ပြီးတော့ - ခင်ဗျားရော လမ်းမှာဆင်းသွားကြ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဝိညာဉ်လောကသားတွေကပါ ကျုပ်မောင်းရမယ့် ကားကို တမင်စောင့်စီး ကြဖို့ ဂိတ်မှာ လက်မှတ်ဖြတ်တော့ ဘာ့ကြောင့် ပိုက်ဆံထုတ်ပေးကြတာတဲ့ လဲ၊ ကျုပ်ကတော့ နားမလည်နိုင်တော့ဘူး"

"ဟ - မင်းဆိုတဲ့ကောင်ဟာ တော်တော့်ကိုတုံးတဲ့ ကောင်ပါပဲလားကွာ၊ ဝိညာဉ်လောကသားတွေနဲ့ သေမင်းဆိုတာ လူတွေကိုလှည့်စားပြီးဖြားယောင်း နေကျပဲကွ၊ ပြီးတော့ - မင်းအနေနဲ့ အဲသည်သုသာန်ကို သွားသင့်တာ၊ ဟို အရင် ဆယ်နှစ်ကျော်လောက်ကတည်းကပဲကွ၊ အခု - မင်းသွားရမှာတောင် အတော့်ကို နောက်ကျနေပြီပဲကွ - ဟား - ဟား - ဟား"

"ခင်ဗျား - ဘာတွေ လျှောက်ပြောနေတာလဲ၊ တစ်လမ်းလုံး ဘာစကားမှ မပြောခဲ့ပဲ ဆွံ့အနေခဲ့ပြီး အခုပြောမယ့် ပြောလာပြန်တော့လည်း အလကား ဘာမှ အဆီအနှစ်မရှိ၊ အဓိပ္ပာယ်မရှိတာတွေ၊ ဒါမျိုးစကားတွေကို လူကောင်း တွေက မပြောကြဘူးဗျ၊ ကျုပ်ကလည်း ကားမောင်းနေရင်း အပျင်းပြေအောင် အိပ်ချင်ပြေအောင်ဆိုပြီး နားထောင်နေမိပါတယ်၊ ဒုက္ခပါပဲ - မှားပါတယ်"

ထွန်းပိုင်အနေဖြင့် ဟန်ကိုယ့်ဖို့ဆိုသည့် စကားနှင့်အညီ ဘုကျကျ ပြော နေရသော်လည်း သူ့လက်ထဲကမားကြောင့် ပြေးပေါက်မရှိပဲ ချောင်ပိတ်မိ နေသည့် သားကောင်ဖြစ်နေမှန်း သိလိုက်သည်၊ သူ့အနေဖြင့် တုန်လှုပ်နေ သည့်တိုင် သေမင်းဆိုသူကမူ လေသံအေးအေးဖြင့် ဆက်၍ပြောနေပြန် သည်၊

"မင်းဟာ - သုသာန်ကို ဘာကြောင့် သွားသင့်သလဲ၊ အဲ - မင်း တိုက်ရိုက် နားလည်အောင်ပြောရရင် မင်းဟာ ဘာကြောင့် သေသင့်သလဲဆိုတာ သေ သေချာချာ စဉ်းစားကြည့်ရင် မင်း သိလာမှာပေါ့ကွာ"

"ကျုပ်မှာ - ဘာမှ စဉ်းစားစရာမလိုဘူး ကိုယ့်လူ"

"အေး - မင်း မစဉ်းစားချင်ဘူးဆိုပေမယ့် အရင်က မင်း မစဉ်းစားခဲ့တာကို ငါဘာမှ မပြောလိုဘူးပေါ့ကွာ၊ ဒါပေမဲ့ - အခု မင်း စဉ်းစားရတော့မယ်၊ စဉ်းစားရမဲ့ အချိန်လည်း ရောက်လာပြီကွ၊ အေး - မင်းက မစဉ်းစားမိပဲ တကယ်ပဲမေ့နေ တာလား၊ မေ့ချင်ယောင် ဆောင်နေတာလားဆိုတာ မင်းကိုယ်မင်း အသိဆုံးပဲ



ဖြစ်မှာပေါ့၊ ပြောရရင် ဆယ်နှစ်ကျော်ဆိုတဲ့ကာလဟာ ဘာမှမကြာသေးဘူး ကွ"

ကားကို အရှိန်လျှော့၍ မောင်းနေရသော်လည်း ထွန်းပိုင်၏ ရင်ခုန်သံက အရှိန်ပြင်းစွာဖြင့် မြန်နေသလို နှလုံးခုန်သံကလည်း ကား၏ စက်သံထက်ပင် ပို၍ကျယ်လောင်နေသည်ဟု ထင်မိသည်၊ သေမင်းဆိုသူ၏ လက်ထဲမှ မောင်း မြန်မားသွားကလည်း သူ့နံကြားသို့ ခပ်ဖိဖိထောက်လျက် ရှိနေဆဲပင်ဖြစ် သည်၊

"မင်းကို ငါ ဦးဆုံးမေးခဲ့တဲ့မေးခွန်းကို ထပ်မေးရဦးမယ်၊ ဘာလဲဆိုတော့ ဇေဒါကန်သုသာန်ကိုရောက်ဖို့ သိပ်မလိုတော့ဘူး၊ သိပ်မဝေးတော့ဘူးမဟုတ် လား၊ ဒါကို မင်း အသိဆုံးဖြစ်မှာပေါ့ကွာ"

"ဗျာ - ဒါကို ခင်ဗျားပြောမှ ကျုပ်က သိရမှာတဲ့လား၊ ဘယ်ကိုမဆို ကားက ဦးတည်ပြီးသွားနေတာနဲ့အမျှ မြန်မြန်မောင်းရင် အချိန်နည်းနည်းနဲ့ နီးလာ သလိုဖြည်းဖြည်းမောင်းရင် အချိန်နှေးနှေး၊ အချိန်များများနဲ့ နီးလာတာပေါ့ဗျာ၊ ဒါကို ခင်ဗျားဟာ အရူးမဟုတ်ရင် သိမှာပေါ့လေ"

သူ့ကိုယ်သူ သေမင်းဟု ပြောနေသည့် ထိုသူက ထွန်းပိုင်၏ စကားကို သဘောကျသွားဟန်ဖြင့် အားပါးတရ ရယ်မောလိုက်ပြီး . . .

"ဟား - ဟား - ဟား - ဟား - ဟား - မင်းက ကြောက်ကန် ကန်ပြီး ငါ့ကို ပြောလိုက်တဲ့ ခွကန့်လန့် ဘုကျကျပြောတဲ့ စကားလုံးတွေကို ငါ သဘောကျ သွားပြီဟေ့၊ အေး - ဆက်ပြောရဦးမယ်၊ အဲဒီဆယ်နှစ်ကျော်ဆိုတဲ့ ပြီးခဲ့တဲ့ ကာလတုန်းက အဖြစ်အပျက်ကိုမင်းလိုပဲ ငါက မေ့နိုင်ခဲ့မယ်ဆိုရင် သိပ်ကောင်း မှာပေါ့ကွာ၊ မင်းက မစဉ်းစားဘဲ မေ့ချင်ယောင် ဆောင်နိုင်ခဲ့ပေမယ့် ငါကတော့ ဘယ်လိုမှ မေ့လို့မရနိုင်ခဲ့ဖူးကွ၊ ဒီမှာ - ဟော့ကောင် - ထွန်းပိုင် လွန်ခဲ့တဲ့ အဲဒီ ဆယ်နှစ်ကျော်ကာလက မိုးရာသီရဲ့ နွေခင်းပိုင်းမှာ ဇေဒါကန်သုသာန်ရှေ့က လမ်းပေါ်မှာ အမျိုးသမီးတစ်ယောက် မောင်းလာတဲ့ Toyota Super Sloon ကားအဖြူကလေးကို မင်းမောင်းလာတဲ့ Hino T.E.(21) ကုန်တင်ကားကြီးနဲ့ တိုက်ချပစ်ခဲ့တယ် မဟုတ်လား၊ ဒါကို မင်းပြန်ပြီး စဉ်းစားကြည့်စမ်း - ငါ့လူ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသူ၏ စကားကြောင့် ထွန်းပိုင် ခေါင်းနားပန်းကြီးသွားမိလေသည်။ သေမင်းဆိုသည့် ထိုသူ ခဏခဏပြောနေသည့် ဆယ်နှစ်ကျော်ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို စုမှုပြန်ပြီး ခပ်ရေးရေး သတိရလာသည်။

"ဗျာ - အဲဒါက - ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲဗျ"

"ကဲပါကွာ - ဒါကို ငါမပြောသေးပါဘူး။ ငါကပဲ ထပ်မေးပါဦးမယ်၊ အဲဒီကားအဖြူကလေးမောင်းလာတဲ့ အမျိုးသမီး ဘာဖြစ်သွားသလဲကွ၊ ပြောစမ်းပါဦး"

"ပွဲချင်းပြီး သေသွားတယ်လေဗျာ၊ ကျုပ်လည်း အဖမ်းခံရတယ်၊ ထောင်ဒဏ်ရှစ်နှစ် အပြစ်ပေးတာလည်း ကျုပ် ခံခဲ့ရပြီးပြီ၊ ဒါနဲ့ ပတ်သက်ပြီးတော့ ခင်ဗျား ပြောစရာရှိလို့လား"

"ဟုတ်တယ် - ငါ ဒါနဲ့ပတ်သက်ပြီး ပြောစရာရှိတယ်၊ ငါ မင်းကိုပြောရမယ့် အလှည့်ရောက်လာပြီ၊ တကယ်ဆိုရင် ငါက အဲဒီ အမျိုးသမီးထက် အရင်စောပြီးတော့ သေရမှာကွ"

"ဗျာ - ဘယ်လို၊ ခင်ဗျားပြောတာ ကျုပ် နားမရှင်းဘူး"

"အော် - မင်းဆိုတဲ့ကောင်ဟာ အတော့်ကိုတုံးပြီး အ,တဲ့ကောင်ပါလားကွ၊ ငါဟာ မင်းရဲ့ သေမင်းပါလို့ ပြောခဲ့တာကို မင်းက မေ့ပြန်ပြီ၊ အဲ - ငါပြောချင်တဲ့ အဓိကကျတဲ့အကြောင်းကိုပြောမယ်၊ အဲဒီနေ့က မန္တလေးက ကိုယ်ပိုင်ကားနဲ့ ပြန်လာခဲ့တုန်း လမ်းကြုံလိုက်တဲ့ ခရီးသွားဟန်ဆောင်ပြီး လိုက်လာတဲ့ တစ်ကိုယ်တော်ဓားပြလက်ချက်ကြောင့် ငါဟာ ရွက်လှမြိုင်ပြည်သူ့ဆေးရုံကို ရောက်ခဲ့တယ်၊ အဲဒီမှာ ဆရာဝန်၊ ဆရာမတွေက ငါ့ရဲ့အသက်ကို တခြားသေမင်းဆီက လုယူနေချိန် ငါ့အတွက် မျှော်လင့်ချက်ရောင်ခြည် မသမ်းချင့်သမ်းချင့်အချိန် ငါ့နားထဲ အသံတွေ မကြားတစ်ချက်၊ ကြားတစ်ချက် ကြားလိုက်ရတာက ဗေဒါကန်သုသာန်ရှေ့မှာ ကားအက်ဆီးဒင့်(စ်)ဖြစ်လို့ သေတဲ့ အမျိုးသမီးရဲ့အလောင်း ရင်ခွဲရုံမှာ ရောက်နေတယ်တဲ့၊ အနီဝတ် ဆရာမလေးတစ်ယောက်က ပြောလာတာ၊ လက်ပွေ့အိတ်ထဲက တွေ့ရတဲ့ မှတ်ပုံတင်ကတ်



အရ သေတဲ့အမျိုးသမီးက မယဉ်ယဉ်ရွှေတဲ့၊ ဒါကလည်း ငါ ဆေးရုံရောက်ပြီး ခွဲစိတ်ခန်းထဲမပို့ခင် ငါ့ပါမေတ္တာရပ်ခံချက်နဲ့ ဖုန်းနဲ့ခေါ်ပေးခဲ့တာ၊ အခု - မင်း ဂိတ်ထွက်ခဲ့တဲ့ မြို့မှာနေတာ၊ အဲဒီ - ယဉ်ယဉ်ရွှေဟာ ငါတို့ နှစ်ဖက်မိဘတွေရဲ့ သဘောတူညီချက်အရ သီတင်းကျွတ်ပြီးရင် လက်ထပ်ဖို့ စေ့စပ်ထားတဲ့ ငါ့ရဲ့ ချစ်သူပေါ့၊ အဲဒီ သတင်းဆိုးကြောင့် ငါလည်း ..."

"ဘာဗျ - ဘယ့်နှယ့် ခင်ဗျားက သေပြီးခဲ့ပြီဆိုပြီး ကျုပ်ကို လိမ်ဦးမလို့လား ကိုယ့်လူ၊ ဒီလိုပြောလာတိုင်း အလွယ်တကူ ယုံတတ်တဲ့ လူတွေထဲမှာ ကျုပ် မပါဘူးဗျနော်၊ ကြားတာကိုမယုံပဲ မြင်တာကိုတောင်မှ ကျုပ်က ထစ်ဝက်ပဲ ယုံတာဗျ"

"အေးလေ - ယုံတာ မယုံတာက မင်းရဲ့ အပိုင်းပဲကွ၊ အေး - မင်း ပြန်စဉ်းစားလို့ ရပြီလား"


"ဒီမယ် - ကိုယ့်လူ၊ ဒါက ကျုပ်ရဲ့ အမှားကြောင့်မှ မဟုတ်ဘဲဗျ၊ ကျုပ်က လမ်းစည်းကမ်းအတိုင်း ပုံမှန်သတ်မှတ်ထားတဲ့ အရှိအတိုင်း မောင်းလာနေတုန်း ရှေ့ကလာနေတဲ့ မှန်လုံကားကြီးကို အရှောင်၊ လမ်းကြောင်းမှားပြီး ကျော်တက်လာတဲ့"

တရေးရေး တရိပ်ရိပ်ဖြင့် ပေါ်လာသည့် ထွန်းပိုင်၏ အသိထဲတွင် ခရီးသည်တင် မှန်လုံကားကြီး၏နောက်မှ မောင်းလာနေသည့် တိုယိုတာဆူပါ ဆလွန်းကား အဖြူကလေးသည် ဘယ်ဘက်မှ ကျော်တက်ရမည့်အစား ထွန်းပိုင် ဘေးကပ်ရှောင်လိုက်သည့်ညာဘက်မှကျော်တက်လာစဉ်သူမောင်းလာသည့်ကုန်အပြည့်ပါ ဟီးနိုးတီအီး (၂၁) ကုန်တင်ကားနှင့် မျက်နှာချင်း ဆိုင်ထင်တိုင်လိုက်မိရာမှ ...

ထိုမြင်ကွင်းကို ထွန်းပိုင် ပြန်၍မြင်ယောင်လာသည်၊

မှန်လုံကားကြီးပေါ်မှ ခရီးသည်များ၏ အလန့်တကြားဖြင့် အော်ဟစ်လိုက်ကြသည့်အသံများ၊ ဘရိတ်ကိုကတိုက်ကရိုက် ဆောင့်နင်းလိုက်ကြသည့် ဆူပါဆလွန်းကားနှင့် မှန်လုံကားကြီးတို့၏ ဘီးများ ကတ္တရာလမ်းမျက်နှာပြင်နှင့် ခပ်ပြင်းပြင်း ပွတ်ကြိတ်မိသဖြင့် မီးခိုးတွေ ထောင်းထောင်းထ၍ သွားပုံများ -

www.burmeseclassic.com




ပြီးတော့ - လမ်းဘေး တာရိုးအခြေရှိ မြောင်းထဲသို့ လွင့်စဉ်၍ ဒလိမ့်ခေါက်ကွေး လွင့်ကျသွားသည့် ဆူပါဆလွန်းကားအဖြူကလေး။ ထိုကားလေးထဲမှ တစ်ကိုယ်လုံး နီညိုနေသည့်သွေးတွေရွှဲနစ်၍ ဖက်ကျုံးကျနေသည့် အမျိုးသမီးတစ်ယောက်၏ ရုပ်အလောင်း ...။ ပြီးတော့ - ခုညသြသံရှည်ဆွဲ၍ အပြင်းမောင်းလာသည့် ရဲကားနှင့် သူနာတင်ကားနစ်စီး စသည့်ပုံရိပ်များကို တရစ်ဝဲဝဲဖြင့် ပြန်၍မြင်ယောင်နေမိစဉ်မှာပင် ...

သူ့ဘေးရှိ ဒေသမင်းဆိုသူထံမှ စကားကို ကြားရပြန်သည်။

"တကယ်တော့ မင်းဟာ ငါတို့နှစ်ယောက်စလုံးကို သေအောင် သတ်ပစ်ခဲ့တာပဲကွ။ အခု ငါ့အမျိုးသမီး ယဉ်ယဉ်ရွှေကလည်း မင်းနဲ့ငါနှစ်ယောက်



လာမှာကိုသိလို့ ဗေဒါကန်သုသာန်မှာ စောင့်နေပြီ။ မင်းကို ငါက ခေါ်လာခဲ့မယ်ဆိုပြီး ယဉ်ယဉ်ရွှေကို ငါက ပြောခဲ့တာကို မင်းကို ငါက အခုလို ခေါ်လာနိုင်ဖို့ ဖွဲ့ကောင်းကောင်းနဲ့ အချိန်အခါနဲ့ အခြေကြည့်ပြီး စောင့်ခဲ့ရတယ်။ အခုတော့ ငါ့ရဲ့လိုအင်ဆန္ဒပြည့်ပါပြီ"

ထွန်းပိုင်သည် ကြောက်စိတ်တွေကို ဘေးဖယ်၍ အားကိုတင်းထားပါသော်လည်း ခုတော့ မရနိုင်လေတော့ပြီ၊ ဘုကျကျနှင့် ခွကန့်လန့် စကားလုံးတို့ဖြင့် တုံ့ပြန်ပြောပစ်လိုက်မည်ဟု ကြံရွယ်ထားပါသော်လည်း လည်ချောင်းထဲတွင် တစ်ဆို့နေပြီး စကားလုံးများက အသံအဖြစ်ထွက်မလာနိုင်တော့ချေ။

"ဘယ်လိုအခြေအနေ မပေးသလဲဆိုတော့ မင်းဟာ နေ့ခင်းပိုင်းတွေမှာ တခြားလိုင်းလမ်းကြောတွေမှာပဲ တာဝန်ကျတယ်။ ရွှက်လှမြိုင်လမ်းကြောဘက် တာဝန်မကျဘူး။ ငါဟာ စိတ်မပျက်ဘဲ ဆက်ပြီးစောင့်ကြည့်ခဲ့တယ်၊ အဲဒီနေ့မှာတော့ - ဒီနေ့မှာတော့ ညပိုင်းမှာ ရွှက်လှမြိုင်လိုင်းမှာမောင်းဖို့ စီနီယာချိတ်ထားတယ်ဆိုတာ သိရတယ်၊ အရင်နေ့တွေမှာလည်း တခြားယာဉ်မောင်းတွေရဲ့ကားတွေကိုစီနီယာချိတ်ခဲ့တာပါပဲ၊ ဒါပေမဲ့ - ခရီးသည်မရှိလို့ မထွက်ကြရဘူး။ ဒါကြောင့် - ဒီည မင်းမောင်းမယ့်ကားကို ထွက်ဖြစ်ရလေအောင် ခရီးသည်ယောင်ဆောင်ဖို့ဒီလမ်းကြောနယ်မြေမှာ ပျော်စံကျက်စားကြတဲ့ ဝိညာဉ်လောကသား လေးကောင်ကို ငါက စည်းရုံးပြီး ခေါ်ခဲ့တာပေါ့ကွာ၊ ဒါထက် - ဗေဒါကန်သုသာန်ကိုရောက်ဖို့ ဘယ်လောက် လိုသေးသလဲကွ"

ထွန်းပိုင်သည် ကားရှေ့မှန်ရောင်ဖြင့် လှစ်ခနဲ မြင်လိုက်ရသည့် မိုင်တိုင်ကို ဖျတ်ခနဲ ကြည့်လိုက်ရင်း ...

"ဟို - အဲ - ရှစ်မိုင် လိုသေးတယ်"

စောစောက ဘုခွကန့်လန့်ပြောရန် ကြံစည်ခဲ့စဉ်က စကားလုံးများက လည်ချောင်းထဲတွင် တစ်ဆို့နေခဲ့ပါလျက် ခုတော့ ထိုသူ၏ မေးခွန်းကို အသံထွက်၍ ဖြေလိုက်နိုင်သဖြင့် မိမိကိုယ်မိမိ အံ့သြလိုက်မိသလို ကြောက်စိတ်ကလည်း ပို၍သာ ဝင်လာသည်၊ သည်တော့လည်း ထိုအရှုးလား၊ ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

လောကသားလား၊ မသိရလေသည့် ထိုသူ၏ စကားလုံးတွေကြောင့် ကားကို ရပ်ပြီး ထွက်ပြေးချင်စိတ်များ ပေါ်လာသည်။ သို့သော် - ထိုသေမင်း ဆိုသူ၏ လက်ထဲမှ မောင်းပြန်စားသွားကြောင့် သူ့အကြံအစည်ကို လက်လျှော့လိုက်ရသည်။

"ဟော့ကောင် - အရှိန်ကို မြှင့်မောင်းစမ်းကွာ"

ထွန်းပိုင်သည် ထိုသူ၏ အမိန့်ကိုဖီဆန်၍ မရပါ။ ဂီယာကို ချိန်းလိုက်ပြီး လီဗာကို ဖိ၍နင်းလိုက်သည်။

"အင်း - ဒီနေရာကနေ ရွက်လှမြို့အထိဆိုရင် သိပ်မလိုတော့ပါဘူး လေ"

"ဟေ့ - ထွန်းပိုင်၊ ဒီထက်ပိုမြန်အောင် မောင်းစမ်းကွာ။ ညာဏ်များမယ်လို့ တော့ မကြံလေနဲ့ ငါ့လူ။ ရှေ့က ဘယ်ဘက်ကို ချိုးတဲ့လမ်းကို မောင်းဝင်လိုက် စမ်းကွာ"

မောင်းပြန်စားသွားက သူ့နံကြားသို့ စောစောကထက်ပို၍ ဖိပြီးထောက်လာသည်။ ဖိ၍နင်းထားသည့် လီဗာကို လျှော့လိုက်သော်လည်း မည်သို့မျှ လျှော့၍မရသလို တစ်ကိုယ်လုံးရှိ အကြောအခြင်နှင့် ကြွက်သားတွေကလည်း ဆိုင်းနေပြန်သည်။ စတီယာရင်ဘီးခွေကို ထိန်းကိုင်ထားသည့် ထွန်းပိုင်၏ လက်အစုံကို မမြင်ရသည့်လက်တွေက အတင်းဆုပ်ကိုင်ဖိညှစ်၍ လှည့်လိုက် သည်ဟု ထင်လိုက်မိသည်။

မည်းမှောင်နေသောဝန်းကျင်ကို နောက်ခံထားသည့် ဗေဒါကန်သုသာန် ၏ အုတ်တံတိုင်းကို ကား၏ မီးရောင်ဖြင့် လှစ်ခနဲမြင်လိုက်ရသည်၊ ထိုသုသာန် သည် ဗေဒါကန်ရွာအတွက်သာမက ရွက်လှမြို့မြို့ကပါ နာရေးကိစ္စအတွက် အသုံးပြုလျက်ရှိသည်။

ကားသည် ခပ်ပြေပြေရှိနေသည့် ကုန်းမြင့်ပေါ်တွင်ရှိနေသော သုသာန် ဆီသို့ ဦးတည်နေသည်၊ ဟိုင်းဝေးလမ်းမကြီးကဲ့သို့ ညီညာပြန့်ပြူးသည့် ကတ္တရာခင်းလမ်းမဟုတ်တော့ဘဲ မျက်နှာပြင်မညီညာသည့် မြေသားလမ်း ကြမ်းဖြစ်နေသဖြင့် ချောမွေ့မှု မရှိတော့ချေ။



အုတ်တံတိုင်း၏ ပြိုပျက်နေသည့်နေရာမှ အုတ်ဂူအဟောင်းအသစ်များ၊ မှတ်တိုင်အဟောင်းအသစ်များနှင့် မြေပုံအဟောင်းအသစ်များကို ကြက်သီး ထွေညင်းသဖွယ် မြင်လိုက်ရသည်။ တစ်ခဏအတွင်းမှာပင် နီညိုညို အုတ်တိုင် နှစ်တိုင်နှင့် သုသာန်အဝင်မုခ်ပေါက်ကို ထိတ်လန့်တုန်လှုပ်ဖွယ် မြင်လိုက်ရ ပြန်သည်။

ထိုလမ်းပေါ်မှ ကျင်းများ၊ ချိုင့်များကို ရှောင်ကွင်းပြီး မောင်းနေရသဖြင့် အရှိန်ကိုထိန်းမနိုင်သိမ်းမရ မောင်းနေရသည့် ကားကလေးမှာ လူးလိမ့်လွဲယမ်း နေသည်၊ အဝင်ဝမုခ်ပေါက်မှ နီညိုညို အုတ်တိုင်ကြီးနှစ်တိုင်က ကားဆီသို့ အလျှင်အမြန် ပြေးလာနေသည်ဟု ထွန်းပိုင် သွေးရူးသွေးတမ်း တွေးထင် လိုက်မိလေသည်။

"ဟော့ကောင် - ထွန်းပိုင်၊ မင်းရော ငါရော နေရမယ့် ဗေဒါကန်သုသာန်ကို ရောက်လာပြီကွ။ ဟား - ဟား - ဟား - ဟား"

ထိုသို့ အရှုးလား၊ ဝိညာဉ်လောကသားလား မသိနိုင်သည့် သေမင်းဆိုသူ နောက်ဆုံးကျန်သည့် ခရီးသည်၏ ထိတ်လန့်ချောက်ချားဖွယ် ကျယ်လောင် စွာ ရယ်မောသံကြီး ပေါ်လာသည်။

တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလေသည့် ထွန်းပိုင်၏ လက်ထဲမှ စတီယာ ရင်ဘီးခွေမှာလည်း ထိန်း၍မရတော့ပဲ လည်၍ထွက်သွားသည်။ လိုက်(ထ်) အေ့(စ်) မှန်လုံကားကလေးသည် အရှိန်ပြင်းစွာပြေးနေရာမှ ရုတ်တရက် ကွေ့သွားပြီး တစောင်းဖြစ်သွားရုံမက ဘီးများသည်လည်း မြေကြီးနှင့် ထိနေရာမှ ရုတ်ခြည်းပင် လွတ်၍ လွင့်စဉ်ထွက်သွားကြသည်။

မြေမကိုင်မိလက်မကိုင်မိ သွေးရူးသွေးတမ်းဖြစ်နေသည့် ထွန်းပိုင်နှင့် သေမင်းဆိုသည့် သူတို့ ရောက်လာသည်ကို ကြိုဆိုနေကြသည့် အသွင်နှမ့် တူသည့် အုတ်ဂူများ၊ မြေပုံများနှင့် သချိုင်းမှတ်တိုင်များနှင့် အရိုပ်မည်းသဏ္ဍာန် ကြီးများ ရှုပ်ရှက်ခတ်ရှေ့လျားနေသည်ကိုသာ နောက်ဆုံးအဖြစ် လှစ်ခနဲ မြင်လိုက်ရချိန်တွင် . . .

"ဝုန်း . . . အုန်း . . ."



www.burmeseclassic.com

www.burmeseclassic.com

အရှိန်ပြင်းစွာဖြင့် လွင့်စဉ်လာသော ထိုကားကလေးသည် သုသာန်အဝင် မုခ်ဦးအုတ်တိုင်ကို ဝင်ဆောင့်လိုက်သည့်အသံက ကျယ်လောင်မြည်ဟည်း၍ ထွက်ပေါ်လာလေသည်။ ထို့နောက် - မြင်ကွင်းသည် မှောင်အတိ ကျသွားတော့သည်။

=၃=

ညဉ့်သန်းခေါင်အချိန်ပင်ဖြစ်သော်လည်း လူတိုင်း အိပ်စက်ကြသူတွေချည်းမဟုတ်ချေ။ ဗေဒါကန်ရွာသူရွာသားများသည်လည်း ဤသို့သာပင် ဖြစ်ကြသည်။ အလည်အပတ် သွားနေကြသူတွေ၊ စလောင်း၊ တီဗွီမှ လွှင့်သည့် နိုင်ငံခြားပွဲစဉ် ဘောလုံးပွဲ ကြည့်ကြသူတွေ၊ ဗွီဒီယို ကြည့်နေကြသူတွေလည်း ရှိကြသည်။ အိပ်ရာထဲ ရောက်နေကြသူတွေ ရှိကြသော်လည်း လူတိုင်း အိပ်ပျော်ကြသည်ကား မဟုတ်ချေ။

ဆိုရပါလျှင် - ဗေဒါကန် ရွာသူရွာသားများအနက် မအိပ်ကြသေးသူ၊ အိပ်မပျော်ကြသေးသူအချို့ ရှိနေကြချိန် ဖြစ်ပါသည်။

ထိုအခိုက် ရွာ၏ အနောက်မြောက်ဖျား မလှမ်းမကမ်းနေရာဆီမှ ကျယ်လောင်လှစွာသောအသံကြီးက ရုတ်တရက် ပေါ်ထွက်လာသဖြင့် အိပ်ပျော်လုပျော်စပြုသူများက လန့်နိုးလာကြသလို မအိပ်ကြသေးသူများ၊ အိပ်၍မပျော်ကြသေးသူများကလည်း ထိုအသံကြီးကြောင့် လန့်ဖျပ်သွားကြလေသည်။ ရွာကလေးသည် လှုပ်ရှားမှုဖြင့် အသက်ဝင်သွားတော့သည်။

အချိန်အနည်းငယ်အတွင်းမှာပင် ရွာထဲမှ ရွာသားများသည် နီးစပ်ရာ အချင်းချင်း လူစု၍ လက်နှိပ်မီး၊ မီးအုပ်ဆောင်း၊ မီးတုတ်များဖြင့် စောစောက အသံကြားရာ ရွာ၏ အနောက်မြောက်ဖျားဆီသို့ လာကြလေတော့သည်။ သုသာန်အနီးသို့အရောက်တွင် ထိုလူစု၏ ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားကြလေသည်။



သုသာန်ကုန်းမြင့်ပေါ်တွင် အလင်းရောင်တစ်ခုကို လှမ်းမြင်လိုက်ကြရသည်။ ထိုနေရာကများ ဖြစ်လေမလားဟု အငြင်းပွားစကားဆိုကြရင်း ထင်ရာမြင်ရာကို ဝေဖန်ပြောဆိုကြရင်းဖြင့် အလင်းရောင်ထွက်နေသည့် သုသာန်အဝင်ဝဆီသို့ လာခဲ့ကြသည်။

သူတို့တစ်တွေ၏ မီးရောင်ဖြင့် သုသာန်အဝင်ဝမှ အုတ်တိုင်ကြီးတစ်ခု မှာပြိုကျနေပြီး အုတ်ပုံကြားတွင် ရေမှိုင်းတစ်ခုလုံး ကြေမွပျက်စီးနေသည့် ခရီးသည်တင် တိုယိုတာလိုက်(ထ်)အေ့(စ်)မှန်လုံကားငယ်ကို အံ့သြဖွယ်ရာ မြင်လိုက်ကြရသည်။

ကားမှာ တုံးလုံးလဲနေပြီး မကွဲမရှသေးသည့် ကား၏ ရှေ့မီးလုံးတစ်လုံးမှာ လင်းလျက်ပင်ရှိနေပြီး ကျွတ်မထွက်ဘဲ ကျန်နေသေးသည့် ရှေ့ဘီးတစ်ဖက်ကလည်း ဖြည်းညင်းစွာ လည်ပတ်နေဆဲပင် ရှိသေးသည်။

မကွဲမရှ တစ်ပိုင်းတစ်စ ကျန်နေသည့်ကားရှေ့လေကာမှန်တွင် ကပ်ထားသည့် စတစ်ကာစာလုံးများအရ ရွှက်လှမြို့အထိ ပြေးဆွဲသည့် ရွှေပွင့်ဦးလိုင်းကားဖြစ်ကြောင်း သိလိုက်ကြသည်။

ထိုကားလိုင်းသည် ခုလိုညဉ့်ပိုင်းတွင် ပြေးဆွဲခဲလှသည်ပဲထားဦးတော့၊ ခရီးသည်ဟူ၍ တစ်ယောက်မျှ ပါမလာသည့်ပြင်၊ ခုလို မုခ်ဦးအုတ်တိုင်ကို အရှိန်ပြင်းစွာဖြင့် ဝင်တိုက်မိသည့် ကားပေါ်တွင် ဒဏ်ရာရနေသူ ယာဉ်မောင်း (သို့မဟုတ်) သေဆုံးနေသည့် ယာဉ်မောင်း၏ ရုပ်အလောင်းကိုပင် မတွေ့ရသည့်အတွက် ထိုလူစုအနေဖြင့် တအံ့တသြ ဖြစ်သွားကြရလေသည်။ ယာဉ်မောင်း ဘယ်ရောက်သွားပြီလဲ၊ အစအန ခြေရာလက်ရာပင် ရှာမတွေ့တော့ချေ။

ပြီးတော့ - ကားဟူသည် မည်သည့်ကားမဆို သွားလာမောင်းနှင်ကြရသည်မှာလည်း လမ်းပေါ်တွင်သာ ဖြစ်သည်။ သုသာန်ဆီသို့ မောင်းလာသည့်ကားဟူသည် အလောင်းတင်သည့် နိဗ္ဗာန်ယာဉ်နှင့် အသုဘပို့သူ ပရိသတ်တို့ စီးလာကြသည့်အများဆုံး ဆယ်စီးထက်မကျော်သော လူစီးကားများက နေ့လယ် သတ်မှတ်ချိန်အရ နေ့လယ်ပိုင်းမွန်းလွဲနှစ်နာရီ၊ သုံးနာရီအတွင်း[illegible] လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်လေ့ရှိကြသည်။ စုတော့ – အချိန်အခါမဟုတ်သော ဒီလို ညဥ့်နက်သန်းခေါင်အချိန်တွင် မည်သူက ဒီကားကို ဒီသုသာန်ဆီမောင်းလာပြီး မည်သည့် ရည်ရွယ်ချက်ဖြင့် အဝင်ဝတွင်းရှိ အုတ်တိုင်ကို ဝင်၍တိုက်ခဲ့ရပါလေသနည်း။ ထူးဆန်းလှချေသည်။

ထိုဖြစ်ရပ်သည် ဗေဒါကန်နှင့် ရွက်လှမြိုင်သာမက အနီးဝန်းကျင်ရှိ ရွာအချို့ထိ ဂယက်ရိုက်သွားပြီး လူစုမိတိုင်း ပြောင်းစုန်နေကြဆဲ၊ ထင်မြင်ချက်တွေဖြင့် ငြင်းခုန်နေကြဆဲ၊ သူ့အမြင် ကိုယ့်အမြင်ဖြင့် ဝေဖန်အငြင်းပွားနေဆဲဖြစ်သည့် ယနေ့အထိ ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်အဖြစ် ရှိနေဆဲပင်ဖြစ်လေသည်။

"ဤမျှသာ"

☛ အမ်ဂျီ–လှကြည်


**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂန္ထီရလောက မဂ္ဂဇင်း




www.burmeseclassic.com

# ကုက္ကိုပင် ရုက္ခစိုးဘိုးဘိုးကြီး နှင့် အထင်အမြှားပြစ်ရပ်ဆန်းများ

မောင်
လူ
သစ်

မြန်မာနိုင်ငံတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ခြင်းအပြင် လူနေမှုထုံးတမ်းအစဉ်အလာအရ နတ်များကိုလည်း ပူဇော်ပသကြသည်။ နတ်များစွာရှိသည့်အထဲတွင် အရိပ်အာဝါသကောင်းသည့် နှစ်ချို့ပင်ကြီးများ၌ ဘုံဗိမာန်ပြု၍နေကြသည့် ရုက္ခစိုးနတ်များကိုလည်း အများအပြား ကိုးကွယ်ပူဇော်ကြသည်။ ရုက္ခစိုးနတ်များထံတွင် တိုင်တည်ဆုတောင်းမှုပြုလျှင် စီးပွားလာဘ်လာဘ တိုးပွားပြီး သားသမီးရတနာ မထွန်း ကားသူများလည်း သားသမီးရရှိအောင် ဆုတောင်းပါက ဆုတောင်းပြည့်သည်ဟု ဆိုကြ၏။

ရုက္ခစိုးနတ်များသည် နောင်ပွင့်မည့် အရိမေတ္တေယျ ဘုရားရှင်ပွင့်သည်အထိ စောင့်ရှောက်ဖူးခွင့် ကြုံနိုင်အောင် အသက်ရှည်ကြပြီး ကောင်းသူကိုကယ်၊ မကောင်းသူကိုပယ်သည့် သီလ၊ သမာဓိနှင့် ပြည့်စုံသော သူတော်ကောင်းနတ်များဖြစ်သည်ဟု ရဟန်းအရှင်သူမြတ်ကြီးများနှင့် ကျမ်းဂန်တို့က အဆိုအမိန့်ရှိသည်။

ဤသည်တွင် ကျွန်တော်တို့ လမ်းထိပ်ရှိ သက်တမ်းကြာမြင့်နေပြီဖြစ်သည့် နှစ်ချို့ကုက္ကိုပင်ကြီးနှင့် ထိုအပင်တွင် နေထိုင်သော ရုက္ခစိုး(ခေါ်) ကုက္ကိုပင်ဘိုးဘိုးကြီးအကြောင်းကို ရှေ့မီနောက်မီ အသက် (၈၀)ကျော်အရွယ်ရှိ ဘကြီးစံ ပြောပြမှုနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရပုံများကို စာဖတ်သူများထံ တင်ပြဝေငှလိုက်ရပါသည်။

ကျွန်တော် ငယ်စဉ်အခါက လူကြီးသူမများသည် လမ်းထိပ်ရှိ ကုက္ကိုပင်ကြီးအောက်တွင် အပေါ့သွားခြင်း၊ ဆဲရေးတိုင်းထွာခြင်းများကို မပြုလုပ်ကြရန် မကြာခဏ သတိပေးတားမြစ်ခဲ့သည်။ ထိုစဉ်အချိန်က လူကြီးများပြောသော စကားကို နားထောင်ခဲ့သော်လည်း တမင်ခြောက်လှန့်ပြောဆိုခြင်းသာ ဖြစ်မည်ဟု ထင်ခဲ့သည်။ အရပ်ထဲရှိ စီးပွားတက်လိုသူ၊ သားသမီးရလိုသူများက ကုက္ကိုပင်ကြီးရှိနတ်စင်၌လာရောက်၍ ဆုတောင်းနေကြပုံများကို မကြာခဏ တွေ့မြင်နေရသော်လည်း အမှတ်တမဲ့ပင် ရှိခဲ့သည်။ သို့သော် – ကျွန်တော် အရွယ်ရောက်ခါစမှ ကြုံတွေ့ခဲ့ရသည့် ကုက္ကိုပင်ကြီးနှင့်ပတ်သက်သော အကြောင်းအရာများမှာ မှတ်မှတ်ရရဖြင့် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းနေတော့သည်။

မနက်စောစောရောက်တိုင်း အရှေ့ဘက်ဆီမှ ထွက်ပေါ်လာသော နေမင်းကြီးနှင့်အတူ ဘကြီးစံသည် ကုက္ကိုပင်ကြီး၌ သူကိုယ်တိုင် ဆောက်လုပ်လှူဒါန်းထားသော နတ်စင်ရှေ့တွင်ရပ်၍ နေ့စဉ်ပြုလုပ်နေကြဖြစ်သည့် ပန်း၊ ရေချမ်း၊ ဆီမီး၊ စားဖွယ်များကိုတင်လှူ၍ နှုတ်မှလည်း...

"အဘိုး – လေးနက်ယုံကြည်စွာဖြင့် သားတော်ကြီး နေ့စဉ်မပျက် ကုသိုလ်ပြုပါတယ်။ သားတော်ကြီးတို့ နေထိုင်ကြသည့် ရပ်ရွာ၊ အိုးအိမ်များကိုလည်း အန္တရာယ်အသွယ်သွယ်မှ ဖယ်ရှားပေးတော်မူပါ အဘိုးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဘကြီးစံသည် ထိုသို့ နတ်စင်၌ ဝေယျာဝစ္စများပြုလုပ်ပြီးမှ တခြားလုပ်ဆောင်စရာကိစ္စများကို ပြုလုပ်လေ့ရှိသည်။ ဘကြီးစံ၏ ကုသိုလ်ကောင်းမှုကြောင့် နတ်စင်မှာ သေသပ်လှပ၍ ရာသီမရွေးတင့်တယ်စွာဖြင့် တည်ရှိနေသည်။ ကုက္ကိုပင်ရှိ အဘိုးနတ်စင်သို့ လာရောက်တိုင်တည်ဆုတောင်းကြသူများကလည်း ဆုတောင်းများပြည့်ကြသဖြင့် နတ်စင်တွင် ပုဆိုးစများ၊ ခေါင်းပေါင်းစများမှာ အမြဲမပျက်ရှိနေပြီး ယုံကြည်ဆုတောင်းသူများလည်း တစ်စ တစ်စ များပြားလာခဲ့သည်။

တစ်နေ့ - ဘကြီးစံသည် နံနက်တိုင်းပြုလုပ်နေကြဖြစ်သော ပန်း၊ ရေချမ်း၊ ဆီမီး၊ စားဖွယ်များကို အဘိုးနတ်စင်၌ တင်လှူဆုတောင်းနေစဉ် ရပ်ကွက်ထဲက အရက်သမားသိန်းဦးရောက်လာပြီး ဘကြီးစံပြုလုပ်နေပုံကို ဘဝင်မကျစွာဖြင့် ကြည့်ပြီး ...

"ဘကြီးစံ - ဒီကုက္ကိုပင်မှာ ဘယ်တန်ခိုးကြီးပုဂ္ဂိုလ်ရှိလို့ ဒီလောက်ရိုသေနေတာလဲ၊ ဒီနတ်စင်ရဲ့ရုပ်ထုကိုလည်း ဘကြီးစံ ကိုယ်တိုင်ပဲလုပ်ထားတာ၊ ဘာမှ သေချာတာမရှိဘဲနဲ့ အပိုအလုပ်တွေ လျှောက်လုပ်မနေနဲ့ဗျာ၊ အချိန်ကုန်တယ်၊ ဘကြီးစံလည်း အသက်ကြီးပြီ ဘုရား၊ တရားပဲ လုပ်ပါဗျာ"

အရက်သမားသိန်းဦး မနက်စောစောစီးစီးမူးလာပြီး ထင်ရာပြောနေသောစကားများကြောင့် ဘကြီးစံ မျက်နှာပျက်သွားပြီး ...

"သိန်းဦး လူလေး - မကိုးကွယ်ချင်နေပါကွယ် မစော်ကားပါနဲ့၊ ဒီကုက္ကိုပင်ကြီးမှာ အကျင့်သီလစင်ကြယ်တဲ့ ရက္ခစိုးဘိုးဘိုးကြီးနေတယ်ကွဲ့၊ ပြီးတော့ - ဘကြီးတို့ မင်းတို့နေတဲ့ ရပ်ရွာကို စောင့်ရှောက်နေတာ၊ ရိုင်းရိုင်းပျပျ မပြောရဘူး၊ အန္တရာယ်များတယ်"

ဘကြီးစံ ရှောင်းဖျဆုံးမပြောဆိုမှုကို သိန်းဦးက လက်မခံဘဲ ...

"ပါးစပ်ထဲရှိရာ လျှောက်ပြောမနေပါနဲ့ဗျာ၊ ကျွန်တော်တို့နေတဲ့ ရပ်ရွာကို စောင့်ရှောက်ဖို့နေနေသာသာ သူကိုယ်တိုင်တောင် သူများလမ်းထိပ်က အပင်မှာ ကပ်နေရတာများ၊ ဟား - ဟား - ဟား"



ဟု ပြောဆိုကာ သိန်းဦးတစ်ယောက် ယိုင်ထိုး ယိုင်ထိုး ခြေမနိုင်သော ခြေလှမ်းများနှင့် ဘကြီးစံရှေ့မှ ထွက်သွားတော့၏။

ဘကြီးစံ သိန်းဦးပြောဆိုသွားပုံများကို လွန်စွာထိတ်လန့်သွားပြီး နတ်စင်ထဲက ဘိုးဘိုးရုပ်ထုကိုကြည့် လက်အုပ်ချီကာ ...

"အမိုက်အမဲလေးမို့ ခွင့်လွှတ်ပေးပါ ဘိုးဘိုးခင်ဗျာ၊ အပြစ်ပေးမှ ရမယ်ဆိုရင်လည်း လျှော့ပေါ့စွာ စဉ်းစားပေးတော်မူပါ ဘိုးဘိုးခင်ဗျာ"

ဟုပြော၍ တောင်းပန်ပြီး သက်ပြင်းများအခါခါချမိနေတော့သည်။ ဘကြီးစံ ထိုနေ့တစ်နေ့လုံး မည်သည့်အလုပ်မျှ ကောင်းစွာမလုပ်နိုင်တော့ဘဲ သိန်းဦးတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့လို့သာ စိတ်ထဲမကြာခဏ ဆုတောင်းနေမိသည်။

ထိုနေ့ ညနေစောင်း နေဝင်သွားချိန်အထိ သိန်းဦးသတင်း မည်သို့မျှ မကြားရသေးပါ။ သို့သော် - ည(၉)နာရီလောက်တွင်တော့ သိန်းဦးသတင်းက ရပ်ကွက်အတွင်းသို့ ပြန့်လွင့်လာပါတော့သည်။ ကြားသိရတဲ့ သတင်းကတော့ -

ထမင်းဝိုင်းတွင် သိန်းဦး မိန်းမဖြစ်သူ မခင်အေးက ထမင်းစားကြွေပန်းကန်နှင့် သိန်းဦးခေါင်းကို ရိုက်လိုက်သောကြောင့် ဆေးခန်းတွင် ခေါင်းသုံးချက် ချုပ်လိုက်ရသည်ဟူ၍ ဖြစ်၏။

လင်မယားရန်ဖြစ်ကြတာ အထူးအဆန်းမဟုတ်ပေမဲ့ သိန်းဦးတို့ လင်မယား သွေးထွက်သံယိုရန်ဖြစ်ခြင်းက အထူးအဆန်းဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် မခင်အေးက အနေအထိုင်အေးဆေးပြီး မယားဝတ္တရားကျေပွန်ရုံတင်မက အိမ်ထောင်သက်တမ်းတစ်လျှောက် သိန်းဦးကို ယခုကဲ့သို့ ကိုယ်ထိလက်ရောက် ပြုမူဖို့မဆိုထားနှင့် စကားအချေအတင်ပင် ပြန်မပြောရဲလောက်အောင် ချစ်ကြောက်ရိုသေရတာကို တစ်ရပ်ကွက်လုံး အသိပင်ဖြစ်၏။ ထို့ကြောင့် ရပ်ကွက်ထဲရှိသူများသည် သတင်းကြားရစဉ်တုန်းက မယုံကြည်ကြဘဲ လက်တွေ့သွားရောက်ကြည့်တော့မှ အမှန်ဖြစ်နေကြောင်း အံ့သြစွာ တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

လင်ယောက်ျားကို အမြဲတမ်းချစ်ကြောက်ရသော မခင်အေး မျက်ရည်လည်ရွဲဖြင့် ဖြစ်ပျက်ခဲ့ပုံများကို ပြန်ပြောပြသည်ကတော့ . . .

"ညစာ ထမင်းစားတော့ ကိုသိန်းဦးက ကျွန်မကို ခါတိုင်းလို - ဟိုရစ် ဒီရစ် မလုပ်ဘဲ ထမင်းကို အေးအေးဆေးဆေး စားနေတာပါ။ ဒါပေမဲ့ - ကိုသိန်းဦး ထမင်းစားနေတာကိုကြည့်ပြီး ဘယ်လိုဖြစ်တယ် မသိပါဘူး။ ကျွန်မ စိတ်ထဲက သူ့ကို တစ်ခုခုအနာတရဖြစ်အောင် လုပ်ချင်နေမိတယ်။ စိတ်ထိန်းထားတဲ့ကြားက နောက်ဆုံး ဘယ်လိုမှ မထိန်းနိုင်တော့ဘူး။ ကျွန်မ သတိဝင်လာတော့ ကိုသိန်းဦး ခေါင်းမှာ သွေးတွေကျနေတာ မြင်ရတာပါပဲရှင်။ ဟင့် - ဟင့် - ကျွန်မကိုယ် ကျွန်မ အပြစ်တင်လို့ မဆုံးပါဘူး၊ ဟီး - ဟီး"

သိန်းဦးတို့လင်မယား သတင်းအပြည့်အစုံ ကြားသိရပြီးမှပဲ ဘကြီးစံ မျက်နှာပေါ်မှ စိုးရိမ်ပူပန်မှုများ ပျောက်ကွယ်သွားကာ ပြုံးယောင်သမ်းသော မျက်နှာထားဖြင့် နှုတ်မှ "တော်သေးတာပေါ့" ဟု တစ်ခွန်းသာ ရေရွတ်လိုက်တော့သည်။

=၃=

(၁၉၈၈) ခုနစ်လွန်ကာလတွင် ဖြစ်သည်။

ကားတစ်စီး လမ်းထိပ်ကုက္ကိုပင်နားသို့ ရုတ်တရက် ထိုးဆိုက်လာသည်။ ကားပေါ်မှ အပြာရင့်ရောင်ယူနီဖောင်းဝတ်ပုဂ္ဂိုလ်များသည် တူရွင်း၊ လွှကြိုး ခွေ အစရှိသည့်ပစ္စည်းကိရိယာများကိုကိုင်၍ဆင်းလာကြပြီး ကုက္ကိုပင်ကြီးကို ခုတ်လှဲရန် ပြင်ဆင်နေသည်။ ထိုအခါ အိမ်ထဲမှ လှမ်းကြည့်နေသော ဘကြီးစံ ပျာပျာသလဲနှင့် ယူနီဖောင်းဝတ်ရဲများထံ ပြေးထွက်သွားပြီး . . .

"မောင်ရင်တို့ - ဘာဖြစ်လို့ သစ်ပင်ကြီးကို ခုတ်ကြမှာလဲ"

ထိုသို့ ဘကြီးစံ အလောတကြီးမေးလိုက်သောအခါ အပြာရင့်ရောင် ယူနီဖောင်းဝတ်အရာရှိ များထဲက တစ်ယောက်ထွက်လာပြီး . . .

"ကျွန်တော်တို့ ရိက္ခာအတွက် ထင်းလိုလို့ပါ ဘကြီး"



"တခြားနေရာက ရှာကြပါလားကွယ်၊ ဒီအပင်မှာ အစောင့်အရှောက်တွေ ရှိလို့ပါ"

"ဒါတော့ ကျွန်တော်တို့လည်း မတတ်နိုင်ဘူး။ အထက်ကခိုင်းတဲ့ အမိန့်အတိုင်းလုပ်ရတာပါ။ အမိန့်ကို ဖီဆန်လို့ မရပါဘူး"

"အထက်က အမိန့်ဆိုတော့လည်း သဘောရှိအတိုင်း လုပ်ကြပေါ့ကွာ။ ဒါပေမဲ့ - ဒီအပင်ကြီးက နတ်ကြီးတယ်။ အလွယ်တကူ ထင်းဆိုက်ဖို့အတွက် စိုက်ထားတဲ့အပင်မျိုး အဖြစ်ခံမှာမဟုတ်ဘူးလို့ ကြိုပြောထားပါရစေ"

ဘကြီးစံ အသံများ တုန်ရီနေသည်။ ဘကြီးစံနှင့် အရာရှိတို့နှစ်ယောက် ပြောနေကြသောစကားများကို နားထောင်ပြီး အရပ်ထဲမှသူများကလည်း စိတ်မကောင်းဖြစ်နေကြသည်။ မည်သူမျှ မကျေနပ်ကြပါ။ ရေငုံနှုတ်ပိတ်သာ နေကြရပါသည်၊ တစ်ရပ်လုံးက ကုက္ကိုပင်ကြီးရှိ နတ်စင်ကို ယုံကြည်ကိုးကွယ် အားထားနေကြသည် မဟုတ်လား။ သို့သော် - အစိုးရအမိန့်ဆိုခြင်းကြောင့် စိတ်ထဲ မခံမရပ်နိုင်ဖြစ်နေကြ သော်လည်း မည်သူမျှ ဝင်ရောက်တားဆီးခြင်း မပြုရဲကြပါ။

ထိုအချိန်၌ ဘကြီးစံသည် မျက်စိစုံမှိတ်၍ ကုက္ကိုပင်ကြီးကို အာရုံပြုလျက် စိတ်ထဲက "သားတော်ကြီး စိတ်ထဲ၊ နှလုံးသားထဲက ယုံကြည်ကိုးကွယ်ခဲ့သော ရုက္ခစိုးဘိုးဘိုးကြီး၊ သားတော်ရဲ့ပြုသမျှဒါန၊ သီလကုသိုလ်များသည် ယနေ့အချိန်အထိ ယုတ်လျော့သွားခြင်း လုံးဝမရှိခဲ့ပါ။ ဤမှန်ကန်သော သစ္စာစကားကြောင့် ယခုဖြစ်နေသောဖြစ်ရပ်သည် မည်သည့်နည်းနဲ့မဆို တရားမျှတသောအဖြစ်သို့ ရောက်ပါစေ" ဟု သစ္စာဆို တိုင်တည်ဆုတောင်းလိုက်၏။

ဘကြီးစံ မျက်စိမှိတ်၍ ဆုတောင်းနေပုံ၊ ဝန်ထမ်းများကုက္ကိုပင်ကြီးအား ခုတ်လှဲရန် ပြင်ဆင်နေကြပုံများကို ဝိုင်းဝန်းကြည့်ရှုနေကြသည့်သူများရဲ့ ကိုယ်စီမျက်နှာများပေါ်တွင် ခံပြင်းဒေါသမကျေမနပ်ဖြစ်ခြင်း၊ စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်းများ ဖြစ်ပေါ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မည်သူမျှမထင်မှတ်ထားသည့်အကြောင်းအရင်းတစ်ရပ်ဖြစ်ပေါ်လာ၏။

မော်တော်ကားဟွန်းသံ၊ အရေးတကြီးခေါ်သံ…

"တီ-တီ-တီ-တီ"

"ဟုတ်"

"——"

"အခုပဲ ပြန်လာခဲ့ပါ့မယ်"

"ကဲ-ဟေ့ကောင်တွေ အားလုံးကားပေါ်ပြန်တက်ကြ၊ အမိန့်ဝင်လာတယ်၊ ချက်ချင်းလာရမယ်"



"ခဏမျှကြာသောအခါ "ဂုန်း" ဆိုသည့် အိမ်အပြင်ဘက်မှ ကျယ်လောင်သောအသံကြောင့် မောင်သူရ အိမ်အပြင်ကိုထွက်ကြည့်ရာ ကျော်ဦး ဆိုက်ကားထိုး၍ အိပ်နေသော နေရာတည့်တည့်ကို သစ်ကိုင်းကြီးကျိုးကျနေတာ မြင်လိုက်ရသည်"



အရာရှိသည် သူ၏ ခါး၌ ချိတ်ထားသော ဖုန်းအသံမြည်လာ၍ ဖုန်းဖွင့်ပြောပြီးနောက် ဝန်ထမ်းများကို အမိန့်ပေးနေခြင်းဖြစ်သည်။ ထို့နောက် သူတို့အုပ်စုသည် သစ်ပင်ခုတ်လှဲမည့် ပစ္စည်းကိရိယာများကို ကားပေါ်သို့ လျင်မြန်စွာ ပြန်တင်ပြီးနောက် ကားကြီးနှင့်အတူ ကုက္ကိုပင်ကြီးနှင့် ဝေးသောတစ်နေရာဆီသို့ တရွေ့ရွေ့ထွက်ခွာသွားလေတော့သည်။

မထင်မှတ်ဘဲ ကုက္ကိုပင်ကြီးခုတ်လှဲရန် အစီအစဉ်ပျက်သွားသောအခါ ရင်တမမနှင့် ဝိုင်းဝန်းကြည့်ရှုနေသူများသည် ဝမ်းမြောက်ဝမ်းသာဖြင့် ဘကြီးစံ ရပ်နေသောနေရာကို ဝိုင်းဝန်းစုပြုံလာကြကာ မည်သို့မည်ပုံ တိုင်တည်ဆုတောင်းလိုက်သလဲဟု ဘကြီးစံအား တစ်ယောက်တစ်ပေါက်နှင့် မေးမြန်းနေကြတော့သည်။

"အေး-ကံငါးပါးကို လုံအောင်ထိန်းကြ၊ ကတိသစ္စာ မဖောက်ဖျက်ကြနဲ့၊ ဘယ်တော့မှ ဆင်းရဲဒုက္ခရောက်ခြင်းကို တွေ့ကြရမှာမဟုတ်ဘူး"

ဟု ဘကြီးစံက တိုတိုတုတ်တုတ်သာဖြေပြီး လမ်းထဲကို တစ်လှမ်းချင်း လျှောက်၍ဝင်သွားတော့သည်။

နေညိုချိန် ညနေစောင်း၌ မောင်သူရသည် အလုပ်မှအပြန် အရက်ဆိုင်ကိုဝင်၍ အိပ်ကောင်းစားကောင်းရုံမျှ အနည်းငယ်သောက်ပြီး ခပ်ထွေထွေလေးနှင့် အိမ်ပြန်လာရာ လမ်းထိပ်သို့ရောက်သောအခါ ကုက္ကိုပင်ကြီးအောက်တွင် ဆိုက်ကားထိုး၍အိပ်နေသော ဆိုက်ကားသမားကျော်ဦးကို တွေ့သောအခါ မောင်သူရက…

"ဟေ့ကောင်-ကျော်ဦး၊ မင်း အလုပ်လုပ်စားဦးမှာလား၊ အလကားနေ အိပ်နေတာပဲ၊ ဆိုက်ကားကို ငါ့အိမ်ရှေ့ ရွှေ့ထားလိုက်၊ ဈေးသွားမလို့ ငါ အိမ်ထဲ ပိုက်ဆံဝင်ယူလိုက်ဦးမယ်"

ဟု ကျော်ဦး အိပ်နေသောအနားသို့ သွား၍ပြောပြီး ကျော်ဦးနိုးလာမှ အိမ်ထဲကို ဝင်သွားသည်။

ခဏမျှကြာသောအခါ "ဂုန်း" ဆိုသည့် အိမ်အပြင်ဘက်မှ ကျယ်လောင်သောအသံကြောင့် မောင်သူရ အိမ်အပြင်ကိုထွက်ကြည့်ရာ ကျော်ဦး ဆိုက်ကားထိုး၍အိပ်နေသော နေရာတည့်တည့်ကို သစ်ကိုင်းကြီးကျိုးကျနေတာ

www.burmeseclassic.com

မြင်လိုက်ရသည်။ သတိရ၍ ကျော်ဦးအား လိုက်ရှာကြည့်ရာ သူ့အိမ်ရှေ့၌ ဆိုက်ကားဘေးတွင် မတ်တတ်ရပ်နေသော ကျော်ဦးကိုမြင်မှ စိတ်အေးသွားတော့သည်။

ကျော်ဦးသည် မောင်သူရအနားသို့ မျက်နှာငယ်လေးဖြင့် လျှောက်လာပြီး…

"သူရရယ်… မင်း ကယ်ပေလို့သာပေါ့ကွာ။ နို့မို့ဆို ငါရော၊ ဆိုက်ကားရော ရစရာရှိတော့မှာ မဟုတ်ဘူး။ အသေပဲကွ – တွေးကြည့်ရင်တောင် ကြက်သီးထတယ်။ အရမ်းကျေးဇူးတင်တယ် သူငယ်ချင်းရာ"

ဆိုက်ကားသမားကျော်ဦး ပြောနေသော ကျေးဇူးတင်စကားများကို နားထောင်နေရသော မောင်သူရ ကြောင်တောင်တောင်နှင့် နားမလည်သလိုဖြစ်နေသောကြောင့် ကျော်ဦးအပါအဝင် အနီးအနားရှိ အဖြစ်အပျက်ကို အစအဆုံး မြင်လိုက်ရသူများက မောင်သူရအား ဈေးသွားရန် ကျော်ဦးကို နှိုးပြီး ဆိုက်ကားငှားပုံ၊ အိမ်ရှေ့ကို ဆိုက်ကားရွှေ့ထားရန်ပြောပြီး အိမ်ထဲပိုက်ဆံဝင်ယူမယ်ဟု ပြောပုံများကို ပြန်ပြောပြကြသောအခါ မောင်သူရက နားမလည်သည့်အမြင် ပိုပြီးနားရှုပ်သွားပြီး…

"ဘာတွေ ပြောနေကြတာလဲ၊ ဘာမှကို နားမလည်ဘူး။ ကျွန်တော် ကျော်ဦး ဆိုက်ကားပေါ်မှာ အိပ်ပျော်နေတာ မြင်ပါတယ်။ ဒါပေမဲ့ – သူ့ကို နှိုးဖို့ နေနေသာသာ ကိုယ်တောင် အလုပ်ပင်ပန်းလို့ အိပ်ချင်နေတာ၊ ပြီးတော့ ဘယ်ဈေးမှလည်း သွားစရာမရှိဘူး။ အိမ်ထဲမှာ အိပ်မလို့ပြင်နေတုန်း အပြင်ဘက်က အသံကြားလို့ ထွက်ကြည့်တာ။ ကဲ – ရှင်းကြပြီလား၊ စိတ်ရှုပ်တယ် သောက်ထားတာလေးတွေတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

မောင်သူရစကားဆုံးတော့ နားထောင်နေသောသူများသည် အံ့ဩခြင်းများဖြင့် အဖြစ်အပျက်ကို အဖြေရှာကြည့်နေကြတော့သည်။

ဘကြီးစံ မှတ်ချက်စကားကတော့ သစ်ကိုင်းကျိုးကျမည်ကို ကြိုသိသဖြင့် ဆိုင်ရာပိုင်ရာများက မောင်သူရကို ပူးကပ်ပြီး ကျော်ဦးအား သစ်ပင်အောက်က ဖယ်ရှားလိုက်ခြင်းဖြစ်သည်ဟု ဆိုကြလေသည်။

=❦=



ဗုဒ္ဓတရားတော်တွင် အတိတ်ဘဝကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံ ကံသုံးပါးတို့ရဲ့အကျိုးအပြစ်မှ (၃၁)ဘုံအကြောင်းကို သိထားခဲ့ကြ၏။ ဗြဟ္မာဘုံ၊ နတ်ဘုံ၊ လူ့ဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံဘဝများကို ဘုရားဟောတရားများမှ ဗုဒ္ဓဘာသာဝင် လူအများ လက်ခံယုံကြည်ခဲ့ကြသည်။

သို့သော် မမြင်ရ၊ မမြင်အပ်သော ပရလောကသားများရှိသည်ကို အချို့သောသူများသည် လက်ခံယုံကြည်ခြင်း မရှိချေ။ ထိုသို့ မယုံကြည်ကြသူများထဲတွင် ကိုမြတ်ကျော်ဆိုသည့် သူတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ ကိုမြတ်ကျော်သည် ဇနီးနှင့်သားတစ်ယောက်ရှိသည့် ငါးပွဲစားလုပ်သော လူလတ်ပိုင်းတစ်ယောက်ဖြစ်သည်။ သူက ရပ်ရေးရွာရေးတို့တွင် ရှေ့ဆုံးမှ အမြဲတမ်းတက်ကြွစွာ ပါဝင်ဦးဆောင်လေ့ရှိသောကြောင့် လူချစ်လူချင်အပေါင်းအသင်းမိတ်ဆွေ ပေါများသည့် ရပ်ကွက်လူငယ်ခေါင်းဆောင် တစ်ယောက်ဖြစ်သည်။

ငါးဈေးကြီးတွင် ငါးဝယ်ရောင်းပွဲစားဖြစ်သောကြောင့် စီးပွားရေးအရ ဝင်ငွေကောင်းသူတစ်ယောက်ဖြစ်၏။ ရပ်ကွက်ထဲရှိ သာရေး၊ နာရေး၊ ကိစ္စများ၌ ငွေအင်အားသာမက လူကိုယ်တိုင်ပါဝင်ဆောင်ရွက်သဖြင့် ရပ်ကွက်၏ အားကိုးအားထားပြုရသောသူ ဖြစ်သည်။ ရပ်ကွက်အတွင်းဖြစ်ပျက်သည့် ပြဿနာအကြောင်းကိစ္စရပ်အချို့၌ ကိုမြတ်ကျော်ဝင်ရောက်ဖြေရှင်းပေးသောအခါ နှစ်ဦးနှစ်ဖက် ကျေအေးသွားနိုင်လောက်အောင် ဩဇာရှိသူတစ်ယောက်ဖြစ်သည်။

တစ်နေ့တော့ ရပ်ရေးရွာရေးအတွက် အမြဲကောင်းဖို့စဉ်းစားတတ်သော ကိုမြတ်ကျော်သည် လူအသွားအလာများသည့် လမ်းထိပ်ရှိ သက်တမ်းရင့်တဲ့ကုက္ကိုပင်ကြီးကို ဖြတ်သန်းသွားလာသူများအတွက် အန္တရာယ်ရှိသည်ဟုဆိုကာ ခုတ်လှဲရန်စီစဉ်လေသည်။ ထိုအကြောင်းကို ဘကြီးစံကြားသောအခါ မနေသာတော့ဘဲ ကိုမြတ်ကျော်နှင့် တွေ့ဆုံ၍…

"မောင်မြတ်ကျော် – ဒီအပင်ကြီးက မင်းတို့ငယ်ငယ်လေးထဲက ရှိနေတာ ဘယ်သူ့ကို ဒုက္ခပေးတာ ကြုံဖူးလို့လဲ။ ဒီအပင်ကြီးက ငါ ငယ်စဉ်အခါ



www.burmeseclassic.com

www.burmeseclassic.com

တုန်းကတည်းက ဒီပုံစံအတိုင်းပဲရှိနေတာ သက်တမ်းတောင် ခန့်မှန်းလို့မရဘူး၊ ဒီအပင်ကြီးအကြောင်းကို ဒီရပ်ကွက် ငယ်မွေးချင်းပေါက်ဖြစ်တဲ့ မင်းကို သိပ်ပြီး အတွေ့အထူးရှင်းပြနေဖို့ မလိုပါဘူးကွာ"

ဘကြီးစံ၏ စကားများကို လက်ခံသည်၊ လက်မခံသည်ဟု မည်သို့မျှ ကိုမြတ်ကျော် ပြန်မဖြေခဲ့ပါ၊ သို့သော် ဟိုစဉ်အချိန်အခါတုန်းကတည်းက ဘကြီးစံ ကုက္ကိုပင်ကြီးနှင့်ပတ်သက်ပြီး အယူသီးပုံကို သဘောမတွေ့သော ကိုမြတ်ကျော်မည်သို့မျှလက်မခံနိုင်ပါ၊ ဘာမှအကောင်အထည်မမြင်ရသည့် အရာတွေကို နတ်စင်ဆောက်ပြီး ကိုးကွယ်နေကြသည်ကို ကန့်ကွက်ဆန့်ကျင်ချင်သော်လည်း အများစုက ယုံကြည်ကိုးကွယ်နေကြသဖြင့် မကျေနပ်သော်လည်း မပြောဘဲနေခဲ့ရသည်၊

ယခုတော့ အများအန္တရာယ်ဖြစ်နိုင်သည့် ကုက္ကိုပင်ကြီး ခုတ်လှဲမည့်ကိစ္စတွင် မည်သူ့တားတား နောက်မဆုတ်ဘူးဟု ကိုမြတ်ကျော် ဆုံးဖြတ်ထားခဲ့သည်၊ လူအများ အန္တရာယ်ကင်းစေရန်အတွက် အပင်ခုတ်လှဲရာတွင် ဘကြီးစံ ပြောသလို မမြင်ရသောအရာများကို ငဲ့ကွက်ရန် ကိုမြတ်ကျော် လုံးဝမစဉ်းစားနိုင်ပါ၊ ကုက္ကိုပင်ကြီး ခုတ်လှဲမည်ဟု သိကြသောအခါ အရပ်ထဲက လူအများစုသည် ကိုမြတ်ကျော် လုပ်ရပ်ကို ဝိုင်းဝန်းပိတ်ပင်တားဆီးကြသည်၊ သို့သော် ကိုမြတ်ကျော် လက်မခံဘဲ အပင်ခုတ်လှဲရန်အတွက် သစ်ပင်ခုတ်မည့်သူ ငှားရမ်းဖို့သာ စီစဉ်လေသည်၊ ကုက္ကိုပင်ခုတ်လှဲမည့်လုပ်ရပ်ကို အရင်လို ရပ်ကွက်ထဲကလူများ လိုလားမှုမရှိကြသဖြင့် ကိုမြတ်ကျော် တစ်ယောက်တည်း အပင်ခုတ်လှဲမည့်သူ လိုက်လံငှားရာ တချို့က ထိုကုက္ကိုပင်ကြီးကို မခုတ်ရဲဟုဆိုကာ လက်မခံဘဲ တချို့ခုတ်ရဲသည့် သစ်ပင်ခုတ်သမားများကလည်း ချိန်းထားသည့်ရက်ကိုရောက်မှ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်ကြသဖြင့် သစ်ပင်ခုတ်လှဲမည့်ကိစ္စ ကြန့်ကြာနေရသည်၊ မပြီးမြောက် အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်ရသည်၊

ကိုမြတ်ကျော် သစ်ပင်ခုတ်လှဲရန်အတွက် အဆင်မပြေဖြစ်နေသော အချိန်တွင် ဘကြီးစံရောက်လာပြီး...



"မောင်မြတ်ကျော် သစ်ပင်ကြီးခုတ်ဖို့ လက်လျှော့လိုက်ပါတော့လားကွာ၊ ဒီလိုလုပ်ရပ်မျိုးက စိတ်နဲ့တောင် မကြံစည်ကောင်းဘူးကွဲ့"

"ဘကြီးစံကိုတော့ လူကြီးတစ်ယောက်အနေနဲ့ ရိုသေလေးစားပါတယ်၊ ဒါပေမဲ့ – ခုလုပ်တဲ့အလုပ်က စိတ်ကူးယဉ်ဆန်ဆန် ဘကြီးစံတို့လို အတွေးမျိုးနဲ့တော့ မတူဘူးပေါ့ဗျာ၊ အများကောင်းဖို့လုပ်နေတဲ့ ကျွန်တော့်အလုပ်ကို ရပ်ဆိုင်းဖို့မပြောပါနဲ့၊ အန္တရာယ်ဖြစ်လာနိုင်တဲ့ ဒီအပင်ကြီးကို ခုတ်ဖို့အတွက် စိတ်နဲ့တင်မဟုတ်ဘူး လက်တွေ့ကျကျ ခုတ်ပစ်မှာ စိတ်သာချ ဘကြီးစံ၊ ကျွန်တော်လုပ်တာ အများအတွက်ပါ"

ကိုမြတ်ကျော် ရင်ထဲက ပွင့်အန်ကျလာသော စကားများကို ဘကြီးစံ စိတ်မချမ်းမြေ့စွာဖြင့် နားထောင်ပြီး နောက်လေးလံနေးကွေးသော ခြေလှမ်းများဖြင့် ထွက်သွားရှာတော့သည်၊

ဘကြီးစံနှင့် ကိုမြတ်ကျော် တွေ့ဆုံစကားပြောပြီးနောက် ရက်သတ္တပတ်အတွင်း၌ မယုံကြည်နိုင်လောက်အောင် အံ့ဩစရာအဖြစ်အပျက်များ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့၏၊ ထိုအဖြစ်အပျက်များ၏ ကာယကံရှင်ကတော့ တဖွတ်ထိုးသမား ကိုမြတ်ကျော်သာ ဖြစ်သည်၊

ကိုမြတ်ကျော်ဇနီး ငါးဈေးမှအပြန် ကားတိုက်ခံရ၍ ခြေထောက်ကျိုးသွားသောကြောင့် ဆေးရုံတင်လိုက်ရသည်၊ ဇနီး ဆေးရုံတင်လိုက်ရပြီး သုံးရက်မြောက်နေ့တွင် ကိုမြတ်ကျော်၏ တစ်ဦးတည်းသော သားလေး သွေးလွန်တုပ်ကွေးဖြစ်သောကြောင့် ကလေးဆေးရုံတင်လိုက်ရပြန်သည်၊ ကိုမြတ်ကျော် တစ်ယောက် ဇနီးတက်ရောက်နေသော အရိုးကုဆေးရုံပြေးရ၊ သားလေး တက်ရောက်နေသော ကလေးဆေးရုံပြေးရနှင့် စိတ်ရောလူရော နားလန်မထူနိုင်အောင် ဖြစ်နေစဉ် ငါးဖိုးငွေပေး၊ ငွေယူကိစ္စများတွင် ကိုမြတ်ကျော် ပေးရန်ရှိသော ပိုက်ဆံများကို ယခင်က အေးဆေးမှပေးပါဟု ပြောထားကြသော ကြွေးရှင်များသည် မည်သို့ဖြစ်သည်မသိ ယခုလိုမျိုး သောကပင်လယ် ဝေနေချိန်မှ ရက်ချိန်းပေးပြီး ကိုမြတ်ကျော်ထံ အကြွေးများကို ဆုံးရှုံးတော့မည်သင်တာ နားပူနားဆာလုပ် အဓမ္မတောင်းလာကြသည်၊ ပို၍ ထူးဆန်းသည်က

www.burmeseclassic.com

ကိုမြတ်ကျော်နှင့် ကြွေးရရန်ရှိသူများသည် လုပ်ကိုင်ကြသောလုပ်ငန်းချင်းတူပြီး တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်ကြသူများဖြစ်ပြီး အခုတော့ ရက်ချိန်းမြှင့်၍ မပေးနိုင်ပါက ကိုမြတ်ကျော်ကို တရားစွဲဆိုရန်အထိ ဖြစ်လာကြသည်။

ကိုမြတ်ကျော် လက်ရှိနေထိုင်သော အိမ်သည် အမွေဆိုင်အိမ်ဖြစ်ပြီး သူ့ရဲ့ညီနှင့် ညီမက စီးပွားရေး မပြေလည်ကြသဖြင့် အိမ်အတွက် ရစရာရှိသည့် ပိုက်ဆံများကို စိုက်ထုတ်ပေးရန်နှင့် မပေးနိုင်ပါက အိမ်ရောင်းပြီး မောင်နှမသုံးယောက် အညီအမျှခွဲယူကြရန် တောင်းဆိုလာကြသည်။

ကိုမြတ်ကျော်၏ ပြောင်းလဲမှုမြန်ဆန်သော ဘဝကံကြမ္မာကိုကြည့်ပြီး ပတ်ဝန်းကျင်ရှိသူများက ကရုဏာဒေါသဖြင့် တီးတိုးဝေဖန်ပြောဆိုနေကြတော့သည်။

"နတ်နဲ့နဂါး မလှည့်စားရဘူးဆိုတာ တကယ်မှန်တယ်နော်"

"မကိုးကွယ်ချင်နေပါ။ သွားပြီးစော်ကားမော်ကားတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့"

"ကိုမြတ်ကျော်က မှားတယ်ဆိုပေမယ့် ရပ်ရွာအတွက်ထားတဲ့ စေတနာအများပါ"

နောက်ဆုံးတော့ ဆိုးဝါးလှသည့်အဖြစ်အပျက်များကြောင့် ကိုမြတ်ကျော် ဘဝလုံးပါးပါးရတော့၏။ ဇနီးနှင့်သားအတွက် ပူပန်သောကများကတစ်ဖက်၊ ကြွေးပူများက တစ်ဖက်၊ အမွေကိစ္စများနှင့်ပါ ရောထွေးသွားသောကြောင့် ကိုမြတ်ကျော်တစ်ယောက်၊ လောကဓံ၏ ထိုးနက်ချက်များစွာကို မရှုံ့တစ်မည် ခံစားလိုက်ရသည်။ အိမ်ကို အမြန်ဆုံးရောင်း၍ ညီနှင့် ညီမအတွက် ရသင့်ရထိုက်သော ပိုက်ဆံများခွဲဝေပေးပြီး သူ့အတွက်ရသော ပိုက်ဆံကို အကြွေးများဆပ်ပြီး ကျန်ရှိသည့်အတိုင်းအတာပမာဏငွေနှင့် မြို့တွင်း၌ နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် မြို့စွန်ကို ပြောင်းရွှေ့သွားရလေတော့သည်။

ဘကြီးစံ မျက်ဝန်းမှ မျက်ရည်စများ ဝေ့သီ၍ တစ်ယောက်တည်း နှုတ်မှ ရေရွတ်နေသည်။

"မောင်မြတ်ကျော် လူလေး - မင်းက ပိုင်ရာဆိုင်ရာတွေကို နေစရာမရှိအောင် ကြံစည်တော့ မင်းကိုယ်တိုင် ဒုက္ခရောက်ပြီးနေရပ်ကို စွန့်ခွာသွားရပြီမလားကွာ။ လောကကြီးမှာ မမြင်ရပေမဲ့၊ သိပ္ပံနည်းမကျပေမဲ့ ယုံကြည်ထိုက်တဲ့အဖြစ်အပျက်တွေရှိနေတယ်ဆိုတာ မင်း လက်ခံယုံကြည်လောက်ပြီထင်ပါတယ်။ နောင်ကို မင်း ဒီလိုမျိုး တစ်ဖွတ်ထိုးဆက်မလုပ်တော့ဘူးလို့ ဘကြီးစံ မျှော်လင့်ပါတယ်ကွာ"

(ဘကြီးစံ ပြောပြခဲ့သော အကြောင်းအရာများနှင့် ကိုယ်တွေ့ကြုံရမှုများကို ဆီလျော်အောင် ဖြည့်စွက်ရေးသားခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်)

မောင်လူသစ်

စာရူရှင်များသို့

ရွေးချယ်ထောစာရူများထို ဖြန်လည်ဝေးမို့ စည်စတုတ်ပါ၍ မိတ္တူပွားထားထြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# တစ္ဆေနွား

မောင်နီချို

သူက ရန်ကုန်သားမှ ရန်ကုန်သား အစစ်၊ ရေမရောဘူးလို့တောင် ဆိုလို့ရ တယ်။ ဘာကြောင့်အဲဒီစကား ပြောရသလဲလို့ သူ့ကိုမေးရင် တချို့က သန်းခေါင်စာရင်း၊ နိုင်ငံသား သက်သေခံကတ်ပြားထဲမှာသာ ဇာတိ၊ ရန်ကုန်ဆိုပြီး မွေးကတည်းက ရေကြည်ရာ မြက်နုရာ ဟိုဟိုသည်သည် ရွှေ့ပြောင်းကြ၊ နေထိုင်ကြသူတွေ ရှိရဲ့မို့လား။ အမှန်ဆိုရင် ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်းတွေလို့ ဆိုရမှာပဲ။ ခုန သူက ရေမရောဘူးဆိုတာက ဒီအသက်အရွယ်အထိ ရန်ကုန်မှာပဲမွေး၊ ရန်ကုန်မှာပဲ ကြီးပြင်း၊ ရန်ကုန်မှာပဲ လုပ်ကိုင်စားသောက်နေရလို့ ရေမရောဘူး ပြောရတာ။



www.burmeseclassic.com

www.burmeseclassic.com

ဆိုရရင် အဲသလိုလူက ကိုယ့်ဇာတိနဲ့ မိုင်ပေါင်းများစွာဝေးလံတဲ့ စိမ်းသက်တဲ့ တစ်ကြိမ်တစ်ခါမှ စိတ်ကူးတောင် မယဉ်ခဲ့ဘူးတဲ့ အညာဒေသရဲ့ မင်းဘူးမြို့နဲ့ ပဒါန်းမြို့ကလေးကြားက ရိုးမကြီးထဲကို ရောက်လာခဲ့ရတာ မဆန်းလှပေဘူးလား။ ပဋ္ဌာန်းဆက်ဆိုလည်း ပဋ္ဌာန်းဆက်ပေါ့။

နဘူးတောင်မော်ဆိုတာ သူက ရန်ကုန်မြို့ကြီးကနေ ခြေတစ်လှမ်းမှ မခွာခဲ့ဘူးသူဆိုတော့ ရမ်းသန်းပြီး စမ်းတဝါးဝါးနဲ့ ရိုးမထဲလိုက်ခဲ့ရတာ၊ ရောက်ခဲ့ရတာပါ။

လေးပင်ရွာဆိုတာ မဝေးဘူး။ ပဒါန်းကား ကားလမ်းနံဘေးက ရွာလေးရယ်၊ ရွှေစက်တော်ဘုရားကိုသွားရတဲ့ လမ်းခွဲကရှေ့လှနဲ့ မနီးမဝေးက ကားရပ်စခန်းရှိတဲ့ ရွာလေးပေါ့။ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လေးငါးဆိုင်ရှိပြီး၊ သူရောက်တော့ ညနေစောင်းနေပါပြီ။ စုံစမ်းကြည့်တော့ မော်က ရိုးမကြီးထဲကို ဆယ်မိုင်သွားရဦးမယ်တဲ့။ မင်းဘူးမြို့ကနေ နှစ်လုံးထိုး ထော်လာဂျီအမိုးပေါ်ကနေ သူ မြင်တွေ့ခဲ့ရသလောက်တော့ ကားလမ်းမ အနီမှာ အမြင့်၊ အကွေ့အဝိုက်တွေတစ်လျှောက် ရိုးမတောင်စဉ်တွေ၊ သစ်တောစိုက်ခင်းတွေ၊ ကျိုးတိုးကျဲတဲနဲ့ တောကတုံးတွေ များပါတယ်။

မော်ထဲကနေ မင်းဘူးကို ထော်လာဂျီက တစ်နေ့တစ်စီးပဲ သွားပေမယ့် သူသွားတဲ့၊ ရောက် သွားတဲ့အချိန်က မော်ထဲပြန်တဲ့ ထော်လာဂျီ မရှိတော့ပါဘူး။ နေက စောင်း နေပြီ၊ မော်ထဲအထိ ခြေကျင်သွားရင်သွား၊ ဒါမှမဟုတ် မနက်လင်းခါမှ ရွာက နွားလှည်းတစ်စီးငှားပြီး သွားချင်သွား အဲဒါပဲရတယ်။ ဒါပေမဲ့ - မော်ထဲသွား သူတွေကတော့ ကိုယ်ပါလာတဲ့ဝန်စည်နဲ့ ကိုယ့်အိတ်ကိုယ်ထမ်း ခြေကျင်သွားကြတာပဲရယ်၊ နောက်ဆုံး လမ်းမသိတဲ့သူလည်း ခရီးကြုံစောင့်ရင်းနဲ့ မင်းဘူးမြို့အထွက် ဆင်ခေါင်းဆိုတဲ့ရွာက မော်ထဲပြန်မယ့် မိန်းကလေးသုံးယောက်အုပ်စုနဲ့ အဖော်ရသွားရဲ့၊ သူတို့ လေးပင်ရွာကလေးကနေ စထွက်လာတော့ နေက ဝင်လုနေပြီ။ မော်လမ်းဆိုတာက ရိုးမကြီးထဲ ဝင်တဲ့ လှည်းလမ်း၊ ထော်လာဂျီလမ်းကို ခေါ်ကြတာပါ။ မိန်းကလေးတွေက



ကားတပြောပြော ခြေလှမ်းသွက်သွက်နဲ့ ရန်ကုန်သားဖြစ်တဲ့ သူ့ကို စောင့်ခေါ်ကြပါတယ်၊ ကျင်းတဲတွေ ရွှေမည်းလုပ်ကွက်တွေကလည်း အများကြီးလို့ဆိုတယ်။ မော်နာမည်တွေကလည်း မောဝန်၊ ကျောက်တစ်လုံး၊ ဇီးပင်ချိုင့်၊ ရှားတော၊ သစ္စတ်ပင်၊ နဘူးတောင်၊ ကံဖျား၊ တဲတိုက်ထိပဲ သွားမှာဆိုတော့ သူ သွား ချင်တဲ့ နဘူးတောင်မော်လမ်းကို ညွှန်ပြပေးမယ်တဲ့၊ သူ ရှာချင်တဲ့ မနီးသည် ကိုမတွေ့ရင် တွေ့တဲ့မော်တဲတစ်တဲမှာ ခွင့်တောင်းပြီးအိပ်တဲ့၊ မနက်ကျမှ မော်ထဲမှာရှိတဲ့ ဗီဒီယိုကနေ လောစပီကားကြီးနဲ့ ရှာနေတဲ့၊ တွေ့လိုတဲ့သူကို အော်နိုင်းတဲ့၊ အဲဒါ - မော်ထဲက လူရှာနည်းပဲတဲ့၊ သူ စိတ်ညစ်သွားမိရဲ့၊ သူ့အဖြစ်က မော်နာမည်တစ်ခုကလွဲပြီး ဘာမှမသိတဲ့ အဖြစ်၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံး မော်အနှံ့ရှိသမျှ မော်တွေထိ လိုက်ရှာမယ်လို့ သူက ဆုံးဖြတ်ပြီး သားပါ၊ သူ မမြင်ဖူးတဲ့ ရင်သွေးလေးနဲ့ကိုး။

သူ့ကို လမ်းပြခေါ်လာတဲ့ မိန်းကလေးတွေက နယ်ခံတွေလည်းဖြစ်၊ သွားနေကျလည်းဖြစ်လို့ မှောင်နေပြီးဖြစ်တဲ့လမ်းမှာ လျှိုတွေ၊ ချောင်းစောက်တွေ၊ ကုန်းဆင်းတွေကိုလည်း ဆက်ပြီးအားကိုးနဲ့ သွားလာနိုင်ပေမယ့် သူ့အဖို့က သိပ်မလွယ်ဘူး။ အမှန်ပြောရင် သူမတို့တစ်တွေသာမပါရင် ရိုးမအမှောင်ထဲ သူ့မျက်စိလည်နေမှာ သေချာနေပါရဲ့၊ နောက်ကျန်ခဲ့တဲ့ တစ်ရက်၊ နှစ်ရက်က ရိုးမပေါ်မိုးရွာထားလို့ မြေဝါမြေလေးတွေနဲ့ အဆင်းလမ်းတွေမှာ သူ မကြာခဏလဲတယ်၊ ဒီကြားထဲ ရေဒူးဆစ်လောက်နက်တဲ့ တောင်ကျချောင်းအချို့လည်း ကူးရဖြတ်ရရဲ့၊ ချောင်းက ပေနှစ်ဆယ်တောင် ကျယ်ပေမဲ့ မိုးဆိုရင် ဒါမှမဟုတ် ရိုးမပေါ်က တောင်ကျရေဆင်းရင် လူ့မပြောနဲ့ ကျွဲ၊ နွားတောင် မကူးတော့ဘူးဆိုပဲ၊ ကူးရင် နောက်တစ်ရက်အလောင်းပဲရတယ်တဲ့၊ ရွာနှစ်ရွာကို ကျော်လွန်လာမိမှ အဝေးက တောင်ချိုင့်ဝှမ်းတွေ၊ တောင်နံရံတွေ ကုန်းထိပ်တွေမှာ မီးရောင်လှဲ့လှဲ့လေးတွေ လှမ်းမြင်လိုက်၊ ပျောက်ကွယ်သွားလိုက်နဲ့ အဲဒါမော်ပဲတဲ့၊ နောက် - တစ်နာရီလောက် လျှောက်ရဦးမှာလို့ ဆိုကြတယ်၊ သူတို့ပြောသလို နောက်တစ်

www.burmeseclassic.com

နာရီလောက်အကြာမှာ တဲတွေ၊ ရွက်ဖျဉ်တွေ မီးစက်အင်ဂျင်မီးတွေ ဆူညံလင်းနေတဲ့ မော်ကြီးထဲ ရောက်လာတယ်။ ဟောဝန်မော်တဲ့၊

သူ့ကို လမ်းပြခေါ်ဆောင်လာတဲ့ မိန်းကလေးတွေက သူတို့နေရာရောက်ပြီမို့ သူ့ကို နဘူးမော်ကို တွေ့တဲ့တဲကို မေးပြီးသွားလို့ ညွှန်ရင်း လမ်းခွဲသွားတယ်။ သူလည်း ရှေ့ဆက်လျှောက်လာခဲ့ရတာပေါ့လေ။ ဟိုကုန်း ဒီကုန်းဆင်းနဲ့ အင်ဂျင်မီးစက်သံ၊ တထုံထုံ တချို့နေရာတွေမှာ ဗီဒီယိုရုံ၊ လက်ဖက်ရည်ဆိုင်တွေနဲ့ ပလတ်စတစ်တဲတွေ၊ ဝါးတဲသစ်တဲတွေနဲ့ ဟိုနေရာ ဒီနေရာ တစ်ခု၊ ဒီနေရာတစ်ခု ရှိနေတဲ့ရိုးမကြီးထဲက မော်ဆိုတာကို တအံ့တသြပေါ့လေ။ နဘူးတောင်မော်နဲ့ သွားတဲ့လမ်းကို တွေ့တဲ့တဲ ဝင်မေးလိုက်၊ လျှောက်လိုက်နဲ့ နောက်ဆုံးနဘူးတောင်မော်ထဲက ယောက္ခမတွေဆီကို ညကြီးမင်းကြီး၊ ဝန်စည်စလယ်တွေ၊ ရွှံ့တွေ၊ ဖွက်တွေ ပေကျံပြီး သူ ရောက်သွားပါရဲ့။ ယောက္ခမတွေက တအံ့တသြရယ်။ ဒါပေမဲ့ – ဇနီးသည်က မြို့ဖေပါ်သုရားဖူးသွားနေတယ်တဲ့။ အဲဒီည သူ နားတယ်။ မနက်ကျတော့ သူ့ဇနီးသည်က ဖုန်းလှမ်းဆက်လိုက်လို့ ပြန်ရောက်လာတယ်။

အဲဒီမှာ ခု ပြောပြမယ့်အဖြစ်အပျက်နဲ့ သူ ကြုံတွေ့ရတာ။

အမှန်က ယောက္ခမတွေက ရေနံမျိုးရိုးတော့ မဟုတ်ဘူး။ မြန်အောင်ဇာတိတွေ ပတ်သက်ဆက်စပ်ရာ ခရေကြည်မြက်နုရာ ရွာဖွေရင်းနဲ့ ဒီရေနံမော်ထဲ ရောက်ခဲ့ရတာ။ ရေနံရွှေမည်းစမ်းတွင်း စတူးကြရတာ၊ ကြီးပွားချမ်းသာချင်တဲ့ အလိုလောဘနဲ့သာ ရိုးမကြီးထဲ စွန့်စားပြီး ရွှေမည်းစမ်းကျင်းတွေ အပင်ပန်းဆင်းရဲခံ တူးနေရတာ ဒီရိုးမကြီးထဲ ဘာလမ်းမှ မပေါက်သေးဘူးလို့ဆိုတယ်၊ သောက်ရေလိုချင် သောက်ချင်ရင်တောင် အနီးဆုံးနှစ်မိုင်ခန့်သွားရတဲ့ ရေချိုဆိုတဲ့ရွာကနေ ရေအိုးနဲ့ သွားရွက်ကြရတဲ့အချိန်။ လွန်ခဲ့တဲ့ခုနစ်နှစ်၊ ရှစ်နှစ်ခန့်ကပါ။ ခုလိုမျိုး စောစောကရတဲ့ ရေချိုဆိုတဲ့ရွာကနေ ရေအိုးနဲ့ သွားရွက်ကြရတဲ့အချိန်။ လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်ခန့်ကပါ။ ခုလိုမျိုး စောစောက သူပြောပြခဲ့တဲ့ မော်ကွက်တွေ၊ စခန်းတွေ၊ မီးစက်



အင်ဂျင်တွေ၊ ဗီဒီယို၊ ကာရာအိုကေတွေ ဘယ်ရှိမှာတဲ့လဲ။ တောကြီး အတိပဲ။ တဲလေးက ပေးချင်တော့ စမ်းကျင်းကနေ ဆယ့်လေးငါးတောင်းနဲ့ရွှေမည်းထပေါက်တော့ တဆင့်စကား တဆင့်နားနဲ့ ဟိုနားတစ်တဲ ဒီနားတစ်တဲကနေ ရွာခံနယ်ခံတွေလည်း လိုက်ထူးကြရင်းနဲ့ ခုလို မော်ကြီးဖြစ်လာတာရယ်၊ ခုတော့ – ဘယ်တဲကိုကြည့်ကြည့်၊ ဆိုင်ကယ်တစ်စီး၊ မီးစက် တစ်ထုံထုံနဲ့ရယ်လေ။ တစ်ခုတော့ရှိရဲ့ – ရွှေမည်းဆိုတာက ပြောရရင် မြေအောက်သံယံဇာတတွင်းထွက် ရတနာတစ်မျိုးပဲ။

ထိုက်သူမှသာ ရတတ်တဲ့သဘော ရှိတယ်။ မော်လောကမှာ ဆိုရိုးစကားရှိတယ်။ အဲဒါက ရေပေါက်၊ ကျောက်ခံ နောက်ကြောင်းပြန်တဲ့၊ ဆိုလိုတာက မမြင်ရတဲ့ မြေအောက်တစ်တောင် တစ်ရာမကတဲ့ မြေပြင်ထဲ တူးနေရင်းက ကျောက်ဖျာနဲ့ တွေ့လို့ပဲဖြစ်ဖြစ်၊ ရေကြောနဲ့ ဆုံလို့ပဲဖြစ်ဖြစ် ဆက်မတူးနဲ့တော့။ ရပ်ပစ်လိုက်ရုံပဲ၊ အဲဒီအခါကျ ကျင်းတစ်ကျင်းတူးဖို့ ရင်းနှီးထားရတဲ့ လုပ်အင်အား၊ ငွေအင်အားတွေ ရှုံးပြီပဲ၊ ပလုံပဲ လိုအပ်တဲ့ပစ္စည်းစရိတ်၊ ကျင်းသား၊ ကျင်းဆရာ စရိတ်တွေ ဘာမှပြန်မရတော့ဘူး၊ အဲလိုနှစ်ကျင်း၊ သုံးကျင်းလောက် ကံအကြောင်းမလှလို့ ဆီမပေါက်ခဲ့ဘူးဆိုရင် ပါလာတဲ့အရင်းအနှီးကုန်ပြီး ရှိတာထုခွဲရောင်းချ ပြန်ပေရော့ပဲ။ အဲဒါကို ရေပေါက်၊ ကျောက်ခံ၊ နောက်ကြောင်းပြန်လို့ ဆိုစမှတ်ပြုကြတာ။ သိန်းဆယ်ဂဏန်းနဲ့ချီပြီး ဆုံးရှုံးတာကိုး။ ရမ်းတူး မှန်းတူး ဆိုရင်လည်း မြို့မှာ၊ ရွာမှာ ကျန်ခဲ့တဲ့ အိမ်ပေါင်၊ ထွန်စက် ကျွဲနွားပေါင်၊ ယာပေါင်၊ လယ်ပေါင်နဲ့ ဘဝပျက်သွားကြသူတွေလည်း ဒုနဲ့ဒေး။

ရွှေမည်းက မှန်ကြောလို ကျောက်တန်းကြောတို့ ကြည့်တတ်ရမယ်၊ ရွှေမည်းအတွေ့အကြုံနဲ့ ကျွမ်းကျင်တဲ့ ကျင်းဆရာရှိနေတယ်၊ ပြီးတော့ – ကျင်းတောင်းတော့မယ်၊ တူးတယ်ဆိုရင်လည်း စက်ကျင်းထက် လက်ကျင်းက ပိုများတယ်၊ ကျင်းတစ်ကျင်းတူးရင် အနည်းဆုံး ကျင်းသားသုံးယောက်၊ ကျင်းဆရာတစ်ယောက်လိုတယ်။ ကျင်းဆရာက ခေါင်းဆောင်ပဲ ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိုင်ရှင်က အဲဒီကျောင်းသားအလုပ်သမားလေးယောက်ရဲ့ကျောင်းမပေါက်ဆီ မပေါက်မချင်း ဆေးလိပ်၊ အရက်ကအစ နေ့ထိုင်စားသောက်စရိတ် အကုန်ခံရတာ။ အလုပ်ကြမ်းသလို အစားလည်း ကြမ်းတယ်။ ရိက္ခာဖြစ်တဲ့ ဆန်၊ ဆီ၊ ငါးခြောက်၊ ငါးဖွဲ့ကစလို့ ဝယ်ခြမ်းထားရတယ်။ မော်ထဲမှာ ဈေးဆိုင်တွေရှိသလို အချို့လည်း ဈေးပိုသက်သာတဲ့ မင်းဘူးမြို့ဈေးက ဝယ်ကြရဲ့။ ကျောင်းသားတစ်ဦး မနက်မိုးလင်းတာနဲ့ မနက်ကြီးသာ အလုပ်မစခင် အဆာပြေစားတာတောင် သံဇလုံတစ်လုံး၊ ဆန်တစ်ဘူး ခွဲချက်ပျော့ပျော့ပဲ။ တစ်နေ့သုံးနပ်ဆိုတော့ တွက်သာကြည့်တော့။ ဒီကြားထဲ ဆေးလိပ်၊ ကွမ်း ပါသေးရဲ့။

ကျောင်းထောင်တယ်၊ ကျောင်းရိုက်တယ်ဆိုတာက အတောင်ကိုးတောင်၊ ဆယ်တောင်ခန့်ရှိတဲ့ ဝါးဖိုးဝါး (သို့မဟုတ်) မျောတိုင်ကောင်းကောင်း သုံးချောင်းနဲ့ ရေနံရှေ့မည်းကြော ရှိမယ်ထင်ရတဲ့ မှန်းကြော ကျောက်တန်းကြောကမ်းပါး လျှိုမြောင်တွေရွေးပြီး သုံးချောင်းထောက် စင်ထောက်ရတယ်။ ထိပ်မှာ စက်ဘီးဆင်ရတယ်။ ကျောင်းထောင်မယ့် ထောင်ပိုက် (သံပိုက်)က ခုနစ်ပေခန့် ကျပ်လုံးချောင်းပါ။ အဖျားမှာ နှစ်လက်မခွဲ အကျယ်ရှိတဲ့ သံပိုက်ကို မြဲနေအောင် တံစဉ်းနဲ့ သွေးထားတယ်။ တစ်ပေခွဲခန့်တော့ ရှိမယ်။ စက်သီးကြိုးမှာ မနီလာတစ်ကျပ်လုံးနဲ့ ကြိုးကျစ်ပြီး ထောင်ပိုက်အများကို ချည်နှောင်ရတယ်။ ကျောင်းသားတွေဆွဲမယ့် မနီလာကြိုးစသုံးစ ထုတ်ထားရတယ်။ ကျောင်းထောင်ပြီဆိုတာနဲ့ ကျောင်းသားသုံးယောက်က မနီလာကြိုးကို ဟန်ချက်ညီညီ ဆွဲထောင်ရတာပါ။

ကျောင်းဆရာက မြေကြီးထဲ ကျောင်းပိုက်ကျအောင် တည့်မတ်စွာပိုင်းကိုင် လှုပ်ရှားပေးရတာပဲ၊ ဒါမှ မြေထဲဆင်းသွားတဲ့ ထောင်ပိုက်က ဖြောင့်မှာ။ ကျောင်းသားသုံးဦးက အလေးချိန်နှစ်ဆယ်နီးပါးရှိတဲ့ သံထောင်ပိုက်ကို စက်သီးကြိုးနဲ့ ဆွဲလိုက် ဆောင့်ချလိုက်နဲ့ မြေထဲ ခွန်အားသုံးပြီး တူးရတာ။ အချက်ပေါင်းတစ်ရာကျော်ကျမှ တစ်ဆုံလို့ခေါ်တဲ့ သံပိုက်တစ်ထွာအပြည့် မြေစာရဲ့။ အဲဒီအတိုင်း မြေအောက်ကို ဝင်သထက် ဝင်၊ ကျသထက် ကျအောင် ထောင်သွားရတာပဲ၊ အလွယ်ဆုံးပြောရရင် တံတားတွေ၊ ပိုင်တိုင်



BURMESE CLASSIC

ရိုက်သလိုပဲ။ ဟိုက စက်နဲ့ ဒုတ်ကို ရိုက်သွင်းတာ။ ကျောင်း ထောင်တာက တူး[illegible] ထောင်ရတဲ့အလုပ်။ မြေအောက်ရောက်လေ သံပိုက်ခေါင်းထဲ ပါလာတဲ့ တစ်ဆုံစာ မြေသားကို ဝါးကလော်တံနဲ့ထိုးချပြီး မြေအရည်အသွေးကို ကြည့်လို့ မွှန်ကြော၊ သဲဝါ၊ သဲကြော၊ ကျောက်ကြော၊ မှန်းကျပ်ဆရာက ခန့်မှန်းရသလို ဆီကိတ်နီး၊ မနီးလည်း ကြည့်ရရဲ့။

အဲ - ပိုက်ထဲပါလာတဲ့မြေမှာ ဆီနဲ့ဆီစလေးတွေပါလာရင်၊ အနံ့အသက်လေးတွေပါရင် မြေအောက်ထဲက ရှေ့မည်းကြော နီးလာပြီပေါ့။ အဲ - တစ်ခုတော့ ရှိပါရဲ့။ ကျောက်တွေ၊ ဘာတွေခံနေရင်တော့ ဒါမှမဟုတ် မတော်တဆ ထောင်ပိုက်ကြိုးကပြတ်ပြီး ကျောင်းထဲကို ပိုက်ကျန်ခဲ့ရင် သွားရောပဲ၊ ပြောပြီးပြီ - မြေအောက်မမြင်ရတဲ့ တွင်းထွက်ရတနာ ရှေ့မည်းပါဆို၊ လွယ်လွယ်နဲ့ ဘယ်ရနိုင်ပါ့မလဲ။ ကံကလည်းပါမှ၊ ကျွမ်းကျင်မှုကလည်း ရှိပါမှ။ ဒါကြောင့်လည်း ရေနံမော်လောကမှာ ရေပေါက်၊ ကျောက်စံနောက်ကြောင်းလို့ အဆိုရှိကြတာပဲ။ အချို့လည်း ဆီပေါက်၊ အချို့လည်း ပါတာတွေ မြောက်ကြတာပေါ့လေ။ သူ့ယောကျ်ားမတွေက ဟိုတုန်းထဲက စားကျောင်းလို့ခေါ်တဲ့ ပုံးကျောင်း၊ ဂါလံကျောင်းတွေ နှစ်ကျောင်း၊ သုံးကျောင်းရှိတာကို။ ရိက္ခာထောက်သဘောပေါ့။

မိုးကျောင်းဆိုတာက တူးလို့ပေါက်ပြီးသား ကျောင်းပါ။ အဲဒီကျောင်းပဲ့ကနေ ဆီကို မနက်ည နှစ်ကြိမ်ခပ်ရင် ဝယ်လက်ဈေးနဲ့တင် တစ်ပုံးကို တစ်သောင်းနှုန်းရှိတဲ့ တစ်ဂါလံဆိုရင် နှစ်ထောင်ဈေးပဲ၊ ဒါကို မော်ဝေါဟာရအရ ဆေးလိပ်၊ ကွမ်းဖိုးရလို့ ရိက္ခာထောက်လို့ခေါ်ကြတာ။ ကျောင်းပိုင်က ဆီပေါက်ပေါက်၊ မပေါက်ပေါက် တစ်လကို ကျောင်းဆရာနဲ့ ကျောင်းသားအတွက် စားရိတ်ငြိမ်း တစ်သိန်းခွဲ ပေးရမှာလေ။ ဖုံးကျောင်းဖြစ်ဖြစ် ဂါလံကျောင်းဖြစ်ဖြစ် အနည်းဆုံး တစ်လကို တစ်ကျောင်းလောက် ပေါက်မှ၊ ရသလောက်တူးလို့မှ ဖုံးကျောင်းလောက်မှမပေါက်ရင် ရေပေါက်ကျောက်စံလို့ကပ်တော့ နောက်ကြောင်းပြန်လေရောပဲ၊ အဲသလိုနဲ့ မော်ထဲကနေ ကံထလို့ ပေါက်ပြီဆို နေ့ချင်းညချင်း တမ်းချိန်းနဲ့ဆိုင်ကယ်လော်ရာနဲ့ တဝီဝီနဲ့ လောပန်ပဲ၊ ဒါကြောင့်လည်း

www.burmeseclassic.com

ဒီလောက်ဝေးလံတဲ့ တောကြီး၊ တောင်ကြီး၊ ရိုးမကြီးထဲ မယားပစ်၊ သားပစ်နဲ့ ငှက်ဖျားအကိုက်ခံ၊ အနေအစား ပင်ပန်းဆင်းရဲခံပြီး ရွှေမည်းတူးနေကြတာပေါ့။ ဒါက – သူ စပ်စုမေးမြန်းတာရော၊ သူ့ယောက္ခမ ပြောပြလို့ရောသိရတာပါ။

ငွေကြေးဆိုတာကတော့ လူတွေအတွက် လိုအပ်တဲ့ အာဟာရတစ်ခုပါ။ ဒါပေမဲ့ – ငွေကြေးပြည့်စုံချမ်းသာ ကြွယ်ဝလိုဇောနဲ့ ဆေးရုံဆေးခန်းမရှိ၊ စာသင်ကျောင်းမရှိ၊ စာကြည့်တိုက်မရှိ၊ ဧည့်စာရင်း သန်းခေါင်စာရင်းမရှိပါဘဲ ရိုးမကြီးထဲမှာ ဒီဖန့် သူဌေးဖြစ်မလား၊ မနက်ဖြန် ခွေးဖြစ်မလား။ မသေချာ မရေရာတဲ့ မြေကြီးအောက်ကကိစ္စကို စိတ်မဝင်စားတာ အမှန်ပါ။

မမြင်ရတဲ့ မြေကြီးအောက်က အနာဂတ်ကို နှစ်လက်မခွဲ သံထောင်ပိုက်ပေါ်ပစ်တင်ထားဖို့ စိတ်ကူးမယဉ်မိတာလည်း ပါတာပေါ့လေ။ လောကမှာ မသေချာတဲ့အလုပ်ထက် သေချာတဲ့တိကျတဲ့ အလုပ်ကိုပဲ ယုံကြည်တဲ့သူ။ သူဌေးဖြစ် နောက်ကျချင်တော့ ကျမှာပေါ့လေ။ ဒါပေမဲ့ – ခွေး မဖြစ်မှာတော့ သေချာတယ်။ မြွေတွင်းလား၊ ကဏန်းတွင်းလားမသိဘဲ စမ်းနှိုက်ရတာထက်စာရင် ကန်ထဲက ငါးကိုပဲ မျှားဖို့ စိတ်ကူးရှိတဲ့သူ။ အယူအဆကတော့ တူချင်မှ တူမှာပေါ့လေ။ သူက စာပေသမားဆိုပေမယ့် ဘဝကို လက်တွေ့ဆန်ပါတယ်။

ပရလောက၊ နာမ်လောကတွေကိုလည်း ဗုဒ္ဓဘာသာဝင်ပီပီ ယုံကြည်တဲ့သူဆိုတော့ ဒီနဘူးတောင်နဲ့ပတ်သက်တဲ့ ပရလောက အဖြစ်ဆန်းတွေ၊ မှော်တဝိုက်က ဂမ္ဘီရအဖြစ်တွေကိုပဲ စိတ်ဝင်စားမိရဲ့။ ဒီနဘူးတောင်ကြောဆိုတာကလည်း ရှေးကတည်းက နတ်ကြမ်းတယ်။ အစောင့်အရှောက်ကြမ်းတယ်လို့ နာမည်ကြီးတဲ့နေရာ။ ရှေးက ဒီရိုးမတောင်ကြောတွေမှာ ချင်းတဲတိုက်တွေ တည်ရှိခဲ့တဲ့နေရာလို့လည်း ဆိုတယ်။ ဒီနဘူးတောင်ဆိုတဲ့ အမည်ကလည်း ရှေးကနေခဲ့ဖူးတဲ့ ချင်းတဲတိုက်အကြီးအကဲက နားရွက်ပူးနေတာမို့ အလွယ်တကူ နားပူးတောင်လို့ ခေါ်ကြဝေါ်ကြရင်းကနေ နဘူးတောင်ရယ်



လို့ဖြစ်လာတာပဲ။ တောင်ရဲ့အနောက်ဘက်မှာ လျှိုပြတ်ကြီးနဲ့ ရေတံခွန်ကြီးသဖွယ် ကျောက်ခုတင်လျှိုဆိုတဲ့ ကျောက်သားခုတင်ကြီးတွေ ဆင့်ထပ်ထားသလို ဂမ္ဘီရဆန်တဲ့ နေရာတွေလည်း ရှိတယ်။ အချို့နေရာတွေဆို တောခြောက်၊ တောမှောက်တာတွေများလို့ နေစောင်းပြီဆို လူသူလေးပါး မသွားလာဝံ့တဲ့ နေရာတွေ၊ လျှိုပြတ်တွေလည်းရှိရဲ့။ ရိုးမဆိုတာ သိတဲ့အတိုင်း။ ဘယ်မှာ သုသာန်တို့၊ သင်္ချိုင်းတို့ရှိမှာလဲ။ ငှက်ကိုက်လို့ပဲ သေသေ၊ ဖျားနာလို့ပဲဆုံးဆုံး၊ အနီးဆုံး ရပ်ရွာအကြောင်းကြားပြီး နီးတဲ့၊ လွယ်တဲ့နေရာ ကျင်းတူးပြီး မြှုပ်နှံလိုက်တာပဲ။ သပိတ်တို့၊ ဆွမ်းသွတ်တို့လည်း ကြုံရင် လုပ်လိုက်ကြတာပဲ။ သူ့ယောက္ခမကြီးရဲ့ကျင်းထောင်၊ အလုပ်သမားအောင်သန်းကျော်ကတော့ –

“အစ်ကို – ညဘက်တွေ ကျောက်တစ်လုံးထဲ လက်ဖက်ရည် သွားသောက်ရင် လျှိုကုန်းပြတ်အတက်က သခွတ်ပင်ကြီးနားရောက်ရင် သတိထားနော်”

“ဘာလဲ – အောင်သန်းကျော်ရ၊ ဓားပြတိုက်လို့လား”

“ဟာ – ဒီတောင်ရိုးမဆိုပေမယ့် အဲသလို ဓားပြတိုက်၊ လုယက်တာတွေ ဘာတွေတော့ မရှိပါဘူး။ သူ့တဲစု၊ ကိုယ့်တဲစုတွေနဲ့ နေကြတာပဲ။ အဲဒီကုန်းကမှော်ထဲ အမဲပေါ်ရင် ခိုးပေါ်တဲ့နေရာ ဘာရှိတယ် ညာရှိတယ်။ အချို့ပြောနေကြလို့ပါ”


အောင်သန်းကျော် ပြောတဲ့နေရာကို သူ့မျက်စိထဲ ကွင်းခနဲ ကွက်ခနဲ မြင်မိရဲ့။ သူတို့ နဘူးတောင်မှော်ရဲ့ လှည်းလမ်းကြောင်း လျှိုလေးအတိုင်း ဆင်းသွားပြီး တစ်ဖက်ကုန်းမြင့်ကြီး လှည်းလမ်းအတက်က သခွတ်ပင်ကြီး အုပ်ဆိုင်းနေတဲ့ နေရာပါ။ ချုံတွေ၊ ကျောက်တုံးကြီးတွေလည်း ရှိပါတယ်။ သခွတ်ပင်ကြီးရဲ့ ခြေရင်းတစ်ဝိုက် လူတစ်ဖက်စာမကတဲ့ ကျောက်တုံး၊ ကျောက်ချပ်ကြီးတွေ ဝိုင်းရံကာသလိုရှိနေတဲ့ အလယ်က မြေကွက်လပ် အချို့ရွာတွေက အမဲသား၊ နွားခိုးပြီး ပေါ်ကြ သတ်ကြတဲ့ နေရာရယ်။ ပြီးရင် –



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပြီးတဲ့ အမဲ၊ ဝက်တွေကို နီးကြိုးနဲ့တွဲပြီး ဝါးတုတ်လျှိုထမ်းပြီး မှော်ထဲ လှည့်လည်ရောင်းကြတာပါ။ အဲဒီကုန်းမြင့်ကြီး တစ်ဘက်မှာမှ ကျောက်တစ်လုံးဆိုတဲ့ မှော်ကြီးက တပြန့်တလျားရယ်။ အဲဒီကုန်းမြင့်ထိပ်မှာဖြစ်ပြီး ကျောက်တစ်လုံးမှော်က ပြန့်ထဲမှာရှိသလို လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ ဗီဒီယိုရုံကအစရှိလို့ စည်ကားတယ် ဆိုရမယ်။ သူက လက်ဖက်ရည်ငတ်တာနဲ့ မိုးချုပ်ရင် နဘူးတောင်ကနေ ကျောက်တစ်လုံးထဲ ဆင်းပြီး လက်ဖက်ရည်သောက်၊ ဗီဒီယိုတစ်ကားကြည့်ပြီးမှ ပြန်လာလေ့ရှိတယ်၊



ကိုက်ဆိုင်ရွာပဲ လေနဲ့အတူ လွင့်ပါလာတဲ့ ညှီစို့စို့ ပုပ်အဲ့အဲ့ အပုပ်နံ့ကြီးက ထောင်းခနဲ သူ့ဝန်းကျင်အနားလိုက်ဝေ့သွားတယ်၊ အဲဒီအချိန်မှာပဲ နှာမှုတ်သံကြီး တရှုးရှုးနဲ့ နွားနက်ကြီးက ဖုတ်ခနဲ ကုန်းပေါ်ပြန်တက်သွားလေရဲ့။ ဘုရုပ်သံကြွင်းကြွင်းက သူ့နားထဲ ကျန်ရစ်ခဲ့တယ်

ဓာတ်မီးတော့ ပါတ႟ပေါ့လေ။ မှော်တွေဆိုတာက နေ့ရောညပါ ဓာတ်မီး တစ်ချောင်း၊ တောလိုက်ခါးကြားထိုးပြီး လူတိုင်း ကူးသန်းသွားလာနေကြတာပဲ။ ဒါကို ဖနီးသည်က ရုံဖန် စိုးရိမ်သံလေးနဲ့ –

"ကိုကြီးနော် – တောတောင်ဆိုတာ မြို့ကြီးပြကြီး မဟုတ်ဘူး"

လက်ဖက်ရည်ဆိုင်သွားလည်း ညဉ့်မနက်စေနဲ့၊ ဒီမှာလည်း ကော်ဗီမစ်၊ တီးမစ်တွေရှိတဲ့ ဥစ္စာ၊ ဒုက္ခရှာတယ် – ဟွန်း"

"ဗဟုသုတလည်းရ မှော်အကြောင်းလည်း သိချင်လို့ပါကွာ၊ မိုးမချုပ်စေရပါဘူး"

အဲသည့်ညကလည်း သူ မိုးချုပ်တာနဲ့ ကျောက်တစ်လုံး၊ မှော်ဘက် လက်ဖက်ရည်သောက်ဖို့ ထွက်ခဲ့ရာ လမ်းရောက်မှ ဓာတ်မီးပါမလာမှန်း သူ သတိရလိုက်မိတယ်။ ဒါပေမဲ့ – သူက မှော်သားနစ်ပတ်လည် ဖြစ်နေပြီဆိုတော့ ဒီလမ်းတွေကို ဓာတ်မီးမပါလည်း ဘယ်နေရာ ချိုင့်ကျင်းဆိုတာကအစ မှတ်မိနေပါပြီ၊ လကလည်း ဆန်းစပြုလာပြီဆိုတော့ လရောင် ရေးရေး အောက်မှာ လျှိုလမ်းလှည်းလမ်းကလည်း မပီသပေမဲ့ ခပ်ပျပျလေး လရောင် ထိုးလို့ လင်းနေတာပါ၊

သူ – သူ့ကျောက်တစ်လုံးမှော်ထဲမှာ အတော်ကြာသွားတယ်။ အချိန်တွေ တောင်ကျော်သွားပြီထင်တယ်။ ဓာတ်မီးပါမလာကာနဲ့ဘဲ လျှိုကုန်း အတက် လှည်းလမ်းကြောင်းကို လရောင်အားကိုးနဲ့ပဲ လှမ်းလျှောက်လာခဲ့တယ်။ သိပ်မကြာခင်မှာပဲ အောင်သန်းကျော်ပြောတဲ့ သစ္စတ်ပင်ကြီးရှိတဲ့ ကုန်းလေးအနားရောက်လာတယ်၊ အဲသည့်နေရာလေးကိုအဖြတ် ရုတ်တရက်အကြည့်က အမှတ်မထင် ရောက်ရှိသွားပါရဲ့၊ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ကြီးက ထောင်းခနဲထလာမိပါရဲ့၊ သူ ဖျတ်ခနဲ ကျောစိမ့်သွားတာနဲ့ အဲသည့်နေရာလေးကို ခပ်သုတ်သုတ်လှမ်းတယ်၊ အဲသည့်အချိန်မှာပဲ –

ရုတ်တရက် ကျယ်လောင်တဲ့ နွားတစ်ကောင်ရဲ့နှာမှုတ်သံကြီး တရှုးရှုး သူ့မလှမ်းမကမ်းနောက်ကနေ ဖြုန်းခနဲ ကြားလိုက်ရပါရဲ့၊ ထင်မှတ်မထား





www.burmeseclassic.com

www.burmeseclassic.com

တာမို့ ရုတ်တရက် သူ့ကျောရိုးတစ်လျှောက် ကြက်သီးမွေးညင်းတွေ စိမ့်ခနဲ ထသွားမိပါရဲ့ သူ ရှာခနဲ လှည့်ကြည့်မိတယ်။

"ဟင်"

လှည်းလမ်းလျှိုကုန်းအဆင်းမှာ သူတစ်ယောက်ထဲပါ။ အနောက်မှာ နွားတစ်ကောင်၊ လူတစ်ယောက်မှ ရှိမနေတာလည်း လရောင်အောက်မှာ အမြင်ထင်းနေတာပါပဲ။ ထူးဆန်းတယ်၊ ဒါနဲ့ပဲ သူ ရှေ့ဆက် လျှောက်တယ်။ အဲသည်မှာ ထူးဆန်းတာက သူ့နောက်ကျောဘက်ဆီကနေ သက်ရှိနွားတစ်ကောင်ရဲ့ နှာမှုတ်သံ၊ သစ်ရွက်အချို့ကို လျှာနဲ့ သိမ်းယူပြီး ကြိတ်ဝါးသံ၊ စားမြုံ့ပြန်နေသံတွေကိုပီသစွာ အဆက်မပြတ် ကြားရတာပဲ။ ဘာရယ်မဟုတ် စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားရင်း သူ ဒုတိယအကြိမ် ရှာခနဲ လှည့်ကြည့်လိုက်ရဲ့။

ဘာမှမတွေ့ဘူး . . .။

ဘယ်လောက်ထူးဆန်းနေသလဲလို့၊ သေချာတာက သူ့နောက် မလှမ်းမကမ်းကနေ နွားတစ်ကောင်ရဲ့ နှာမှုတ်သံ တရှူးရှူးရယ်၊ ဝါးရွက်ခြောက်တွေ ကြိတ်ဝါးသံရယ် ကြားနေရတာပဲ။ သူ့စိတ်ထဲမှာ မှော်ထဲက နွားမွေးတဲ့ စိုက်ခင်းတွေရှိတဲ့ တဲတစ်တဲက လွှတ်ထားတဲ့ နွားတစ်ကောင်ပဲထင်မိရဲ့။ သူတို့ နဘူးတောင် နောက်ကျောဘက်မှာလည်း ကိုင်းအချို့ရှိသလို မှော်ထဲ ရေစည်လှည်း၊ ဆီတိုက်လှည်းတွေကလည်း နွားတွေလွှတ်ပြီး လှန်ချင်လှန်တာရယ်၊ သံသယအတွေးမျိုးစုံနဲ့ သူ လျှောက်လာရင် နဘူးတောင် ကုန်းအတက် လျှိုပြတ်ချောင်းစပ်အရောက်မှာ သူ့နောက်ကျောဘက်ကနေ တရှူးရှူးနဲ့ နှာမှုတ်သံကြီးက ရပ်တန့်သွားရဲ့။[

ထူးခြားလို့ သူ ဖျတ်ခနဲ ကုန်းစပ်ကိုအကြည့် . . .။

"ဟာ"

သူ ရုတ်တရက် အံ့ဩသွားတယ်။ ကြက်သီးမွေးညင်းတွေလည်း ဖြန်းခနဲ ထသွားမိတယ်၊ လုံးဝ မယုံကြည်နိုင်ဖွယ်ရာ မြင်ကွင်းပါ။ ဘာပြုလို့လည်း



ဆိုတော့ သူနဲ့ ဝါးတစ်ရိုက်ခန့် အကွာလောက်က ကုန်းလေးထက်မှာ မားမား ကြီးရပ်နေတဲ့ နွားနက်ကြီးတစ်ကောင်၊ အမြီးတယမ်းယမ်းနဲ့ရယ်။

ဒီနွားနက်ကြီးက ဘယ်ကနေဘယ်လို ရောက်လာတာလဲ။

စဉ်းစားရင်း ကြက်သီးက ဖြန်းခနဲထသွားမိပြန်တယ်၊ တိုက်ဆိုင်စွာပဲ လေနဲ့အတူ လွင့်ပါလာတဲ့ ညှီစို့စို့ ပုပ်အဲ့အဲ့ အပုပ်နံ့ကြီးက ထောင်းခနဲ သူ့ ဝန်းကျင်အနား လိုက်ဝေ့သွားတယ်။ အဲဒီအချိန်မှာပဲ နှာမှုတ်သံကြီး တရှူးရှူး နဲ့ နွားနက်ကြီးက ဖျတ်ခနဲ ကုန်းပေါ်ပြန်တက်သွားလေရဲ့။ ခွာရုပ်သံပြင်းပြင်း က သူ့နားထဲ ကျန်ရစ်ခဲ့တယ်၊ သူ့တဲကို ပြန်ရောက်ပြီး ဆယ်မိနစ်တောင် မကြာဘူး။ ကျင်းထောင်တဲ့ အလုပ်သမားတွေဖြစ်တဲ့ အောင်သန်းကျော်နဲ့ လမင်းအောင်လို့လည်း မှော်ထဲကနေ ဗီဒီယိုကြည့်ပြီး ပြန်ရောက်လာကြ တယ်၊ သူက –

"မင်းတို့ ပြန်လာတော့ လမ်းမှာ နွားနက်ကြီးတစ်ကောင် မတွေ့ခဲ့ဘူး လား – အောင်သန်းကျော်"

"ဘယ်က နွားလည်း အစ်ကိုရ၊ မှော်ထဲမှာ ညဘက်နွားတွေ လှန်လေ့ လွှတ်လေ့မရှိပါဘူး။ လွှတ်ရင်လည်း မိုးလင်းတာနဲ့ ရှိုနဲ့သားရေတောင် ကျန် မှာမဟုတ်ဘူး။ အဟဲ –"

အောင်သန်းကျော်က ရယ်ရင်းပြောတယ်။ သူ့ရဲ့ယောက္ခမကြီးနဲ့ ဇနီး သည်ကတော့ ကြားလို့သူ့ကို ပြုံးစိစိနဲ့ရယ်၊ ဘာမှတော့ ဝင်မပြောပါဘူး၊ ရန်ကုန်ရောက်လို့ အမှတ်မထင် တစ်ညကြုံတွေ့ခဲ့တဲ့ အဲဒီအကြောင်းစကား စပ်မိပြီးပြောတော့ ဇနီးသည်က ရယ်တာလည်း မဟုတ်၊ ပြုံးတာလည်း မမည်၊ လှောင်ရယ်ပြက်ရယ်ပြုတာလည်း မဟုတ်ပါဘဲ သူ့ကို ဟန်ချက်နေရာကနေ ပြုံးစိစိ ရယ်ကျဲကျဲ မျက်နှာလေးနဲ့ –

"ကိုကြီးက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဒီမှာရှိကြတဲ့ တောပိုင်၊ တောင်ပိုင်တွေကို မေတ္တာမပို့၊ အမျှမဝေဘဲ နေလို့နေမှာပေါ့၊ အဲဒီ နွားကြီးက နဘူးတောင်မှော်က လူတွေ အကုန်တွေ့ဖူးကြုံဖူးတယ်။ ရှိုးနေပြီ တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

တကယ် သူ မလိမ်ပါဘူး၊ အဲသည့်ညက နွားနာမှတ်သံကြီးကို နီးနီးကပ်ကပ် ကြားနေခဲ့ရပြီး နောက်ဆုံးကြီးမားလှတဲ့ အဲသည့်အနက်ရောင် နွားကြီးကို လည်း သူကိုယ်တိုင် မျက်စိနဲ့သေချာ တပ်အပ်မြင်ခဲ့ရတာပါ၊ ဘုရားစူး … သူ လိမ်မပြောပါဘူး၊

☛ မောင်နီချို

စာရှင်များသို့

"ဂန္ထလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂန္ထလောကမဂ္ဂဇင်း

မောင်နီချို

# နဂါးစောင့်သည့်တောင်



www.burmeseclassic.com

# နှင်းတောင့်သည့်တောင်

မောင်မောင်မိုးအောင်

"အဖေ – ဒီမှာလာကြည့်ပါဦး၊ ဓာတ်ပုံတွေကူးထားတာ ရခဲ့ပြီ၊ အဖေ တောသွားတုန်းက ရိုက်ခဲ့တဲ့ပုံတွေက အဆန်းတွေပါလား"

"ဘာပုံတွေ တွေ့လို့လဲ – သားရဲ့"

ကျွန်တော့် တစ်ဝမ်းကွဲအစ်ကိုကြီး တောမှ ရန်ကုန်ရောက်လာပြီး တောတွင် ရှင်ပြုရဟန်းခံ အလှူသွားရန် ခေါ်သဖြင့် ကျွန်တော် ရွာသို့ လိုက်သွားခဲ့ သည်၊ အစ်ကိုကြီးတို့ ရွာစုပေါင်း ရှင်ပြု ရဟန်းခံအလှူပွဲတွင် အထူးအဆန်း ဖြစ်ရပ်များနှင့် တွေ့ကြုံခဲ့၍ ကျွန်တော် ကင်မရာဖြင့် ဓာတ်ပုံများ ရိုက်ယူခဲ့ သည်၊ ဖလင်တစ်လိပ် မကုန်ဘဲ ထက်ဝက်ခန့်ကျန်နေခဲ့သည်၊ သားက သူ့သူငယ်ချင်းများနှင့် ဓာတ်ပုံဆက်ရိုက်ပြီး ဓာတ်ပုံများ ကူးယူလာသော ကျွန်တော့်ကို ပြောလိုက်ခြင်းဖြစ်သည်၊

"ဒီမှာ – ကြည့်ပါဦး၊ ဆိုင်းဝိုင်းကြီးလည်း တွေ့ရတယ်၊ ဘုန်းကြီးလည်း ပါတယ်၊ ကန်တော့ပွဲ မြှောက်ကိုင်ထားတာလည်း ပါတယ်၊ ပြီးတော့ – မိန်းကလေးတစ်ယောက် မှောက်လျက်လဲနေပြီး တွန့်လိမ်နေတာလည်း တွေ့ရတယ်၊ ဘယ်လိုဖြစ်တာလဲ – ခေါင်းမူးပြီး လဲကျသွားလို့လား"

"မဟုတ်ဘူး – သားရဲ့၊ အဲဒီမိန်းကလေး မြွေ့က တနေတာ၊ တောစောင့် မြွေနဂါးမ ဝင်ပူးပြီး က,နေတာ သားရဲ့"

"ဟင် – ဟုတ်လား၊ ဒီမှာလည်း အဲဒီမိန်းမပဲ ထင်တယ်၊ ခေါင်းပေါ်မှာ မြွေပါးပျဉ်းလိုပုံမျိုး လုပ်ထားတယ်၊ မြွေပေါက်မယ့်ပုံနဲ့ ဘေးကလူကို ရွယ်နေတာလား"

"ဟုတ်တယ် – သူ့ပုံပါပဲ၊ သူ မြွေလို က,နေတာ ကြာလာတော့ ရပ်လိုက်ဖို့ ဝင်ပြောတဲ့သူကို မြွေပေါက်သလိုမျိုး လုပ်ပြနေတာ"

"တော်တော်ဆန်းတဲ့ ဓာတ်ပုံတွေပါလား၊ ဒီမှာလည်း နဂါးပါးပျဉ်း ထောင်နေတဲ့ ရုပ်တုတစ်ပုံ၊ အဖေပြောတော့ ရှင်ပြုရဟန်းခံပွဲဆို"

"ပွဲကတော့ ရှင်ပြုရဟန်းခံပွဲပါပဲ၊ ဒါပေမဲ့ – ရွာမှာ ကြုံခဲ့ရတဲ့အဖြစ်တွေက မယုံနိုင်စရာပါပဲ၊ သိပ်ထူးဆန်းတဲ့အဖြစ်နဲ့ အဖေ ကြုံခဲ့ရတာ"

"လွန်ခဲ့တဲ့ သုံးလလောက်က အဖေ့ကို လာခေါ်သွားတဲ့ အဖေ့တစ်ဝမ်းကွဲအစ်ကိုရဲ့ရွာမှာ ဖြစ်ခဲ့တာလား"

"ဟုတ်တယ် – သား၊ သားတို့က ရန်ကုန်မှာမွေး၊ ရန်ကုန်မှာ ကြီးပြင်းခဲ့ကြတော့ ရွာနဲ့ အဆက်အသွယ်မရှိသလောက်ပါပဲ၊ လာခေါ်တဲ့သူက အဖေ့ရဲ့ ဝမ်းကွဲအစ်ကိုတော်တယ်၊ သားတို့ရဲ့ ဘကြီးပေါ့"

"စကားပြောတာလည်း မွန်လိုပဲ ဝဲနေတယ်၊ မွန်ပြည်နယ်ဘက်က ထင်တယ်"

"မော်လမြိုင်ဘက်ကပါ၊ ဘီလူးကျွန်းချောင်းဆုံမှာနေတာ၊ အစ်ကိုက ရွာမှာ လူကြီးပေါ့၊ အားလုံး လေးစားကြတဲ့ပုဂ္ဂိုလ်ပေါ့၊ သူ ဦးစီးပြီးလုပ်ခဲ့တဲ့ စုပေါင်းရှင်ပြုပွဲမှာ ကြုံခဲ့ရတာ မယုံနိုင်စရာအဖြစ်တွေပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"အဖေပြောတာနဲ့ သား တော်တော်စိတ်ဝင်စားလာပြီ၊ အဲဒီမှာ အဖေ ကြုံခဲ့ရတဲ့အဖြစ်တွေ သားကို ပြောပြပါလား"

"သားသိချင်ရင်တော့ အဖေ ပြောပြပါ့မယ်၊ အစ်ကို ရန်ကုန်ရောက်လာပြီး အဖေ့ကို ခေါ်သွားတာ သားတို့အသိပဲ၊ လိုအပ်တဲ့ပစ္စည်းတွေ ရန်ကုန် တက်ဝယ်ရင်း အဖေ့ကို ခေါ်သွားတာ၊ တစ်ခါမှ မလုပ်ခဲ့ဘူးတဲ့ စုပေါင်းရှင်ပြု ရဟန်းခံပွဲကြီးကို ကြီးကြီးကျယ်ကျယ် စည်စည်ကားကားလုပ်ခဲ့တာ၊ အဲဒီ အလှူပွဲမှာ အဖေကြုံခဲ့တဲ့အဖြစ်က ဒီလို သားရဲ့"

= ၆ =

အစ်ကိုတို့ ရှင်ပြု၊ ရဟန်းခံအလှူပွဲကို ချောင်းဆုံရှိ ရွှေမြင်းမိုရ်တောင်ဘုရား ဆရာတော်ကျောင်းဝင်းအတွင်းတွင် ကျင်းပပြုလုပ်သည်။ စုစုပေါင်း ရှင်သာမဏေ ပဉ္စင်း (၂၃)ပါးဖြစ်သည်၊ ဆင်းရဲနွမ်းပါးသူများနှင့် မိဘမဲ့ ကလေးများသာဖြစ်သည်၊ ယခုမှ ပထမဆုံးအကြိမ် ပြုလုပ်နိုင်ခြင်းဖြစ်သည်၊ အစ်ကို၏ စည်းရုံးဆောင်ရွက်မှုကြောင့် အလှူငွေထည့်ဝင်သူများ တဖြည်းဖြည်း များလာသည်။ ထင်ထားသည်ထက် အလှူငွေများ ပိုရလာသည်၊ နောက်ဆုံး မော်လမြိုင်မှ မြန်မာဆိုင်းဝိုင်းကြီး ငှားရမ်းနိုင်သည်အထိ ဖြစ်ခဲ့သည်၊ ရွှေမြင်းမိုရ်တောင်ဘုရား ဆရာတော်ကျောင်းဝင်းထဲမှ ချောင်းဆုံမြို့တွင်း တစ်ပတ်လှည့်လည်မည်ဖြစ်သည်။ ကားကြီးပေါ်တွင် ဆိုင်းဝိုင်းကြီး၊ အသံချဲ့စက်များ၊ ပြင်ဆင်ထားရှိပြီးဖြစ်သည်၊ ရှင်သာမဏေပြုမည့်သူများ၊ ပဉ္စင်းခံမည့်သူများ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အားလုံးလည်း အဆင်သင့်ဖြစ်နေပြီ၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများလည်း ဆူညံစွာ တီးမှုတ်နေကြပြီ၊ ရှေ့ဆုံးတွင် မြန်မာဆိုင်းဝိုင်းကြီး တင်ထားသောကားက ဦးဆောင်ထွက်ခွာရမည်ဖြစ်သည်၊ ဆရာတော် အမိန့်ရ၍ စတင်ထွက်ခွာရန် ရှေ့ဆုံးမှ ဆိုင်းဝိုင်းကြီးထွက်ခွာရန် ရှေ့ဆုံးမှ ဆိုင်းဝိုင်းကြီးတင်ထားသောကားကြီးကို စက်နှိုးလိုက်သည်၊ လွယ်လွယ်နှင့် စက်နှိုးရန်မရပါ၊ အကြိမ်ကြိမ် နှိုးသော်လည်း စက်နှိုး၍မရပါ၊ ကားသမားများ ချွေးပြန်နေကြပြီ၊ ကားခေါင်း



စက်အဖုံးဖွင့်၍ စစ်ဆေးကြသည်၊ မည်သည့်ချို့ယွင်းမှုမှ မတွေ့ရသော်လည်း ကားစက်နှိုး၍မရတော့ပါ၊ အချိန်များ ကုန်လာသည်၊ သတ်မှတ်ချိန်ထက် နောက်ကျနေပြီဖြစ်သည်၊ ဆရာတော်မှာ စိတ်မရှည်နိုင်တော့ဘဲ ကားအနီးသို့ ကြွရောက်လာသည်၊

"နောက်ကျနေပြီ၊ နေပူတော့မယ်၊ ကားစက်နှိုးလို့ မရဘူးလား၊ ဘာဖြစ်နေတာလဲ"

"တပည့်တော်တို့ အထပ်ထပ်စစ်ဆေးပြီးပြီ၊ ဘာအပြစ်မှ မတွေ့ဘူး၊ စက်နှိုးလို့မရတာ တော်တော်အံ့ဩဖို့ကောင်းတယ်၊ ဒီလို မဖြစ်ဖူးသေးဘူး"

"ကားပေါ်မှာ ဆိုင်းဝိုင်းကြီးလည်း အကျအနဆင်ပြီးပြီ၊ မင်းသား၊ မင်းသမီးတွေ က.မယ့်နေရာလည်း ပြင်ထားပြီးပြီ၊ စက်နှိုးလို့မရတော့ ဘာမှ မတတ်နိုင်ဘူး၊ ကဲ - ကဲ - မြို့ထဲသွားပြီး ရတဲ့ကားတစ်စီးသာ အမြန်သွားငှားကြပေတော့"

တာဝန်ရှိသူများ အလုပ်ရှုပ်သွားတော့သည်၊ ချောင်းဆုံမြို့ထဲ သွားပြီး ကားသွားငှားကြသည်။ ဆိုင်းဝိုင်းကြီး တင်ထားသောကားကြီးမှာ မော်လမြိုင်မှ ငှားလာသောကားကြီးဖြစ်သည်၊ ချောင်းဆုံတွင် ဤကားမျိုးမရှိပေ၊ ကားငယ်တစ်စီးသာ ငှားရမ်းရရှိခဲ့သည်၊ ထိုကားပေါ်သို့ ဆိုင်းဝိုင်းကြီး မတင်နိုင်တော့ပါ၊ နောက်ထပ်ငှားလာသောကားကို ကျောင်းဝင်းအပြင်ဘက်တွင် ရပ်ထားပြီး တင်နိုင်သမျှသာ ပြောင်း၍တင်ကြသည်၊ ဆိုင်းဝိုင်းကြီး မပါနိုင်တော့ပေ၊ အချိန်နောက်ကျပြီးမှ ရှင်လောင်းလှည့်ထွက်လာနိုင်တော့သည်၊ အားလုံးထွက်သွားတော့မှ ဆရာတော်က ကားဆရာကို မေးလိုက်သည်၊

"ဒကာတို့ကား - ဘယ်လိုဖြစ်ရတာလဲ"

"ဘာအပြစ်မှ မတွေ့ဘဲ ကားက စက်နှိုးလို့ မရဘူးဖြစ်နေတာ၊ အားလုံး အသေအချာစစ်ဆေးပြီးမှ ဒီလိုလာခဲ့တာပါ ဘုရား"

"ကဲ - ကဲ - ပြီးတာတွေ ပြီးပါစေတော့၊ ကားက ကျောင်းခြံဝ ဝိတ်နေတယ်၊ ပြန်ဖို့ လုပ်ကြပါဦး၊ ပထမဆုံးလုပ်တဲ့ဒီပွဲမှာ အနှောင့်အယှက်ဖြစ်ခဲ့တာ ဘုန်းကြီးစိတ်ထဲ တစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော် - ဘာကို ဆိုလိုတာလဲ ဘုရား"

"ဒီတောင်မှာ အစောင့်တွေရှိတယ်လို့ပြောတာ ကြားဖူးခဲ့တယ်၊ မြေ့နဲ့အစောင့်တယ်လို့ ပြောကြတယ်၊ သက်ဆိုင်ရာကို ခွင့်မတောင်းဘဲ လုပ်မိလို့ ခုလို ဖြစ်တာများလားလို့ တွေးမိတယ်"

ဆရာတော်က ရွှေမြင်းမိုရ်တောင်ဘုရားဘက်လှည့်ပြီး တစ်စုံတစ်ခု ရွတ်ဖတ်နေသည်ကို တွေ့လိုက်ရသည်၊ ကားသမားက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ကားပေါ်တက်ပြီး စက်နှိုးလိုက်သည်၊ ဂူးခနဲ ကားစက်နှိုးလာသည်၊

"ဟာ - ရပြီ၊ ကားစက်နှိုးလို့ရပြီ"

"ဘုန်းကြီးစိတ်ထဲ တစ်မျိုးဖြစ်နေလို့ ဆိုင်ရာတွေကို ခွင့်တောင်းလိုက်မိတယ်၊ ခုကားစက်နှိုးလိုက်တော့ ချက်ချင်းစက်နှိုးလာတာပဲ၊ ကဲ - ကဲ - သွားကြတော့"

နံနက်က လုံးဝစက်နှိုး၍မရသောကားကြီး ယခုမှ အလွယ်တကူ စက်နှိုး၍ရသည်၊ ကားသမားက ဝမ်းသာအားရဖြင့် မောင်းထွက်သွားပါတော့သည်၊

သတ်မှတ်ချိန် နောက်ကျပြီးမှ ရှင်လောင်းလှည့်ထွက်ခဲ့သဖြင့် ကျောင်းပြန်ရောက်ချိန် နောက်ကျခဲ့ရသည်၊ ဆံချမည့်အချိန်တွင် မှောင်စပြုနေပြီဖြစ်သည်၊ ညဘက် ဖျော်ဖြေရန် ဆိုင်းဝိုင်းများလည်း ပြင်ဆင်နေသည်၊ ဆရာတော်က မီးစက်နှိုးရန် ညွှန်ကြားလိုက်သည်၊ မီးစက်နှိုးနေကျ ကိုရင်ကြီးတစ်ပါးက မီးစက်နှိုးလိုက်သည်၊ မီးစက်နှိုး၍ မရဖြစ်နေသည်၊ အကြိမ်ကြိမ်နှိုးသော်လည်း မီးစက် လုံးဝနှိုး၍မရပါ၊

"နေ့တိုင်း ကောင်းနေတဲ့မီးစက်က ဒီနေ့ကျမှ ဘယ်လိုဖြစ်တာလဲ၊ မှောင်လာပြီ၊ မီးစက်ရဖို့ လုပ်ကြဦး"

ဆရာတော်စကားအဆုံးတွင် အစ်ကိုက ဆရာတော်ထံ လျှောက်တင်လိုက်သည်၊

"ချောင်းဆုံရွာလယ်ပိုင်းက ပန်းထိမ်ဆရာ ဦးစံရင်အိမ်မှာ မီးစက်ကြီးတစ်လုံးရှိတယ်၊ ညဘက် သူတို့မသုံးဘူး၊ သွားငှားခဲ့မယ်"



အစ်ကိုက ကာလသားသုံးလေးဦးကို မီးစက်ငှားရန် စေလွှတ်လိုက်သည်၊ မကြာမီ မြင်းလှည်းဖြင့် မီးစက်သယ်ယူလာကြသည်၊ မြင်းလှည်းပေါ်မှ မီးစက်ချကြသည်၊

"ခု ငှားလာတဲ့ ဒကာစံရင်မီးစက်က ပိုကောင်းတယ်၊ မီးစက်နှိုးကြဦး"

မီးစက်ပိုင်ရှင် ဦးစံရင်ကိုယ်တိုင် လိုက်ပါလာသည်၊ ဦးစံရင်ကိုယ်တိုင် ပြင်ဆင်ပြီး မီးစက်ကို နှိုးလိုက်သည်၊ ဦးစံရင် မီးစက်လည်း နှိုး၍မရ ဖြစ်နေပြန်သည်၊ ဦးစံရင်က မကျေမနပ်ဖြင့် ထပ်မံနှိုးလိုက်ပြန်သည်၊ အကြိမ်ကြိမ်နှိုးသော်လည်း မီးစက်ကို နှိုး၍မရပါ၊ ဆရာတော်က အနီးအနားရောက်လာသည်၊

"မနက်ပိုင်း ကားစက်နှိုးလို့မရကတည်းက ဘုန်းကြီးစိတ်ထဲ မသင်္ကာဖြစ်နေတာ၊ ခု - မီးစက်နှစ်လုံးစလုံး နှိုးလို့မရဖြစ်နေတာတော့ မဟုတ်ဘူး၊ ကဲ - ဒကာကြီးတင်ဝင်း ကန်တော့ပွဲတစ်ပွဲ ယူခဲ့ပါ"

အစ်ကိုက ဆရာတော့်စကားအတိုင်း ကန်တော့ပွဲတစ်ပွဲ ယူလာသည်၊ အပေါ်ကို မြှောက်ထားဟု ဆရာတော်ကပြောရာ အစ်ကိုက မြှောက်ထားလိုက်သည်၊

"ခုမကြာခင် ဖျော်ဖြေပွဲတွေ လုပ်တော့မယ်၊ ပြီးရင် - စိတ်ကြိုက်ပျော်ခွင့်ပေးမယ်၊ ခုတော့ - ဆံချ၊ သင်္ကန်းဆီး၊ သိမ်တက်တဲ့ကိစ္စတွေ ဆောင်ရွက်မှာမို့ မနှောင့်ယှက်ကြဖို့ တောင်းပန်ပါတယ်၊ ပြီးတော့မှ - ပျော်ကြပါ"

ဆရာတော်က တောင်းပန်စကားဆိုပြီး ကန်တော့ပွဲ မြှောက်ကိုင်ထားသောအစ်ကိုကို ပြောလိုက်သည်၊

"ရပြီ - ဒကာတင်ဝင်း၊ ကန်တော့ပွဲချလိုက်တော့ မီးစက်တွေ နှိုးကြည့်ပါဦး"

ဆရာတော့် မီးစက်ရော၊ နောက်ထပ်ငှားလာသော ဦးစံရင်မီးစက်ပါ နှိုးလိုက်ကြသည်၊ မီးစက်သံများ ဆူညံစွာ ကြားလိုက်ရသည်၊ မီးစက်နှစ်လုံးစလုံး အလွယ်တကူပင် စက်နှိုး၍ရခဲ့သည်၊ လူများ တအံ့တဩဖြစ်ကုန်ကြသည်၊ မီးစက်အလင်းရောင်ဖြင့် ဆံချ၊ သင်္ကန်းဆီး၊ သိမ်တက်ကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com

အလျှင်အမြန်ဆောင်ရွက်ကြရသည်။ ပြီးသည်နှင့် ဆိုင်းဝိုင်းကြီးဖြင့် ဖျော်ဖြေပွဲ စတင်ပါတော့သည်။

ရွှေမြင်းမိုရ်တောင်ဘုရား၊ ဆရာတော်ကျောင်းတွင် ယခုကဲ့သို့ စုပေါင်းရဟန်းခံ ရှင်ပြုပွဲမျိုး ယခင်က မလုပ်ခဲ့ဘူးဟု သိရှိရသည်။ ကြုံတောင့်ကြုံခဲပွဲမို့ ပရိသတ်များ အထူးစည်ကားများပြားနေသည်။ ဆိုင်းဝိုင်းကြီးသာမက လှူရှင်တော်များ၊ အငြိမ့်အကများလည်း ပါဝင်သည်။ ည (၁၀)နာရီကျော်မှ ဖျော်ဖြေပွဲပြီးဆုံးသည်။ ဖျော်ဖြေပွဲပြီးသည်နှင့် ဆရာတော်က –

"နေကြဦး – ဘုန်းကြီး ကတိပေးထားတာရှိတယ်၊ စမ်းကြည့်ရဦးမယ်"

ဆရာတော်က ရွှေမြင်းမိုရ်တောင်ဘုရားဘက်သို့လှည့်ပြီး နှုတ်မှ ပြောလိုက်သည်။

"ခုလို အနှောင့်အယှက်မရှိဘဲ ဖျော်ဖြေပွဲ အဆင်ပြေပြေပြီးသွားတာ ကျေးဇူးတင်ပါတယ်၊ ပေးထားတဲ့ကတိအတိုင်း ပျော်ချင်ရင် လာပျော်ကြပါ၊ ကြိုက်သလို ပျော်လို့ရပါပြီ"

ဆရာတော် စကားဆုံးပြီး မကြာမီမှာပင် ထမင်းချက်နေသော မိန်းမပျိုတစ်ဦး ဆိုင်းဝိုင်းအနီးသို့ ပြေးဝင်လာသည်။ ဆိုင်းဝိုင်းရှေ့ရောက်သည်နှင့် အငြိမ့်ကသည့်နေရာတွင် လှဲချလိုက်ပြီး ကြမ်းပြင်ပေါ်တွင် တွန့်လိမ်တွန့်လိမ်ဖြင့် လှုပ်ရှားနေတော့သည်။ ပရိသတ်များ အံ့ဩထိတ်လန့်သွားကြသည်။ ရှေ့မီနောက်မီ လူကြီးတစ်ဦးက –

"ဆိုင်းတီးပေးပါ – ဆိုင်းတီးပေးပါ၊ သူတို့ပျော်ချင်လို့ လာကြတာ၊ ဘာမှ မလုပ်ကြပါနဲ့"

လူကြီးစကားဆုံးသည်နှင့် ဆိုင်းသံမြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာသည်။ ဆိုင်းဝိုင်းရှေ့ရောက်နေသော အမျိုးသမီးမှာ ကြမ်းပြင်တွင် လူးလိမ့်နေပြီး မြွေသွားသကဲ့သို့ တွန့်လိမ်တွန့်လိမ်ဖြင့် ရွေ့လျားနေသည်။

"အဲဒါ – မြွေက က,နေတာဖြစ်မယ်၊ ဒီတောင်ကို နဂါးမ စောင့်တယ်လို့ ရှေးလူကြီးတွေပြောတာ ကြားဖူးတယ်၊ ပြီးတော့ – အစောင့်တွေလည်း ရှိတယ်တဲ့"



ထိုအခိုက်မှာပင် လူကြီးတစ်ဦး ခုန်ဝင်လာပြီး လက်နှစ်ဖက်မြှောက်၊ မျက်စိမှိတ်ကာ ကခုန်နေပြန်သည်။ မြေပြင်တွင် မှောက်လျက်လှုပ်ရှားနေသော မိန်းကလေးမှာ ဦးခေါင်းထောင်လိုက်၊ ငုံ့လိုက်ဖြင့် လှုပ်ရှားနေသည်။ ဦးခေါင်းပြန်အငုံ့တွင် ကြမ်းပြင်နှင့် ဆောင့်မိပြီး ပွန်းရှခဲ့သဖြင့် မျက်နှာဖူးယောင်နေပြီး သွေးများပင်ထွက်လာသည်။ သို့သော် – မည်သူတစ်ဦးတစ်ယောက်မျှ တားဆီးခြင်းမပြုကြပါ။ အံ့ဩစိတ်နှင့်အတူ ကျွန်တော်ဓာတ်ပုံများ တဖျတ်ဖျတ်ရိုက်ယူထားလိုက်သည်။ ကျွန်တော် ဓာတ်ပုံရိုက်နေစဉ်အစ်ကို ကျွန်တော့်အနား ရောက်လာသည်။

"ငါ့တစ်သက် တစ်ခါမှ မကြုံဘူးတဲ့အဖြစ်ပါပဲ၊ ဒီတောင်က အစောင့်တွေထင်ပါရဲ့၊ ပျော်ပါစေလေ – သူတို့လည်း ဒီလိုပွဲမျိုး မကြုံဘူးသေးတော့ ပျော်ဖို့ ရောက်လာကြတာ ထင်ပါရဲ့"

လူကြီးတစ်ဦးက –

"မိန်းကလေးကို ရေလောင်းပေးကြပါ၊ နဂါးတွေက ရေထဲနေတာ၊ ရေကြိုက်တယ်"

လူရွယ်တစ်ဦးက ရေတစ်ပုံးယူလာပြီး ကြမ်းပြင်ပေါ်တွင် လူးလိမ့်၍ မြွေသွားသလို လိမ်ကောက်လှုပ်ရှားနေသော မိန်းကလေးကိုယ်ပေါ်သို့ ရေလောင်းချလိုက်သည်။

"မျက်နှာမှာ သွေးတွေ ထွက်နေပါလား"

"ရေတွေလည်း စိုကုန်ပြီ"

"တစ်ခုခု ဝင်ပူးနေတော့ ဘာမှသိပုံမရဘူး။ တော်နိုင်းလိုက်ရင် ကောင်းမယ်"

တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုနေကြစဉ် ကျွန်တော် ဓာတ်ပုံများ ရိုက်ယူထားလိုက်ပြန်သည်။ ထိုစဉ် လူကြီးတစ်ဦး ဝိုင်းထဲဝင်လာပြီး ကြမ်းပြင်ပေါ်လဲနေသော မိန်းကလေးကို ဆွဲယူထူမလိုက်သည်။

"တော်ပါတော့ – မိန်းကလေးရယ်၊ မျက်နှာလည်း ဖူးယောင်နေပြီ၊ သွေးတွေထွက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးမှာ မတ်တတ်ရပ်လျက် အနေအထားဖြစ်သွားသည်။ ကရုဏာဖြင့် သူ့ကို ဆွဲယူထူမလိုက်သော လူကြီးကို စူးစူးဝါးဝါး မကျေနပ်သည့်ပုံစံဖြင့် ကြည့်လိုက်သည်။ ပြီးနောက် - သူ့လက်နှစ်ဖက်ကို ဦးခေါင်းထက်မိုးကာ မြွေပါးပျဉ်းပုံစံလုပ်ပြီး လူကြီးကို ရန်ပြုတော့သည်။ ထို့နောက် လက်ကို မြွေပါးပျဉ်းပုံပြုလုပ်ပြီး လူကြီးကို မြွေပေါက်တော့မည့်ပုံစံ လုပ်ပြသည်။ အဝေးသို့ ထွက်သွားရန် အမူအရာပြသည်။ လူကြီးက -

"ဆရာတော် - လုပ်ပါဦး။ တပည့်တော်ကို မြွေပေါက်မည့်ပုံစံ လုပ်ပြနေတယ်။ သူ့ကို ရပ်ဖို့ပြောတာ မကျေနပ်ဘူးထင်တယ်။ နဂါးမ ဝင်ပူးနေတာ မှန်နေပြီ ထင်တယ်"

ဆရာတော် ဝိုင်းထဲဝင်လာသည်။

"ကဲ - ကဲ - ဒီလောက်ပျော်ရရင် တော်ရောပေါ့။ မမောသေးဘူးလား။ ကျေနပ်ပါတော့။ တစ်ကိုယ်လုံး ရေတွေ၊ ချွေးတွေနဲ့ဖြစ်နေပြီး မျက်နှာလည်း သွေးတွေနဲ့တော်ကြပါတော့။ ဟိုဘက်ကလက်မြှောက်ပြီး က,နေတဲ့သူလည်း ရပ်လိုက်ပါတော့"

ဆရာတော်က လက်နှစ်ဖက်မြှောက်၍ က,ခုန်နေသူကိုလည်း ပြောလိုက်သည်။ ဆရာတော့်စကားကြောင့် လက်မြှောက်ကခုန်နေသူမှာ ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။ သူ ဘာဖြစ်ခဲ့သည်ကို မသိသည့်ပုံစံဖြင့် လူအုပ်ကြီးကို လှမ်းကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့် ရွှဲနစ်နေသည်။ မြွေက ကခဲ့သော မိန်းကလေးမှာလည်း ဆရာတော်ရှေ့တွင် ဒူးထောက်ထိုင်လိုက်ပြီး ဆရာတော့်မျက်နှာကို မော့ကြည့်လိုက်သည်။

"သိပ်ပျော်လွန်းလို့ပါ။ ဆက်ပြီး ပျော်ခွင့်ပြုပါဦး။ မနင်ပါနဲ့ - ဆရာတော်ရယ်"

မိန်းကလေးစကားကြောင့် ပရိသတ်များ မင်တက်မိကာ အသံများတိတ်ဆိတ်သွားသည်။ မိန်းကလေးမှာ မျက်ရည်များကျလျက်နှင့် ဆရာတော်ကို တောင်းပန်နေသည်မှာ သနားစဖွယ်ပင်ဖြစ်သည်။ ထိုအဖြစ်ကို တွေ့ရသော ပရိသတ်များပင် မျက်ရည်ဝဲလာကြသည်။ အချို့အမျိုးသမီးများဆိုလျှင် သနားစိတ်ဖြင့် မျက်ရည်များကျလာသည်ကို တွေ့ရသည်။ ဆိုင်းဝိုင်းကြီးများလည်း ဖြုတ်သိမ်းနေပြီဖြစ်သည်။

"ဒီတောင်ကို စောင့်ရှောက်ခဲ့တာ ကြာခဲ့ပါပြီ။ ခုလိုပွဲမျိုး မကြုံဖူးသေးပါဘူး။ ဒါကြောင့် ပျော်လို့ အားမရသေးပါဘူး။ ဆက်ပျော်ခွင့်ပြုပါနော်"

မိန်းကလေးပြောစကားကို ပရိသတ်များ ကြားသွားကြသည်။ တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာ ပြောဆိုသံများ ညံစီထွက်လာသည်။

"ထူးဆန်းလိုက်တာ။ ဒီတောင်ကို စောင့်နေတဲ့သူ ဆိုပါလား"

"မြွေလို၊ နဂါးလို လိုမ့်လိုမ့်ပြီးက,နေတော့ ဒီတောင်ကို စောင့်တဲ့နဂါးမ ဝင်ပူးနေတာ ဖြစ်မယ်ထင်တယ်"

"ငိုယိုပြီး တောင်းပန်နေတာ သနားပါတယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ဆရာတော် ကြားသွားသည်။ ဒူးထောက်တောင်းပန်နေသော မိန်းကလေးကို မိန်းကလေးကို ဆရာတော်က ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ဆိုင်းတွေ၊ ဗုံတွေ မသိမ်းကြပါနဲ့ဦး။ ပြန်တီးပေးကြပါဦး။ ကဲ - ကဲ - ဆန္ဒရှိတဲ့အတိုင်း ဆက်ပြီးပျော်ဖို့ ခွင့်ပြုပါတယ်။ ပျော်ပါ"

ဆရာတော်စကားကြောင့် ဆိုင်းဝိုင်းကြီးမှ ဆိုင်းသံ၊ ဗုံသံများ ပြန်ထွက်လာသည်။ ဆိုင်းသံကြားသည်နှင့် မိန်းကလေးမှာ မြေပြင်ပေါ်လှဲချလိုက်ပြီး တွန့်လိမ်ကွေးကောက်လှုပ်ရှားပြန်သည်။ တံတောင်ဆစ်နှင့် ဒူးများ အသုံးပြုကာ ကြမ်းပြင်ပေါ်တွင် လူးလွန့်သွားလာနေသည်။ ဦးခေါင်းမှာလည်း ထောင်လိုက် ပြန်ငုပ်လိုက်ဖြစ်နေသည်။ သာမန်လူတစ်ဦးဆိုလျှင် ထိုသို့ အချိန်ကြာကြာ ပြုလုပ်နိုင်မည် မဟုတ်ပေ။ အချိန်အတန်ကြာသွားသည်။ မိန်းကလေး ပင်ပန်းနေသည်ကို မကြည့်ရက်တော့သည့် ဆရာတော်က -

"တော်လောက်ပါပြီ - တံတောင်နဲ့ ဒူးနေရာမှာ သွေးတွေထွက်နေပြီ။ ခုလောက် ပျော်ရရင် ကျေနပ်ပါတော့"

ကြမ်းပြင် လူးလိမ့်နေရာမှ မိန်းကလေးက ဆရာတော်ကို မော့ကြည့်လိုက်သည်။ လှဲနေရာမှ ထထိုင်ပြီးဆရာတော်ကို လက်အုပ်ချီလိုက်သည်။

"ကျေနပ်ပါတော့၊ ညဉ့်နက်လှပြီ - ပြန်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com

လက်အုပ်ချီထားရာမှ မိန်းကလေးက ဆရာတော်ကို ဦးချသည်။ ဆရာတော်ကို ဦးချသော မိန်းကလေးမှာ လုံးဝဦးခေါင်းပြန်မတ်မလာတော့ဘဲ ကြမ်းပြင်ပေါ် လဲကျသွားပါတော့သည်။

"ဒကာမလေးကို ကြည့်ကြပါဦး။ ထူပေးလိုက်ကြဦး။ သန့်ရှင်းပေးလိုက်ကြပါ"

အမျိုးသမီးသုံးလေးဦး ပြေးဝင်လာပြီး လဲနေသော မိန်းကလေးကို ပွေ့ထူလိုက်ကြသည်။ အတန်ကြာမှ မိန်းကလေး သတိရလာသည်။ သတိဝင်လာသည်နှင့် မိန်းကလေးက ပတ်ဝန်းကျင်မှ လူများကို အထူးအဆန်းသဖွယ် မော့ကြည့်နေသည်။ ပြီးနောက် – သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သည်။ ညစ်ပတ်ပေရေတာ ရေနှင့်ချွေးများ ရွှဲနစ်နေသော သူ့ကိုယ်ဟန်အနေအထားကို တွေ့သွားသည်။

"ကျွန်မ ဘာဖြစ်လို့လဲ။ ဘာတွေ ဘယ်လိုဖြစ်ခဲ့တာလဲ။ အို – ရှက်လိုက်တာ"

အဖော်အမျိုးသမီးများက ပဝါဖြင့် မျက်နှာပေါ်မှချွေးများကို သန့်စင်ပေးလိုက်ကြသည်။ ထိုသို့ သန့်စင်လိုက်သည်နှင့် ထွက်နေသောချွေးများ မထွက်တော့ပေ။ လုံးဝ ချွေးတိတ်သွားတော့သည်။ မျက်နှာပေါ်တွင် မည်သည့်ဒဏ်ရာမျှ မတွေ့ရတော့ပေ။

"ဒကာမလေးကို ခေါ်သွားကြပေတော့။ ပစ္စည်းတွေ သိမ်းလို့ရပြီ"

တစ်ဆက်တည်း ဆရာတော်က အစ်ကို့ဘက်သို့လှည့်ပြီး စကားပြောလိုက်သည်။

"ဒကာကြီးတင်ဝင်းက ခုလုပ်တဲ့ စုပေါင်းရှင်ပြုပွဲမှာ အဓိကကျတဲ့သူပဲ။ ဘုန်းကြီးနဲ့လိုက်ခဲ့ပါ။ ဒကာ့ကို ပြစရာရှိတယ်။ မြို့က ရောက်နေတဲ့ ဒကာ့ညီကိုလည်း ခေါ်ခဲ့ပါ"

"တင်ပါ့ဘုရား"

အစ်ကိုက ကျွန်တော့်ကို သူနှင့်လိုက်ရန် ခေါ်သည်။

"ကဲလာ – မင်းပါလိုက်ခဲ့။ ဆရာတော်နဲ့ လိုက်သွားရအောင်။ ဆရာတော်ခေါ်နေတယ်။ တစ်ခုခုထူးတာ တွေ့ရမယ်ထင်တယ်"



"ထူးဆန်းတာက အဲဒီမိန်းကလေးဟာ ကြမ်းပြင်မှာ လူးလှိမ့်နေပြီး လှုပ်ရှားနေတာ တကယ့်မြွေနဂါးတစ်ကောင် တွန့်လိမ်သွားနေသလိုပဲ သာမန်လူတွေ မလုပ်နိုင်ဘူး၊ ပြီးတော့ – လက်ကိုမြှောက်ပြီး ကခုန်နေတဲ့ ယောက်ျားတစ်ယောက်လည်း တွေ့ခဲ့ရတယ်"



ညဉ့်နက်သန်းခေါင်ကျော်အချိန်သို့ ရောက်နေပြီဖြစ်သည်။ ဆရာတော်သွားရာသို့ ကျွန်တော်တို့ လိုက်သွားကြသည်။ တိတ်ဆိတ်နေသော ရွှေမြင်းမိုရ်တောင်ဘုရားပေါ်သို့ ကျွန်တော်တို့ တက်ခဲ့ကြသည်။ လျှပ်စစ်မီး ပူဇော်ထားသဖြင့် စေတီရင်ပြင်မှာ လင်းနေပါသည်။ စေတီရင်ပြင်မှာ နှစ်ဆင့်ရှိသည်ကို တွေ့ရသည်။ အမြင့်တစ်ဆင့်နှင့် အနိမ့်တစ်ဆင့်ဖြစ်သည်။ ဆရာတော်က ရင်ပြင်အနိမ့်ဘက်တွင်ရှိသော ရုပ်ထုရှေ့တွင် ရပ်လိုက်သည်။

"စောစောက ဖြစ်ခဲ့တာတွေဟာ ဟောဒီရုပ်ထုနဲ့ ပတ်သက်နေမယ်ထင်တယ်"

ဆရာတော် ညွှန်ပြရာရုပ်ထုကို ကျွန်တော် ကြည့်လိုက်သည်။ တောင်ကို့ကိုယ်လုံးဖြင့် ပတ်ထားပြီး ပါးပျဉ်းထောင်နေသော နဂါးရုပ်ထုဖြစ်သည်။ နဂါးပါးပျဉ်းမှာ စေတီဘက်သို့ မျက်နှာမူလျက်ရှိပြီး စေတီကို ဦးခိုက်နေပုံဖြစ်သည်။ ကျွန်တော်က အသင့်ပါလာသော ကင်မရာဖြင့် နဂါးရုပ်ထုကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှေးလူကြီးတွေက ဒီဘုရားရှိတဲ့တောင်ကို နဂါးစောင့်တယ်လို့ ပြောကြတယ်။ အထိမ်းအမှတ်အဖြစ် ရှေးကတည်းက ဟောဒီနဂါးရုပ်ထုကို ထုလုပ်ခဲ့ကြတာတဲ့၊ နဂါးက အထီးမဟုတ်ဘူး၊ အမလို့ ပြောကြတယ်၊ ပြီးတော့ - ဒီဘုရားတောင်ကိုတခြားအစောင့်တွေလည်း စောင့်ရှောက်နေကြတယ်လို့ ပြောကြတယ်"

"ဆရာတော် ပြောပြတော့မှ ဆက်စပ်တွေးမိတော့တယ်၊ ဆရာတော် ပြောပြတာတွေ ဖြစ်နိုင်တယ်၊ ညဦးပိုင်းက နဂါးဝင်ပူးပြီး လူးလိမ့်ကနေတဲ့ သူဟာ မိန်းမပျိုလေးဖြစ်နေတယ်၊ ထူးဆန်းတာက အဲဒီမိန်းကလေးဟာ ကြမ်းပြင်မှာ လူးလိမ့်နေပြီး လူ့ပ်ရှားနေတာ တကယ့်မြွေနဂါးတစ်ကောင် တွေ့လိမ်သွားနေသလိုပဲ သာမန်လူတွေ မလုပ်နိုင်ပါဘူး၊ ပြီးတော့ - လက်ကိုမြှောက်ပြီး က,ခုန်နေတဲ့ ယောကျ်ားတစ်ယောက်လည်း တွေ့ခဲ့ရတယ်၊ အဲဒီအဖြစ်တွေ တွေ့မိကတည်းက တပည့်တော်စိတ်ထဲ တစ်မျိုးဖြစ်နေခဲ့ပါတယ်ဘုရား"

"ဒကာကြီးတင်ဝင်း ဦးဆောင်မှုကြောင့် ခုလို စုပေါင်းရှင်ပြုရဟန်းခံပွဲကြီး အောင်မြင်ဖြစ်မြောက်ခဲ့တာ၊ ဒီလိုပွဲမျိုး ဘုန်းကြီးတစ်သက် ခုမှ ကြုံဖူးခဲ့ရတာ၊ မလုပ်ဘူးတဲ့ အလှူပွဲ ဒီတောင်ပေါ်မှာ လုပ်ဖြစ်ခဲ့တာမို့ သူတို့လည်း ပျော်လွန်းလို့ လာပြီးပျော်ကြတာ ဖြစ်မယ်ထင်တယ်၊ ပရလောကသားတွေ ဒီတောင်မှာ ရှိနေတာဖြစ်မယ်"

"တပည့်တော်လည်း ရှောင်းဆုံဇာတိပါ ဘုရား၊ တပည့်တော် ငယ်ငယ်ကတည်းက လူကြီးသူမတွေပြောတာ ကြားဖူးခဲ့ပါတယ်၊ ဒါပေမဲ့ - မယုံခဲ့ပါဘူး၊ ခု ကိုယ်တွေ့ကြုံတော့မှ ဒီတောင်ကို နဂါးစောင့်တာ ယုံရမလိုဖြစ်နေပါပြီ"

"ကဲ - ကဲ - ညဉ့်နက်လှပြီ၊ ဒကာကြီးတို့လည်း နားကြဦး၊ ရွာထဲ ပြန်ဖို့ မှောင်နေပြီ၊ ဘုန်းကြီးတို့ကျောင်းမှာပဲ အိပ်လိုက်ကြတော့"

ထိုညက ကျွန်တော်တို့ညီအစ်ကို ဆရာတော်ကျောင်းတွင် ညအိပ်ခဲ့ကြသည်။

=၄=



"အဖေပြောပြတဲ့အတိုင်းဆိုရင် ဖျော်ဖြေပွဲလုပ်ခဲ့တဲ့ညက မြေပြင်ပေါ် လူးလိမ့်ပြီး မြွေလိုကခဲ့တဲ့ မိန်းကလေးဟာ နဂါးမဝင်ပူးနေတာပေါ့၊ ဟုတ်လား - အဖေ"

"ဒီပရလောကဖြစ်ရပ်တွေက တော်တော်ဆန်းကြယ်တာ သားရဲ့၊ အတိအကျ အကောင်အထည် မမြင်ရပေမဲ့ အဖေကိုယ်တိုင် ကြုံတွေ့ခဲ့ရတာ၊ ဒီဓာတ်ပုံတွေက သက်သေပဲလေ"

သားက ကြည့်လက်စ ပုံများထဲမှ ဓာတ်ပုံတစ်ပုံကို ရွေးထုတ်လိုက်သည်။

"ဒီပုံဟာ အဖေ နောက်ဆုံးရိုက်ခဲ့တဲ့ နဂါးရုပ်ထု မဟုတ်လား"

"ဟုတ်တယ် - သား၊ ပုံက နည်းနည်းမှုန်နေတယ်၊ ဆရာတော်ခေါ်လို့ အဖေလိုက်သွားတာ၊ သန်းခေါင်ကျော်နေပြီ၊ အဖေ့ကင်မရာ ဖလက်ရှ်ဂန်းမီးရောင်နဲ့ ဒီလောက်ပဲ အလင်းရောင်ရခဲ့တာ"

"အင်း - စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊ အဖေ - နောက်ကို ကိစ္စကြုံလို့ အဲဒီရှောင်းဆုံဘက်သွားရင် သားလိုက်ချင်တယ်၊ အဲဒီမြင်းမိုရ်တောင်ဘုရားကို လိုက်ပို့ပေးပေါ့"

"အဲဒီဒေသကလူတွေဟာ သိပ်ပြီးရိုးသားဖြူစင်ကြတယ်၊ မွန်လူမျိုးတွေ အနေများတယ်၊ ဘာသာတရားလည်း သိပ်ပြီးကိုင်းရှိုင်းရှိသေကြတာ၊ သားရဲ့ဘကြီးနဲ့လည်း ထပ်တွေ့ရတာပေါ့၊ သားသွားချင်ရင် အဖေလိုက်ပို့ပေးမယ်၊ ဓာတ်ပုံတွေလည်း သားရဲ့ဘကြီးကို ပြရတာပေါ့"

ကျွန်တော့်စကားကြောင့် သားက ကျေနပ်သောမျက်နှာဖြင့် ပြုံးနေပါသည်၊ သို့သော် သားက ဓာတ်ပုံများကို စိတ်ဝင်တစား ကြည့်နေဆဲဖြစ်သည်။

မောင်မောင်မိုးအောင်


www.burmeseclassic.com

www.burmeseclassic.com

'ဒီအိမ်ပါပဲ-ဆရာ၊ သဘောကျရဲ့
သူ့ချစ်ကားလေးကို အိမ်ရှေ့တွင် ရပ်ပြီးပြီး
မြို့ခံမောင်သက်က ပြောလိုက်သည်။ သူက သပ်ရပ်လှပ
သစ်သားအိမ်လေးကို ကျေနပ်စွာကြည့်
'ဟုတ်ကဲ့-ကျွန်တော်နေချင်တာလ
ဒီလိုပုံစံပါပဲ၊ ကျေးဇူးတင်ပါတယ်
'ရပါတယ်-ဆရာ၊ ဆရာက စာရေးဖို့လာ
ဆိုတော့ ဒီလိုတိတ်ဆိတ်တဲ့ နေရာမျိုး
သဘောကျမယ်လို့ ထင်လို့ပါ။ ဒါနဲ့-ဆ
ဘာတွေ လိုအပ်သေးလဲ၊ ကျွန်
ဘာလုပ်ပေးရ







www.burmeseclassic.com

# မောင့်ဒေဝီ

နတ်

မိ

မယ်

မောင်သက်က သူ့ကို ရိုကျိုးစွာ မေးသည်။

“ဘာမှ မလိုတော့ပါဘူး၊ ခင်ဗျား ပြန်လို့ရပါပြီ - ကျေးဇူးပဲ”

မောင်သက်က သူ့ပစ္စည်းတွေကို အိမ်ထဲရွှေ့ပြောင်းပေးပြီးမှ ပြန်သွား သည်၊ သူလည်း ထိုအခါကျမှ အပြင်ဝရန်တာသို့ထွက်ကာ ပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုရလေသည်။ ယခု သူ့အတွက် ငှားရမ်းပေးထားသော အိမ်လေးမှာ တိတ်ဆိတ်ငြိမ်သက်သော မြို့စွန်တွင်တည်ရှိပြီး ထိုအိမ်အပြင် အခြားအိမ်လေးတစ်အိမ်နှင့် သစ်တောရုံးသာရှိတော့သည်၊ သူနေရမည့်အိမ်လေးမှာ လူမနေရသေးသော ဆောက်ပြီးခါစ အိမ်လေးဖြစ်ပြီး သူ့အိမ်နှင့် သစ်တောရုံးခြားနေသော အိမ်လေးမှာမှ လူနေတန်တူလေသည်။

အဝေးပြေးကားများ မကြာခဏ ဖြတ်သွားသံမှလွဲ၍ တိတ်ဆိတ်ကာ သဘာဝဆန်သော နေရာလေးကို သူ့လိုစာရေးဆရာတစ်ယောက်အတွက် အလွန်နှစ်သက်မိလေသည်။ မူလစိတ်ကူးထားသည်မှာ သည်မြို့လေးတွင် သုံးလခန့်နေပြီး လုံးချင်းဝတ္ထုတစ်ပုဒ်ရေးရန် ဖြစ်သော်လည်း ပတ်ဝန်းကျင်



“သူ ဤမြို့လေးကို ရောက်လာရခြင်းအတွက်
သူ့ဘဝတစ်သက်တာလုံး မေ့၍မရအောင်
စွဲထင်ကျန်ရစ်သွားမည့်အဖြစ်မျိုး ဖြစ်လာလိမ့်မည်ဟု
သူ ယောင်လို့တောင် မတွေးမိခဲ့ပါ”

www.burmeseclassic.com

အနေအထားက သူ့စိတ်ကြိုက်ဖြစ်နေသည်မို့ ထိုမျှ အချိန်ပေးရန် မလို တော့ပေ။ လုံးချင်းကို နှစ်လလောက်ဖြင့် သူ အပြီးရေးနိုင်တော့မည်။ စားရေး သောက်ရေးနှင့် အဝတ်များလျှော်ဖွပ်ဖို့ကိုတော့ မောင်သက်က အမျိုးသမီး ကြီးတစ်ဦးကို ငှားရမ်းပေးထား၍ စိတ်မပူရတော့ပေ။

တစ်ခုပဲ မှာထားရသည်မှာ သူ့ကို စာရေးဆရာ "မောင်" ဟု မြို့ခံလူများ ကို မသိစေလိုခြင်းပင်။ ဤမြို့နယ်လေးက ကျဉ်းကျဉ်းလေးမို့ တစ်စုံစုံဆို လျှင် သူ သိမြန်လေရာ ထို့အတွက်ကြောင့် သူနဲ့ စာရေးခြင်းကို အနှောင့် အယှက် မဖြစ်စေလိုပေ။

သူ့ကို ရန်ကုန်မှ လာ၍အနားယူသော ကုမ္ပဏီလုပ်ငန်းရှင် ဦးဇင်မင်း မောင်ဟုသာ သိထားစေလိုသည်။ သို့မှသာ သူ အလုပ်ကောင်းကောင်း လုပ်နိုင်မည်ပင်။

သူက စိမ်းလန်းစိုပြေသော ရှုခင်းများကို ငေးမောရင်း သန့်ရှင်းလတ် ဆတ်သောလေကို တစ်ဝရှူသွင်းလိုက်သည်။ သူ့စိတ်တွေက ကြည်နူးချမ်း မြေ့နေလေသည်။

သူ ဤမြို့လေးကို ရောက်လာရခြင်းအတွက် သူ့ဘဝတစ်သက်တာလုံး မေ့၍မရအောင် စွဲထင်ကျန်ရစ်သွားမည့်အဖြစ်မျိုး ဖြစ်လာလိမ့်မည်ဟု သူ ယောင်လို့တောင် မတွေးမိခဲ့ပါ။

= ၄ =

ဇင်မင်းမောင်က ဘောင်းဘီအိတ်ထဲသို့ လက်ထည့်ပြီး အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့သည်။ မနက်ကတည်းက စာထိုင်ရေးနေခဲ့သည်မှာ ညောင်းညာပင်ပန်းလာသဖြင့် မြို့ပြင်ဘက်သို့ လမ်းလျှောက်ထွက်လာခြင်း ဖြစ်သည်။ ညနေ ငါးနာရီခန့်သာ ရှိသေးသော်လည်း ဆောင်းတွင်းကာလမို့ နေရောင်သိပ်မရှိတော့ပေ။



သူက ဝတ္ထုအကြောင်း မတွေးတော့ဘဲ စိတ်ကိုရှင်းကာ ပတ်ဝန်းကျင် ကို ငေးမောရင်း လျှောက်လာခဲ့သည်။ မြို့ပြင် ခပ်လှမ်းလှမ်းသို့ လျှောက်လာ မိတော့ လမ်းဘေးတွင် အရိပ်အလွန်ကောင်းသော တမာပင်ကြီးကိုတွေ့ရ၍ ထိုတမာပင်ကြီးဆီ သူ လှမ်းလာခဲ့သည်။ ထိုနေရာတစ်ဝိုက်မှာ ဘောင်ယာ စိုက်ပျိုးထားခြင်းမရှိသော မြေလွတ်မြေရိုင်းဖြစ်၍ အပင်ငယ်များနှင့် ရှုပ် ထွေးနေလေသည်။ သို့သော် - အဝေးမှ ရှုခင်းများကို ငေးမောနိုင်ဖို့တော့ အကောင်းဆုံးနေရာလေး ဖြစ်သည်။

သူက အတွေးများဖြင့် ငေးမောလာနေစဉ် -

"ဖြီး"

"ဟာ"

သူ့ရှေ့ခြေလှမ်းစသာကွာဝေးသောနေရာမှ မြွေကြီးတစ်ကောင် ပါးပျဉ်း ထောင် မာန်ဖီလာသဖြင့် သူ ရုတ်တရက် လန့်သွားသည်။ သူ့ခြေလှမ်းများကို လည်း ရပ်တန့်လိုက်ရလေသည်။

မြွေကြီးသည် ပါးပျဉ်းကြီးကို အသင့်အနေအထားဖြင့် ထောင်မတ်ထား တာ သူ နည်းနည်းလေး လှုပ်ရှားလိုက်သည်နှင့် ပေါက်ချလိုက်မည့်ပုံစံ ရှိလေ သည်။ ထို့ကြောင့် သူမှာ အသက်ပင် ရဲရဲမရှူရဲဘဲ ကျောက်ရုပ်လို ငြိမ်သက် နေရလေသည်။ စိတ်ထဲမှလည်း ဘယ်လိုလုပ်ရမလဲဟုတွေးရင်း ချွေးများပင် ပြန်လာသည်။ နာမည်ကျော် စာရေးဆရာ "မောင်" တစ်ယောက် မြွေကိုက်၍ သေသည်ဆိုသည်မှာ လူကြားမကောင်းလှပါ။ ထိုစဉ်မှာပင် -

တမာပင်ကြီးအကွယ်မှ မိန်းကလေးတစ်ယောက် ထွက်ပေါ်လာသည်။ သူသည် ရုတ်တရက် မြင်လိုက်ရသောကြောင့် အံ့ဩသွားပြီးမှ မိန်းကလေး ၏အလှကို သတိပြုမိကာ ပြုံးစားခံလိုက်ရသလို မိန်းမောသွားလေသည်။

ထိုမိန်းကလေးကတော့ သူ့ကိုမကြည့်ဘဲ မြွေကိုသာ စိမ်းမှောင်နေသော မျက်လုံးဖြင့် ညို့ငင်နေသလို စိုက်ကြည့်နေသည်။ သူကတော့ မိန်းကလေး ၏မျက်နှာကလေးကိုသာ သတိလက်လွတ် ငေးမောနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါဦး - လှလိုက်တာ၊ နက်မှောင်ဖြောင့်စင်းသော ဆံပင်ရှည်တွေ ဝန်းရံဘောင်ခတ်ထားသော မျက်နှာလေးပေါ်တွင် လှပသောမျက်လုံး၊ နှုတ်ခမ်း၊ နှာတံတို့က အချိုးကျစွာ တည်ရှိနေသည်။ ပြည့်ဝန်းသော မေးစေ့လေးပေါ်တွင် မဲ့နက်လေးတစ်လုံးပါရှိပြီး အထူးခြားဆုံးက သူမ၏မျက်လုံးများဖြစ်သည်၊ သူမ မျက်လုံးများသည် တခြားသူများနှင့်မတူဘဲ အစိမ်းရောင်သမ်းနေကာ စူးရှတောက်ပလွန်းလှသည်၊ နက်မှောင်ဖြောင့်စင်းကာ ခါးကျော်အောင် ရှည်လျားသောဆံပင်များနှင့် စူးရှသော ထိုမျက်လုံးများကြောင့် သူမ ပုံသဏ္ဌာန်က တစ်မူထူးခြားနေလေသည်၊

သူမသည် သူ့ရှေ့မှမြွေကို ညှို့ငင်နေသလို စူးစိုက်ကြည့်နေရာမှ အတန်ကြာသောအခါ မြွေ၏ ပါးပျဉ်းသည် အောက်သို့ကျသွားကာ မြွေသည် သူ့ရှေ့မှ လျှောခနဲထွက်သွားသည်၊ ထိုအခါကျမှ သူလည်း ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်၊ မိန်းကလေးက သူ့ကို တစ်ချက်သာလှည့်ကြည့်ပြီး ထိုနေရာမှ ထွက်သွားရန်ပြင်စဉ် -

"ဟေ့" ဟု သူက လှမ်းခေါ်လိုက်သည်၊

သူမက သူ့ကို လှည့်ကြည့်လိုက်တော့ သူက ပြုံးပြပြီး -

"ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်သည်၊

မိန်းကလေးက တည်ငြိမ်သော မျက်နှာထားဖြင့် "ဘာအတွက်လဲ" ဟု မေးသည်၊

"ကိုယ့်အသက်ကို ကယ်တဲ့အတွက်ပါ"

သူ့အဖြေကြောင့် ဘာကြောင့် ထိုသို့ပြောမိမှန်း မသိပါ၊ မိန်းကလေးကြောင့် မြွေက ထွက်သွားသည်ဟု သူ စိတ်ထဲထင်နေမိလေသည်၊

"ရှင် အသက်ကို ကျွန်မ ကယ်တာလို့ ရှင် ဘာဖြစ်လို့ ထင်ရတာလဲ"

မိန်းကလေးက အေးစက်စက်လေသံဖြင့် ပြောသည်၊ သူ ဘာပြန်ဖြေရမှန်းမသိ၊

"ကိုယ်မသိဘူး၊ ဒါပေမဲ့ - အဲဒီလို ထင်နေမိတာတော့ အမှန်ပဲ"

မိန်းကလေးက သူ့ကို ဘာမှပြန်မပြောဘဲ မျက်လုံးလွှဲသွားသည်၊ ထို့နောက် -



"ဒီလိုနေရာမျိုးမှာ မြွေအန္တရာယ်များတယ်၊ နောက်ထပ်မလာပါနဲ့" ဟု ပြောပြီး ထိုနေရာမှ ထွက်ခွာသွားသည်၊ သူသည် နေရာမှာတင်ရပ်ပြီး မိန်းကလေး၏ ပုံရိပ်ကလေး ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိလေသည်၊

ထိုနေ့တစ်နေ့လုံး သူ စာရေး၍ မရတော့ပါ၊

သူ့အာရုံထဲတွင် ထိုမိန်းကလေး၏ ပုံရိပ်ကသာ တဝဲလည်လည် ဖြစ်နေတော့သည်၊ သူမ၏ အကြည့်တစ်ချက်ကို သူ မေ့၍မရတော့ပါ၊ လှိုက်ခနဲ ဖိုသွားသော ရင်စုန်သံခံစားမှုကို ယခုထိ ခံစားနေရဆဲ၊ သူ ဘာတွေ ဖြစ်နေလည်း နားမလည်နိုင်တော့ပါ၊

သူ ယခု အသက် (၃၀) ကျော်အရွယ်အထိ မိန်းကလေးများစွာ တွေ့ကြုံခဲ့ဖူးပါသည်၊ ချစ်သူရည်းစားတွေလည်း ထားခဲ့ဖူးပါသည်။ ချောသည်၊ လှသည်ဆိုသော ရန်ကုန်သူ အလှပဂေးများနှင့်လည်း တွေ့ဖူးပါသည်၊ သို့သော် ယခုခံစားချက်သည် ယခင်နှင့် လုံးဝမတူ၊ တခြားမိန်းကလေးများနှင့်မတူ၊ တစ်မူထူးခြားသော အလှပိုင်ရှင် နတ်သမီးကို သူ စွဲလမ်းနေမိပါသည်၊ သူနှင့် သူမ ဆုံခဲ့ရသည်မှာ ခဏတာလေးသာ ဖြစ်သော်လည်း သူ မေ့မရတော့ပါ၊

သူမ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်မှာနေတာလဲ၊ အားလုံးကို သူ သိချင်နေမိသည်၊ သူမသည် သူ့ထက်များစွာ ငယ်ရွယ်လိမ့်မည်ဟုတော့ သူ ခန့်မှန်းမိသည်၊ သူမ၏ အမူအရာက သီးသန့်ဆန်ကာ အေးတိအေးစက်ဖြစ်နေသည်ကိုလည်း သူ သတိထားမိသည်၊ သူမအကြောင်းကို စုံစမ်းကြည့်ဖို့ သူ ဆုံးဖြတ်လိုက်သည်၊ မြို့လေးက ကျဉ်းကျဉ်းလေးမို့ ဤမြို့သူ တစ်ယောက်အကြောင်း စုံစမ်းရတာ ခက်မည်မထင်ပါ၊ သူက တွေးရင်း သက်ပြင်းချမိသည်၊

"မင်း - ဘယ်သူလဲ ကောင်မလေးရယ်"

=❦=



www.burmeseclassic.com

www.burmeseclassic.com

မြို့လေးသို့ သူ ရောက်နေခဲ့သည်မှာ နှစ်ပတ်ခန့် ရှိခဲ့ပြီ။

ထိုရက်များအတွင်း မိန်းကလေးကို နောက်ထပ်မတွေ့ရသဖြင့် သူ နေမထိထိုင်မသာ ဖြစ်နေမိသည်။ တစ်မြို့တည်းနေပြီး နောက်ထပ် မတွေ့ရသည့်အတွက် ဤမြို့သူမှ ဟုတ်ပါရဲ့လားဟု သံသယဝင်မိသည်။ သူသည် မြို့ထဲပိုင်းကို ကော်ဖီသွားသောက်ခြင်း လိုအပ်သည်များ သွားဝယ်ခြင်းဖြင့် မကြာခဏ ရောက်ဖြစ်ပါသည်။ သို့သော် သူမကို အရိပ်လေးတောင် မမြင်ရ။

သူမအကြောင်း စုံစမ်းကြည့်ချင်သော်လည်း နာမည်လေးတောင် မသိသောသူမှာ ဘယ်လိုစုံစမ်းရမှန်းမသိပါ။ လူတိုင်းကို လိုက်ပြီးစုံစမ်းမေးမြန်းဖို့လည်း သူ့အသက်အရွယ်နှင့် မသင့်တော်ပြန်။ ထို့ကြောင့် သူမှာ သူမနှင့် ထပ်ဆုံဖို့ကိုသာ မျှော်လင့်ရလေသည်။

တစ်နေ့တော့ သူ့မျှော်လင့်ချက်တွေ ပြည့်ဝခဲ့ပါသည်။ သို့သော် – သူမနှင့် စကားပြောခွင့်တော့မရခဲ့။ သူ့အိမ်ရှေ့မှ ဖြတ်သန်းကာ စက်ဘီးတစ်စီးနှင့် မြို့ထဲဘက်သို့သွားသော သူမကို သူ လှမ်းမြင်လိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် သူ့အတွက် နေ့လယ်စာလာပို့သော ဒေါ်လေးကြည်လည်း ရှိနေလေသည်။

သူသည် သူမကို မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီးမှ –

"ဒေါ်လေး – အဲဒီကောင်မလေးကို သိလားဟင်"ဟု မေးလိုက်သည်။

ဒေါ်လေးကြည်က ထမင်းဟင်းများ လှယ်ထည့်နေရင်းမှ –

"ဒေဝီကို ပြောတာလား။ သိတာပေါ့ – ဆရာရဲ့ ဘာဖြစ်လို့လဲ"

"ဪ – ဘာရယ်လို့ မဟုတ်ပါဘူး။ သူ့ပုံစံလေးက နည်းနည်းထူးခြားနေသလားလို့ မေးကြည့်တာပါ။ နာမည်က ဒေဝီတဲ့လား"

သူက နာမည်ဆန်းဆန်းလေးကို လိုက်လံရေရွတ်ကြည့်ရင်း မေးလိုက်သည်။

"ဟုတ်တယ် – ဆရာရဲ့ ၊ နာမည်ဆန်းသလို လူကလည်း ဆန်းတယ်။ သူနဲ့တော့ သွားပြီးမပတ်သက်ပါနဲ့ ဆရာရယ်။ ဆရာ ဒုက္ခရောက်သွားမှာ စိုးရိမ်လို့ပါ"



ဒေါ်လေးကြည်စကားကြောင့် သူ အံ့သြသွားရသည်။

"ဘာဖြစ်လို့လဲ – ဒေါ်လေးရဲ့ သူနဲ့ ပတ်သက်တာနဲ့ ကျွန်တော်က ဘာလို့ ဒုက္ခရောက်ရမှာလဲ"

ဒေါ်လေးကြည်က မပြောချင်သလိုဟန်ဖြင့် ခေါင်းကိုခါပြီး –

"သူ့အကြောင်းကို ဆရာမသိသေးဘူးနော်"ဟု ပြောသည်။

"အင်းလေ – ကျွန်တော်လည်း မသိလို့မေးတာပဲ။ သူနဲ့ပတ်သက်ရင် ဒုက္ခရောက်လိမ့်မယ်ဆိုတာ ဘာကြောင့်လဲ ဘာကိုပြောတာလည်း ကျွန်တော့်ကို ရှင်းပြပါဦး"

သူက အလွန်အမင်းသိချင်စွာဖြင့် မေးမိသည်။ သူ ချစ်မိသောကောင်မလေးရဲ့အကြောင်း မဟုတ်လား။ ဒေဝီက သိုက်ဆက်လေ ဆရာရဲ့ နဂါးသိုက်ကလာတာလို့ပြောတယ်။ သူ မွေးကတည်းက အတော်ထူးခြားတယ်၊ သူမွေးတဲ့ညကဆို သူတို့အိမ်ဝန်းကျင်မှာ မြွေတွန်သံတွေ ဆူညံလို့ကြားရတာတောင် ကြက်သီးထတယ်။ ပြီးတော့ – သူ မွေးပြီးတဲ့အချိန်မှာ ထူးခြားမှုတစ်ခုထပ်ဖြစ်သေးတယ် ဆရာရဲ့၊ ကလေးကို အနီးနဲ့ထုပ်ပြီး ချထားတဲ့ အချိန်မှာ မြွေကြီးတစ်ကောင်က ကလေးကိုရစ်ခွေပြီး ကလေးပေါ်မှာ ပါးပျဉ်းကြီးနဲ့ အုပ်မိုးထားတာလေ၊ သူ့အစ်မ မန္တဆို လန့်ပြီးသွေးတက်သွားလို့ မနည်းတုရတယ်။ ကလေးကတော့ ဘာမှ မဖြစ်ပါဘူး"

"ဟင် – ဟုတ်လား၊ နောက်တော့ မြွေကြီးကို ဘယ်လိုလုပ်ပစ်သလဲ"

သူ အံ့သြစွာဖြင့် မေးမိသည်။

"သူ့အဖေကတော့ ကလေးကို စိတ်ပူပြီး မြွေကြီးကို သတ်မယ် တကဲကဲပေါ့၊ ဒါပေမဲ့ – လူကြီးတွေက မသတ်နဲ့၊ ဒီအတိုင်းထားလိုက်ဆိုလို့ ထားလိုက်ရတယ်။ နောက်တော့ – မြွေကြီးက သူ့ဘာသာသူ ပြန်ဆင်းသွားတယ်လေ၊ မထူးဆန်းဘူးလား ဆရာရယ်"

"အင်း – ထူးဆန်းတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ – အဲဒီလို သိုက်ဆက်တို့ ဘာတို့ဆိုတာ ခုခေတ်မှာ ရှိသေးလို့လား ဒေါ်လေးရယ်၊ တိုက်ဆိုင်ဘာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

www.burmeseclassic.com

သူက တွေးတွေးဆဆဖြင့် ပြောလိုက်သည်၊

"ကျွန်မတို့လည်း အစက ဘယ်ယုံပါ့မလဲ ဆရာရယ်၊ ဒါပေမဲ့ - လက်တွေ့ကြုံလာရတော့ မယုံလို့မရတော့ဘူး၊ ဒေဝီလေးက ထူးဆန်းနေတော့ အားလုံးက ထင်ကြတာပေါ့လေ၊ သူက မြွေတွေနဲ့ အတော်အကျွမ်းတဝင်ရှိတယ်၊ သူ့အိမ်မှာလည်း မြွေတွေ ဝင်လိုက်ထွက်လိုက်ပဲ၊ သူ့အိမ်သားတွေကိုလည်း မြွေတွေကို မသတ်ရဘူးလို့ မှာထားတယ်တဲ့၊ ကျွန်မဆို အရင်က ဒေဝီအမေ မန္တနဲ့ ညီအစ်မလိုနေတာ၊ ခုတော့ - သူ့ အိမ်ကိုတောင် မသွားရဲတော့ပါဘူး"

"ဒါနဲ့ - ဒေါ်လေးက သူနဲ့ပတ်သက်ရင် ဒုက္ခရောက်မယ်ဆိုတာ ဘာကိုပြောတာလဲ၊ အဲဒီမြွေတွေကြောင့်လား" သူက မေးလိုက်သည်၊

"ဟုတ်တယ် - ဆရာရဲ့၊ တစ်ခါတုန်းက သူ့ကြောင့် ကလေးတစ်ယောက်သေခဲ့ရဖူးတယ်၊ အဲဒီကလေးက နည်းနည်းသွေးဆိုးပြီး အမြဲမူးရူးပေတေနေတဲ့ကောင်လေးပေါ့၊ သူက ဒေဝီကို လူငယ်သဘာဝ ချစ်လို့ကြိုက်လို့ ချဉ်းကပ်တယ်လေ၊ ဒေဝီကလည်း ခါးခါးသီးသီး ငြင်းတယ်၊ ဒေဝီက သူ့ကိုမှ မဟုတ်ဘူး၊ ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားတာ၊ အဲဒါကို အဲဒီကလေးက ဖွတ်တရွတ်လေ၊ နောက်နေ့မှာပဲ အဲဒီကောင်လေး မြွေကိုက်ခံရပြီး ဆုံးသွားတာပဲ"

ဒေါ်လေးကြည်စကားကြောင့် သူ အံ့ဩရသော်လည်း သိပ်တော့ လက်မခံချင်သေးပါ၊

"ဒါကတော့ တိုက်ဆိုင်တာဖြစ်ချင်ဖြစ်မှာပေါ့ ဒေါ်လေးရဲ့၊ ဒေဝီက သာမန်လူပဲ၊ မြွေတွေကို ဘယ်လိုလုပ် သူလိုရာ စေနိုင်းလို့ရမှာလဲ"

ဒေါ်လေးကြည်က ဆရာမ မသိသေးပါဘူးဟူသော အမူအရာဖြင့် ခေါင်းယမ်းပြီး -

"မဟုတ်သေးဘူး - ဆရာရဲ့၊ အဲဒါတင်မကဘူး - နောက်ထပ် ထူးဆန်းမှုတွေ ဖြစ်လာသေးတယ်၊ ကျွန်မ ယောကျ်ားရဲ့တူမလေး မြွေကိုက်ခံရတုန်းက သူ ကယ်ခဲ့တာလေ၊ တူမလေးက ဒီမြို့လေးက ရွာလေးမှာ မူလတန်းပြလေ၊ တစ်နေ့ - သူတောက ပြန်လာတုန်း ရုတ်တရက် မြွေကိုက်ခံလိုက်ရတယ်၊ အနားမှာလည်း ဘယ်သူမှ မရှိတော့ သူတော့သေပြီလို့ ထင်တာပေါ့၊ အဲဒီအချိန်မှာပဲ ဒေဝီရောက်လာတယ်တဲ့၊ သူက အဆိပ်တက်ပြီး သတိလက်လွတ်ဖြစ်နေတော့ ဘာမှမသိလိုက်ဘူး"

"သူ - မှတ်မိတာကတော့ ဒေဝီက သူ့ရဲ့ခြေထောက်ကို လက်နဲ့ဆုပ်ကိုင်ထားပြီး မြွေတစ်ကောင်က အကိုက်ခံရတဲ့နေရာကို ထပ်ပြီးကိုက်တယ်တဲ့၊ အဲဒီနောက်ပိုင်း တဖြည်းဖြည်းနဲ့ သက်သာလာပြီး သတိရလာတော့ အဲဒီမြွေ မရှိတော့ဘူးတဲ့၊ ဒေဝီကတော့ အဆိပ်မရှိတဲ့မြွေ အကိုက်ခံရတာပါလို့ ပြောတယ်၊ ဒါပေမဲ့ - တူမလေးကတော့ မယုံနိုင်ဘူး၊ မြွေဆိပ်တက်တဲ့ ဝေဒနာကို သူက အပြင်းအထန် ခံစားခဲ့ရတာလေ၊ သူကတော့ ဒေဝီ သူ့ကို ကယ်ခဲ့တာလို့ ထင်နေတယ်"

ဒေါ်လေးကြည်စကားတွေကို နားထောင်ရင်း သူ ဖတ်ခဲ့ဖူးသော အကြောင်းအရာတချို့ကို ပြန်သတိရမိသည်၊ လျှို့ဝှက်သော ပညာရပ်တို့ကို တတ်မြောက်သောပုဂ္ဂိုလ်များသည် မြွေကိုက်ခံရသူကို ကုသလိုလျှင် ကိုက်သောမြွေကိုပြန်လည်ခေါ်ယူကာ အဆိပ်ကိုပြန်လည်စုပ်ယူနိုင်းသည်ဟု သူ ကြားဖူးခဲ့သည်၊ ယခု ဖြစ်ရပ်မှာ ထိုပုံစံမျိုးလား၊

"ဘာပဲဖြစ်ဖြစ် သူနဲ့ မပတ်သက်တာပဲ ကောင်းပါတယ် ဆရာရယ်၊ သူက ဘယ်သူနဲ့မှလည်း အဆက်အဆံလုပ်တာ မဟုတ်ဘူး၊ အထူးသဖြင့် ယောကျ်ားတွေဆိုရင် လုံးဝကို မပတ်သက်တတ်ဘူး၊ ဒီမြို့က ယောကျ်ားလေးတွေကလည်း သူ့ကို ကြောက်နေကြလို့ မကပ်ရဲကြဘူး၊ ရုပ်လေးက အရမ်းလှသလောက် အရမ်းကြောက်စရာကောင်းတာ ဆရာရဲ့"

"သူတို့က သီးသန့်ဆန်ဆန်နေကြတာ၊ ဆရာ - ဟိုး - သစ်တောရုံး ဟိုဘက်က အိမ်လေးက သူတို့အိမ်ပေါ့၊ အဲဒီဘက်ကို သိပ်မသွားတာ ကောင်းပါတယ်၊ ဆရာ့အိမ်နဲ့ကနီးတော့ သတိပေးရတာပါ၊ ကဲ - ကျွန်မ ပြန်တော့မယ်နော် ဆရာ"

ဒေါ်အေးကြည်က သူ့အတွက် ထမင်းပွဲပြင်ပေးပြီး ပြန်သွားသည်၊





www.burmeseclassic.com

www.burmeseclassic.com

သူ့မှာသာ အတွေးများစွာဖြင့် ကျန်ရစ်ခဲ့လေသည်၊ သူ စွဲလမ်းမြတ်နိုး ရသူလေးရဲ့နာမည်က ဒေဝီတဲ့၊ နဂါးသိုက်က လာသူလေးတဲ့၊ မြွေတွေကို လိုသလို နိုင်းစေနိုင်သူလေးတဲ့၊ ရုပ်ကလေးလှသလောက် ကြောက်စရာ ကောင်းသတဲ့လား၊ ကြားလိုက်ရတဲ့ သတင်းတွေက မကောင်းလှပါလား ကလေးရယ်၊ မင်းဟာ အဖြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေ ချင်ခဲ့တာပါ၊

သူဟာ ခေတ်ပညာတတ် လူငယ်တစ်ယောက်ဖြစ်တာမို့ ထိုကိစ္စမျိုးကို မယုံချင်သော်လည်း သူနှင့် ဒေဝီစတွေ့စဉ်က အဖြစ်အပျက်ကို သတိရပြီး တွေဝေဒွိဟ ဖြစ်ရပြန်သည်၊ မြွေကို သူ့ရှေ့မှ ထွက်သွားအောင် သူမ လုပ်ခဲ့ သည်ဟု ထင်ပါသည်၊ ပြီးတော့ - သူမ၏ ထူးခြားသော ရုပ်ရည်က တခြား မိန်းကလေးများနှင့် မတူတာလည်း သူ သတိထားမိခဲ့သည်၊ သူမဟာ တကယ်ပဲ နဂါးသိုက်က လာသူတစ်ယောက်လား ဒါမှမဟုတ် . . .

သူ တွေးရင်းတွေးရင်း ဒေဝီဆိုသော မိန်းကလေးကြောင့် ရင်တွေသာ မောနေမိတော့သည်၊

=❦=

သူသည် ဒေဝီနှင့် စတင်တွေ့ဆုံခဲ့ရသော တမာပင်ကြီးဆီသို့ လျှောက် လာခဲ့သည်၊ ဒေဝီ့အမေက ဒေဝီ ဒီမှာရှိပါလိမ့်မည်ဟု ပြောလိုက်၍ ဖြစ် သည်၊

သူ ဒီနေ့ ဒေဝီတို့အိမ်သို့ သွားခဲ့ပါသည်၊ သူသည် ရန်ကုန်မှ ခေတ္တလာ နေသူဖြစ်ပြီး ဒီဘက်အိမ်တွင်နေကြောင်း အိမ်ချင်းသိပ်မနီးသော်လည်း အနီးတဝိုက်တွင် ဤအိမ်နှစ်အိမ်သာရှိသည်မို့ လာမိတ်ဆက်ကြောင်းပြော သည့်အခါ ဒေဝီအဖေနှင့်အမေက ရင်းနှီးခင်မင်စွာ ကြိုဆိုပါသည်၊ အတူ အညီလိုလျှင် ကူညီမည့်အကြောင်းနှင့် အိမ်ကိုလည်း လာလည်နိုင်မည့် အကြောင်း လှိုက်လှိုက်လှဲလှဲပြောသည်၊ သူက ဒေဝီနှင့်သိကြောင်းပြောပြ



ဒေဝီကို မေးတော့ ဤနေရာတွင်ရှိမည်ဟု ညွှန်ပြလိုက်သဖြင့် လိုက်လာခဲ့ ခြင်းဖြစ်သည်၊

သူ လှမ်းကြည့်တော့ သစ်ပင်ရိပ်အောက်မှ မြေပေါ်တွင်ထိုင်ကာ ဟိုး အဝေးကို ငေးမောနေသော ဒေဝီကို တွေ့ရလေသည်၊ သူက သူမအနီးသို့ လျှောက်လာခဲ့ပြီး -

"ဒေဝီ" ဟု ညင်သာစွာ ခေါ်လိုက်သည်၊

သူ့အသံကြောင့် သူမက ဖျတ်ခနဲမော့ကြည့်ပြီး မျက်ဝန်းထဲတွင် အံ့သြ ရိပ်လေးများ မသိမသာဖြတ်သန်းသွားသည်၊ သူက သူမဘေးတွင် ဝင်ထိုင် လိုက်သည်၊

"ဒီကို အမြဲတမ်း လာတတ်လားဟင်"

သူ့မေးခွန်းကို သူမက "ဟုတ်ကဲ့" တိုတိုတုတ်တုတ်ဖြေသည်၊

"မင်း - မကြောက်ဘူးလားဟင်၊ ကိုယ့်ကိုတော့ ဒီနေရာက မြွေအန္တရာယ် များလို့ နောက်ထပ်မလာပါနဲ့ဆိုပြီးတော့ မင်းက အမြဲတမ်းလာနေတာ လား"

သူ့စကားကြောင့် သူမက ဖျတ်ခနဲလှည့်ကြည့်ပြီး ချက်ချင်းအကြည့်လွှဲ သွားသည်၊ ဘာမှတော့ ပြန်မပြောပေ၊ သူက ဘေးတိုက်မြင်ရသော သူမ မျက်နှာလေးကို ငေးမောရင်း -

"ကိုယ် - မင်းနဲ့ ရင်းနှီးခွင့်ရမလားဟင်" ဟု မေးလိုက်သည်၊

သူမက ဘာမှ ပြန်မဖြေဘဲ အဝေးသို့ ငေးမြဲငေးနေသည်၊

"ကိုယ်က ဧည့်သည်ပါကွာ၊ မြို့ခံတစ်ယောက်အနေနဲ့ ကိုယ့်ကို စကား လေးတောင် ပြန်မပြောတော့ဘူးလား၊ ကိုယ်က မင်းကို တကယ်ခင်ချင်လို့ ပါ မောင်နမတွေလိုပေါ့"

"ကျွန်မ ဘယ်ယောက်ျားနဲ့မှ မရင်းနှီးချင်ပါဘူး ဦးဇင်မင်းမောင်"

သူမက ရုတ်တရက် ပြန်ဖြေသည်၊ သူမ သူ့နာမည်အရင်းသိနေ၍ သူ အံ့သြရသည်၊

"ဘာဖြစ်လို့လဲ - ဒေဝီ"



www.burmeseclassic.com

www.burmeseclassic.com

သူမက သူ့ကို တည့်တည့်စိုက်စိုက်ကြည့်ပြီး -

"ကျွန်မရဲ့ကိုယ်ရေးကိုယ်တာတွေ ဘာကြောင့် သိချင်နေရတာလဲ" ဟု ပြောသည်။ သူမ၏ မျက်နှာသည် တင်းမာခြင်းမရှိသလို ပျော့ပျောင်းမှုလည်း မရှိပါ။ တည်ငြိမ်အေးစက်သော မျက်နှာထားဖြစ်သည်။ ထိုမျက်နှာကလေး ပြုံးရယ်တာကို သူ မြင်ချင်မိသည်။

"မင်းကို စိတ်ဝင်စားလို့ပါ ဒေဝီ"

သူ့ရင်ထဲမှ စကားက နှုတ်ခမ်းမှ လွှတ်ခနဲ ထွက်သွားသည်။ သူမက ရုတ်တရက် အံ့ဩသွားပုံရပြီး မျက်လုံးအဝိုင်းသားဖြင့် သူ့ကို လှည့်ကြည့်သည်။ သူ ငေးကြည့်နေသည်ကိုမြင်တော့ မျက်နှာလေး ရဲခနဲဖြစ်သွားကာ တစ်ဖက်သို့ ပြန်လှည့်သွားသည်။

အတန်ကြာသော အဝေးသို့ ငေးမောနေပြီးမှ -

"ကျွန်မက စိတ်ဝင်စားဖို့ကောင်းတဲ့ သူ မဟုတ်ပါဘူး" ဟု တည်ငြိမ်စွာ ပြောသည်။

"ကိုယ်ကတော့ စိတ်ဝင်စားတယ် ဒေဝီ။ ကိုယ်မင်းကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့ရတာပါ။ မင်းဟာ ကိုယ့်အတွက် သိပ်ကို ထူးခြားတဲ့ သူ တစ်ယောက်ပါ"

"ဘာကိုလဲ - ဦးဇင်မင်းမောင်၊ ရှင့်အတွက် ထူးဆန်းတဲ့ ဝတ္ထုတစ်ပုဒ် ရလို့လား"

သူမ စကားကြောင့် သူ အတော်အံ့ဩသွားရသည်။ သူ စာရေးဆရာ တစ်ယောက်ဆိုတာ သူမ ဘယ်လိုလုပ်သိနေတာလဲ။ သူမ မျက်နှာလေးက မသိမသာ နွမ်းလျသွားပြီး -

"လူတွေက ပြောကြတယ်၊ ကျွန်မဟာ ထူးခြားတဲ့အစွမ်းအစတွေရှိတယ်တဲ့၊ မြွေတွေကို လိုသလိုခိုင်းစေနိုင်တယ်တဲ့၊ သူတို့ပြောကြသလို အဲဒီလို အစွမ်းအစမျိုး ကျွန်မမှာ တကယ်ရှိရင် သိပ်ကောင်းမှာပဲ။ မြွေတွေရဲ့ အဆိပ်တွေကို ထုတ်ပစ်လိုက်ချင်တယ်"



"ကိုယ် မင်းကို နားလည်ပါတယ် ဒေဝီ။ လူတွေ မင်းကို ပြောကြတဲ့ စကားတွေကိုလည်း ကိုယ် ကြားပါတယ်။ ဒါပေမဲ့ - ကိုယ်က လူတစ်မျိုးကွ။ ကိုယ်လိုချင်တဲ့ အရာတစ်ခုရှိရင် ဘယ်သူတွေ ဘယ်လောက်တားတား ဘာ ချို့ယွင်းချက်တွေပဲရှိရှိ ဂရုမစိုက်ဘဲ ရအောင်ယူတတ်တယ်။ လူတစ်ယောက်ကိုကြည့်တဲ့နေရာမှာလည်း သူများတွေရဲ့ ပြောစကားနဲ့ အဲဒီလူရဲ့ တန်ဖိုးကို မဆုံးဖြတ်တတ်ဘဲ ကိုယ်မြင်ရတဲ့အမြင်နဲ့ပဲ ဆုံးဖြတ်တတ်တယ်။ သူများတွေ တန်ဖိုးမထားဘဲ စွန့်ပစ်ထားစေဦးတော့ ကိုယ် တန်ဖိုးထားရင် ကိုယ့်အတွက် ရတနာပဲ"

"လူတွေက မင်းကို စွန့်ပစ်ထားတာ မဟုတ်ပါဘူး - ဒေဝီ။ မင်းက လူတွေကို စွန့်ပစ်ထားတာပါ"

သူ့စကားကြောင့် သူမ မျက်နှာလေးအနည်းငယ် ပြောင်းလဲသွားသည်။ သူ့ကို လှည့်ကြည့်သော မျက်ဝန်းထဲမှာလည်း နားလည်မှု အရိပ်အယောင်များကို မသိမသာ မြင်ရသည်။

"ကျွန်မကို ရှင် နားမလည်ပါဘူး။ ကျွန်မ ဘဝကို ကျွန်မကိုယ်တိုင်တောင် နားမလည်နိုင်ခဲ့ဘူး။ ဘာကြောင့် ကျွန်မ ဒီလိုဘဝမျိုးနဲ့ ရှင်သန်နေရတာလဲ။ ဘာကြောင့် တခြားမိန်းကလေးတွေလို မနေနိုင်ရတာလဲ။ ကျွန်မရဲ့ ကံတရားကို ကျွန်မကိုယ်တိုင်တောင် မပိုင်ဆိုင်ဘူး"

သူသည် နာကြည်းမှုဖြင့် အဖျားတုန်ရင်သွားသော သူမ စကားသံလေးကို နားထောင်ရင်း သူမကို ပို၍သာ ကြင်နာမြတ်နိုးလာမိသည်။ သူမသည် နဂါးသိုက်ကလာလာ၊ ကျားသိုက်ကလာလာ၊ သူ့အတွက် အရေးမကြီးပါ။ သူ့အတွက် အရေးကြီးသည်က သူမကို နားလည်ပေးနိုင်ဖို့ဖြစ်သည်။ လူတွေ မမြင်သော သူမ၏ နှလုံးသားတွေ မည်မျှနက်ရှိုင်းသော ဒဏ်ရာများရှိနေမည်လည်း သူ သိချင်လှသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ ဒေဝီ"

သူက ရုတ်တရက် မေးလိုက်သည်။ "နှစ်ဆယ်" ဟု ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ထက် အများကြီးငယ်တာပဲ။ မင်းဘဝမှာ အချိန်တွေ အများကြီး ကျန်နေသေးတာပဲလေ။ အဲဒီအချိန်တွေမှာ မင်းဘဝကို မင်း ဖန်တီးနိုင်ခွင့် ရှိနေတာပဲ"

သူ့စကားကြောင့် သူမက နှာကျင်ဟန်ဖြင့် မဲ့ပြုံးလေးပြုံးသည်။ ထိုအပြုံးလေးကိုပင် သူ့မှာ တမေ့တမော ငေးရလေသည်။

"အချိန်တွေ ဟုတ်လား။ ကျွန်မရဲ့ကံတရားက နှစ် (၂၀) လောက်ပဲ အချိန်ပေးထားတာဆိုရင်ရော ကျွန်မအတွက် အများကြီးရှိသေးတယ်လို့ ရှင်ပြောမှာလား။ အဲဒီ အနှစ် (၂၀)ပြည့်ဖို့ အချိန်အနည်းငယ် ကျန်တော့တယ်ဆိုရင်လေ။ သူ ရုတ်တရက် တိတ်ဆိတ်ဆွံ့အသွားမိသည်။ သူမရဲ့စကားက ဘာအဓိပ္ပာယ်လဲ။ သူမဟာ အသက်နှစ်ဆယ်အထိပဲ အသက်ရှင်နေထိုင်ရမှာလား။ ဒါဆို မကြာခင်မှာ သူ့အတွေးမဆုံးခင် သူမက နေရာမှ ထရပ်သည်"

"ကျွန်မက ရှင့်အတွက်ရတနာဖြစ်လာမှာ မဟုတ်ပါဘူး – ဦးဇင်မင်းမောင်" ဟုပြောပြီး ထွက်ခွာသွားလေသည်။ သူသည် သူမ၏နောက်ကျောကို လိုက်လံငေးမောရင်း သက်ပြင်းမောကြီး ချလိုက်မိသည်။ သူ့အတွက် အရာရာက ဝေဝါးရှုပ်ထွေးနေလေသည်။ လူများ ပြောကြသည့်အကြောင်းများ ဒေဝီကိုယ်တိုင်ပြောသော စကားများအားလုံးသည် သူ့ခေါင်းထဲတွင် ရောထွေးတင်းကျပ်နေတော့သည်။ သူ ဘာကို လက်ခံယုံကြည်ရမှန်း မသိတော့ပါ။ သူ သက်ပြင်းကိုသာ အခါခါချမိသည်။

ဟင်း – နားလည်ရခက်လှချည်လား မိန်းကလေးရယ်။

=❦=

ဒီမြို့လေးတွင် သူ ရောက်နေခဲ့တာ တစ်လကျော်သွားပြီ ဖြစ်သည်။

ဝတ္ထုကလည်း တစ်ဝက်ခန့်ပြီးသွားပြီ၊ တိတ်ဆိတ်သော၊ ချမ်းမြအေးချမ်းသော၊ အနှောင့်အယှက်ကင်းသော ဤနေရာလေးကို သူ သဘောကျ



လှသည်။ သို့သော်လည်း ဝတ္ထုပြီးသွားလျှင်တော့ ပြန်ရပေမည်။ သူ ဒီမြို့လေးကိုရောက်စ ပျင်းရိခြောက်သွေ့စရာကောင်းသောကြောင့် ဝတ္ထုအမြန်ပြီးအောင်ရေးပြီးလျှင် ပြန်မည်ဟု စိတ်ကူးထားခဲ့သော်လည်း ယခုတော့ ပြန်ဖို့ စဉ်းစားလိုက်တိုင်း သူ ရင်လေးလံနေတော့သည်။

ဖြတ်မရသော ကြိုးမျှင်လေးများက သူ့နှလုံးသားကို ရစ်ပတ်နှောင်တွယ်ထားကြလေပြီ။ ဒေဝီဆိုသော ထူးဆန်းသောကောင်မလေးကို သူ ချစ်မိနေခဲ့ပြီ။ အချိန်တိုတွင်းမှာ သူမကို ဘာကြောင့် အဲဒီလောက်ချစ်မိသွားမှန်း သူ့ကိုယ်သူပင် နားမလည်တော့ပါ။ သူဟာ ဆယ်ကျော်သက်တလေးလည်း မဟုတ်တော့ပါဘဲနဲ့ သူမကို မြင်မြင်ချင်းမှာပင် စွဲလမ်းသွားခဲ့ရသည်။ သူ့ဘဝမှာ အချောအလှမိန်းကလေးများစွာနှင့် တွေ့ဆုံခဲ့ဖူးသော်လည်း ထိုသို့ တစ်ခါမှ မခံစားဘူးပဲ ဒီမိန်းကလေးနဲ့ကျမှ အရူးအမူးဖြစ်သွားခဲ့ရတာတော့ ထူးဆန်းလှသည်။ သူမသည် သူ့ရဲ့ဘဝ လက်တွဲဖော် ဖူးစာရှင်စစ်မှန်၍ ဤသို့ ခံစားရခြင်းလား။

ဒေဝီကတော့ သူ့ခံစားချက်တွေကို ဥပေက္ခာပြုထားဆဲပင်။ အရင်လို သူ့အပေါ် အေးစက်စိမ်းကားခြင်း မရှိသော်လည်း နွေးထွေးစွာ ဆက်ဆံပြောဆိုနေခြင်းလည်း မရှိပေ။ သူမသည် သူ့ကို တမင် မပတ်သက်မိအောင်နေသည်ဟုပင်ထင်ရသည်။ သူ သူမအိမ်သို့ သွားရောက်လည်ပတ်လေတိုင်း သူ့ကို ဧည့်ခံစကားပြောခြင်း မရှိပေ။ သူမ၏ အမေကသာ သူ့ကို လိုက်လိုက်လှဲလှဲဧည့်ခံသည်။ သို့သော် သမီးဖြစ်သူနှင့် ပတ်သက်၍တော့ သိပ်မပြောပေ။ ဒေဝီ၏ထူးခြားမှုများနှင့် ပတ်ဝန်းကျင်၏ ပြောစကားများကိုလည်း မသိသလိုပင် နေကြသည်။ ထို့ကြောင့် ဒေဝီနှင့်ပတ်သက်၍ သူ ဘာမှ ပိုသိမလာခဲ့ပါ။

ဒေဝီကိုကြည့်ရသည်မှာ အားငယ်ကာ အထီးကျန်နေပုံရသည်ဟု သူ ပြောစဉ်က သူမအမေက သူမမှာ ငယ်စဉ်ကတည်းက ကျန်းမာရေး သိပ်မကောင်း၍ အခြားကလေးတွေလို ပြေးလွှားဆော့ကစားခြင်း မပြုလုပ်နိုင်ကြောင်း။ ထို့ကြောင့် ကလေးဘဝကတည်းက တစ်ယောက်တည်းနေတတ်



www.burmeseclassic.com

www.burmeseclassic.com

လာကာ ယခုထိတိုင် သီးသန့်ဆန်စွာ နေထိုင်တတ်ကြောင်း ဒေဝီအမေက ပြောပြသည်။

ဘာကြောင့်ဆိုတာကိုတော့ ပြောမပြခဲ့ပါ။

ထို့ကြောင့် သူသည် ဒေဝီအနားမှာ ရှိနေပါလျက်နှင့် ဒေဝီနှင့် အဝေးဆုံးကို ရောက်နေသလိုပင်။ ဒေဝီ၏ နှလုံးသားက ကျောက်သားလို မာကျောနေ၍ သူ့အချစ်ကို မခံစားတတ်တာလား။ သူသည် သူမ၏အနားတွင် ရှိနေရင်း ရင်ထဲတွင် တမြည့်မြည့် ကျွမ်းနေတော့သည်။

တစ်နေ့တော့ သူ ခံစားချက်များကို မထိန်းချုပ်နိုင်ဘဲ သူမကို ဖွင့်ဟမိသည်၊

"ကိုယ် မင်းကို လက်ထပ်ချင်ပါတယ် ဒေဝီ၊ ကိုယ် မင်းကို ချစ်တယ်"

သူနှင့်သူမ တမာပင်ကြီးအောက်တွင် အတူရှိနေစဉ် သူက ရုတ်တရက် ပြောလိုက်သည်။ သူမက မျှော်လင့်ထားပြီး ဖြစ်ဟန်ဖြင့် ဘာမှ မထူးခြားပါ။

=၄=

"တစ်နေ့မှာ ဒီစကားပြောလာလိမ့်မယ်ဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မ လက်ခံမှာမဟုတ်ဘူးဆိုတာသိရက်နဲ့ ဘာကြောင့် ရှေ့ဆက်တိုးရတာလဲ ဦးရယ်"

သူမက အေးဆေးညင်သာစွာပင် ပြောလိုက်သော်လည်း ဦးရယ်ဟူသော နောက်ဆုံး အဖျားတုန်ခတ်သွားသော စကားလေးက သူ့ရင်ကို လှုပ်ခတ်သွားလေသည်၊

"အဲဒီလို ပြောမလာအောင် မင်းဘက်က ရှောင်ဖယ်နေခဲ့တယ်ဆိုတာ ကိုယ် သိပါတယ် ဒေဝီရယ်၊ ဒါပေမဲ့ - အချစ်ဆိုတာမျိုးက ဘာနဲ့မှ တားဆီးလို့ မရနိုင်တဲ့အရာပါ၊ ကိုယ့်အချစ်ကို မင်း မတုံ့ပြန်နိုင်ခဲ့ရင်တောင် မချစ်နဲ့လို့ တားဆီးလို့မရပါဘူး။ ကိုယ့်ရင်တွေသာ ကွဲရင်ကွဲသွားပါစေ၊ ဆက်ချစ်နေဦးမှာပါ၊ တစ်ခုပဲ ကိုယ် နားမလည်တာပါ ဒေဝီ၊ မင်းနဲ့ကိုယ့်ကြားမှာ ဘာ အတားအဆီးတွေရှိနေလို့ ကိုယ့်ဆီကို မလာနိုင်ရတာလဲဟင်၊ ဘာကြောင့် ကိုယ့်အချစ်ကို လက်မခံနိုင်ရတာလဲ"





"သူမ၏ အစိမ်းရောင်မျက်ဝန်းများ ထဲတွင်လည်း သူ နားမလည်နိုင်သော ဘာသိတော့မှုလည်း နားလည်မှု မတုတ်သော နက်ရှိုင်းလှသော အဓိပ္ပာယ်များစွာ ရှိနေကြသည်"

သူမက အဝေးဆီသို့ ရီဝေစွာ ငေးကြည့်နေသည်။ အတော်ကြာအောင် ငေးမောနေခဲ့ပြီးမှ -

"ကျွန်မကို နားလည်တယ်ဆိုရင် ဒီမေးခွန်းကို ဘာကြောင့် မေးရတာလဲ - ဦးရယ်၊ ကျွန်မအတွက် ဘဝလက်တွဲဖော်ကို ရွေးချယ်ခွင့်မရှိပါဘူး၊ လိုလည်း မလိုအပ်ပါဘူး၊ ယောကျ်ားတစ်ယောက်ကို ချစ်ခင်မြတ်နိုးဖို့ ကျွန်မမှာ အခွင့်အရေးမရှိပါဘူး။ အဲဒါကို နားလည်ပေးပါ"

"ဘာကို နားလည်ပေးရမှာလဲ - ကလေးရယ်။ လူတွေ ပြောကြတဲ့စကားတွေကိုလား၊ ပတ်ဝန်းကျင်ရဲ့အမြင်တွေကိုလား ကိုယ် ပြောခဲ့ပြီးပြီပဲ၊ ကိုယ် တန်ဖိုးထားရင် ကိုယ့်အတွက် ရတနာပဲဆိုတာ မင်းဟာ ကိုယ့်ရဲ့နှလုံးသား ထဲက ရတနာပါ ဒေဝီ၊ မင်းကို ကိုယ် မြတ်မြတ်နိုးနိုးနဲ့ ချစ်မိတာပါ၊ မင်းကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ဘဝလုံးစာအတွက် လက်တွဲချင်တာပါ။ အဲဒီအတွက် ကိုယ် ဘာကိုမှ ဂရုမစိုက်ဘူးကွာ။ ကိုယ့်ရဲ့ကိုယ်ပိုင်အသိဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ခဲ့တာပါ"

သူမက မဲ့ပြုံးလေးပြုံးရင်း ခေါင်းကို ခါယမ်းသည်။

"ပတ်ဝန်းကျင်ရဲ့အမြင်တွေ လူတွေရဲ့စကားတွေကို ကျွန်မက ဂရုစိုက်နေတယ်လို့ ထင်လို့လား။ ပတ်ဝန်းကျင်ဆိုတာမျိုးက ဖြစ်ရပ်တစ်ခုအပေါ်မှာ ဘယ်တော့မှ အမှန်အတိုင်းမမြင်ဘဲ သူတို့လိုရာကို ဆွဲယူတွေးတတ်တာမျိုးလေ။ ဘယ်လောက်ပဲ အပြစ်ကင်းအောင် နေတယ်ပဲပြောပြော သူတို့ရဲ့ အမြင်မှာ အပြစ်တစ်ခုခုတော့ ရှိနေမှာပဲ။ ကျွန်မက လူတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ဘောင်ခတ်ပြီး နေတတ်တဲ့ သူ မဟုတ်ပါဘူး။ ကျွန်မက ကျွန်မရဲ့ဘဝကို ကျွန်မ စိတ်တိုင်းကျပဲ နေထိုင်ဖြတ်သန်းချင်တယ်။ အချစ်ဆိုတာက လွဲလို့ပေါ့"

"ဘာဖြစ်လို့လဲ - ဒေဝီ၊ ဘာဖြစ်လို့ အချစ်ကို ငြင်းဆန်နေရတာလဲ"

သူ မချင့်မရဲဖြင့် မေးလိုက်မိသည်။ ဒေဝီမျက်နှာပေါ်တွင် နားလည်ရခက်ခဲသော အဓိပ္ပာယ်များစွာ ဖြတ်သန်းသွားသည်။ ထို့နောက် သူမတာ နာကျင်စွာပြုံးသည်။

"အချစ်ဆိုတာကို ခံစားဖို့ ကျွန်မမှာ အချိန်မရှိတော့ပါ။ အချိန်တန်ရင် ကျွန်မ လာခဲ့တဲ့နေရာကို ပြန်သွားရတော့မှာပါ။ အဲဒီလို ပြန်သွားဖို့လည်း သိပ်မလိုတော့ပါဘူး။ အဲဒီအချိန်တိုတိုလေးမှာ ခံစားရမယ့် ပျော်ရွှင်မှုအတွက် တခြားလူတစ်ယောက်ကို တစ်သက်လုံး ဝမ်းနည်းနာကျင်သွားအောင် ကျွန်မ မလုပ်ရက်ဘူး"

သူမက သူ့မျက်လုံးများထဲသို့ ငေးရီကြည့်ကာ ပြုံးပါသည်။ သူ ပထမဆုံး မြင်ဖူးသော သူမ၏အပြုံးလေးကြောင့် သူ အသက်ရှူရန်ပင် မေ့လျော့သွားမိသည်။ သူမ၏ အစိမ်းရောင်မျက်ဝန်းများထဲတွင်လည်း သူ နားမလည်နိုင်သော ဘယ်တော့မှလည်း နားလည်မှာမဟုတ်သော နက်ရှိုင်းလှသော အဓိပ္ပာယ်များစွာ ရှိနေကြသည်။



"ဦးနဲ့ ဆုံစည်းရတဲ့ အချိန်လေးအတွက် ကံကြမ္မာကို ကျေးဇူးတင်ပါတယ်။ ကျွန်မ မသိခဲ့ရတဲ့အရာတစ်ခုကို သိနားလည်လာအောင် ခံစားတတ်လာအောင် ကျွန်မနဲ့ ရှိနေပေးတဲ့ဦးကိုလည်း ကျွန်မ ကျေးဇူးတင်နေမှာပါ၊ ပြီးတော့ - ကျွန်မ ဦးကို ဘယ်တော့မှ မမေ့ပါဘူး။"

သူမ၏ နောက်ဆုံးမှ စကားသံလေးသည် သိမ်မွေ့နူးညံ့သော သူ့ရင်ထဲမှ အနက်ရှိုင်းဆုံးနေရာထိအောင် ထိုးဖောက်သွားလေသည်၊ သို့သော်လည်း သူ့နှလုံးသားမှ နာကျင်မှုကိုတော့ မသက်သာစေနိုင်တော့။

=❦=

သူ သူမကို သိပ်ချစ်ခဲ့မိသည်။ သူမ၏ အချစ်ကိုလည်း ပြန်လည်လိုချင်ခဲ့မိသည်။ ခုတော့ သူမက သူ့ကို နာကျင်မှုတွေသာ ပေးခဲ့သည်။ ထူးဆန်းသော အကြောင်းပြချက်များဖြင့် သူ့အချစ်ကို ငြင်းပယ်ခဲ့သော သူမကို သူ အပြစ်မမြင်ရက်ခဲ့ပါ။ သူ့နှလုံးသားသည် သူမ၏ တုံ့ပြန်မှု ဘယ်အရာမဆို လက်ခံနိုင်ဖို့ အသင့်ရှိနေတော့သည်။ သူ သိပ်ချစ်ရသော မိန်းကလေးကို နားလည်ပေးနိုင်ဖို့ သူ ကြိုးစားရမည် မဟုတ်ပါလား။

အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးသွားသည်။

သူ ရောက်နေသည်မှာ နှစ်လကျော်သွားပြီး ဝတ္ထုလည်း ပြီးသွားခဲ့ပြီ၊ သို့တိုင်အောင် သူ ပြန်ဖို့ မစဉ်းစားချင်သေး။ သူ့နှလုံးသားသည် ဒီမြို့လေးတွင် ကျန်နေခဲ့တော့မည်။

ဒေဝီကို သူပြန်တော့မည့်အကြောင်းပြောတော့ သူမက သက်ပြင်းတစ်ချက်ချကာ ဟုတ်လားဆိုသော စကားကိုသာ တုံ့ပြန်သည်။ သူမ သူ့ကို တားလိမ့်မည်မဟုတ်မှန်း သူ သိသော်လည်း ထိုသို့သော တုံ့ပြန်မှုကိုတော့ သူ ခါးသီးနာကျင်မိသည်။ သူက သူမရင်ထဲမှာ နေရာလေးတစ်ခုတောင် မရှိခဲ့ဘူးတဲ့လား။ အဲဒီလောက် ရက်စက်နိုင်လား ကလေးရယ်၊

www.burmeseclassic.com

ရန်ကုန်မှ ထုတ်ဝေသူက သူ့ကို အမြန်ပြန်လာဖို့ခေါ်နေသည်။ သူ့ဝတ္ထုတစ်အုပ်ကို ရုပ်ရှင်ရိုက်ရန် ဝယ်သူများရှိနေ၍ သူနှင့်တွေ့ရန်ဖြစ်သည်။ သူမပြန်၍ မဖြစ်တော့သော အခြေအနေပင်။ ရန်ကုန်ကို ပြန်ရောက်လျှင်လည်း ဒီကို ပြန်လာဖို့ မလွယ်ကူမှန်း သူ သိနေသည်။ သူ့ဘဝ၏ ပုံမှန်လုပ်နေကျ အလုပ်တွေထဲမှာ သူ နစ်မြုပ်သွားတော့မည်။ ထိုသို့ အလုပ်တွေထဲမှာ စိတ်ကို နစ်မြှုပ်ထားရင်း ဒေဝီကို သူ မေ့ပစ်နိုင်လိမ့်မည်ဟု သူ မယုံကြည်ပါ။ သူ့နလုံးသားတစ်ခုလုံးကို သူမထံမှ ထားရစ်ခဲ့ရမှတော့ သူ့ရင်ထဲမှာ ဟာလာဟင်းလင်း ဖြစ်နေတော့မည်။

သူ ပြန်ရမည့်ရက် နီးလာလေလေ ရင်ထဲမှာ ပို၍နာကျင်လာလေ ဖြစ်သည်။ ကျန်ရှိနေသောအချိန်လေးမှာ ဒေဝီကို အမြဲတွေ့ချင်မိသော်လည်း ဒေဝီက အရင်ကထက် ပို၍ရှောင်ဖယ်နေတော့သည်။ ပြန်ရတော့မည့် အတူတူ သူ့ကို ပို၍ ခံစားရမည်စိုးဟန် တူပါသည်။ ဒေဝီဆီကို သူ သွားတိုင်း ဒေဝီမရှိဘူးဟု ပြောသည်။ သို့သော် ဒေဝီအခန်းထဲမှာ ရှိနေမှန်း သူ သိနေပါသည်။ ဒေဝီ အမေကတော့ "သမီးလေးကို နားလည်ပေးလိုက်ပါကွယ်"ဟု တောင်းပန်ရှာသည်။ မျက်နှာကတော့ သိပ်မကောင်းလှပေ။

သူလည်း ဒေဝီနှင့် သူမ မိသားစုကို ငဲ့ညှာပြီး နောက်ထပ်တွေ့ဖို့ မကြိုးစားခဲ့တော့။ ဒေဝီကို သတိရစိတ်ကို ကြိတ်မှိတ်ဖြေဖျောက်ရသည်။ နောက်ထပ် ဘယ်တော့မှ တွေ့နိုင်မည်မဟုတ်သော မျက်နှာလေးကိုတော့ နောက်ဆုံး တွေ့ချင်မိပါသည်။ သို့သော် သူ ပြန်ရတော့မည့်အချိန်ထိ ဒေဝီက တွေ့ခွင့်မပေးခဲ့ပါ။

ဒေဝီအမေ့ကိုသာ မနက်ဖြန် သူ ပြန်တော့မည်ဖြစ်ကြောင်း ဒေဝီကို နှုတ်ဆက်သွားတဲ့အကြောင်း ပြောပေးဖို့မှာခဲ့ပြီး သူ ပြန်လာခဲ့ရသည်။ ဒေဝီအခန်းထဲမှာ ရှိနေမှန်း သူ သိနေပါသည်။ ဒေဝီအမေကတော့ "သမီးလေးကို နားလည်ပေးလိုက်ပါကွယ်"ဟု တောင်းပန်ရှာသည်။ မျက်နှာကတော့ သိပ်မကောင်းရှာပေ။

နောက်တစ်နေ့မှာပဲ စီစဉ်ထားသည့်အတိုင်း သူ ပြန်ခဲ့ရပါသည်။



ပြန်ခါနီးအချိန်ထိ ဒေဝီရောက်လာမလားဟု မျှော်လင့်ခဲ့မိသော်လည်း ရောက်မလာပါ။ သူ့အပေါ် သူမ တကယ်ပဲ ရက်စက်ပြတ်သားနိုင်တယ်လား။ သူဟာ တကယ်ပဲ ဒေဝီအတွက် ဘာမှ မဟုတ်ခဲ့ဘူးလား။ သူမ သူ့အတွက် ဘာမှ မခံစားခဲ့ရဘူးတဲ့လား။

သူတို့နောက်ဆုံး တွေ့စဉ်က ပြောခဲ့သောစကားများကို ပြန်တွေးမိရင်း ရင်နာရသည်။ သူ့ကို ဘယ်တော့မှ မမေ့ပါဘူးတဲ့။ သူမထံမှ တခြားသော တုံ့ပြန်မှုမရခဲ့သော သူ့အတွက် ထိုစကားနှင့်ပင် ကျေနပ်နှစ်သိမ့်ရလေသည်။ သူမ စိတ်ချမ်းသာဖို့သာ အရေးကြီးပါသည်။

သူ ရန်ကုန်ကို ပြန်ရောက်တော့ လုပ်စရာအလုပ်တွေ အများအပြားက ဆီးကြိုနေသည်။ ရန်ကုန်နှင့် (၂)လခန့် အဆက်အသွယ်ဖြတ်ထားခဲ့သဖြင့် အလုပ်တွေ တောင်လိုပုံနေခြင်းပင်။ မဂ္ဂဇင်းတိုက်များကလည်း စာမူများ တောင်းထားကြသေးရာ ပြန်ရောက်သည်နှင့် အားလုံးကို ရေးပေးရလေသည်။ နလုံးသားကိစ္စကို ခဏမေ့ထားပြီး ဦးနှောက်ကို အလုပ်ပေးရသည်။ သို့နှင့်ပင် သူသည် လက်ရှိဘဝထဲမှာ ပြန်လည်စီးမျောသွားပါတော့သည်။

=❦=

အချိန်ဆိုတာ ဒဏ်ရာတွေကို ကုစားဖို့ အကောင်းဆုံး ဆေးဆရာတဲ့။

သူ့ရင်ထဲမှ ဒဏ်ရာကို အချိန်ဖြင့် တဖြည်းဖြည်းကုစားရပေမည်။ အချိန်ကြာလာသောအခါ ဒဏ်ရာအရှင်းမပျောက်လျှင်တောင် နာကျင်မှုသက်သာသွားလိမ့်မည်ဟု သူ ထင်သည်။ ရင်ထဲမှာတော့ ဒေဝီ ရှိနေဆဲပင်။ ဒေဝီကို မေ့ဖို့လည်း သူ မကြိုးစားချင်။ တစ်ခါတလေမှာ သူ ဒေဝီကို ပြင်းပြင်းပြပြ သတိရမိသည်။ ထိုသို့ သတိရမိတိုင်း သူမရှိရာသို့ အပြေးသွားချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည်။ သူမ မပေးနိုင်သော အရာတစ်ခုကို သူ မလိုချင်တော့ပါ။ သူမကို ချစ်နေရုံဖြင့်သာ သူ ကျေနပ်နေတော့မည်။ တစ်နေ့နေ့မှာတော့ –



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရသော ဒေဝီထံသို့ ပြန်သွားချင်ပါသည်။

ငါးလခန့်ကြာသော် -

ဇင်မင်းမောင်က ကားလေးကို မြို့ထဲမောင်းဝင်လာရင်း ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးနေမိသည်။ သူ ပြန်ရောက်လာခဲ့ပြီ။

ငါးလဟူသော အချိန်ကာလအတွင်း မြို့လေးက ဘာမှ မပြောင်းလဲပါ။ သူ့ရင်ထဲက သူမကိုချစ်သော အချစ်တွေလည်း မပြောင်းလဲပါ။ သို့သော် - ဒေဝီ၏ နှလုံးသားကတော့ တစ်ခုခု ပြောင်းလဲသွားမည်ဟု သူ မျှော်လင့်မိသည်။ ထိုပြောင်းလဲမှုသည် သူ့အတွက် ကောင်းခြင်းသာဖြစ်ပါစေဟုလည်း သူ တိတ်တိတ်လေး ဆုတောင်းမိပါသည်။

သူ ဒေဝီကို သိပ်ချစ်ပါသည်။ ဒေဝီနှင့် ဝေးခဲ့ရသော အချိန်များအတွင်း မှာလည်း သူမကို လုံးဝ မေ့လို့မရခဲ့။ ဒေဝီကို ဘယ်လိုမှ မစွန့်လွှတ်နိုင်ဟု သူ့ကိုယ်သူ သိခဲ့ပြီးတဲ့နောက် ဒီမြို့လေးသို့ရောက်အောင် ပြန်လာခဲ့ခြင်းဖြစ်သည်။

သူက ကားကို ဒေဝီအိမ်သို့ တန်းတန်းမတ်မတ် မောင်းလာခဲ့သည်။ သူမကို သူ သိပ်တွေ့ချင်မိသည်။ မတွေ့ရတာကြာပြီဖြစ်သော သူမ မျက်နှာလေးကို တစ်ဝကြီး ငေးကြည့်ချင်လှသည်။ သူမကတော့ သူ့ကိုတွေ့လျှင် အလွန်အံ့အားသင့်သွားမည်ထင်သည်။

ဒေဝီတို့ အိမ်ရှေ့ကားရပ်ပြီး ဆင်းလာတော့ ဒေဝီတို့အိမ်လေးက ထုံးစံအတိုင်း တိတ်ဆိတ်နေသည်။ သူက အိမ်ထဲဝင်ပြီး အသံအနည်းငယ်ပြုလိုက်မှ ဒေဝီအမေက အခန်းထဲမှ ထွက်လာလေသည်။ သူမက သူ့ကိုမြင်တော့ အံ့သြသွားဟန်ဖြင့် -

"မောင်ဇင်မင်းမောင် ပြန်လာတယ် ဟုတ်လား" ဟု မေးသည်။

"ဟုတ်ကဲ့ - အန်တီ အလည်လာတာပါ။ ဟို - ဒေဝီရောဟင်"

သူ ဒေဝီကို အရမ်းတွေ့ချင်နေသဖြင့် ဟန်ဆောင်မဆောင်နိုင်ဘဲ မေးလိုက်မိသည်။ သူ့မေးခွန်းကြောင့် အန်တီ၏ မျက်နှာက ညှိုးနွမ်းသွားသည်။



သူ့ကို တိတ်ဆိတ်စွာ ငေးကြည့်ရင်း မျက်ရည်များဝဲလာလေသည်။ ဒေဝီ ဘာဖြစ်လို့လည်း သူ စိတ်ပူသွားမိသည်။

"သမီးလေး လွန်ခဲ့တဲ့လေးလကတည်းက ဆုံးသွားပါပြီကွယ်"

"ဗျာ"

သူ့ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည်။ ကြားလိုက်ရသောစကားကို လက်ခံနိုင်ဖို့ သူ အတော်ကြိုးစားနေရသည်။ ဒေဝီ သေသွားပြီတဲ့ မဖြစ်နိုင်တာ။

"သမီးလေးမှာ ငယ်ငယ်ကတည်းက နှလုံးရောဂါရှိခဲ့တယ်။ ဆရာဝန်တွေကလည်း ဘယ်လောက်ထိ အသက်ရှင်နိုင်မယ်လို့ မပြောနိုင်ဘဲ သူ့ကို ပျော်သလိုသာထားဖို့ ပြောတယ်။ အဲဒါကြောင့် အန်တီတို့က သမီးလေးကို စိတ်ချမ်းသာသလို နေစေခဲ့တာပါ"

ဒေဝီအမေက ပြောရင်းဆို့နင့်လာကာ မျက်ရည်များကျလာသည်။ သူက မယုံနိုင်သလို ခေါင်းကို ခါယမ်းရင်း ရင်ထဲမှာတော့ တင်းကျပ်ဆို့နင့်လာသည်။

"အဲဒါကြောင့် - မင်းကို သူ ရှောင်ဖယ်နေခဲ့တာပါကွယ်။ သူ့ရဲ့ရောဂါကြောင့် သူ အသက်ရှင်ဖို့အချိန် သိပ်မကျန်တော့ဘူးဆိုတာ သိခဲ့လို့ ဘယ်ယောကျ်ားလေးကိုမှ သံယောဇဉ်မဖြစ်အောင် နေခဲ့တာပါ။ ဒါပေမဲ့ - မင်းနဲ့တွေ့တော့ သူ ပြောင်းလဲလာတယ်။ အရင်က အေးစက်စက်နဲ့ အထီးကျန်နေခဲ့တဲ့ သမီးလေးဟာ မင်းကြောင့် ကြည်ကြည်လင်လင်နဲ့ ပြုံးလည်းပြုံးလာတယ်။ သမီးရဲ့အကြောင်းကို နားလည်ပေမယ့် သမီး စိတ်ချမ်းသာရင် ပြီးတာပဲဆိုပြီး လွှတ်ထားလိုက်တာပါ။ ဒါပေမဲ့ - သမီးလေးက အရမ်းကို ရင့်ကျက်တည်ငြိမ်ခဲ့ပါတယ်ကွယ်"

"သူ သေရတော့မှာကို သူ ကြိုသိနေခဲ့တယ်။ အဲဒီနေ့ အဲဒီရောက်ရင် သူ ပြန်ရတော့မှာတဲ့၊ အန်တီကို ပြောတယ်။ သူ လာခဲ့တဲ့နေရာကို ပြန်သွားရတော့မယ်တဲ့။ မင်းကိုတော့ လုံးဝမပြောပြဖို့ မှာထားတယ်။ အဲဒီနေ့က သူ့အသက်နှစ်ဆယ်ပြည့်တဲ့နေ့လေ"



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရလေ – ကလေးရယ်၊ ဘာဖြစ်လို့ ကိုယ့်ကို အဲဒီလောက်တောင် သိတတ်ခဲ့ရတာလဲ၊ ကိုယ်ကတော့ ဘာဆိုဘာမှ မသိတတ်ဘဲ မင်းရဲ့အချစ်ကို တောင်းဆိုခဲ့တာ၊ ကိုယ့်ရင်တွေ နာလိုက်တာကွာ။

"တကယ်တော့ သမီးလေးဟာ လူတွေရဲ့ အထင်လွဲမှုတွေ ခံနေရတာပါကွယ်၊ သူ မွေးကတည်းက အရမ်းထူးခြားပြီး မြွေတွေနဲ့ ပတ်သက်ခဲ့တယ်ဆိုပေမယ့် ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူး၊ သူဟာ သိပ်အပြစ်ကင်းတဲ့ ကလေးပါ၊ ဒါပေမဲ့ – လူတွေက သူ့ကိုအထင်လွဲပြီး ရှောင်ဖယ်ကြတော့ သူကလည်း အဲဒီလိုပုံစံ ဖြစ်သွားတာပါ၊ သမီးလေးက သိပ်သနားဖို့ ကောင်းပါတယ်ကွယ်"

ဒေဝီအမေက စကားကို ရပ်တန့်ပြီး အခန်းထဲဝင်သွားသည်၊ ပြန်ထွက်လာသောအခါ စာအုပ်အထပ်ကြီးနှင့် စာရွက်များပါလာသည်၊ သူ့ရှေ့သို့ ထိုအရာများကို ချပေးပြီး –

"အဲဒါ – သမီးလေး စုဆောင်းထားတဲ့စာအုပ်တွေပါ၊ သူက မင်းရဲ့ပရိသတ်တစ်ယောက်ပါ၊ ဟောဒီစာရွက်တွေကတော့ မင်းရဲ့အိမ်ရှေ့က အမှိုက်ပုံထဲက သမီးကောက်ပြီး စုထားတာတွေပဲ၊ အဲဒါတွေကို သူက တယုတယနဲ့ သိမ်းထားတာပါကွယ်"

သူက စာအုပ်တွေကို တုန်ရင်သောလက်အစုံဖြင့် ထိကိုင်မိသည်၊ သူ ထွက်ရှိခဲ့သမျှ ဝတ္ထုစာအုပ်များ၊ သူ့ဝတ္ထုတို့ပါသော မဂ္ဂဇင်းများနှင့် သူ့အင်တာဗျူးပါသော မဂ္ဂဇင်းများဖြစ်သည်၊ ပြီးတော့ – တွန့်ကြေမွနေသော လက်ရေးဖြင့် ရေးလက်စစာရွက်များ၊ သူ ဒီမှာ လုံးချင်းရေးစဉ်က စိတ်တိုင်းမကျသော ရေးပြီးသား စာရွက်တွေကို လုံးချေကာ လွှင့်ပစ်တတ်သည်၊

ထိုစာရွက်တွေကို သူမ တယုတယဖြန့်ကာ သိမ်းဆည်းထားသတဲ့လား၊


ဒေဝီရယ် သူ့ကို ချစ်ခဲ့သည်၊ သို့တိုင်အောင် သူက ဒေဝီနှလုံးသားကို မမြင်နိုင်ဘဲ အသည်းနှလုံးမရှိသူဟု ထင်ခဲ့မိသည်၊ သူချစ်ရတာ သူ ခံစားရတာတွေကိုသာ သူ သိခဲ့သည်၊ ဒေဝီခံစားရတာ စွန့်လွှတ်အနစ်နာခံရတာ၊



ချစ်လျက်နဲ့ မုန်းသလို ဟန်ဆောင်ခဲ့ရတာတွေကို သူ မသိခဲ့၊ ရင်ထဲမှာ ဘယ်လောက်တောင်မှ နာကျင်ခံစားခဲ့ရရှာမလဲကွယ်၊


သူ့ရင်တွေ ကွဲမတတ် နာကျင်မှုနဲ့အတူ တစ်စုံတစ်ရာကို သူ နားလည်သဘောပေါက်လာမိသည်၊ တကယ်တော့ အချစ်ဆိုသည်မှာ ပိုင်ဆိုင်ရယူခြင်းဟူသော အဓိပ္ပာယ်ထက် များစွာပို၍ နက်ရှိုင်းမွန်မြတ်ပါသည်၊ ဒေဝီ၏ နှလုံးသားထဲမှ အချစ်သည်လည်း . . .၊

☛ နတ်မိမယ်




www.burmeseclassic.com

www.burmeseclassic.com



# ထနောင်းကိုင်းမှ ဝိညာဉ်

အေသင်ဇာသက်ဝေ

# ထနောင်းကိုင်းမှ ဝိညာဉ်

အေ
သင်
ဇာ
သက်
ဝေ

အချိန်ကား နေ့လယ် (၁)နာရီတိတိ၊ နေကား စနေနေ့၊ ကောင်းကင်တစ်ခွင်လုံး မည်းမည်းမှောင်မှောင်ဆိုမှ တကယ့်မှောင်အတိ၊ တစ်ချိန်လုံး အုံ့ဆိုင်းမှုန်မှိုင်းပြီး ရွာမလိုလိုနဲ့ တင်းခံနေသော မိုးသားတိမ်လိပ်အစိုင်အခဲတွေက သုသာန်ဝသို့ အသုဘလိုက်ပို့သူတွေ ရောက်လာခါမှ ရုတ်တရက် နှိမ့်ဆင်းပြီး ပြိုကျလာလိုက်တာ ဝန်းကျင်တစ်ခုလုံး မိုးတွေ၊ လေတွေ ကြားနှစ်မြှုပ်သွားလေတော့သည်။

သုသာန်ထဲတွင် ကုက္ကိုပင်၊ ထနောင်းပင်များဖြင့် အုံ့ဆိုင်းနေသော သာလာယံဇရပ် တစ်

www.burmeseclassic.com

ဆောင်ပေါ်သို့ အသုဘလိုက်ပို့သူတွေ မိုးဒဏ် လေဒဏ်မှ ကာကွယ်ရန် အလုအယက် တိုးဝှေ့ပြီး တက်လိုက်ကြသည်။

သေဆုံးသူမနုနုတင်၏အခေါင်းကိုထမ်းလာသူလူတစ်စုက သာလာယံဇရပ်နှင့် မနီးမဝေးမှာ သချိုင်းစောင့်ကြီး ဦးဘိုးလူ တူးထားသော မြေကျင်းထဲ အခေါင်းကိုထည့်လိုက်ပြီး ရေစိုနေသော မြေကျစ်စာခဲများကို ခပ်မြန်မြန်ပင် ဖုံးဖိလိုက်ကြလေသည်။

မနုနုတင် ထာဝရအိပ်စက် အနားယူမည်ဖြစ်သော မြေပုံလေးပေါ်ကို လင်ယောကျ်ား ကိုဘမော်က သာလာယံဇရပ်အနားက ထနောင်းပင်မှ နိမ့်ဆင်းကိုင်းညွတ်နေသော ထနောင်းကိုင်းလေးကို ချိုးယူလိုက်ပြီး စိုက်ထားလိုက်သည်။ ကိုဘမော်၏ နှုတ်ဖျားမှလည်း ငိုသံပါကြီးနှင့် . . .

"နုတင်ရေ - ငါသွားပြီဟေ့ - နေခဲ့တော့" တဲ့။ ကိုဘမော်၏မျက်နှာပေါ်မှာ မျက်ရည်တွေလား၊ မိုးရည်တွေလား။ ခွဲခြားမရ စိုစွတ်နေလေရဲ့။ မိုးက မစဲသေးဘဲ စနေမိုးအငြိုးနဲ့ ရွာကောင်းတုန်းပင်။ ကိစ္စပြီးပြီမို့ ကျက်သရေကင်းမဲ့သော သုသာန်ထဲတွင် တစ်မိနစ်၊ တစ်စက္ကန့်တောင် မနေလိုသူတွေ သချိုင်းနှင့် ဆန့်ကျင်ရာအရပ်သို့ ကျောခိုင်းထွက်ခွာသွားကြသော်ငြား မနုတင်ရဲ့သက်မဲ့အလောင်းကတော့ မိုးရေထဲမှာ ထာဝရနစ်မြုပ်ကျန်ရစ်ခဲ့ရှာပြီပေါ့လေ။

လျှပ်စီးတဝင်းဝင်းအောက်မှာ ထာဝရအိပ်စက်အနားယူနေကြသော အုတ်ဂူဖြူဖြူ၊ မြေပုံမို့မို့လေးတွေက ကောင်းကင်ရဲ့ ကျယ်လောင်ဆူညံစွာ အော်ဟစ်ထစ်ချုန်းလိုက်သော အသံကို ပိုပြီးရင်တုန်စရာကောင်းလောက်အောင် အားပေးနေသယောင်။ သာလာယံဇရပ်ဘေးမှာရှိသော ကုက္ကိုပင်၊ ထနောင်းပင်၊ ဆီးပင်စတဲ့ အပင်တွေက တုန်လှုပ်ချောက်ချားစရာကောင်းလောက်အောင်လေ တိုက်လိုက်တိုင်း မိုးရေနဲ့အတူ စည်းချက်ညီညီ ယိမ်းနွဲ့လှုပ်ရှားနေလေသည်။



သာလာယံဇရပ်ပေါ်တွင်လည်း မိုးအေးအေးနဲ့ ခွေအိပ်နေကြသော ခွေးလေခွေးလွင့်များ၏ တစ်ချက်တစ်ချက်ထပြီး စူးစူးဝါးဝါး အူသံတွေက ကြောက်တတ်သူအဖို့ သွေးပျက်ချောက်ချားစေလောက်သည်၊ ထိုခွေးလေခွေးလွင့်များကြားထဲတွင် ရောနှောပြီး ငုတ်တုတ်ထိုင်နေသူကတော့ မနေ့က မှ ပူပူနွေးနွေး မြေကြီးထဲတွင် အပြီးတိုင်အိပ်စက်အနားယူနေသူ ပရလောကသား ဝိညာဉ်ရှင်မလေး မနုနုတင်ပင် ဖြစ်လေသည်။

=၂=

ဝိညာဉ်အသစ်စက်စက်လေးဖြစ်သည့် မနုနုတင်သည် နိုကိုးရာမရှိဘဲ သုသာန်ခွေးများနှင့်အတူ ရောနှောပြီး မိုးခိုနေရသော်လည်း ခွေးများက မနုနုတင်ကို ကြည့်ရင်း မာန်ဖီလိုက်၊ အူလိုက်ဖြစ်နေသဖြင့် မနုနုတင်ခမျာ ကြောက်အားပိုမိုလေသည်။

ညနေမိုးချုပ်သည်နှင့် သူမ မသေဆုံးခင်က နေထိုင်ခဲ့သော ရွာထဲသို့ ဝင်လာခဲ့လေသည်။ မနုနုတင် ရွာထဲသို့ စဝင်လိုက်သည်နှင့် မနုနုတင်ဝိညာဉ်ကိုမြင်ရသော ခွေးတွေ အူလိုက်ဟောင်လိုက်သည်မှာ ကြားရသူအဖို့ ကြက်သီးမွေးညင်းများ ထလောက်အောင်ပင် ကြောက်ဖွယ်ရာကောင်းလှပေရာ တချို့သတ္တိရှိသော ရွာသားတချို့က အိမ်ပြင်ထွက်ပြီး ခွေးတွေကို တုတ်၊ ခဲများဖြင့် ရိုက်ပုတ်မောင်းနှင်ကြရှာလေရာ မနုနုတင်ခမျာ တုတ်ရန်၊ ခဲရန်မှ မနည်းလွတ်အောင် ရှောင်ရသေးသည်။

မနုနုတင်သည် သူမ နေထိုင်ခဲ့သော အိမ်လေးရှေ့သို့ ရောက်သော်ငြားလည်း အိမ်ထဲသို့ဝင်ရန် အားယူလိုက်ရာတွင် မမြင်ရသော အသံရှင်သည် ဩဇာအာဏာသံအပြည့်ဖြင့် . . .

"ဟဲ့ - ဟဲ့ - နင် ဒီအိမ်ထဲကို ဝင်လာလို့မရတော့ဘူး။ သွားစမ်း - ဒီအိမ်က လူတွေနဲ့ နင်နဲ့ဘာမှမဆိုင်တော့ဘူး၊ ဘဝတွေကခြားသွားပြီ ထွက်သွားစမ်း"

www.burmeseclassic.com

ဟု အတင်းမောင်းထုတ်လေတော့ရာ နိုကိုးရာမဲ့နေသော ဝိညာဉ်ရှင်မလေး မနုနုတင်ခမျာ ငိုယိုပြီးလှည့်ပြန်ခဲ့ရလေသည်။ မပြန်ခင် အိမ်ထဲတွင်ရှိသော ယောကျ်ားနှင့် သားကလေးမောင်ဝိုင်းကို ဘယ်သူ ထမင်းချက်ကျွေးမလဲ၊ သားလေး မောင်ဝိုင်း အမေ့ကို မျှော်နေရှာမှာပဲ၊ သားလေးကို ဘယ်သူချော့ပြီး သိပ်ပါ့မလဲ စသည့်အတွေးပေါင်းစုံကို စုပုံခံစားရင်း အိမ်ရှေ့ရှိ ပိတောက်ပင်လေးအောက်တွင် ကျုံ့ကျုံ့လေးထိုင်ရင်း အိမ်ထဲသို့ လှမ်းပြီး ဝမ်းနည်းစွာဖြင့် မျှော်ငေးမိလေသည်။

အချိန်တွေမှာ ကြာညောင်း၍ ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းလာခဲ့ပေပြီ။ မနုနုတင် ဝိညာဉ်ဘဝနှင့် ကျင်လည်ခဲ့ရာတွင် (၂) နှစ်ပင် ကျော်ခဲ့ပြီး (၃)နှစ်အတွင်းသို့ပင် ဝင်ရောက်လာပေပြီ။ ဝိညာဉ်ရှင်မလေး မနုနုတင်မှာ ကျန်ရစ်သူ လင်နဲ့သားကို အဝေးမှနေပြီး မျှော်ငေးကြည့်လိုက် သူနေထိုင်ရာ သချိုင်းထဲရှိ သာလာယံဇရပ်ကို လှည့်ပြန်လိုက်ဖြင့် သံယောဇဉ်မီးတွေ တောက်လောင်ပြီး သံသရာလည်နေပေရာ အမှုဝေသော်လည်း သာမှုပင် မခေါ်နိုင်ပေ။

မနုနုတင်၏ယောကျ်ား ကိုဘမော်ကတော့ မုဆိုးဖိုဘဝမှ (၂)နှစ်ကျော်အတွင်း ကျွတ်လွတ်သွားပေပြီလေ။ ကိုဘမော် မယားအသစ်စက်စက်လေးနဲ့ ပျော်၍မဆုံးနိုင် ဖြစ်နေပေမယ့်လည်း မနုနုတင်မှာ မပျော်မြေလူး ဖြစ်နေလေသည်။ သူမ၏ သားလေးကို မိထွေးက ရိုက်လိုက်တိုင်း သားဖြစ်သူ မောင်ဝိုင်းလေးရဲ့အော်ဟစ်ငိုကြွေးသံက မနုနုတင်၏ နှလုံးသားတစ်ခုလုံးကို ဓားနဲ့ မွှန်းလိုက်သလို အစိတ်စိတ်အမြွာမြွာကွဲကြေသွားသလို ခံစားရလေတော့သည်။

=❦=



တစ်နေ့တွင် မြင်းခြံဘက်မှလာသော ကုန်တင်ကားတစ်စီးသည် မနုနုတင်ရှိရာ သချိုင်းရှေ့တွင် တုံ့ခနဲ ထိုးရပ်သွားလေတော့သည်။ ထိုကုန်တင်ကားအား မောင်းနှင်လာသော ကားမောင်းသူသည် ကားပေါ်မှ ဆင်းလာပြီးလျှင် . . .

"ဟာ - ဟော့ကောင် - လေးမောင် ထပါဦး၊ ကားပျက်သွားပြီကွ။ ဒီကောင်တွာ တစ်လမ်းလုံး အိပ်လာတာ အခုထက်ထိ အိပ်လို့ကို မဝနိုင်သေးဘူးလားကွ"

ကုန်တင်ကားမောင်းသူ မောင်ရွှေသည် ကားနောက်ခန်း ကြက်သွန်အိတ်များပေါ်တွင် လိုက်ပါစီးနင်းရင်း အိပ်ပျော်နေသည့် သူ၏ တူတော်သူလေးမောင်အား အသည်းအသန် အော်ဟစ်နိုးနေလေသည်။ မောင်ရွှေ၏ မျက်လုံးနှစ်လုံးမှာလည်း ဂနာမငြိမ်နိုင်ဘဲ တောင်ကြည့်မြောက်ကြည့်နှင့် ကြည့်နေမိလေသည်။ မောင်ရွှေ ဒီလမ်းနဲ့ ဒီခရီးကို ခေါက်တုံ့ခေါက်ပြန်လာနေကျ။ ဒီတစ်ခါမှ လာပြီး ဒီသချိုင်းရှေ့ကားလာပျက်ရတယ်လို့ဟု တွေးရင်း စိတ်ထဲတွင် မသိုးမသန့် ဖြစ်နေမိလေသည်။

လေးမောင်သည် သူ၏ ဦးလေးမောင်ရွှေ၏ အသံပြဲကြီးနှင့် အော်ဟစ်နိုးလိုက်သည့်အသံကြောင့် အိပ်ပျော်နေရာမှ လန့်ဖျပ်ပြီး နိုးသွားလေတော့သည်။ အိပ်ချင်မူးတူး ဖြစ်နေသည့် မျက်လုံးအစုံအား လက်တစ်ဖက်ဖြင့် ပွတ်သပ်ရင်း ရောက်ရှိနေသည့် ပတ်ဝန်းကျင်အား စူးစမ်းကြည့်လိုက်လေရာ ...

"ဟဲ့ - အမလေး၊ ဦးလေး - ဒါ ဘယ်နေရာကြီးလဲ၊ ကြောက်စရာကြီး"

"အေး - ကြောက်စရာ လန့်စရာတွေ ခဏထား၊ မြန်မြန်လာ - ကားကို စစ်ကြည့်စမ်း ဘာဖြစ်လဲလို့၊ တောက် - သချိုင်းကုန်းရှေ့မှ ကားလာပျက်ရတယ်လို့ကွာ"

"ပြဿနာပဲ - ဦးလေးရယ်"

ကားမောင်းသူ မောင်ရွှေနှင့် လေးမောင်တို့နှစ်ယောက် ယောကျ်ားရင့်မာကြီးများဖြစ်သော်လည်း အခုလို တိတ်ဆိတ်ငြိမ်သက်ပြီး စိတ်ခြောက်

www.burmeseclassic.com

ချားစရာကောင်းလောက်သည့် သချိုင်းရှေ့ဆိုတော့လည်း အနည်းငယ် စိတ်ပျက်ထိတ်လန့်သွားသည်မှာ မဆန်းကြယ်လှ။

လေးမောင်တို့ တူဝရီးနှစ်ယောက် အလုပ်ရှုပ်နေစဉ် မနုနုတင်က ကားဘေးနားတွင်မယောင်မလည် လှည့်ပတ်ကြည့်ရှုရင်း စားစရာအကြွင်းအကျန်လေးများ ရလိုရငြား မျှော်လင့်ချောင်းမြောင်းနေမိလေသည်။ လေးမောင်မှာ ကားစက်ဖုံးကို ဆွဲပိတ်လိုက်ရင်း ...

"ဦးလေးရေ - ပြီးပြီ၊ ကားစက်နှိုးကြည့်ပါဦး"

"အေးကွာ - နှိုးပြီးဟေ့"

"ဂူး - ဂူး - ဂူး - ဝေါ"

ကားစက် နှိုးသွားလေပြီ။

"ဦးလေး - ကျွန်တော် အပေါ့သွားစွန့်လိုက်ဦးမယ်နော်"

"အေး - အေး - ဝေးဝေးမသွားနဲ့"

"ဟုတ်ကဲ့"

လေးမောင်အား သာလာယံဇရပ်ပေါ်က ခွေးတွေအိပ်နေရင်း ကြည့်နေကြသဖြင့် ခပ်သုတ်သုတ်လေးပဲ သာလာယံဇရပ်နှင့် မနီးမဝေးရှိ မြေပုံလေးအနီးတွင် ကိစ္စဖြတ်လိုက်ပြီးလျှင် မြေပုံဘေးတွင် ရှိသော သစ်ကိုင်းခြောက်လေးကို လိုလိုမည်မည် ခွေးတွေအနားလာခဲ့သော် ခြောက်လှန့်ရန် ကောက်ယူလိုက်လေသည်။ သစ်ကိုင်းခြောက်လေးမှာ မနုနုတင်၏ ယောကျ်ားက မနုနုတင်မြေပုံတွင် ထိုးစိုက်ထားခဲ့သော ထနောင်းကိုင်းလေးပင် ဖြစ်သည်။

သချိုင်းထဲမှ ထနောင်းကိုင်းလေးကိုင်ပြီး ထွက်လာသော လေးမောင်အား မနုနုတင် ကြည့်နေရင်း ...

"အောင်မယ် - သင်းက ငါ့ရဲ့ မြေပုံပေါ်မှာ ငါ့ယောကျ်ား အမှတ်တရစိုက်ထိုးခဲ့တဲ့ ထနောင်းကိုင်းကို ဘာလုပ်ဖို့ ယူသွားပါလိမ့်"



ဟု တွေးကာ လိုက်ပြန်ယူရန်တွေးရင်း လေးမောင်နား ကပ်လာလေသည်။

ထိုစဉ် လေးမောင်မှာ ထနောင်းကိုင်းလေးအား ကားနောက်ခန်း ကြက်သွန်အိတ်များပေါ် အမှုမဲ့အမှတ်မဲ့ ပစ်တင်လိုက်ရင်း ခုန်တက်လိုက်လေသည်။ မနုနုတင်ကလည်း ထနောင်းကိုင်းလေးကိုစိတ်စွဲရင်း ပြန်ယူရန် ကားနောက်ခန်းထဲသို့ ခုန်တက်လိုက်စဉ်တွင် ...

"လေးမောင်ရေ - ကား ထွက်တော့မယ်"

"ဟုတ်ကဲ့ - ဦးလေးရေ၊ ရပြီ - မောင်းတော့"

မောင်ရွှေမှာ အဆင်သင့်ကားစက်နှိုးထားပြီးဖြစ်သည့်အတွက် ကားကို သချိုင်းရှေ့မှ စတင်ဘီးလှိမ့်ရင်း အပြင်းမောင်းနှင်လိုက်လေတော့သည်။ ကားနောက်ခန်း ကြက်သွန်အိတ်များပေါ်တွင် လေးမောင်နှင့်အတူ ဝိညာဉ်မလေး မနုနုတင်ပါ ရောနှောစီးနင်းရင်း ပါလာလေတော့သည်။ မနုနုတင်မှာ ကားကလည်း တရစပ်အမြန်နှုန်းဖြင့် မောင်းနှင်နေသည့်အတွက် ခုန်ချပြီး ဆင်းကျန်ရစ်ခဲ့ရန် မဖြစ်နိုင်သည့်အဆုံး ထိုလူများသွားသည့်နေရာသို့ အတူတကွလိုက်ပါရန်သာ ရှိတော့သည်။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသလို နယ်သစ်၊ မြို့သစ်ရောက်ခဲ့သော မကောင်းသည့် ဒီဘဝက အဆင့်မတက်နိုင်ဘူးလို့ ဘယ်သူပြောနိုင်ပါသလဲဟု စဉ်းစားရင်း မနုနုတင် ဝိညာဉ်သည် အသာငြိမ်ပြီး ထနောင်းကိုင်းလေးထံ၌ ခိုကပ်ပြီး လိုက်လာခဲ့လေတော့သည်။

=❦=

မောင်ရွှေသည် သူ၏ ကြက်သွန်အိတ်များ တင်ဆောင်လာသော ကုန်တင်ကားကို အမြန်နှုန်းဖြင့် မောင်းနှင်လာသည်မှာ ပုဂံမြို့ထဲသို့ပင် ဝင်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာခဲ့လေပြီ။ ဆက်လက်မောင်းနှင်လာခဲ့ရာ ပုဂံမြို့၊ ရွာသာရွာတွင် နေထိုင်သော ကုန်သည် ဦးကိုကိုကြီး အိမ်ရှေ့သို့ရောက်သည်နှင့် ကြက်သွန် အိတ်များနှင့်အတူ ထနောင်းကိုင်းခြောက်လေးကိုပါ ရောနှောဆွဲချလေသည်။ ထနောင်းကိုင်းခြောက်လေးထဲတွင် ကပ်ငြိပါလာသော ဝိညာဉ်ရှင် မနုနုတင် နေရာသစ်သို့ စတင်ရောက်ရှိသွားပေပြီ။

အမှောင်ထုက မိုးတွင်းကာလမို့ထင် ကောင်းကင်တစ်ခုလုံး လိုတာထက် ပို၍မည်းမှောင်နေလေသည်။ ညက နက်သည်ထက် နက်လာပေပြီ။ မိုးစုန်းစုန်း ချုပ်လာသည်နှင့်အမျှ မနုနုတင်လည်း ထနောင်းကိုင်းလေးနားမှ ခွာပြီး ထွက်လာလေရာ ကုန်သည်ဦးကိုကိုကြီး၏ ဂိုဒေါင်ရှေ့တွင် လဲလျောင်း အိပ်စက်နေကြသော ခွေးနက်မကြီးက မနုနုတင်အား တွေ့သည်နှင့် အတင်း ထိုးဟောင်ကာ ကြောက်မက်ဖွယ်ကောင်းသည့် အသံကြီးနှင့် စတင်အူလေတော့သည်။

ခွေးနက်မကြီးမှာ တစ္ဆေဝိညာဉ်ကို တွေ့သည်နှင့် တစ်ညလုံး အူလိုက် ဟောင်လိုက်နှင့် အသံပေါင်းစုံဖြင့် ဒုက္ခပေးနေလေရာ ကုန်သည်ဦးကိုကိုကြီး မှာ အိပ်၍မရသည့်အဆုံး ထကြည့်မိရသည့်အထိပင်။ ဦးကိုကိုကြီးပင်မက ဦးကိုကိုကြီး၏ အိမ်နီးနားချင်းပါ နိုးလာပြီး ပြတင်းတံခါးများအား အသာလှပ် ရင်း ကြည့်မိကြသည်။ ခွေးနက်မကြီးမှာ ဘာကိုမြင်၍ ထိုးထိုးအူနေလည်း မသိဟု မှတ်ချက်ချရင်း မိုးစင်စင်လင်းခဲ့လေသည်။

နောက်နေ့များတွင်လည်း ညရောက်သည်နှင့် ခွေးနက်မ၏ စူးစူးဝါးဝါး အူသံဟောင်သံများက ညရောက်တိုင်း ဝုန်းဒိုင်းကြနေသည်။ ခွေးနက်မကြီး ၏ ညာသံပေး၍ အသံကောင်းဟစ်သည့် အူသံများကြောင့် တခြားသော အိမ် များမှခွေးများသည်လည်း ဦးကိုကိုကြီး၏ ဂိုဒေါင်ရှေ့သို့ လာရောက်ပြီး ခွေး နက်မကြီးအား အဖော်ပြု၍ ဝိုင်းဝန်းထိုးဟောင်ကြ အော်ဟစ်အူနေကြတော့ လေရာ ကုန်သည်ကြီး ဦးကိုကိုကြီး၏ အိမ်ခြံဝန်းကြီးမှာ ကြောက်စရာကောင်း ပြီး ကျက်သရေမရှိတော့သလောက်အောင်ပင် ဖြစ်နေသည့်အတွက် ဦးကို ကိုကြီးမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ၊ ငါ့အိမ်မှာ ဘာတွေဖြစ်နေ ပြီလဲဟု တွေးတောနေရပေပြီ။



ကုန်သည် ဦးကိုကိုကြီးနှင့် ဇနီးသည် မနက်မိုးလင်းသည်နှင့် အိမ်ကြီး ဘေးတွင် ကပ်ပြီးဆောက်ထားသော ဂိုဒေါင်ကြီးထဲ ဝင်ရောက်ရှာဖွေကြည့် ကြရာ ကြက်သွန်နီအိတ်များမှလွဲ၍ ထူးခြားမှု တစ်စုံတစ်ရာမှ မတွေ့ရပေ။ လင်မယားနှစ်ယောက် စိတ်ညစ်ညစ်နှင့် ဂိုဒေါင်ရှေ့ခဏထိုင်ပြီး အမော ဖြေနေစဉ် ခွေးနက်မကြီးသည် ထနောင်းကိုင်းလေးအား နမ်းရှုပ်၍ထိုးဟောင် နေလေရာ ဦးကိုကိုကြီးမှာ ထနောင်းကိုင်းခြောက်လေးအား သင်္ကာမကင်း သဖြင့် တခြားနေရာသို့ သွားရောက်စွန့်ပစ်ရန် ရည်ရွယ်ရင်းကောက်ကိုင် လိုက်ပြီး ရွာထိပ်တွင် တစ်ဦးတည်းနေထိုင်သော အပျိုကြီး မတင်ကြည်၏ အိမ်ခြံဝန်းတစ်ဖက်တွင်ရှိသော ချုံပုတ်ထဲသို့ သွားရောက်စွန့်ပစ်လိုက်လေ တော့သည်။

မနုနုတင် နေရာသစ်တစ်ခုကို ခွေးနက်မကြီး ကောင်းမှုကြောင့် ရောက် ရှိသွားပြန်သည်။ အပျိုကြီး၏ တဲအိမ်လေးမှာ တခြားအိမ်များနှင့် အလှမ်းဝေး ၍ ရွာစွန်ဘက်တွင်ရှိသဖြင့် မနုနုတင် နေရသည်မှာ ပို၍လွတ်လပ်လှပေ သည်။ အပျိုကြီးမတင်ကြည်မှာ အလွန်အမင်း ဆင်းရဲလှသဖြင့် ထမင်းကျန် ဟင်းကျန်ပိုဖို့မပြောနဲ့ သူ့ဝမ်းစာရေးအတွက်ပင် မနက်စာ၊ ညစာ ပေါင်းစား နေရသူပီပီ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မကျွေးနိုင်သဖြင့် ဘယ်ခွေးမှ သူမ အိမ်ရှေ့မှာ ခိုကပ်မနေ။

မနုနုတင်သည် အပျိုကြီး မတင်ကြည်၏ အိမ်ရှေ့အနေကြာလာသည် နှင့်အမျှ မတင်ကြည်ကို ဂရုပြုမိလာလေတော့သည်။ ဆင်းရဲရသည့်ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com

ဆွေမရှိ မျိုးမရှိ၊ တစ်ကောင်ကြွက် တစ်မျက်နှာ၊ လူတကာ အိမ်က နိုင်းဖက် ရှူးတူးတူး ပေါ်တောတော ကြောင်တောင်တောင်ဖြစ်ပြီး ပေးတာယူ ကျွေးတာစားဖြင့် တစ်နေ့တာကို ဖြတ်ကျော်နေရသော သနားစဖွယ် မိန်းမသားဖြစ်လေသည်။

ရွာသာရွာလေးသည် သူခိုး၊ ဓားပြမရှိ၊ အေးချမ်းသော ရွာငယ်လေးတစ်ရွာဖြစ်သည်။ ပုဂံမြို့ကြီးနှင့် အတော်ပင်အလှမ်းဝေးကွာလှပြီး ရေကလည်း အလွန်ရှားပါးသေးသည်။ သုံးရေသောက်ရေအတွက် မနက် (၃) နာရီလောက်ကတည်းက ဝီရိယရှိရှိ ထပြီး ရွာပြင်ဘက်တွင်ရှိသော လက်ယက်သဲတွင်းတွင် သွားရောက် စစ်ခပ်ပါလေသည်။ လက်ယက်သဲတွင်းဆိုသည်မှာ ရေရှိသည့်နေရာရှိ သဲများကို လက်နဲ့ယက် ထုတ်လိုက်သောအခါ အောက်မှ ရေများ စိမ့်ထွက်လာသော ရေတွင်းငယ်ဖြစ်သည်။

မနုနုတင်မှာ မတင်ကြည်၏ အဖြစ်အပျက်များကို မြင်တွေ့နေရပြီး သူ၏ စိတ်ထဲတွင် "ငါ လူ့ဘဝတုန်းက သူ့လို ဝေါ်ပြတ်မနေဘူး၊ ငါ့ယောကျ်ားက ငါ့ကို ဝလင်အောင် ကျွေးတယ်၊ ရေဆိုလည်း အိပ်ပျက်ခံပြီး ထခပ်နေစရာမလိုဘူး၊ ငါ့ယောကျ်ားခပ်ပေးတဲ့ ရေကို အဆင်သင့်သုံးရုံပဲ"

မတင်ကြည်မှာ တစ်နေကုန် ရွာထဲမှလူများ ခိုင်းသမျှအလုပ်ကို လိုက်လုပ်ရသဖြင့် မနက်နေဖင်ထိုးအောင် အိပ်ပြီး ဖိမ်ယူမနေအား၊ သုံးရေသောက်ရေအတွက် ရေအိုးခပ်ကြီးကြီးလေး တစ်အိုးရွက်ပြီး သဲတွင်းရှိရာသို့ ပြေးလွှား ရေခပ်ရသေးသည်။ မောမောပန်းပန်းနဲ့ ပြန်လာပြီး အိမ်ရောက်သော်လည်း စားစရာရှိသလားလို့မေးရင် မရှိဟု ဖြေရမည်။ ချက်စားဖို့ကို ဆန်မပြောနဲ့ ဆန်ကွဲပင် မရှိ၊ မတင်ကြည်မှာ ရေသောက်၊ ဗိုက်မှောက်နေရုံမှလွဲ ပြီး အခြားမတတ်နိုင်ပေ။

မတင်ကြည်မှာ ဆာလောင်လွန်း၍ မနေနိုင်မထိုင်နိုင် ဖြစ်လာသည်နှင့် ရွာထဲသို့သွားပြီး ခိုင်းတာအကုန်လုပ်ကိုင်ပေးရင်း ထမင်းလေးတစ်နပ်



တစ်လေ ကျွေးလိုက်သည်ဆိုရင်ပဲ သူမအတွက်တော့ ယနေ့အဖို့ နတ်သုဒ္ဓါ စားနေရသလိုပင် ကျေးဇူးတင်လို့မဆုံးနိုင်ပေ။ ရွာထဲ အလှူကြီးအတန်းကြီးများရှိပြီဆိုရင်တော့ မတင်ကြည်၏ ဗိုက် ခွေးနမ်းပြီ၊ ဒါတင်မကသေး အလှူအိမ်မှာ ဝိုင်းကူလုပ်ကိုင်ပေးရင်း နေ့ဖို့ညစာလေးများ ဖူလုံပြီဖြစ်သည်။

ဒီအပျိုကြီးကို မြင်ရတွေ့ရတာ စိတ်မချမ်းသာလှဘူး၊ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့၊ ဝတ်ရတော့လည်း အစုတ်အပြတ် အဖာတစ်ရာနဲ့၊ နေတော့လည်း တဲစုတ်မို့ မလုံ့တလုံနဲ့၊ ငါအရင်နေခဲ့တဲ့ ကုန်သည်ကြီးကျတော့လည်း ချမ်းသာသားပဲလေ၊ ငါလည်း ဒီပေတဘဝက ကျွတ်လွတ်ချင်လာပြီဟု တွေးနေမိလေသည်။ ဘယ်လိုဘယ်ပုံနှင့် အကူအညီပေးနိုင်ရင် ကောင်းပါ့မလဲဟု စဉ်းစားရသည်မှာလည်း အကြိမ်ကြိမ်ပင်။

တစ်နေ့ ညနေစောင်းတွင် မတင်ကြည် ရွာထဲတွင် အလှူရှိသဖြင့် ကူညီ ချက်ပြုတ်ရန်သွားလေရာ မနုနုတင်ကလည်း မယောင်မလည် နောက်ယောင်ခံ၍ လိုက်သွားလေသည်။ အလှူအိမ်သို့ ရောက်သောအခါ လာရောက်ဝိုင်းကူသူများ တစ်ယောက်တစ်ပေါက်နှင့် ထီအကြောင်းဝိုင်းဖွဲ့၍ ပြောဆိုနေလေရာ မနုနုတင် အကြံတစ်ခုရသွားလေသည်။ အပျိုကြီး မတင်ကြည်ကို ထီနံပါတ်အိပ်မက် ပေးလိုက်လျှင်ဖြစ်စေ၊ ဝင်ရောက်ပူးကပ်ပြီး ပေးလျှင်ဖြစ်စေ မတင်ကြည် အခုလို ဆင်းရဲတွင်းမှ လွတ်ကင်းချမ်းသာနိုင်ပေမည်ဟု အကြံရသွားလေသည်။

အပျိုကြီး မတင်ကြည်တစ်ယောက် အလှူအိမ်မှ ထမင်းကျန် ဟင်းကျန် များပါလာ၍ နားနားနေနေဖြင့် အိမ်မြဲပြီး ငြိမ်နေလေသည်။ သူမ၏ တဲ ခေါင်းရင်းဘက်တွင်ရှိသော သစ်သားဘုရားကျောင်းဆောင် သေးသေးလေးတွင် တောပန်းလေးများကို ဝေဆာနေအောင် ကပ်လှူထားပြီး သောက် တော်ရေကပ်၊ ဆွမ်းကပ် စသည်ဖြင့် ဘုရား၊ တရားမြဲနေလေသည်။ အခါ ဆိုင်း မိုးလင်းသည်နှင့် ဟိုအိမ်ပြေး၊ ဒီအိမ်ပြေးဆိုသလို ဝမ်းရေးအတွက် ရုန်း ကန်ရသဖြင့် အိမ်မြဲပြီး ဘုရားကောင်းစွာ ရှိခိုးပူဇော်နိုင်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မနနတင်သည် မတင်ကြည်၏ အမျှဝေသံအဆုံးတွင် သာဓုကောင်းစွာ ခေါ်လေသည်။ သာဓုခေါ်လိုက်ရသဖြင့် မနနတင်မှာ ထူးခြားလာသလို ခံစားရလေသည်။ မနနတင်သည် ညဘက်တွင် မတင်ကြည်အား ထီနံပါတ်တို့ ထင်ထင်ရှားရှားကြီး အိပ်မက်ပေးလိုက်လေတော့သည်။



၄ အေး–ပြောပြမယ်၊ မနနတင်ဆိုတာက နင့်ကို အိပ်မက်ထဲမှာ ထီနံပါတ် လာပေးတဲ့သူပဲ၊ နင့်ရဲ့ အိမ်ရှေ့ချုံပုတ်နားမှာနေတဲ့ တစ္ဆေမပေါ့၊ နင်–ဆွမ်းရဲတွင်းနက်နေတာကို မကြည့်ရက်လို့လေ၊ ဒါပေမဲ့– ဝိုက်ဆံလည်း လက်ထဲရောက်ရော လှူဖို့တန်းဖို့ မေ့နေမှာစိုးလို့ လာသတိပေးတာ၊ ငါ့ကိုလည်း အမျှဝေပေးဦး ငါ သတိပေးချင်လို့ လာတာတဲ့ ၉



နောက်တစ်နေ့မနက် မိုးလင်းလာသည်နှင့် မတင်ကြည် သူမ၏ စက်တော်ခေါ်ရာ ဖျာစုတ်လေးတွင် ထိုင်ရင်း စဉ်းစားတွေးတောနေမိလေသည်။ စိတ်ထဲက "ဘယ်သူလဲ မသိဘူး၊ ငါ့ကို အိပ်မက်ထဲမှာ ထီထိုးခိုင်းတာ၊ ဒီရွာကလည်း မဟုတ်ဘူး၊ ငါလည်း တစ်ခါမှ မမြင်ဘူးပါလား၊ အင်းလေ – ဟုတ်သော်ရှိ မဟုတ်သော်ရှိ အိပ်မက်က ဒီလောက်ကြီး ထင်ရှားနေမှတော့ ရွာထဲက မအေးသန်း မြို့တက်ရင် ထီထိုးခိုင်းလိုက်မယ်လေ၊ ပေါက်တော့လည်း အမြတ်ပေါ့"ဟု တွေးမိရင်း မအေးသန်းကို ထီထိုးခိုင်းလိုက်လေတော့သည်။

=၂=

အပျိုကြီး မတင်ကြည် ထီပေါက်ပါပြီ ...

မတင်ကြည်နှင့် ရွာမှ အပေါင်းအဖော်သူငယ်ချင်းမများ ထီလက်မှတ်များ တိုက်ကြည့်ကြရာမှ မတင်ကြည်၏ ထီနံပါတ်မှာ ပေါက်နေခြင်းဖြစ်သည်။ မတင်ကြည်၏ ရင်ထဲမှာ ဖျော်လိုက်သည့်ဖြစ်ခြင်း၊ ထီလက်မှတ်လေးအား ရင်ခွင်လေးထဲ ပိုက်ထားရင်း စိတ်ကူးတွေ တစ်ခုပြီးတစ်ခု ယဉ်နေမိလေပြီ။

ပေါ်ရျာချာနှင့် တစ်ခွင်လုံး၏ နိုင်းဖတ်၊ အခုတော့ စားနိုင်သောက်နိုင် ဝတ်နိုင်တော့မည်၊ တဲလေးကို ပြုပြင်မည်၊ မြို့မှ အထည်တွေဝယ်ပြီး ရွာမှာ ရောင်းရမည် စသည်ဖြင့် အစီအစဉ်တွေ ကြိုတင်ပြီး ဆွဲနေစဉ်တွင် မတင်ကြည်၏ အနီးအနားတွင် ဝိုင်းထိုင်နေကြသော ရွာသူများထဲမှ မိန်းကလေးတစ်ဦးသည် မျက်လုံးများ နီရဲလာပြီး အမွှအရာများပျက်၍ စူးစူးဝါးဝါးဖြင့် စကားများ ပုံမှန်မဟုတ်တော့ဘဲ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ ပြီးလျှင် ထိုင်နေသော မိန်းမများထဲမှ မတင်ကြည်အား စူးစူးဝါးဝါး စိုက်ကြည့်ပြီး လက်ညှိုး ငေါက်ငေါက်ထိုးလျက် ...



www.burmeseclassic.com

www.burmeseclassic.com

"ငါ့နာမည် မနုနုတင်လို့ ခေါ်တယ်၊ ငါ အခုလာတာက အမှန်အတိုင်း ပြောပြချင်လို့ လာတာဟော့"

အပျိုကြီး မတင်ကြည်က ဝိညာဉ်ပူးကပ်နေသော ထိုမိန်းကလေးအား . . .

"မနုနုတင်ဆိုတာ ဘယ်သူလဲ၊ ကျွန်မကို အမှန်အတိုင်း ပြောပြပါ"

"အေး - ပြောပြမယ်၊ မနုနုတင်ဆိုတာက နင့်ကို အိပ်မက်ထဲမှာ ထိန်ပါတ် လာပေးတဲ့သူပဲ၊ နင့်ရဲ့အိမ်ရှေ့ချုံပုတ်နားမှာနေတဲ့ တစ္ဆေမပေါ့၊ နင် - ဆင်းရဲတွင်းနက်နေတာကို မကြည့်ရက်လို့လေ၊ ဒါပေမဲ့ - ပိုက်ဆံလည်း လက်ထဲရောက်ရော လှူဖို့တန်းဖို့ မေ့နေမှာစိုးလို့ လာသတိပေးတာ၊ ငါ့ကိုလည်း အမျှဝေပေးဦး၊ ငါ သတိပေးချင်လို့ လာတာဟဲ့"

အပျိုကြီး မတင်ကြည်မှာ ထိတ်ထိတ်လန့်လန့်ဖြင့် . . .

"ဩော် - ဟုတ်ပါတယ်၊ ကျွန်မ လှူဒါန်းပြီး အမျှဝေပေးပါ့မယ် မနုနုတင်ရယ်၊ ကျွန်မ ကတိပေးပါတယ်၊ ရှင့်ကို အမျှဝေပေးပါ့မယ်၊ သာခု လာခေါ်ပါတော်၊ ဒါနဲ့ - မနုနုတင်က ကျွန်မတို့ရွာက မဟုတ်ပါဘူး၊ ဘယ်က လာတာလဲ"

"ဒီလိုဟော့ - ဒီလို"

သူ၏ ဘဝအကြောင်းကို ရှင်းပြအပြီးတွင် . . .

"ငါလည်း ဒီဘဝက ကျွတ်ချင်ပါပြီ၊ နင် လှူတန်းအမျှဝေပြီးတာနဲ့ ငါ ဒီဘဝက လွတ်ပြီကျွတ်ပြီပေါ့ဟယ်၊ ကဲ - ကဲ - ငါ သွားပြီ"

ဝိညာဉ် မနုနုတင် ပြန်၍ထွက်သွားသောအခါ မစိန်သန်းမှာ သတိပြန်ဝင်လာလေသည်၊

ရှိးသားသော ရွာသူရွာသားများကလည်း အပျိုကြီး မတင်ကြည်၏ ထီလက်မှတ်ကိစ္စအတွက် ဝိုင်းဝန်းကူညီပေးကြလေသည်၊ မတင်ကြည်၏



အိမ်တွင်းသတင်းလာမေးသူများ မပြတ်စည်ကားနေပြီးလျှင် မတင်ကြည်မှာ ဧည့်ခံရရှင်းပြရသည်မှာ မမောနိုင်မပန်းနိုင်ပေ၊ ဝိညာဉ် မနုနုတင်မှာလည်း တစ်လမ်းဝင် တစ်လမ်းထွက် သွားလာနေသည်လားပင် မသိရ၊ တစ်ရွာလုံးရှိ ခွေးများမှာ ဝုန်းဒိုင်းကြဲ၍ အူသံ ဟောင်သံများမှာ ပွက်လောရိုက်နေလေတော့သည်၊ နောက်နေ့ သံဃာတော်များပင့်၍ လှူဒါန်းပြီး ဝိညာဉ်ရှင် မနုနုတင်ကို အမျှဝေပေးပြီးမှပင် တဖြည်းဖြည်းခြင်း ဧည့်သည်ပရိသတ်များ စဲသွားလေတော့သည်၊

မနုတင်အတွက် အလှူလုပ်ပေးပြီး အမျှဝေသည့်ညမှာပင် မနုနုတင်မှာ သုဂတိကောင်းရာသို့ ကျွတ်လွတ်သွားလေသည်လားမသိ၊ ထူးထူးခြားခြား ဘာအိပ်မက်မှ မပေးတော့ပေ၊ မတင်ကြည်၏ အိမ်သို့ ဧည့်စဲသကဲ့သို့ တစ်ရွာလုံးရှိ ခွေးများ၏ အူသံဟောင်သံများလည်း ဆိတ်သုဉ်းသွားလေတော့သည်၊

=❦=

(၁)နှစ်ကျော်ခန့် ကြာသောအခါတွင် . . .

ရွာသာရွာရှိ ကုန်သည်ကြီး ဦးကိုကိုကြီး၏ ဇနီး ဒေါ်ခင်ပိုက်မှ ကလေးလေးတစ်ယောက် မွေးဖွားလာလေတော့သည်၊ ထိုကလေးမှာ မိန်းကလေးဖြစ်ပြီးလျှင် ထိုမိန်းကလေး လမ်းလျှောက်တတ်သည့်အရွယ် စကားစပြောတတ်သည်နှင့် အပျိုကြီး မတင်ကြည်၏ အိမ်သို့ ပို့ပေးရန် ပူဆာသဖြင့် အပျိုကြီးမတင်ကြည်၏ အိမ်သို့ ကလေးမလေးအား ခေါ်ဆောင်လာခဲ့လေရာ အပျိုကြီး မတင်ကြည်က ထိုကလေးမလေးအား ပြုံး၍ကြည့်လိုက်ပြီး စကားစလိုက်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ညည်းက ငါ့ကို တွေ့ချင်တယ်ဆိုတော့ ငါ့ကို သိလို့လား"

ကလေးမလေးသည် မတင်ကြည်ကို ခြေဆုံးခေါင်းဆုံး စေ့စေ့ကြည့်ကာ ...

"သိတာပေါ့၊ ကျွန်မနာမည်က မနုနုတင်လေ" ဟုသတည်း။

☛ အေးသင်ဖာသဂ်ဆ

မှတ်ချက်

[illegible]

# သူရဲဖိုးတောနှင့် နွားကျောင်းသားများ

ကျော်ဦ



www.burmeseclassic.com

www.burmeseclassic.com

# သရဲဖိုးတေ နှင့် နွားကျောင်းသားများ

ကျော်စွာ

လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ခန့်က အထက်မြို့ကျေးရွာဖြစ်သော မြင်းခြံနယ်အပိုင် ရွာတစ်ရွာတွင် နွားကျောင်းသားလူပျိုလူရွယ် တစ်စုတို့သည် ရွာမြင်ဘက် လယ်ကွင်းကလေးတွင် နွားကျောင်းလျက်နေကြစဉ် လူငယ်တို့၏ သဘာဝအလျောက် သစ်ပင်ရိပ်အောက်တွင် ကစားသူကကစား၊ သီချင်းဆိုသူက ဆို၊ ပုလွေမှုတ်သူကမှုတ်၊ စကားစုရုံးပြီး ပြောသူကပြောနှင့် တောရွာလေ့အတိုင်း ပျော်ပါး၍ နေကြလေ၏။

ထိုသူတို့အထဲမှ ဖိုးထူးဆိုသော လုလင်ပျိုတစ်ယောက်သည် သီချင်းသီဆိုနေရာမှ တသံသမ်း တဝေဝေနှင့် ဖြစ်လာပြီးသော် ထိုနေရာမှ ငိုက်ခနဲ မြေသို့ခေါင်းစိုက်လည်ကာ လဲကျသွားလေ၏။ ထိုအခါ အနီးရှိသူငယ်ချင်းတို့မှာ ဘာလုပ်ရမှန်းမသိဘဲ မိမိတို့ကြားဖူးသမျှ ပရိတ်ဂါထာတို့ကို စိုးရိမ်ကြီးစွာနှင့် ရွတ်ဖတ်မန်းမှုတ်ကြသော်လည်း ဖိုးထူးမှာ ခေါင်းမထောင်ဘဲ နေလေ၏။

ထိုသူတို့အထဲတွင် ပျော်ရွှင်တတ်သော ဖိုးဝဆိုသူက သ၍ "အရှင်ကြီး အရှင်ကောင်းတို့ဗျာ၊ မှားမိရင်လည်း ခွင့်လွှတ်ပါ၊ အိမ်ရောက်မှ အမဲခြောက်နှင့် တင်မြှောက်ပသပါ့မယ်" ဟု ပြောင်ရွှတ်ရွှတ်နှင့် ပြောလေလျှင် ဖိုးထူးသည် ကိုယ်ကို ယိမ်းယိုင်ကာထလျက် မျက်လုံးကိုမဖွင့်ဘဲ "မကြောက်ပါနဲ့ သူငယ်ချင်းတို့ရယ်၊ ငါ အရှေ့ဘက်ရွာက ဖိုးတေပါ။ ဆာဆာရှိတာနဲ့ လျှောက်ပြီးအလာမှာ မင်းတို့ကို အဆင်သင့်တွေ့တာနဲ့ ဝင်ပြီးလာခဲ့ပါတယ်၊ စားစရာရှိရင် ကျွေးကြပါကွာ" ဟု ပြောမှ လွန်ခဲ့သော (၂)လခန့်က သေဆုံးသော မိမိတို့ သူငယ်ချင်း ဖိုးတေကို သတိရကြလေ၏။ ထိုအခါမှ နွားကျောင်းသား သူငယ်ချင်းတို့သည် ဖိုးတေဖြစ်မှန်းသိသဖြင့် မိမိတို့၌ ပါလာသော နေ့လယ်စာထမင်းထုပ်များကို ဖြေ၍ အနည်းငယ်စီကျွေးကြလေ၏။ (ထမင်းစားပြီးသော် ဖိုးထူးသည် ပကတိ လူကောင်းကဲ့သို့ ဖြစ်သွားလေ၏။)

ဖိုးဝက "မှန်းရှေထူး၊ ဘယ့်နှယ်နေသလဲ" ဟု မေးလျှင် ဖိုးထူးမှာ ဘယ့်နှယ်မှမနေကြောင်း ခေါင်းခါ၍ပြနေစဉ် မိမိတို့အနောက်ဘက်မှ "ကိစ္စမရှိပါဘူးကွာ၊ ငါ ဆာလို့ ငါမှန်းသိအောင် ဝင်လာတာပါ" ဟု ပြောသံကိုသာ ကြားရ၏။ လူကိုကား မမြင်ရချေ။ နွားကျောင်းသားတို့ကလည်း သူငယ်ချင်း ဖြစ်သဖြင့် ကြောက်ရွံ့စိတ် မရှိကြချေ။

ဖိုးဝ ။ ။ "သူငယ်ချင်း - မှန်းတေ၊ မင်း အခုဘာဖြစ်နေသလဲ"

သရဲဖိုးတေ ။ ။ "ငါ သရဲဖြစ်နေတယ်ကွ၊ (၂)လရှိပြီ၊ ဟောဟိုက မန်ကျည်းပင်မှာ နေတယ်။ ယခုတော့ မင်းတို့နဲ့တွေ့လို့ ဟောသည့်ပေါက်ပင်ကြီးမှာပဲ နေတော့မယ်။ ငါ့မှာ သရဲဖြစ်ပေတည်း

www.burmeseclassic.com

တ ခုထက်ထိ ဝအောင်တစ်ခါမှ မစားခဲ့ရဘူး။ ဒါကြောင့် နေ့တိုင်းနေ့တိုင်း ငါစားဖို့ ထမင်းကလေး၊ ဟင်းကလေး များ ယူခဲ့ကြပါကွာ။ မင်းတို့ နွားကိုမပျောက်ရအောင် ငါ ကြည့်စောင့်၍ ကျောင်းပေးပါ့မယ်"ဟု ပြောသဖြင့် ထို နေ့မှစ၍ နွားကျောင်းသား သူငယ်ချင်းတို့မှာ သရဲဖိုးတေ နှင့် ရင်းနှီးစွာအကျွမ်းဝင်ကြလျက် သရဲဖိုးတေအတွက် ထမင်းဟင်းများ ပို၍ယူခဲ့ကြပြီး နေ့စဉ်ပင် ကျွေးမွေးကြ လေ၏။



❝ကဲ–ဒါဖြင့် မင်းတို့ကို ငါ့တစ်ကိုယ်လုံးတော့ မပြလိုဘူး၊ လက်တစ်ဖက်ပဲ ကြည့်ကြပေတော့။ ကဲ–မျက်စိမှိတ်ထားကြ၊ ငါက ကြည့်လို့ဆိုရင် ဟောဟိုက မန်ကျည်းပင်ကြီးကို ကြည့်လိုက်ကြ"ဟု ပြော၍ အသံပျောက်သွားလေ၏❞



နွားများကိုလည်း ထိုနေ့မှစ၍ ရပ်ဝေးသို့လိုက်ကာ အတူးတလည် ရှာကြရတော့ပေ။ ပျင်းပျင်းရှိလျှင် သရဲဖိုးတေနှင့် ရယ်မောစရာစကားများကို ပြောဆိုလျက် ပျော်ရွှင်စွာ နေကြလေ၏။

=❦=

တစ်နေ့သ၌ နွားကျောင်းသားသူငယ်ချင်းတို့သည် သရဲဖိုးတေနှင့် ရယ်မောစရာစကား ပြောဆိုနေကြစဉ် ဖိုးဝက "မွန်းတေရယ်–မင်းနဲ့စကား ပြောရတာ လူလည်းမမြင်ရ၊ ဘာလည်း မမြင်ရနဲ့ မင်းရုပ်ကို ငါတို့ တစ်ခါ လောက် ပြစမ်းပါကွယ်"ဟု ပြောသောအခါ သရဲဖိုးတေက "ဟာ–မကြည့်ချင်ပါနဲ့ သူငယ်ချင်းတို့ရယ်"ဟု အတန်တန် ငြင်းဆန်လေ၏။

နေ့စဉ်နေ့တိုင်း ကြည့်ချင်ကြကြောင်းကို ပြောဖန်များလတ်သော် သရဲ ဖိုးတေက "ကဲ–ဒါဖြင့် မင်းတို့ကို ငါ့တစ်ကိုယ်လုံးတော့ မပြလိုဘူး၊ လက် တစ်ဖက်ပဲ ကြည့်ကြပေတော့။ ကဲ–မျက်စိမှိတ်ထားကြ၊ ငါက ကြည့်လို့ဆိုရင် ဟောဟိုက မန်ကျည်းပင်ကြီးကို ကြည့်လိုက်ကြ"ဟု ပြော၍ အသံပျောက် သွားလေ၏။ မကြာမီ "ကဲ–ကြည့်လိုက်ကြတော့"ဟု ပြောသံကြား၍ ကြည့်ကြလေရာ မန်ကျည်းပင်လုံးဘေးမှ ဆန့်တန်းလျက် ထန်းလုံးခန့်မျှ ရှိသော အမွေးရှည်ရှည်ကြီးနှင့် လက်ကြီးတစ်ဖက်မြင်ရလေလျှင် ပထမ၌ ကြောက်စိတ်မရှိသော်လည်း တဖြည်းဖြည်းကြောက်လာကြသဖြင့် "တော် ပါတော့–တော်ပါတော့ဟေ့"ဟု ပြောမှ ထိုလက်ကြီး ကွယ်ပျောက်သွားလေ ၏။

ဤသို့ပင် (၃)လခန့်ကြာသောအခါ တစ်နေ့သောနေ့လယ်တွင် သရဲ ဖိုးတေအား အစာခေါ်၍ကျွေးသော်လည်း မလာရောက်ချေ။ အချိန် အတော်လွန်မှ အနီးသို့လာလျက် "မွန်းဝတို့၊ မွန်းထူးတို့၊ ရွှေဘိုးကြီးတို့–ငါ

www.burmeseclassic.com

သတင်းတစ်ခု ရခဲ့တယ်ပော့။ ဟိုဘက်ကရွာတွေမှာ ဝမ်းရောဂါဖြစ်နေတာတွေ မင်းတို့ကြားကြရဲ့လား" ဟု မေးလေ၏။ ဖိုးဝက "အေး - ကြားတယ်၊ အဲဒါဘာဖြစ်သလဲ" ဟု မေးပြန်ရာ သရဲဖိုးတေက "သည်ရောဂါဟာ မကြာခင်မင်းတို့ရွာကို ကူးလာလိမ့်မယ်၊ တစ္ဆေ၊ သရဲ၊ သဘက်တွေက သည်ရွာလာပြီး ရောဂါနဲ့တိုက်ကြမလို့တဲ့။ ငါ့မှာတော့ မင်းတို့ကျေးဇူးလည်းရှိတယ်။ ဒါကြောင့် သည်ရွာကို ဝမ်းရောဂါမရောက်အောင်ဟာ ငါစောင့်ရှောက်မယ်၊ ငါ့ကို တုတ်တစ်ချောင်းကောင်းကောင်းသာရှာပေးကြကွာ။ သည်အကောင်တွေကို ငါတစ်ယောက်တည်းနဲ့ တိုက်လိုက်မယ်။ ယောသည့်နေ့ကစပြီး (၇)ရက်စေ့တဲ့နေ့ နေဝင်ဖျိုးဖျမှာ လာကြလိမ့်မယ်။ သည်အခါ ငါထွက်တိုက်မြမယ်၊ မင်းတို့ရွာဘက်ကို ဖုန်တထောင်းထောင်းထပြီးလာရင် ငါရှုံးတာပဲ၊ ငါရှုံးရင် မင်းတို့ သည်ရွာမှာ မနေကြနဲ့၊ တစ်ရွာလုံး ပြောင်းကြပေတော့၊ ဟိုရွာဘက်ကိုဖုန်တထောင်းထောင်း ထသွားတာကိုမြင်ရရင် ငါနိုင်တာပဲ၊ ငါကနိုင်ရင် ကိစ္စမရှိဘူး။ အဲဒါမှတ်ပြီး ဖုန်ထတာကို ဂရုစိုက်၍ ကြည့်ကြ၊ ကဲ - ဘယ်မလဲကွ ငါ့ဖို့အစာ၊ တုတ်ကောင်းကောင်းလည်း မမေ့ကြနဲ့" ဟု ပြောကာ ထမင်းကျန်ဟင်းကျန်များကို စားသောက်လေ၏။

တစ်ယောက်က ။ ။ "မွန်းတေရဲ့မင်းလိုချင်တဲ့တုတ်ဆိုတာဘယ်အရွယ်လဲကွဲ့"

သရဲဖိုးတေ ။ ။ "တုတ်အရှည် (၆) တောင်လောက်ပေါ့၊ လုံးပတ်တော့ လက်မောင်းလောက်ရှိရင် တော်ပါပြီ"

နွားကျောင်းသား သူငယ်ချင်းတို့လည်း သရဲဖိုးတေပြောသည့်အတိုင်း ရှားသားနှစ်ကောင်းကောင်းခြောက်တောင်ခန့် တုတ်တစ်ချောင်းကိုလုပ်၍ပေးကြလေ၏။ (၇) ရက်စေ့သောနေ့ နေဝင်ရီတရောအချိန်၌ကား လူတို့မမြင်ရ၊ လေလည်းမတိုက်ဘဲနှင့် လှည်းလမ်းတစ်လျှောက်၌ ဖုန်တထောင်းထောင်း ထနေသည်ကို မြင်ရလေ၏။ ဖုန်တို့အကြားမှ ဟိုယမ်းသည်ယမ်း နှင့် ရှားသားတုတ်ကြီးသည်လည်း ဖုန်ထဲတွင် ယမ်းလျက်နေသည်တို့အား မြင်ရလေ၏။ တစ်ခါတစ်ခါ ဖုန်တန်းကြီးသည် မိမိတို့၏ ရွာဘက်သို့ တထောင်းထောင်း ထလျက်လာလေ၏။ တစ်ခါတစ်ခါလည်း ဟိုဘက်ရွာဆီသို့ တန်းလျက်ပြေးသွားသည်ကို မြင်ရလေ၏။ နေလုံးပျောက်ပြီး မကြာမီအချိန်ကလေးတွင်ကား ဖုန်ထောင်းထောင်းထလျက် ဟိုဘက်ရွာဆီသို့ အဆုံးစွန် ဖုန်ထသွားသည်ကို မြင်လိုက်ရလေ၏။ များမကြာမီ သရဲဖိုးတေသည် ရွာဝ၌ရပ်နေကြောင်းကို ရှားသားတုတ်ကြီးကိုမြင်ရသဖြင့် သိရပေ၏။ ရွာသားများနှင့် နွားကျောင်းသားတို့သည်လည်း ဝမ်းသာအားရစွာ ဆန်ကွဲနှင့် ငါးခြောက်စသည်ကို ရောနှောကျိုချက်လျက် ဝလင်အောင် ကျွေးမွေးကြလေ၏။ ထိုနေ့မှစ၍ ထိုရွာကလေး၌ ရောဂါတစ်စုံတစ်ရာမျှ မဖြစ်ချေ။

ထို့နောက်တစ်လခန့်ကြာသောအခါ သရဲဖိုးတေသည် နွားကျောင်းသားများရှိရာသို့လာပြီးလျှင် "သူငယ်ချင်းတို့ - ငါတော့ သည်ရွာမှာ မနေရတော့ဘူး၊ ရွာစောင့်နတ်ကြီးက နှင်နေပြီ။ ဒါကြောင့် ငါမသွားခင် သုံးရက်လောက်ဝအောင် ကျွေးကြစမ်းပါကွာ" ဟု ငိုသံပါနှင့်ပြောသဖြင့် ရွာသားများနှင့်တကွနွားကျောင်းသားတို့သည်လည်း ဝမ်းနည်းစွာနှင့် သရဲဖိုးတေပြောဆိုတိုင်း ဝအောင် ကျွေးမွေးကြလေ၏၊ သုံးရက်မြောက်သောနေ့၌ သရဲဖိုးတေကို မတွေ့ရတော့ချေ။

=❦=

ဤသို့ဖြင့် နှစ်လရှည်ကြာ၍ နွားကျောင်းသားတို့သည် သားမယားနှင့် အိမ်ထောင်ကျကုန်လျက် တစ်ရပ်တစ်ရွာသို့ စီးပွားရှာထွက်သူက ထွက်ကြလေ၏၊ ဖိုးထူးသည်ကား လေှတက်နှင့် အထက်ကုန်အောက်ကုန် စုန်ဆင်းခဲ့ရာ တရုတ်မော်ဆိပ်ကမ်း၏ အောက်နားမှ "မင်းတို့လှေ ခဏဆိုက်ပါဦး

www.burmeseclassic.com

ဖော့၊ ဟိုဟာ – ဘိုးထူးမဟုတ်လား”ဟု အမည်ကိုထုတ်ခေါ်သံကြားရသဖြင့် လှေခဏဆိုက်ပြီး လူကို ရှာဖွေသော်လည်း ဘာမျှ မတွေ့ရဖြစ်လေ၏၊ ထို့နောက်မှ “ဖော့ – မှန်းဘိုးထူးရဲ့ – လှေပေါ်က ဆင်းပါဦးကွာ၊ ငါ ဖိုးတေလေ မင်းတို့ဆီက ထွက်လာပြီး သည်မှာရောက်နေတယ်”ဟုပြောမှ သရဲဖိုးတေမှန်း သိရလေ၏၊

သရဲဖိုးတေက “သူငယ်ချင်းရယ် ငါ မင်းတို့ဆီက ထွက်လာကတည်းက ထမင်းဝအောင် တစ်ခါမှ မစားရဘူး၊ ဒါကြောင့် ငါ့ကို ကျွေးခဲ့ပါဦးကွာ”ဟု ပြောသဖြင့် နောက်က မိတ်ဆွေရင်းဖြစ်ခြင်းကြောင့် ထမင်းဟင်းလျာကို ကျွေးရလေ၏၊ သရဲဖိုးတေသည် စားသောက်ပြီးသောအခါ “ဖော့ – မှန်းဖိုးထူးရဲ့ဖိုးဝကြီးတို့၊ ရွှေဘိုးတို့၊ ကျော်ဒင်တို့ မာကြရဲ့လားကွဲ့၊ ငါတော့ မင်းတို့ဆီလာချင်ပေမယ့် နယ်ပိုင်ရှင်က မသွားရဘူးတဲ့၊ မင်းလည်းပဲ သည်မှာ သုံးလေးရက်လောက် နေပါဦးကွာ၊ မင်း လှေ ဘာတစ်ခုမှ မဖြစ်ရပါဘူး၊ အဆုံးပြောမယ် ကျီးတစ်ကောင်တောင်မှ မနားရပါဘူး”ဟု ပြောသဖြင့် ဖိုးထူးသည် သုံးလေးရက်မျှ ငံ၍ နေရလေ၏၊

ကုန်ရောင်းဝယ်ပြီး၍ အဆန်တွင်လည်း သုံးလေးရက်ခန့် ထိုနေရာ၌ နားနေပြီးလျှင် သရဲဖိုးတေအား ကျွေးမွေးရပြန်လေ၏၊ အထက်သို့ ဆန်ခါနီးတွင် သရဲဖိုးတေက “မှန်းရွှေထူးရယ် – ဟိုရောက်ရင် တို့သူငယ်ချင်းတွေကို ပြောလိုက်စမ်းပါကွာ၊ ငါ့အတွက် ရည်မှန်းလျက် ဆွမ်းကလေးများသွတ်၍ ငါ့ကို အမျှအတန်းပေးဝေပါ”ဟု မှာကြားလိုက်သဖြင့် မောင်ဖိုးထူးရွာသို့ ရောက်သောအခါ သူငယ်ချင်းတစ်စုတို့နှင့်တိုင်ပင်၍ ဆွမ်းသွတ်ပြီး သရဲဖိုးတေအား အမျှအတန်းပေးဝေကြလေ၏၊ နောက် ထိုအရပ်သို့ လှေနှင့် ရောက်လာသောအခါ သရဲဖိုးတေအား မတွေ့ရတော့ချေ၊ (သရဲဘဝမှ ကျွတ် လွတ်၍ သွားဟန်တူပေသည်၊) ဤအထက်ပါပုံကို အရှင်ဦးသေနာဝဏ် သည် အထက်မန္တလေးသို့ စာသင်ရန်သွားစဉ် ပခုက္ကူ မြင်းခြံ စသောအရပ် တို့ကို ခေတ္တလှည့်လည်သွားရာ မြင်းခြံနယ်ဖြစ်သော ရွာတစ်ရွာမှ အသက် (၇၃)နှစ်ခန့်ရှိသော အဘိုးကြီး ဦးသာလန်း၏ ပြောကြားချက်ဟု သိရှိရ ပေ၏၊

☛ ကျော်ရွာ

စာ ရူ ရှင် များ သို့
ဝေရှးချယ်သောစာမူများထို ပြန်လည်ဝေးပို့
ပေးတော်တော်ဝါ၍ မိတ္တူပွားထားကြပါရန်။
အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# ရနွက်ကြိုးသော ပန်းပုဆရာ

ဟိန်းဇေယျာ

မြို့တော်ရန်ကုန်တွင် လက်ညှိုးထိုးမလွဲ တွေ့မြင်နေရသည်မှာ လက်ဖက်ရည်ဆိုင်များနှင့် ဘီယာဆိုင်များပင် ဖြစ်ပေသည်၊ စာရေးသူသည် အရက်သေစာ သောက်စားခြင်းမရှိသည့်ပြင် "ဘီယာဆိုတာ အရက်တော့မဟုတ်ပါ" ဟူသော ကြော်ငြာတေးသံကို လက်သင့်ခံသူမဟုတ်ပေ၊ ထိုဘီယာအကြောင်းကိစ္စသည် စာရေးသူနှင့်လက်လှမ်းမီရာမဟုတ်ဘဲ အလှမ်းဝေးလျက်ရှိပေသည်၊ စာရေးသူနှင့်နီးနီးကပ်ကပ်ရှိသည်မှာ လက်ဖက်ရည် ဆိုင်များဖြစ်ပေသည်၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင် အများစုသည်



www.burmeseclassic.com

www.burmeseclassic.com

အထက်အရပ်(ခေါ်) အညာဒေသဖြစ်သော မုံရွာဘက်ဆီမှလည်းကောင်း အလယ်ပိုင်းဒေသဖြစ်သော မကွေးတိုင်း ဘက်ဆီမှလည်းကောင်း ဖြစ်ကြလေသည်။ ထိုအရပ်ဒေသမှ လူရွယ်တို့သည် "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ထုံးနှလုံးမူ၍ အောက်ရပ်ရွာဖြစ် သော ပဲခူး–ရန်ကုန် စသော ဒေသအသီးသီးတွင် အခြေချခဲ့ကြသည်။ အညာ သား၊ အညာသူဆိုသော အထက်သားများသည် ငွေပင်ငွေရင်းယူဆောင်လာပြီးလုပ်ငန်းလုပ်ကိုင်ကြသူများဟုထင်လျှင် လွန်စွာမှားယွင်းပေလိမ့် မည်။ ရန်ကုန်မြို့တွင် အမည်နာမတူသော လက်ဖက်ရည်ဆိုင်များ ဖွင့်လှစ် လျက် အောင်မြင်နေသူတစ်ဦးက စာရေးသူအား ပြောပြသဖြင့် သိခဲ့ရပေ သည်။

ထိုပုဂ္ဂိုလ်၏ ပြောပြချက်အရ ဤသို့အောင်မြင်သူတစ်ဦးဖြစ်လာရန် "ငှက်ပျောသီးအခွံနွှာစား" သကဲ့သို့ လွယ်ကူလှသည်မဟုတ်ပေ၊ အခက်အခဲများ၊ အတိုက်အခံများ၊ ခလုတ်တံသင်းများကို ကျော်ဖြတ်ခဲ့ရသည်။ ထိုသို့ တွန်းလှန်ခဲ့ရာတွင် လောကီရေးရာ အစီအမံများ၊ အစီရင်များ ပါဝင်ပတ်သက်ခဲ့သည်ကို ကြားခဲ့ရသဖြင့် စာရေးသူသည် အလွန်စိတ်ဝင်တစားဖြစ်ခဲ့ရပါသည်။ စာရေးသူ စိတ်ဝင်စားရသည့် အကြောင်းမှာ "ညှော်မလာသစ်" သို့မဟုတ် "သစ်စုန်း" ဖြစ်ပါသည်။ ထို သစ်နှင့်ပတ်သက်၍ စာရေးသူကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို တင်ပြလိုပေသည်၊ ဟိုရှေးရှေးတုန်းကအကြောင်းဟုဆိုလျှင် ယုံကြည်ရန် ခဲယဉ်းပေလိမ့်မည်။ စာရေးသူသည် ယခုနှစ် ၂၀၁၂–ခုနှစ်တွင် ကိုယ်တွေ့ကြုံခဲ့ရခြင်း ဖြစ်ပေသည်။ ၂၀၁၂–ခုနှစ် ဆောင်းဦးပိုင်းအချိန်တွင် စာရေးသူ၏ တစ်ဦးတည်းသောသားရှိရာအရပ်သို့ ဇနီးနှင့်အတူ သွားရောက်ခဲ့ပေသည်။

ရန်ကုန်မှ ထားဝယ်သို့ ခရီးအစ . . .

ထွက်ခွာချိန်ထက် (၁) နာရီ ကြိုတင်ရောက်ရှိပါရန် မေတ္တာရပ်ခံရှည်ပါသော ထားဝယ်ခရီးစဉ်ကား လက်မှတ်အတိုင်းစာရေးသူနှင့် ဇနီးတို့သည်



မြောက်ဥက္ကလာ၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ ညနေ (၄) နာရီတွင်ရောက်ရှိခဲ့ပေသည်၊ ကားထွက်ရန် အချိန် (၁) နာရီခန့် လိုသေးသဖြင့်ကောင်းသစ်စံဂိတ်အတွင်း စောင့်ဆိုင်းနေကြသည်၊ ခရီးသွားမည့်သူအချို့လည်း ဂိတ်အတွင်းဝင်လာကြသည်။ များသောအားဖြင့် မိမိမွေးရပ်ပြန်ကြမည့် ထားဝယ်သူ၊ ထားဝယ်သားများ ဖြစ်ကြသဖြင့် အချင်းချင်း အသံဝဲဝဲဖြင့် ပြောဆိုနေကြသည်။ စာရေးသူတို့မှာ သူတို့၏ လေသံကို မှန်းဆ၍အဓိပ္ပါယ်ဖော်ခြင်းမှာ မစွမ်းဆောင်နိုင်သဖြင့်လည်းကောင်း၊ ပတ်သက်ခြင်းမရှိ၍လည်းကောင်း ဂိတ်အပြင်သို့သာ ငေးကြည့်နေမိပေသည်။ ထိုစဉ် လူတစ်ယောက်သည် လွယ်အိတ်လွယ်လျက် ဂိတ်အတွင်း ဝင်လာကာ စာရေးသူ၏ဘေးရှိလွတ်လပ်နေသော နေရာတွင်ဝင်ထိုင်လိုက်ပါသည်။ စာရေးသူလည်း ထိုသူ ချောင်ချောင်ချိချိ ထိုင်နိုင်စေရန် ဇနီးသည်ဘက်သို့ ရွှေ့ကပ်ပေးလိုက်ပါသည်။

"ထားဝယ် သွားမလို့လား"

ထိုလူ၏အသံသည် ထားဝယ်သားတို့၏ အသံမဟုတ်မှန်း သိသာထင်ရှားသည်။ စာရေးသူသည် "ဟုတ်တယ်" ဟု ဖြေရင်း သူ့အား အကဲခတ်သည့် သဘောဖြင့် ပြန်ကြည့်လိုက်ပါသည်၊ အမွေးမြင် အပင်သိ ဆိုသလိုရန်ကုန်သားတော့ ဖြစ်ဟန်မတူ။ အတတ်အညာရပ်က ဖြစ်နိုင်သည်ဟုမှန်းဆရန် ဖင်းဝတ်ထားသော တိုက်ပုံဖျင်ကြမ်းနှင့် လွယ်အိတ်ကြီးက သက်သေထူနေပေသည်။ မည်သည့်အကြောင်းကြောင့် ထားဝယ်သို့သွားရန်ထားဝယ်တွင် ဆွေမျိုးသားချင်း မိတ်ဆွေ ရှိမရှိစသဖြင့် သိချင်သည်ကတစ်ကြောင်း၊ ခရီးမှာ ရှည်လွန်းလှသဖြင့် စကားပြောဖော် မိတ်ဆွေတစ်ဦးရချင်သည်ကတစ်ကြောင်း မိတ်ဆွေဖွဲ့ပြောဆိုရန် စာရေးသူဆုံးဖြတ်လိုက်သည်။

"ဦးက ထားဝယ်ကို အလည်သက်သက်လား ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူထက် အသက် (၅)နှစ်ခန့်ကြီးမည့်ပုံဖြစ်၍ လေးစားသမှုဖြင့် မေးလိုက်ခြင်း ဖြစ်ပါသည်။

"အလည်သက်သက်တော့ - မဟုတ်ဘူးကွဲ့၊ ဂမ္ဘီရကိစ္စ ဆိုပါတော့"

ထိုသူ၏ ပြောစကားကြောင့် စာရေးသူ၏ စူးစမ်းလိုသော စိတ်သည် အိပ်ပျော်နေရာမှ လန့်နိုးသကဲ့သို့ လှုပ်ရှားသွားပါတော့သည်။

"ဘယ်လို ပြဿနာများပါလိမ့် - ခင်ဗျာ၊ ကျွန်တော်လည်း ဂမ္ဘီရ အကြောင်း စိတ်ဝင်စားတယ်ခင်ဗျ - သိပါရစေဦး"

စာရေးသူသည် အလိုက်ကန်းဆိုးမဲ့စွာ မေးလိုက်ပါသည်၊ ထိုသူ၏ ပြောချင်ဆိုချင်စိတ် ရှိမရှိကို လေ့လာစူးစမ်းခြင်းမရှိဘဲ မိမိစိတ်ဆန္ဒတွင်း အလိုဆန္ဒကိုသာ ဦးစားပေးတတ်သော စာရေးသူ၏ ညံ့ဖျင်းသော ဉာဉ်ပင် ဖြစ်ပေသည်။ ထိုသူသည် စာရေးသူအား ပြန်လည်အကဲခတ်ပြီး . . .

"ပြောပြရတာပေ့ါလေ"

ဟု ဝိဂ်ျဇာဆရာတို့၏ လေသံအတိုင်း ပြောနေစဉ် ကားစပယ်ယာ၏ "ကားပေါ်တက်လို့ရပါပြီ" ဟူသောအသံသည် ဂိတ်အတွင်းပေါ်လာပြီးနောက် ခရီးသည်တို့လည်း ကားပေါ်သို့ တက်ရောက်သွားကြလေသည်၊ စာရေးသူတို့နှင့် အဆိုပါလူကြီးတို့သည် ကားပေါ်သို့ ရှေ့ဆင့် နောက်ဆင့် တက်ခဲ့ကြပေသည်၊ ထိုအညာဟန်ပေါက်နေသော လူကြီး၏ ထိုင်ခုံသည်စာရေးသူ၏ ဘေးတစ်တန်းတည်းတွင် ကျရောက်ပေရာ စကားပြောမိတ်ဆွေ အဖြစ် အဆင်ပြေလှပေသည်။ မှောင်စပျိုးချိန် ညနေ (၆)နာရီခန့်တွင် စာရေးသူတို့ လိုက်ပါသော ဟွန်ဒိုင်းကားကြီးသည် အောင်မင်္ဂလာအဝေးပြေးဂိတ်မှသည် အမှတ် (၂) လမ်းမကြီးအတိုင်း ပဲခူးမြို့ဆီသို့ ဦးတည်မောင်းနှင်လျက် ရှိပေတော့သည်၊ မှောင်ရိပ်သန်းလာပြီဖြစ်၍ ဘေးပတ်ဝန်းကျင်ကို ပီပြင်စွာ မတွေ့နိုင်ပေ၊ ထားဝယ်သို့သွားသော ကားများတွင် များသောအားဖြင့် လေအေးစက်တပ်ဆင်ခြင်းမရှိသော်လည်း တယ်လီဗေးရှင်းစက်တော့ကားတိုင်းတွင် ပါရှိပေသည်၊ စာရေးသူ၏ ဇနီးသည် ယခုလို ခရီးရှည်သွားလျှင် အစားအသောက်များကို သယ်ဆောင်လေ့ရှိပါသည်။ စာရေးသူလည်း ဦးအောင်ဘဆိုသူအား ပိုမိုရင်းနှီးစေရန်အတွက် ဇနီးသည်ဝယ်ယူခဲ့သော ပန်းသီးနှစ်လုံးအား လက်ဆင့်ကမ်းပေးပြီး . . .

"ဦးက လောကီကိစ္စတွေမှာ တော်တော်အတွေ့အကြုံရှိမှာပေ့ါနော်"

ဟု စကားစရင်း ဦးအောင်ဘ၏ အတွေ့အကြုံများထဲက တစ်စိတ်တစ်ပိုင်းကိုသိရန် နှီးဆွလိုက်ပါသည်။ တချို့သောသူများသည် မိမိနှင့် မရင်းနှီးသောသူအား မိမိနှင့်ပတ်သက်သော အရေးအရာများအား ပြောပြရန် ဝန်လေးတတ်ကြပေသည်၊ ဤသည်မှာလည်း စာရေးဆရာကြီး ဗိုမိုးနင်း၏ ဆုံးမစကားကို လိုက်နာခြင်းမည်ပေသည်ဟု စာရေးသူ သုံးသပ်မိပေသည်၊ ခရီးဖော်ဦးအောင်ဘဆိုသူသည် အဆိုပါလူမျိုးအစားတွင် ပါဝင်ခြင်းမရှိကြောင်း တွေ့ရသည်၊ "တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်း" ဟူသောမှုကို ကိုင်တွယ်၍ပွင့်လင်းရင်းနှီးသော သူတစ်ဦးဖြစ်သည်ဟူ၍သာ ကောက်ချက်ချမိပေသည်။

"ဦးက ကိုယ်တိုင်ခံရဖူးတော့ ဒီပညာရပ်တွေ သိချင်တတ်ချင်လာတယ်၊ ဆရာကောင်း၊ သမားကောင်းတွေ ရှာဖွေဆည်းပူးတယ်၊ အဲ့ဒီအဆင့်ကနေ ကိုယ်လိုခံစားရတဲ့ သူတွေကို ကိုယ်ချင်းစာပြီး အကူအညီ ပေးတယ်ပေ့ါကွယ်"

စာရေးသူသည် ဦးအောင်ဘစကားကြောင့် လေးစားမိသွားပါသည်၊

"ဘယ်လိုများ ဒုက္ခတွေ ခံခဲ့ရပါသလဲခင်ဗျာ"

ဦးအောင်ဘသည် တုံ့ဆိုင်းခြင်းအလျဉ်းမရှိဘဲ စာရေးသူအား ပြောပြသည်မှာ . . .

=❦=



www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်လမ်းမတစ်လျှောက် ဘောဓိယာတွင် ဈေးဆိုင်ခန်းများ ရှိကြသည်။ ဗဟန်း၊ ရေတာရှည်လမ်းဟောင်းတစ်လျှောက် လူနေအိမ်များမှာ ခပ်စိပ်စိပ်ရှိသည်။ ကိုအောင်ဘတို့ဇနီးမောင်နှံသည် ရေတာရှည်လမ်းဟောင်းတွင်ရှိ ဆူးခါးကျောင်းတိုက်ရှေ့အိမ်ငယ်လေးတစ်လုံးတွင် ငှားရမ်းနေထိုင်လေသည်။ မိမိအိမ်ရှေ့တွင် အဇီထိုးကာ ကြေးသံဆိုင်ဖွင့်ထားသည်။ ကိုအောင်ဘသည် မကွေးဇာတိဖြစ်ပြီး မကွေးဒေသထွက် ကတ်ကြေး၊ ဓားမျိုးစုံ၊ ကွမ်းညှပ်၊ ချိန်ခွင်၊ အလေးစသဖြင့် ရောင်းချလေရာ စီးပွားဖြစ်သဖြင့် မကွေးသို့ မပြန်နိုင်တော့ဘဲ ရန်ကုန်သူဟုဆိုသော အမျိုးသမီးငယ် "အနှင်း" နှင့် အိမ်ထောင်ကျခဲ့လေသည်။ အနှင်းမှာ ရုပ်အဆင်းလွန်စွာ လှပခြင်းမရှိသော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ "ငယ်သော်လှ၏" အချိုးအတိုင်းရှိချေသည်။ အနှင်းသည် ဦးအောင်ဘထက်(၁၀) နှစ်ခန့် ငယ်သော်လည်း မိမိခင်ပွန်းအား "ဦးအောင်ဘ" ဟုပင်ခေါ်လေသည်။ ဦးအောင်ဘတို့အိမ်ထောင်သက် (၅) နှစ်ပြည့်သော်လည်း လူဦးရေ တိုးပွားခြင်းမရှိသေးချေ။ ဦးအောင်ဘသည် ကုန်ပစ္စည်းများကို ကားဂိတ်တွင် သွားရောက်သယ်ယူရသည်။ ထိုသို့ ပစ္စည်းသယ်ရန် သွားရောက်နေစဉ် အိမ်တွင် အနှင်းတစ်ယောက်တည်း ဈေးရောင်းရင်း ရှိနေတတ်သည်။ ဦးအောင်ဘသည် ထိုနေ့လိုမျိုး ပစ္စည်းသွားသယ်ရာတွင် နေ့ဝက်မက အချိန်ကြာတတ်ပေသည်။

ဦးအောင်ဘ ပစ္စည်းသွားယယ်ချိန် အိမ်တွင်မရှိခိုက်၊ ဘေးအခန်းမှ ပန်းထုလုပ်သားအဖြစ် လုပ်ကိုင်နေသူဘညွှန့်သည် အနှင်းအား ထိကပါးရိကပါး ပြောဆိုလေသည်။

"မမနှင်း အရွယ်နဲ့ ဦးအောင်ဘ အသက်က ကွာတယ်နော်။ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီအဘိုးကြီးနဲ့ မမနှင်း မတန်ပါဘူးဗျား ဟဲ-ဟဲ-တကယ်ပါဗျ"



မိန်းမတို့ သဘာဝမှာ မြှောက်ပင့်ပြောဆိုခြင်းကို နှစ်သက်ကြသည်။ မျက်နှာအမူအရာမှာ သဘောမကျသကဲ့သို့ ဖြစ်သော်လည်း ဝမ်းထဲတွင် ပီတိဖြာနေသည်။ အနှင်းမှာလည်း မိန်းမသားမို့ မြှောက်ပင့်ပြောဆိုသည်ကို သိသော်လည်း ကျေနပ်မိလေသည်။ အနှင်းမှာ ဘညွှန့်ကို နဂိုကတည်းကရင်းနှီးနေသောကြောင့် စကားလက်စံပြောဆိုနေခြင်း ဖြစ်ပေသည်။ ဘညွှန့်သည် အနှင်း၏ မျက်နှာအားအကဲခတ်ပြီး အနှင်းဆိုင်ဘက်သို့ ကူးလာပြီး ၎င်း၏ အနီးတွင်ချထားသော ခွေးခြေပုတွင် ဝင်ထိုင်လိုက်သည်။

"တကယ်ပဲဗျာ - မမနှင်းတို့ ရုပ်ရည်မျိုးနဲ့ဆို"

ဘညွှန့်စကားမဆုံးမီ အနှင်းက...

"ဟင်း - ဟင်း - ဒီလောက်လည်း မြှောက်မနေပါနဲ့ ကိုဘညွှန့်ရယ်"

ဟုပြောရင်း မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ မိန်းမနှင့် ပတ်သက်လျှင် နှာကျေသောဘညွှန့်သည် အနှင်း၏ညာလက်ဖဝါးကို ဆတ်ခနဲ လှမ်းဆွဲယူပြီး -

"လက္ခဏာ ကြည့်ပေးမယ်နော်"

ဟုပြောဆို၍ ညာဘက်လက်သန်းအောက်ရှိ အစင်းကြောင်းငယ်များအား ကြည့်ရှုလေသည်။ ထိုအစင်းကြောင်းများမှာ လက္ခဏာပညာရပ်တွင် အိမ်ထောင်ရေးကို ဖော်ပြခြင်းဟု ဆိုထားပေသည်။ အနှင်း၏ လက်သန်းအောက်ခြေတွင် အစင်းနှစ်ကြောင်းမှာ ပြိုင်လျက်ရှိနေသည်ကို ဘညွှန့်တွေ့လျှင် အိမ်ထောင်ရေးအကြောင်း သိချင်လာသည်။ လက္ခဏာအကြည့်ခံရသူတိုင်းသည် မိမိလက္ခဏာနှင့်ပတ်သက်၍ ဟုတ်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဟောချက်အား နားထောင်လိုခြင်းမှာ သဘာဝကျပေသည်။

"ပြောလေ - ပြောလေ - ဘာတွေ့လို့လဲ"

အနှင်းသည် လက္ခဏာမေးသူတို့ ထုံးစံအတိုင်း သိချင်စိတ်ကို နှိုးဆွလာသဖြင့် မေးလေသည်။ ဘညွှန့်သည် အနှင်း၏ မျက်လုံးအား စူးစူးစိုက်စိုက်ကြည့်၍...

www.burmeseclassic.com

"အိမ်ထောင်နစ်ဆက်ဗျ - မမနှင်းရဲ့"

ဟု ညှုသံဖြင့် ပြောလိုက်သည်။ အနှင်းကလည်း . . .

"ဟုတ်လည်း ဟုတ်ပဲနဲ့"

ဟု ညုတုတုပြန်ပြောလျှင် မျက်နှာကို ကျောက်ကျောရည်ဖြင့် ပက်ခံရသည့်အလား ပြောင်ချောချောမျက်နှာပေးဖြင့် ဘညွန့်သည် . . .

"ဟုတ်တာမှ သိပ်ဟုတ် - နောက်တစ်ယောက်က ဘယ်သူမှတ်လို့လဲ ဟောဒီက - ဟောဒီက"

ဟုပြော၍ ၎င်း၏ရင်ဘတ်ကိုပုတ်၍ပြလေသည်။ အနှင်းသည် ကိုင်ထားသောယပ်တောင်ဖြင့် လှမ်းရိုက်လိုက်သည်။ ဘညွန့်လည်း ရယ်မောကာ သူ့ဆိုင်ဘက်ဆီသို့ ပြန်သွားလေသည်။

ထိုကဲ့သို့ အနှင်းနှင့် ဘညွန့်တို့ စကားပြောဆိုနေကြစဉ် ဆိုင်အနီးရှိ ကွမ်းယာဆိုင်မှ ဒေါ်စိန်သည် နားစွင့်၍ နားထောင်နေပေတော့သည်။

= ၆ =

"သစ်ငုတ်တို တိုက်ပါများ နဲ့" သကဲ့သို့ ဘညွန့်သည် အခွင့်အခါရတိုင်း အနှင်းအား ဦးအောင်ဘ၏ ချို့ယွင်းချက်များအား ပြောလေရာ အနှင်းသည် လေတိုက်ရာသို့ ယိမ်းလေတော့သည်။ ပြောဖန်များသောကြောင့် ဘညွန့်အပေါ် တိမ်းညွှတ်မိပေသည်။ ဆင်ခြင်တုံတရားကင်းမဲ့သော မိန်းမများလို ဘညွန့်၏ မိုးတစ်လုံး လေလုံးစကားလုံးကြီးများအောက်ဝယ် နစ်မွန်းသွားပေသည်။

"ကိုညွန့် - မမနှင်းတို့ ထွက်ပြေးရအောင်"

အနှင်းသည် မိန်းမတို့ ဣန္ဒြေကိုပင် စောင့်ထိန်းကင်းကာ ဘညွန့်အား အတင်းပူဆာသည်။ ဘညွန့်သည် မပိုင် ဝက်မွေးသည့် အလုပ်မလုပ်လို။ သို့ဖြင့် . . .



"မမနှင်းရယ် အချိန်တော့ စောင့်ပေးပါ။ မကြာပါဘူး"

ဟု ပြန်ပြောရင်း တူနစ်ကိုယ်နီးဖို့ တွေးတောနေပေသည်၊ ဘညွန့်သည် အကြံထုတ်လေရာ နက္ခတ်အတတ်ပညာကို သတိရသည်၊ ပိုမိုသေချာအောင် နက္ခတ်ဗေဒစာအုပ်ကို ယူ၍ဖတ်ကြည့်သည်။ ဦးအောင်ဘ၏ မွေးနံ့ မွေးရက်တို့ကို အနှင်းထံမှ တောင်းယူသည်။ ဦးအောင်ဘ၏ မွေးနံနှင့် ဆန့်ကျင်ဘက်သစ်အသားစမှာ ပန်းပုထုနေသူအဖို့ ရှာဖွေရန်မခက်လှပေ၊ ဘညွန့်သည် တစ်လက်မအရွယ် ဘီလူးရုပ်ထုအား ထုဆစ်လေသည်၊ တစ်နေ့တည်း အပြီးထုဆစ်နိုင်သူဖြစ်သော်လည်း ဘီလူးရုပ်သိဒ္ဓိဝင်ရန် ရက်ရွေး၍ထုလေသည်၊ ဘီလူးခေါင်းက တစ်ရက်၊ ခန္ဓာကိုယ်တစ်ရက်၊ လက်တစ်ရက်နှင့် ခြေတစ်ရက် စသဖြင့် အချိန်နာရီအလိုက် အပိုင်းလိုက် ထုဆစ်ရသည်။ ထိုဘီလူးရုပ်ထု၏ ထူးခြားချက်မှာ မတ်တတ်ရပ်၍ ခြေကြီးအား ဖနောင့်ဖြင့်ပေါက်ဟန်ဖြစ်သည်။ ဖနောင့်ပုံစံမှာ သိသာထင်ရှားစွာ ကြီးနေခြင်း ဖြစ်ပေသည်၊

ဘညွန့်သည် ရက်အတန်ကြာ ဘီလူးရုပ်ကိုထုဆစ်ရသည်၊ ထိုဘီလူးရုပ်ကို အဝတ်စအမည်းဖြင့် အိတ်ရှုံ့လုပ်၍ ထည့်ထားရသည်၊ (ထိုအမည်းစ အဝတ်မှာ မည်သည့်နေရာမျိုးမှ ရလာသည်ကို ထိန်ချန်လုပ်ထားပါသည်။)

တစ်နေ့ ဦးအောင်ဘမရှိချိန်တွင် ဘညွန့်သည် အနှင်းနှင့် တွေ့ကြပြန်သည်၊

"မမနှင်း - ဒါလေးကိုယူ၊ ဦးအောင်ဘရဲ့ ခေါင်းအုံးအောက်မှာ ထားပေးပါနော်၊ နောက် - သူ ဘာတွေဖြစ်သလဲ ကိုညွန့်ကို ပြန်ပြောနော်"

ဘညွန့်သည် အိတ်မည်းရှုံ့အိတ်အား အနှင်းသို့ပေးလိုက်ပြီး မှာစရာများ မှာကြားနေပြန်သည်။ အနှင်းလည်း အဆိုပါအိတ်ရှုံ့အားလှမ်းယူပြီး ရင်ဘတ်ကြားအတွင်းထည့်ကာ အိမ်ထဲဝင်သွားလေသည်၊ ထိုအပေးအယူလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုဗျာ–ဒေါ်စိန်ရေ ညအိပ်ပျော်ပြီဆိုရင် ကျွန်တော့်ခေါင်းကို ဘီလူးတစ်ကောင်က ဖနောင့်နဲ့ လာပေါက်တော့တာပဲ၊ ဖနောင့်က အကြီးကြီးပဲ၊ ပါးစပ်ကလည်း ဟောကောင်အောင်ဘ၊ လာစမ်းလို့ ခေါ်သေးတယ်၊ ဘီလူးကို ကြည့်နေရင်းက မှတ်တိုင်လောက် အရပ်ရှည်ထွက်သွားပြီး ခြေထောက်တစ်ဖက်မြှောက်ပြီး ကျွန်တော့်ခေါင်းပေါ်ကို ဆောင့်ချလိုက်တာ ဒုန်း–ဒုန်း ဆိုပြီးတော့ အဆော့်တိုခံရတော့တယ်၊ အိပ်ရာက လန့်ပြီး နိုးတော့ တစ်ကိုယ်လုံးချွေးတွေနဲ့ နစ်နေတာပဲ”



ခြင်းအား သူတို့နှစ်ဦးအပေါ် သံသယဖြစ်နေသူ ကွမ်းယာသည် ဒေါ်စိန်သည် တစေ့တစောင်းကြည့်နေပေတော့သည်။

=❦=

အနန်းသည် လင်ငယ် ဘညွန့်ပြောသည့်အတိုင်း ဦးအောင်ဘ အိပ်လျှင် ရင်း၏ ခေါင်းအုံးအောက်တွင် သွတ်သွင်းထည့်ထားလိုက်သည်၊ ထို



ကဲ့သို့ နှစ်ရက်တိုင်တိုင် ထည့်ထားသော်လည်း ဦးအောင်ဘမှာ အိပ်မောကျ၍ ဟောက်ပင်ဟောက်လိုက်သေးသည်။ (၃) ရက်မြောက်နေ့ ည (၁၂) နာရီခန့်တွင် ဦးအောင်ဘသည် “အောင်မယ်လေးဗျ” ဟူသော အသံဖြင့် အော်ဟစ်၍ အိပ်ရာမှထ၍ ထိုင်လေသည်။ အနန်းသည် အိပ်မောကျနေရာမှ လန့်နိုးပြီး...

“ဦးအောင်ဘ – ဘာဖြစ်လို့လဲ၊ အနန်းဖြင့် လန့်သွားတာပဲ”

ဟုပြောပြီး သောက်ရေတစ်ခွက် ခပ်တိုက်လိုက်သည်။

“ဘာမှမဖြစ်ပါဘူးကွာ၊ အနန်း – အိပ်တော့ – အိပ်တော့”

ဟု ဇနီးသည်အားပြောပြီး လှဲနေလိုက်သည်။ ဦးအောင်ဘသည် အိပ်လျှင် ထိုအိပ်မက်ဆိုးထပ်၍များ ပေါ်လေမလားဟုတွေးရင်း အိပ်ပျော်သွားပေသည်။ ထိုကဲ့သို့ ဦးအောင်ဘ ကယောင်ကတမ်းဖြစ်ပြီး အိပ်ရာမှလန့်နိုးသည့် အကြောင်းအား အနန်းသည် ဘညွန့်အား ပြောပြလေသည်၊ ဘညွန့်သည် ကျေနပ်သွားကာ လက်ဖျစ်တစ်ချက် တီးလိုက်လေသည်။ နေ့စဉ်ရက်ဆက် ဆိုသလိုဖြစ်နေရာ အိပ်ရေးပျက်ပြီး အစားအသောက်ပါ ပျက်လာသည်၊ အိပ်ရေးမဝသဖြင့် ဦးအောင်ဘသည် လမ်းကောင်းစွာ မလျှောက်နိုင်ဘဲ ဒယိမ်းဒယိုင် ဖြစ်သည်။ လူမှာလည်း ပိန်ချုံးလာသည်၊ အနန်းသည် ဦးအောင်ဘအားပိုမို ဂရုစိုက်ဟန်ပြုလေသည်။

တစ်နေ့ ဦးအောင်ဘသည် ဆိုင်ရှေ့ထွက်၍ထိုင်လေရာ ဝေဒနာရုပ်ပေါက်နေသည်ကိုမြင်ရသော ကွမ်းယာသည် ဒေါ်စိန်သည် လာရောက်စကားပြောလေသည်၊ သူ တွေ့မြင်သမျှအား မပြောသေးဘဲ လူမမာ၏ ပြောစကားကို နားထောင်ပေးသည်။

“ဒီလိုဗျာ – ဒေါ်စိန်ရေ၊ ညအိပ်ပျော်ပြီဆိုရင် ကျွန်တော့်ခေါင်းကိုဘီလူးတစ်ကောင်က ဖနောင့်နဲ့ လာပေါက်တော့တာပဲ၊ ဖနောင့်က အကြီးကြီးပဲ၊ ပါးစပ်ကလည်း ဟောကောင်အောင်ဘ၊ လာစမ်းလို့ ခေါ်သေးတယ်၊ ဘီလူးကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေရင်းက စာတ်တိုင်လောက် အရပ်ရှည်ထွက်သွားပြီး ခြေထောက် တစ်ဖက်ပြောက်ပြီး ကျွန်တော့်ခေါင်းပေါ်ကို ဆောင့်ချလိုက်တာ ဒုန်း – ဒုန်း ဆိုပြီးတော့ အတော့်ကိုခံရခက်တယ်၊ အိပ်ရာက လန့်ပြီးနိုးတော့ တစ်ကိုယ်လုံးချွေးတွေနဲ့ နစ်နေတာပဲ၊ ပြန်အိပ်လို့မပျော်တော့ဘူး၊ ကြောက်နေတယ်"

ဒေါ်စိန်သည် နားထောင်ပြီး . . .

"အဲဒါ တိုက်ဘီလူးလို့ခေါ်တယ် – ကိုအောင်ဘ"

ဒေါ်စိန်သည် ဦးအောင်ဘနှင့် သက်တူရွယ်တူ ဖြစ်သည်၊ ဘုရားဈေးတွင် ဈေးရောင်းသူတစ်ဦးဖြစ်ပြီး နှံ့နှံ့စပ်စပ် ရှိသည်၊ ဦးအောင်ဘ ပြောစကား နားထောင်ရင်း အနန်းနှင့် ဘညွန့်တို့၏ မျက်နှာကို မြင်ယောင်လာသည်၊ သို့ပေမဲ့ – ထိုအကြောင်းအား တစ်လုံးတစ်ပါဒမျှ ဦးအောင်ဘအား မပြောမီ သို့ရာတွင် မိန်းမချင်းကိုယ်ချင်းစာစိတ်အား အနန်းပေါ်တွင် ထားလိုစိတ်မရှိ၊ သူခိုးဓားပြိုးကမ်းသည်ဟု ဆိုရချေမည်၊ ပဒုမပေါင်တို ဇာတ်ထဲက ကဲ့သို့ လင်ကြီးကိုပစ် လင်ငယ်နောက်လိုက်လိုသောအနန်းအား ဒေါ်စိန်ကြည့် မရချေ၊

"ကိုအောင်ဘ – ကျွန်မတို့ကိုးကွယ်တဲ့ ဆရာနဲ့ပြကြည့်မလား၊ ဆရာက ပယောဂဆို ကုနိုင်တယ်"

ဒေါ် စိန်၏ အကြံပေးချက်အတိုင်း ပယောဂကု ဆရာအား ပြသရန် သဘောတူလိုက်သည်၊

ဦးအောင်ဘနှင့် အနန်းတို့သည် ဒေါ်စိန်ခေါ်ဆောင်ရာသို့ လေးဘီးကား တက္ကစီဖြင့် လိုက်ခဲ့ကြသည်၊ ကားသည် ငါးထပ်ကြီးဘုရားလမ်းအတိုင်း မောင်းသွားပြီး ကျယ်ဝန်းသော ခြံကြီးတစ်ခြံရှေ့တွင် ရပ်ပေးလိုက်သည်၊ ဒေါ်စိန်တို့လူစုသည် ကားပေါ်မှ ဦးအောင်ဘအား တွဲ၍ဖြည်းညင်းစွာ ဆင်းကြရသည်၊ ခြံတွင်းဝယ် ရှေးဟောင်းဇရပ်ကြီးတစ်ဆောင်ရှိသည်၊ အချိန်မှာ နံနက် (၁၀) နာရီခန့်ဖြစ်သည်၊ ဇရပ်ရှေ့တွင် ယောဂီဝတ်စုံဖြင့် လူတစ်ဦးသည်



ဒေါ်စိန်တို့ လူစုလှုပ်ရှားမှုများအား ကြည့်နေပေသည်၊ ဒေါ်စိန်တို့လူစုသည် ဖြည်းညင်းစွာ လမ်းလျှောက်သွားရာ ထိုလူကြီးအနီးသို့ရောက်လျှင် ဒေါ်စိန်သည် ရဟန္တာတစ်ပါးအား ဖူးတွေ့ရသကဲ့သို့ မြေပေါ်တွင် ပုဆစ်တုပ်ထိုင်၍ ကန်တော့လေသည်၊ ထိုယောဂီဝတ်ပုဂ္ဂိုလ်၏ အကြည့်သည် ဦးအောင်ဘအား တွဲ၍ကိုင်ထားသော အနန်းအပေါ် အာရုံစိုက်နေသည်၊ အနန်းသည် ထိုပုဂ္ဂိုလ်၏ စူးရဲသောအကြည့်အား ခုခံနိုင်ခြင်းမရှိရကား ဦးခေါင်းကို ငုံ့ထားရသည်၊ နိုးစားသောသူ လူမိသလို ခံစားလိုက်ရသည်၊

"အဘ – ဘုရား ကယ်မတော်မူပါ၊ လူနာကို သမီးခေါ်ခဲ့ပါတယ်ဘုရား"

ဒေါ်စိန်သည် လက်အုပ်ချီပြီး ပြောလိုက်သည်တွင် ထိုပုဂ္ဂိုလ်က . . .

"ဒီနေ့ – ဥပုသ်နေ့လေ၊ အဘ – လူနာမကြည့်ဘူးကွဲ့၊ မနက်ဖြန်လာခဲ့"

ဟု ဒေါ်စိန်အားပြောကြားပေသည်၊ ထို့ပြင် – တစ်ဆက်တည်းပင် ဦးအောင်ဘအား လက်ညှိုးထိုးလျက် . . .

"လူနာတစ်ယောက်တည်းပဲ လာခဲ့ပါ၊ အဖော်မခေါ်လာနဲ့၊ ဒေါ်စိန်ကို လိုက်ပို့နိုင်းပါ"

ဟု တဲ့တိုးဆိုကာ ဇရပ်ပေါ် ပြန်တက်သွားပေသည်၊ ဒေါ်စိန် လူနာလာပို့တိုင်း အဘသည် ထိုကဲ့သို့ စကားမျိုးတစ်ခါမှ မဆိုဘူးခဲ့၊ ယခုမှ အကြောင်းရှိမည်ဟု ဒေါ်စိန်သည် အနန်းနှင့် ဆက်စပ်တွေးယူလိုက်သည်၊ ဦးအောင်ဘသည် မည်သို့မျှမတွေးတတ်ဘဲ ဥပုသ်နေ့ ဖြစ်သဖြင့် ဆေးမကုပဲ၍သာ ရိုးရိုးကြီး တွေးမိပေတော့သည်၊

နောက်တစ်နေ့တွင် ဦးအောင်ဘ ပယောဂဆရာဆီသွားခိုက် ခိုးစားရလျှင် ပိုအရသာတွေ့ဆိုသည့်အတိုင်း ရမ္မက်တဏှာ၏ နှိုင်းစေချက်အရ အနန်းနှင့် ဘညွန့်တို့ တွေ့ကြလေသည်၊

"ကိုညွန့်ရေ – ဘယ့်နှယ့်လုပ်မလဲ၊ ဟိုအဖိုးကြီးတော့ ဆေးဆရာဆီ သွားလေရဲ့"

www.burmeseclassic.com

www.burmeseclassic.com

အနင်းက စိုးရိမ်စိတ်ဖြင့် ဘညွန့်အား ပြောလေသည်၊ မိမိကိုယ်တို အထင်ကြီးသော ဘဝင်စိတ်ရှိသူ ဘညွန့်သည် အနင်းအား . . .

"မစိုးရိမ်ပါနဲ့ - မမနင်းရယ်၊ အဖိုးကြီးတော့ အမှည့်ကြွေ . . . ကြွေမှာပါ၊ ခုကြည့်လေ . . . မသာရုပ်ပေါ်နေပြီလေ"

ဟုပြော၍ နှစ်ဦးသား ဦးအောင်ဘ အိမ်တွင်းသို့ ဝင်ရောက်သွားကြသည်၊

ဦးအောင်ဘနှင့် ဒေါ်စိန်တို့သည် အဘစတည်းချရာ ငါးထပ်ကြီးဘုရားလမ်းရှိ ဇရပ်ကြီးပေါ်တွင် ရောက်နေကြသည်၊ "အဘ" ဆိုသည့် ဆရာကြီး အဓိဋ္ဌာန်ဝင်နေသဖြင့် အချိန်စေ့ရန် စောင့်ဆိုင်းနေကြသည်၊ မိန်းမတို့သည် လူမသိ၊ သူမသိကိစ္စရပ်များသိပြီဆိုလျှင် မပြောဘဲနေနိုင်ကြသူများ မဟုတ်ပေ၊ ဒေါ်စိန်သည် အနင်းအကြောင်း ပြောချင်သော်လည်း လင်မယားချင်း ပြဿနာဖြစ်မည်စိုးသောကြောင့် မပြောဘဲအောင့်အည်းစောင့်ထိန်းရသည်မှာ ပင်ပန်းကြီးစွာ ဖြစ်ရသည်၊

သို့ဖြင့် . . .

"ကိုအောင်ဘ - ရှင့် - အနင်း အခြေအနေ"

ဒေါ်စိန် စကားစသည်နှင့် အဘသည် တရားမှတ်ပြီးသဖြင့် ဒေါ်စိန်တို့ ရှိရာဘက်သို့ မျက်နှာမူလိုက်သဖြင့် ပြောလက်စ စကားရပ်တန့်သွားသည်၊ ဒေါ်စိန်က ဦးချရှိခိုးလိုက်သော်လည်း ဦးအောင်ဘသည် အဘအပေါ် ယုံကြည်သက်ဝင်ခြင်းမရှိသေးသဖြင့် ခပ်ကျုံ့ကျုံ့လေး ထိုင်နေသည်၊ အဘက လိုတိုရှင်းမေးသည်၊ ဦးအောင်ဘသည် သူခံစားနေရပုံများအား ဒေါ်စိန်ကို ပြောသည့်အတိုင်း ပြောပြပေသည်၊

"မောင်ရင့်ကို ဘီလူးနင်းပြီး သေအောင်လုပ်တာ"

"ဗျာ"

ဦးအောင်ဘသည် အံ့ဩထိတ်လန့်သွားသည်၊ အဘက ဆက်၍ပြောသည်၊



"နောက်သုံးရက်မြောက်နေ့ည (၁၂) နာရီမှာ မောင်ရင့်ခေါင်းအုံးအောက်မှာ အိတ်ရှုံ့အမည်းရောင်နဲ့ ထည့်ထားတဲ့ဘီလူးရုပ်ကို တွေ့မယ်၊ ကျုပ်ဆီယူခဲ့ပါ၊ ကဲ - ကျုပ်လည်း လုပ်စရာကိစ္စရှိတယ်၊ ဒေါ်စိန်တို့ ပြန်တော့"

ဟု အဘ ဆိုသူက နှင်လေသည်၊ ဒေါ်စိန်က ရှိခိုးဦးချသည်၊ ဦးအောင်ဘသည် . . .

"ကန်တော့ကြေး ပေးချင်လို့ပါ"

ဟု ဆိုသည်တွင် အဘသည် လက်ကာပြသည်၊ ထိုလက်နှင့်ပင် သွားရန် အချက်ပြနေပေသည်၊ ဦးအောင်ဘနှင့် ဒေါ်စိန်လည်း ငှားထားသော ကားနှင့် အိမ်သို့ ပြန်ခဲ့ကြသည်၊ ဦးအောင်ဘသည် ဒေါ်စိန် အကြံပေးသည့်အတိုင်း မသိကျိုးကျွန်ပြုကာ ဟန်မပျက်နေလိုက်သည်၊ အနင်းသည် ဦးအောင်ဘ၏ အခြေအနေအား အကဲခတ်၍ သူ့လင်ငယ်ဘညွန့်အား သတင်းပေးခြင်း အလုပ်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည်၊

(၃) ရက်မြောက် ညတွင် ဦးအောင်ဘသည် ခေါင်းကိုက်သည်ကို အကြောင်းပြု၍ အိပ်ရာသို့ စောစောဝင်သည်၊ ည (၁၀) နာရီ ကျော်လျှင် အနင်းသည် ဘီလူးရုပ်ကို ဦးအောင်ဘ ခေါင်းအုံးအောက်သို့ ထိုးသွင်းလိုက်သည်၊ ထိုကဲ့သို့ နိုးကြောင်နိုးဝှက်မလုပ်မီ ဦးအောင်ဘ အိပ်ပျော်ခြင်း ရှိ၊ မရှိ စစ်ဆေးကြည့်သေးသည်၊ ဦးအောင်ဘသည် ထိုပစ္စည်းအား အနင်းကိုယ်တိုင် သူ့ခေါင်းအုံးအောက်သို့ ထိုးသွင်းသည်ကို ကိုယ်တိုင်သိလိုက်လေပြီ၊ ဒေါသသည် ငယ်ထိပ်သို့ ရောက်သော်လည်း စိတ်ကို ပြန်လည်ထိန်းသိမ်းရသည်၊

ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ်မိနေသည် ဖြစ်သော်လည်း အနင်းအား မည်ကဲ့သို့ ပြုလုပ်သင့်သည်ကို တွေးဆသည်၊ ရည်းစားလူလု၊ အုန်းကျွဲခတ် သကဲ့သို့ ဦးအောင်ဘသည် တနုံ့နုံ့ ခံစားရသည်၊ ပူပင်သောကဖြင့် တစ်ညတာ ကုန်သွားသည်၊ နံနက်သို့ရောက်လျှင် အနင်းသည် ခေါက်တည်ရာမရ ပျာယာခတ်နေသည်၊ ခုတင်အောက်သို့ ငုံ့ကြည့်လိုက် ခေါင်းအုံး



www.burmeseclassic.com

www.burmeseclassic.com

တွေကို နေရာရွှေ့လိုက်နှင့် အလုပ်ရှုပ်နေသည်၊ အကြောင်းရင်းမှာ သူ၏ ဘီလူးရုပ် အား ရှာမတွေ့ခြင်းကြောင့် ဖြစ်ပေတော့သည်၊

ဦးအောင်ဘသည် ဒေါ်စိန်အား ခေါ်၍ အဘထံသို့ သွားကြလေသည်၊ ကားပေါ်တွင် ဦးအောင်ဘက . . .

"ဓသွးထွက်အောင် မှန်ပဲ့ ဒေါ်စိန်ရေ"

ဟု အဖြစ်သနစ်အားပြောပြရာ ဒေါ်စိန်ကလည်း အနှင်းအပေါ် သံသယဝင်နေခြင်းအား ပြောပြလေသည်၊ မကြာမီ အဘထံသို့ ရောက်ရှိသွားကြသည်၊ ဒီတစ်ခါတွင် ဒေါ်စိန် ရှိနိုးသကဲ့သို့ ဦးအောင်ဘသည် အဘအား ရိုသေစွာ ရှိနိုးဦးချလေသည်၊ အဘက သိနေသည့်အလား ပြုံးနေပေသည်၊ အဘက မည်သို့မှ စကားမပြောမီ ဦးအောင်ဘရှေ့လက်ဖြန့်လိုက်ပါသည်၊ ဦးအောင်ဘသည် အဘ၏ အထာကို သိနေသည့်အလား ဘီလူးရုပ်ထည့် ထားသော အိတ်ရှုံ့အမည်းအား အဘလက်ထဲသို့ ထည့်ပေးလိုက်သည်၊ အဘက . . .

"တန်ပြန်မလုပ်ဖို့ မေတ္တာရပ်ခံပါတယ်၊ အတိတ်တ ဝဋ်ကြွေးလို့ပဲ သဘောထားပေတော့ မောင်ရင်၊ အခု – မောင်ရင့် မိန်းမ လင်ငယ်နောက် လိုက်သွားပါပြီ"

ဦးအောင်ဘသည် "ဗျာ" ဟုသာ တလိုက်ပါတော့သည်၊

=၃=

စာရေးသူလည်း ထိုမိန်းမ အနှင်းအပေါ် ရွံ့ရှာစိတ်ဖြစ်ခဲ့ရပေသည်၊ ထိုသို့ဖြစ်ပွားပြီး ဦးအောင်ဘလည်း ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပါသည်၊ ထိုလောကီပညာရပ်များ သင်ကြားတတ်မြောက်လိုသော စိတ်ဆန္ဒ ပြင်းပြသဖြင့် ကြေးသံဆိုင်အား ရောင်းချပြီး အဆိုပါအဘနောက်သို့ လိုက်ပါ ရင်း ပညာရည်နို့သောက်သုံးခဲ့လေသည်၊



"ပဲခူးရောက်ပါပြီ – နာရီဝက် နားပါ့မယ်"

ဟူသော ကားစပယ်ယာ၏ အသံကျယ်ကျယ်ထွက်ပေါ်လာပြီး ကားသည်ကြီးမားကျယ်ပြန့်သော စားသောက်ဆိုင်ကြီးရှေ့တွင် ရပ်တန့်သွားလေတော့သည်၊

☛ ဟိန်းဇေယျာ




www.burmeseclassic.com

www.burmeseclassic.com

# ဝေယံလင်းခေါင်

## ကျွန်ုပ်နှင့် ထူးထွေဆန်းပြား ပရုနယ်သားများ





စောညွန့်ဦး၏ ချစ်သူ ရည်းစားဇာတ်လမ်းမှာ ချောင်းဖျားရွာသူ မနုဖြူနှင့် ချောင်းဝရွာသား မောင်ထွန်းညိုတို့က စသည်။ မနုဖြူနှင့် မောင်ထွန်းညိုတို့မှာ လယ်ချင်းယာချင်းက တစ်ဆက်တည်း၊ တစ်စပ်တည်း။ နွားကျောင်း၊ ကျွဲကျောင်း ကောက်ရိတ်၊ ကောက်စိုက်ရင်းက လူငယ်တို့ဘာဝ ချစ်ကြိုက်သွားကြသည်။ ထိုအခါ လောကသဘာဝအရ ညီမျှသော ညီမျှခြင်းလောကဓံကို ချစ်သူနှစ်ဦး ခါးစည်းခံကြရတော့သည်။ မညီမျှခြင်းမှာ ဆင်းရဲချမ်းသာ ကွာဟမှုနှင့် ညီမျှခြင်းမှာ သူတို့နှစ်ဦး၏ တူညီကြသော ချစ်ခြင်းမေတ္တာပင်။

www.burmeseclassic.com

# ထူးထွေဆန်းပြား ပရ နယ်သားများ

ဝေ
ယံ
လင်း
ခေါင်

သူတို့၏ နှစ်ဖက်မိဘတွေမှာ လယ်ချင်းယာချင်း တစ်ဆက်တည်း၊ တစ်စပ်တည်းဖြစ်ကြသဖြင့် သူ့လယ် သည် ငါ့အပိုင်းမပါ၊ ငါ့လယ်သည်သာ သူ့အပိုင်းပါသည်။ မြေနိုးသည် စသည်ဖြင့် နှစ်ဖက်မိဘတို့မှာ မောင်ထွန်းညို နှင့် မနုဖြူတို့ ငယ်ရွယ်စဉ်အခါကပင် ခိုက်ရန်ဒေါသ တရားတဘောင်ဖြစ်၍ ရုံးရောက်ဂါတ်ရောက် ရှိခဲ့ကြသည်၊ ထိုလယ်ယာမြေကိစ္စနှင့်ပင် တစ်သက်လုံးလည်း မသင့်မတင့် ဖြစ်နေခဲ့ကြသည်၊

ထို့ကြောင့် ယခု မနုဖြူနှင့် မောင်ထွန်းညိုတို့ ကျွဲကျောင်း၊ နွားကျောင်း၊ ကောက်ရိပ်၊ ကောက်

သယ်လုပ်ကြရာမှ ရည်ငံနေကြသည်ကို နှစ်ဖက်မိဘတို့က သိသွားကြရာ ဘယ်လိုမှု သဘောမတူနိုင်ကြပေ၊

အထူးသဖြင့် ရပ်ရွာ၌ ဩဇာကြီးမားသူ ကြေးရတတ်တစ်ဦးဖြစ်သော မနုဖြူ၏အဖ ဦးနီက သူ့သမီး မနုဖြူကို ပို၍ဒေါသထွက်သည်၊ ဦးထွန်းအောင်၏သား ထွန်းညိုကလွဲလျှင် သူ့သမီးသာ ကြိုက်ပါက ခွေးကိုပင် အမြီးဖြတ်ပေးစားမည်ဟု ရပ်သိရွာသိ မောင်ထွန်းညိုတို့ မိဘများ နားပေါက်အောင် ကြိမ်းဝါးထားသည်၊

ဦးနီထက်ပင် ဒေါသကြီးသူ နောက်တစ်ယောက်မှာ မနုဖြူ၏ အစ်ကိုကြီး မောင်ဖြူအောင် ဖြစ်သည်၊ မောင်ဖြူအောင်မှာ ကြေးရတတ်မိဘ အရှိန်အဝါနှင့် ရပ်မှာ ရွာမှာ ထိတ်ခနဲဆို ငမိုးခေါင်းကွဲထဲက ဖြစ်သည်၊

တစ်ဦးတည်းသောသားမို့ မိဘများကလည်း ငယ်စဉ်ကပင် အလိုလိုက်ထားကြရာ အပေါင်းအသင်းများနှင့် သောက်စားမူးယစ် တေတေပေပေနေသူဖြစ်သည်၊ ထို့ကြောင့် သူ့နှမ မနုဖြူကို နောက်ထပ် မောင်ထွန်းညိုနှင့် တစ်စုံတစ်ရာ အသံကြားလျှင် သတ်ကိုပစ်မည်ဟု ကြိမ်းမောင်းထားသည်၊

သို့သော် - ငယ်ရွယ်သော မနုဖြူအနေမှာကား မောင်ထွန်းညိုကို အသည်းပေါက်မတတ် ချစ်နေရာ မောင်ထွန်းညိုကလွဲလျှင် ရွာရှိ ဘယ်ကာလသားကိုမှု သူ မချစ်နိုင်၊ မကြိုက်နိုင်၊ မောင်ထွန်းညိုမှ မောင်ထွန်းညိုဖြစ်နေသည်၊

မနုဖြူက မောင်ထွန်းညိုအား ထိုသို့ အချစ်ကြီးချစ်နေသလို မောင်ထွန်းညိုကလည်း မနုဖြူမှ မနုဖြူ ဖြစ်နေသည်၊ တခြား ရွာသူအပျိုများကိုမူ ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် မထင်ဆိုသောအထဲက ဖြစ်နေပြန်သည်၊

ထို့ကြောင့် မနုဖြူနှင့် မောင်ထွန်းညိုတို့မှာ မိဘ၊ အစ်ကို၊ ဆွေမျိုးများက မည်မျှပင်တားတား တစ်ဦးနှင့်တစ်ဦး အဆက်မဖြတ်နိုင်ကြ၊ တစ်နေ့မမြင်ရ တစ်လလောက်ထင်ဆိုသကဲ့သို့ မောင်ထွန်းညိုနှင့် မနုဖြူတို့မှာ နွားကျောင်းရင်း၊ ထင်းခွေရင်း၊ ရေခပ်သွားရင်းဆိုသလို တောသဘာဝအတိုင်း တစ်နည်းမဟုတ် တစ်နည်း ချိန်းတွေ့နေကြသည်၊

www.burmeseclassic.com

ဤသည်ကို ရိပ်မိထားသော မနုဖြူတို့ အစ်ကိုကြီး မောင်ဖြူအောင်က လည်း သူနှမ အခြေအနေ၊ သွားလာနေထိုင်မှုကို အမြဲအရိပ်တကြည့်ကြည့်နှင့် လိုက်ချောင်းနေသည်။ ဤသည်ကို မသိသောချစ်သူနှစ်ဦးမှာ တစ်နေ့သ၌ မနုဖြူတို့ ယာဖျားတစ်နေရာမှာ ချိန်းတွေ့ပြီးမှ ဖုန်းဆိုးပေါင်းတောထဲတွင် ချစ်သူနှစ်ဦး ကြည်နူးနေကြသည်။

ထိုအခါ ဒေါသကြီးသော မနုဖြူ၏အစ်ကို မောင်ဖြူအောင်မှာ သူ့ညီမနှင့် မောင်ထွန်းညိုတို့ကို အယုတ္တ၊ အနတ္တ ဆဲဆိုကာ နစ်ယောက်စလုံးကို လိုက်ရိုက်သည်။ မောင်ထွန်းညိုနှင့် မနုဖြူတို့မှာ ငယ်ကြောက်ဖြစ်သော မောင်ဖြူအောင်ကို ကြောက်ရွံ့ကာ တစ်ကွဲတစ်ပြားစီ ထွက်ပြေးကြရသည်။

မောင်ဖြူအောင်ကို ရင်မဆိုင်ရဲသော မောင်ထွန်းညိုမှာ မိမိ၏ မိဘဆွေမျိုးများရှိရာ ချောင်းဝရွာကို ပြေးလာသည်။ မောင်ထွန်းညိုကို ရန်သတ္တုရပြုရန် ချောင်းဝရွာထိတော့ မလိုက်ရဲသော မောင်ဖြူအောင်မှာ ယမ်းပုံမီးကျဖြစ်ပြီး လူကြားမကောင်း၊ သူကြားမကောင်း အော်ဟစ်ဆဲဆိုကာ သူနှမကိုသာ ပတ်ဝန်းကျင်ရှိ တောတောင်အနှံ့ လိုက်ရှာနေသည်။

မိဘမောင်ဖွားများက ဤမျှ ဟန့်တားနေသည့်ကြားထဲက လင်စိတ်မွန်ပြီး ရူးနေသောကောင်မကို တွေ့ရာသချိုင်း မားမဆိုင်းဘဲ အသေနုတ်သတ်ပစ်မည်ဟု ကြိမ်းဝါးကာ ငှက်ကြီးတောင်မားတစ်စင်းကို လက်ကမချဘဲ နှမကို လိုက်ရှာနေသည်။

ငယ်စဉ်ကပင် သူ့အစ်ကိုကြီးကို အလွန်ကြောက်ရသော မနုဖြူ ခမျာမှာ မိမိအိမ်၊ မိမိရွာထဲကိုပင် မဝင်ရဲတော့ဘဲ တောထဲ၌ပင် ပုန်းရှောင်နေရသည်။ အကုသိုလ်ဝင်ချင်တော့ မနုဖြူ၏ မိဘနှစ်ပါးကလည်း မိမိအိမ်၌ မရှိကြ၊ ထိုနေ့မနက်ကမှ ကန်းဒီးရွာရှိ သူတို့ဦးကြီးတစ်ယောက် နာမကျန်းဖြစ်နေသည်ကို သတင်းမေးသွားနေကြသည်။

ကန်းဒီးရွာနှင့် ချောင်းဖျားရွာမှာ ခြေကျင် တစ်မွန်းတည့်ခရီးရှိသဖြင့် မနက်ထမင်းစားပြီး ထွက်သွားကြသော မိဘနှစ်ပါးသည် ကန်းဒီးရွာ၌ တစ်ညအိပ်နေခဲ့ကြမည်ကိုလည်း မှာထားခဲ့ရာ မောင်ဖြူအောင်မှာ မူးမူးရူးရူးနှင့် ထင်တိုင်းကြဲနေသည်။ သူနှမငယ်အား အသေသတ်ပစ်မည်ဟု တောအနှံ့ တောင်အနှံ့ လိုက်ရှာနေရာက ဆဲဆိုအော်ဟစ်နေသံကိုပင် ရွာကလူများ ကြားနေကြရသည်။

သို့သော် - ဆွေမျိုးထဲက ဦးကြီးပိကြီးများ ဆိုဆုံးမသည်ကိုလည်း တစ်ခါမျှ နားထောင်ခဲ့ခြင်းမရှိသော မောင်ဖြူအောင် လူမိုက်မှာ ယခုလည်း မည်သူက ချောင်းဖျူချောင်းဖျူ လိုက်နာခြင်းမရှိဘဲ သူနှမကိုသာ တွေ့ရာသချိုင်း မားမဆိုင်း၊ အသေသတ်ပစ်မည်ဟု လိုက်ရှာနေလေသည်။

သူနှမကို အသေသတ်ပစ်ရန် ချောင်းဖျားရွာပတ်ဝန်းကျင်၌သာ လိုက်ရှာနေသော်လည်း ချောင်းဝရွာရှိမောင်ထွန်းညိုဆီကိုတော့ ရန်သတ္တုရပြုရန် မသွားရဲ၊ မောင်ထွန်းညိုအား တစ်စုံတစ်ခု ရန်သတ္တုရပြုရန် မောင်ဖြူအောင် လိုက်လာလျှင်လည်း ချောင်းဝရွာ၌ ဆွေမျိုးသားချင်းများက ငြိမ်ခံကြမည် မဟုတ်ပေ။

အထူးသဖြင့်မှာ ဂါမပညတ်အရလည်း အပျိုလူပျိုတရားဝင် သတ်မှတ်ထားသော အပျိုလူပျိုချင်း ချစ်ကြိုက်ကြသည်ကိုလည်း မည်သူကမျှ တားပိုင်ခွင့်မရှိ၊ မိဘမောင်ဖွားများက သဘောမတူ၍ ဆိုဆုံးမလိုလျှင် မိမိအိမ်၌သာ ဆိုဆုံးမနိုင်သည်။ ရပ်ကျော်ရွာကျော် လာပြီးရမ်းကားသည့် သဘောမျိုး၊ လူမလေး ခွေးမခန့်အပေါက်မျိုး လာလုပ်လျှင် ကာလသားခေါင်းနှင့်တကွ မောင်ထွန်းညိုတို့ ဆွေမျိုးများကလည်း ဓားကို ဓားချင်း၊ တုတ်ကို တုတ်ချင်း ရင်ဆိုင်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ချောင်းဝရွာကိုသွားပြီး စိန်မခေါ်ရဲသော မောင်ဖြူအောင်မှာ သူနှမငယ်ကို တစ်ကြိမ်တည်း ဆဲဆိုကြိမ်းမောင်းပြီး တောတောင်အနှံ့ လိုက်ရှာနေသည်။

နေဝင်ခါသာနီးသွား၏။ သူနှမငယ်အား ဘယ်နေရာမှာမှ ရှာမတွေ့သေး၊ ထိုအခါ သူနှမငယ်မှာ စိတ်သဘောထား အလွန်နူးညံ့ပြီး သရဲတစ္ဆေတို့လည်း အလွန်ကြောက်တတ်သော မိန်းကလေးဖြစ်ရာ သူ့ကိုကြောက်၍





www.burmeseclassic.com

www.burmeseclassic.com

တောထဲ တောင်ထဲပုန်းနေလျှင် နေ့ခင်းနေ့လယ်၌သာ ပုန်းနေဝံ့မည်၊ ညနေကျလျှင်တော့ ရွာထဲကို မုချဝင်လာလိမ့်မည်ဟု မောင်ဖြူအောင်က တွေးထားသည်၊

သူတို့ချောင်းဖျားရွာမှာ တောတောင်ထူထပ်သလို တောတိရစ္ဆာန်များလည်း အလွန်ပေါများသည်၊ ရွာအနောက်ဘက် တောင်တန်းကြီးက ကျားဟိန်းသံ၊ ကျားမြည်သံများကိုပင် နှစ်လတစ်ခါ၊ သုံးလတစ်ခါ ကြားနေကြရရာ သူ့နှမငယ်သည် ဘယ်နည်းနှင့်မျှ တောထဲ၌ မနေဝံ့ဆိုသည်ကိုလည်း သူသိထားသည်၊

ယနေ့၌ ညနေတွင် မိမိအိမ်တွင်တော့ မိဘနှစ်ပါးတလည်း မရှိကြရာ နေဝင်မိုးချုပ်သော်လည်း သူ့ကိုကြောက်၍ မိမိအိမ်ကိုတော့ လာရဲမည်မဟုတ်၊ ဆွေမျိုးထဲတွင် သူ့အာဖေ ဦးနီ နီးနီး ဩဇာတိက္ကမရှိသော ဦးကြီး၊ ဦးလေးတစ်ယောက်ယောက်အိမ်၌ ပုန်းရှောင်နေလိမ့်မည်ဟု မောင်ဖြူအောင်က တွက်ဆသည်၊

ထို့ကြောင့် ညနေမိုးချုပ်သောအခါ မောင်ဖြူအောင်သည် သူတို့ အမျိုးထဲတွင် ဩဇာတိက္ကမရှိသော ဦးပြားကြီးတို့အိမ်မှာ သူ့နှမငယ် ဝင်ပုန်းနေလိမ့်မည်အထင်နှင့် လာရှာသည်၊ ဓားတဝင့်ဝင့်နှင့် ရောက်လာသော မောင်ဖြူအောင်ကို ဦးပြားကြီးက မိဘမရှိတုန်း နှမငယ်လေးအား ဤသို့ ရက်ရက်စက်စက်မလုပ်ရန် ဖျောင်းဖျပြောဆိုသည်၊ သူ့အိမ်ကိုလည်း မနုဖြူ ရောက်မလာကြောင်း ပြောပြသည်၊

ဤသည်ကို မောင်ဖြူအောင်က မယုံသင်္ကာဖြစ်သဖြင့် ဦးပြားကြီးတိုလည်း မရေမရာပြောကာ အိမ်ပေါ်တက်ရှာသည်၊ သူ စိတ်တိုင်းကျရှာ၍ မတွေ့တော့မှ လက်လျှော့ကာ မနုဖြူ ပုန်းအောင်းနေလိမ့်မည်ထင်သော နောက်တစ်အိမ်သို့ ဆဲဆိုကြိမ်းမောင်းကာ နမငယ်ကိုရှာပြီး သတ်ရန်ဟု ထွက်သွားပြန်သည်၊

ထိုအိမ်မှာ မနုဖြူနှင့် မောင်ဖြူအောင်တို့၏ ဦးလေးတော်သူ ဦးချမ်းလှအိမ်ဖြစ်သည်၊



မောင်ဖြူအောင် ဓားတစ်ပြက်၊ တုတ်တစ်ပြက်နှင့် ဦးချမ်းလှအိမ်သို့ ရောက်လာချိန်မှာ မှောင်ရီပျိုးဖျ နွားရိုင်းသွင်းချိန်သို့ပင် ရောက်နေပြီ၊

ဦးချမ်းလှမိန်းမနှင့် ဦးချမ်းလှတို့ကလည်း မနုဖြူ သူတို့အိမ်သို့ မလာကြောင်းနှင့် အချိန်မတော် ညကြီးမိုးချုပ်ခါနီးတွင် နမငယ်အား ဤသို့ မူးမူးနှင့် ဆဲဆိုကြိမ်းမောင်းကာ ရွာရိုးကိုးပေါက် လျှောက်ရှာမနေရန် ဝိုင်းဝန်းဖျောင်းဖျပြောဆိုကြသည်၊

သို့သော် လူမိုက် မောင်ဖြူအောင်ကိုမူ မည်သူကမျှ ပြောဆိုဆုံးမ ဟန့်တား၍မရကြ၊ သူ့နှမငယ်ကိုသာ ရအောင်ရှာပြီး သတ်ကိုသတ်မည်ဟု ကြိမ်းဝါးကာ နှမရှာရန် နောက်တစ်အိမ်သို့ ထွက်လာပြန်သည်၊

ထိုအိမ်မှာ အပျိုလူပျိုများ အားကိုးအားထားပြုကြရသော ရွာကာလသားခေါင်း မောင်ထွေး၏အိမ် ဖြစ်သည်၊

မောင်ထွေးကို မြင်သည်နှင့် မောင်ဖြူအောင်က –

"ကိုထွေး – ခင်ဗျားအိမ်မှာ ကျုပ်နှမ မနုဖြူ ရောက်နေတယ်မဟုတ်လား၊ ဘယ်မှာလဲ – အဲဒီကောင်မ၊ နု ထုတ်ပေးစမ်း၊ ခင်ဗျားအိမ်မှာ မသာမပေါ်ချင်ရင် ခုထုတ်ပေး" ဟု မောင်ထွေးကို ဓားကြိမ်း ကြိမ်းသည်၊

မောင်ဖြူအောင်၏စကားကို နားမခံသာရှိသော်လည်း သူ့မှာ လူရှိသေရှင်ရိုသေ၊ သူ့သိက္ခာနှင့်သူ နေသူဖြစ်ရာ မောင်ဖြူအောင် လူမိုက်နှင့် အခင်းမများချင်သော ကိုထွေးက –

"ဟာ – ဖြူအောင်ရာ၊ မင်းကို ကြောက်လို့ မင်းနှမ ပုန်းချင်းပုန်းရင် ငါ့အိမ် လာပုန်းပါ့မလားကွ၊ မင်းတို့ အမျိုးတစ်အိမ်အိမ်ပဲ ပုန်းမှာပေါ့၊ ဘယ်ကလာ ငါ့အိမ်မှာ မင်းနှမ ရှိရမှာလဲ"

မောင်ထွေးက သူ့နှမ မနုဖြူ သူ့အိမ်၌ မရှိကြောင်းပြောသည်၊

သို့သော် – မောင်ဖြူအောင်က မောင်ထွေးစကားကို မယုံ၊ ကာလသား၊ ကာလသမီးများ အားကိုးအားထားရာ ကာလသားခေါင်း မောင်ထွေးအိမ်မှ သူ့နှမ မုချလာပုန်းနေသည်အထင်နှင့် အိမ်ပေါ်ပြေးတက်လာပြီး ဝရုန်းသုန်းကား ဆဲဆိုအော်ဟစ်၍ စပါးပုတ်၊ တောင်းကြားမကျန် လိုက်ရှာနေသည်၊

www.burmeseclassic.com

ဘောခေါင်နှင့် ဗျာလိပ်၊ ဒေသတွာ စသည်များကိုပင် ကန်ကျောက်၍ ရှာနေသော အခါ အမြင်ကတ်ပြီး မခံမရပ်နိုင်သော မောင်ထွေးက -

"ဟေ့ကောင် - ငြိမ့်အောင်၊ ငါ့အိမ်မှာတော့ မင်းနမ မရှိဘူး။ မင်းနမကို တွေ့ချင်ရင် ချောင်းဝကို လိုက်သွား။ မင်း တစ်နေ့လုံး လိုက်ရှာနေတာတောင် ခင်းနမကို မတွေ့သေးဘူးဆိုရင် မနဖြူ မင်းကိုကြောက်လို့ ထွန်းညို့ ရင်ခွင်ထဲ ရောက်နေပြီနေမှာပေါ့။ မင်း သတ္တိရှိရင် လိုက်သွားကြည့်လေကွာ"

မောင်ထွေးက ငေါ့ပြောလိုက်ရာ ထိုအခါမှ မောင်ဖြူအောင်မှာ ပိုပြီး ဒေါသထွက်လာကာ ယမ်းပုံမီးကျနှင့် မောင်ထွေးကို သတ်မည်ဖြတ်မည် နှင့် ဖြစ်ကြပြန်သည်။ ထိုအခါ မောင်ထွေးနှင့် မောင်ဖြူအောင်တို့ကို အိမ်နီး နားချင်းများက ဝိုင်းဆွဲဖျန်ဖြေကြရပြန်သည်။

ကာလသားခေါင်း မောင်ထွေးတင်သည် အများကလည်း မနဖြူသည် သူ့အစ်ကို မောင်ဖြူအောင်ကိုကြောက်၍ တကယ်ပင် ချောင်းဝရွာသား မောင်ထွန်းညိုနောက်က လိုက်ပြေးသွားလေပြီဟု ထင်ကြသည်။

ကာလသားခေါင်းဆိုသည်မှာ ကာလသား၊ ကာလသမီးများကို အုပ်ထိန်းရသူ၊ ကာလသား ကာလသမီးတို့၏အကြောင်းကို အသိဆုံးလူပင် မဟုတ်ပါလား။

သို့သော် မောင်ထွေးက မောင်ဖြူအောင်ကို အမြင်ကတ်၍ တမင်ပြောလိုက်ခြင်းသာဆိုသည်ကို ဦးလူမောင်ဦး ပြေးချလာပြီး ပြောလိုက်တော့မှ အဖြစ်မှန်ကို သိကြရတော့သည်။

"ဟေ့ကောင် - ခွေးတိရစ္ဆာန် ဖြူအောင်၊ မင်းက မင်းနမ မနဖြူကို အသေခုတ်သတ်မလို့ လိုက်ရှာနေတယ် ဟုတ်လား၊ ခု - မ - မနဖြူကို မင်း သတ်စရာမလိုတော့ဘူး ခွေးကောင်ရဲ့၊ မင်းနမ မနဖြူ ဘကြီးချမ်းလှတို့ ရေတံခွန်နားက သပြေပင်ကြီးမှာ ဆွဲကြိုးချသေနေပြီကွ၊ ဆွဲကြိုးချသေနေပြီ၊ သွားသာကြည့်တော့ -"

သူ လာပြော၏။

=၃=



ဦးလူမောင်ဦး၏ စကားကို ကြားလိုက်တော့မှ မောင်ထွေးနှင့် မောင်ဖြူအောင်တို့ ရန်ပွဲမှာလည်း ချက်ချင်းငြိမ်းသွားကြကာ အားလုံးမှာ အထိတ်တလန့် ဖြစ်ကုန်ကြတော့သည်။

မနဖြူမှာ အရက်အကြောက်ကြီးသလို လိမ္မာရေးခြားလည်း အလွန် ရှိသော မိန်းကလေးဖြစ်သည်။ အချစ်တစ်ခုကြောင့် မိဘမောင်ဖွား စကားကို နားမဝင်မိသော်လည်း အစစအရာရာ ယဉ်ကျေးသူ၊ မည်သူနှင့်မျှလည်း ဆဲလားဆိုလားဖြစ်ဖူးသူ မဟုတ်။ ရုပ်ကလေးမှာ နာမည်နှင့်လိုက်အောင် ဖြူနုလှပသူလေး ဖြစ်သည်။

ထို့ကြောင့်လည်း ဦးလူမောင်ဦး၏ စကားကိုကြားလိုက်ကြရသောအခါ မိန်းမသူအမျိုးများမှာ ငိုကြီးရှိုက်မနှင့် ဘကြီးချမ်းလှတို့ ရေတံခွန်ဘက် ပြေးလိုက်သွားကြသည်။

ဦးလူမောင်ဦး ပြောသည်မှာ အမှန်ပင်ဖြစ်ပါလေသည်။

မိုးချုပ်နေဝင်စ၌ ဦးလူမောင်ဦး၏အဖေ အသက်ခုနစ်ဆယ်ကျော် အရွယ်သည် အပေါ့အပါးသွားရန် သူ့ရေတံခွန်အစပ်သို့သွားရာ မြင်စကမူ မောင်ရီဖျိုးဖျဖြစ်နေသဖြင့် သပြေပင်အပေါ်ရှိ အိပ်တန်းတက်နေသော တောကြက်တစ်ကောင်ကို ကာလသားတစ်ယောက်ယောက်က သစ်ပင်ပေါ်တက်ပြီး ဝါးပြောင်းနှင့် ပစ်ဖမ်းရန် အပင်အောက်က ချိန်ရွယ်နေသည်ဟု ထင်မိလိုက်၏။

ဦးလူမောင်ဦးအဖေက အပေါ့မသွားသေးဘဲ သပြေပင်ထက်ကို သေသေချာချာ မော့ကြည့်သည်၊ တည့်တည့်ထောင်နေသောအရာမှာ ဝါးပြောင်းမဟုတ်၊ သူ့မှာ မျက်စိမကောင်း၍ မြင်ခြင်းသာ၊ တည့်တည့်ထောင်နေသောအရာမှာ နွားလှန်ကြိုးသာဖြစ်ပြီး သစ်ပင်အောက်ကလူမှာလည်း ကာလသားမဟုတ်၊ ကာလသမီးတစ်ယောက်သာ ဖြစ်နေသည်။

ဤသည်ကို အဘိုးကြီး ဦးဘသာက အော်ပြောလိုက်သောအခါ ကြားသမျှ အိမ်နီးနားချင်းအားလုံးက အထိတ်တလန့်နှင့် ပြေးထွက်ကြည့်ကြသည်၊ ထိုအခါမှ သူ့အစ်ကိုကြီးကိုကြောက်ပြီး တစ်နေ့လုံး ထွက်ပြေးပုန်းနေခဲ့သော မနဖြူဖြစ်ကြောင်း သိကြရတော့သည်။ မနဖြူ သပြေပင်ပေါ်မှာ ဆွဲ

www.burmeseclassic.com

ကြိုးချသေနေသည်မှာ သူ့ဖခြထောက်နစ်ချောင်းနှင့် မြေပြင်က တစ်ထွာသာသာခန့်သာ ကွာသည်။

(မိမိကိုယ်မိမိ သေကြောင်းကြံ၍ သတ်သေသူများမှာ အဖန်ငါးရာ၊ ဘဝပေါင်းငါးရာ ကိုယ့်ကိုယ်ကိုယ် သတ်သေရသည်။ ဘဝဝဋ်ကြွေးကို ဤသို့ပင် ကိုယ့်ကိုယ်ကိုယ်သတ်၍ ဆပ်သေရသည်။ ယခု မနုဖြူ ဆွဲကြိုးချသေနေသည်မှာ မြေကြီးနှင့် သူ့ဖခြထောက်နစ်ဖက် များစွာမကွာသဖြင့် ဘဝဝဋ်ကြွေးကလွတ်ရန် တစ်ဘဝသာ ကျန်တော့သည်ဟု ဆိုကြ၏။ အကယ်၍ နောက်ထပ်ဘဝတစ်ခု၌ မနုဖြူသည် ဤဘဝမှာကဲ့သို့ပင် မိမိကိုယ်ကိုယ် ကြိုးဆွဲချသေရာ၌ ခြေထောက်က မြေကြီးနှင့်ထိနေလျှင် အဖန်ငါးရာပြည့်၍ ကျွတ်လွတ်သွားမည်ဟု ယူဆကြသည်။ ဤသည်ကား စကားချပ်တည်း။)

မနုဖြူ သပြေပင်ထက်က ဆွဲကြိုးချသေနေသည်ကို မြင်ကြရသော မိန်းမသူများမှာ မောင်ဖြူအောင်ကို ကျိန်ဆဲကာ မနုဖြူလေးကို သနားပြီး ဟီးချငိုယိုကြကာ တစ်ရွာလုံး ကျွက်ကျွက်ညံနေသည်။

ထိုအခါကျမှ မောင်ဖြူအောင်မှာလည်း သူ့နှမသည်၏ အလောင်းရှိရာ သပြေပင်အောက် အပြေးရောက်လာသည်။ တွဲလောင်းကြီးဖြစ်နေသော သူ့နှမသည်ကို ယူကျုံးမရစိတ်နှင့် ကြည့်ကာ ထိုအခါမှ အံကြိတ်မျက်ရည်ကျခဲ့ရသည်။ လူမိုက်နောက်မှ နောင်တရသည်မှာ မောင်ဖြူအောင်လို အကောင်မျိုးပင်။ ယခုအခါ သူ့နောင်တကား ပြုပြင်၍မရတော့။

ယခုထိ သူ့လက်က ဓားကို မချသေးသော မောင်ဖြူအောင်လည်း သပြေပင်ပေါ် တစ်ချက်မော့ကြည့်ပြီး သွေးရူးသွေးတမ်းနှင့် သပြေပင်ပေါ် ခုန်တက်သွားကာ တွဲလောင်းကြီးဖြစ်နေသော သူ့နှမ၏ခေါင်းပေါ်က ကြိုးကို ဓားနှင့်ခုတ်ဖြတ်ချလိုက်သည်။

သူ ဓားနှင့်ခုတ်ဖြတ်ချလိုက်သဖြင့် မနုဖြူ၏အလောင်းက မြေပြင်ပေါ် ပုံကျလာသည်။ မောင်ဖြူအောင်လည်း ချက်ချင်းသပြေပင်ပေါ်က ခုန်ဆင်းလာသည်။ သူ့အထင်မှာ သူ့နှမသည် မသေသေးဟုထင်သဖြင့် ကြိုးကို ခုတ်ချလိုက်ခြင်းဖြစ်သည်။



သို့သော် - သူ့နှမသည်ကား မြေပြင်တွင် ပုံလျက်သား အသက်ပျောက်နေလေပြီ။ ထိုအခါမှ လူမိုက်ကြီး မောင်ဖြူအောင်မှာ သူ့နှမ အလောင်းကို ကြိုးတန်းလန်းနှင့်ပွေ့ချီကာ ကျူကျူပါအောင် ဟီးချငိုတော့သည်။ မောင်ဖြူအောင် ထိုသို့ငိုနေသည်ကိုမူ မည်သူမျှ မသနားကြ။ ဝိုင်း၍သာ ကျိန်ဆဲငိုယိုနေကြ၏။

သူ ထိုသို့ငိုနေစဉ်၌ပင် မနုဖြူ မောင်ဖြူအောင်တို့နှင့် ဝမ်းကွဲတော်သော ညီအစ်ကိုများသည် သူတို့နှမငယ် မနုဖြူ သူ့ကြောင့်သေရသဖြင့် လူမိုက်ကြီး မောင်ဖြူအောင်ကို ပွဲချင်းပြီး အသေခုတ်သတ်ပစ်ကြရန် ဓားဆွဲ၊ တုတ်ဆွဲ၍ ငိုယိုပြေးလိုက်လာကြသော လူငယ်များကို လူကြီးမိဘများက ဆွဲကြ၊ တားကြ၊ အော်ကြ၊ ဟန့်ကြနှင့် ချောင်းဖျားတစ်ရွာလုံးမှာ ထိုအခါမှ ဂရုပွက်တော့သည်။

လူကြီးများမှာ ဤလိုအဖြစ်ဆိုးကို ယခင်က တစ်ခါမျှ မကြုံဘူး၊ မတွေ့ဘူးကြရာ လောလောဆယ်မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားကြသည်။ မောင်ဖြူအောင်အား ခုတ်သတ်ရန် ပြေးလာကြသော ညီအစ်ကိုများကို ဟန့်တားကြရသည်ကတစ်မျိုး၊ မောင်ဖြူအောင်ကလည်း ယခုမှ သူ့နှမသည်နှင့်အတူ လိုက်သေပါမည်ဟု အော်ဟစ်ငိုယိုကာ သူ့နှမ လည်ပင်းက ကြိုးကိုဖြုတ်ပြီး သပြေပင်ပေါ် အတင်းတက်ရန် မူးမူးရူးရူးလုပ်နေသည်ကို အတင်းဝင်လုံး ဝိုင်းချုပ်၍ ဆွဲခေါ်နေကြရသည်က တစ်ဖုံနှင့် လူကြီး တွေမှာ ညကြီးမင်းကြီး ချွေးပြန်ဦးနောက် ခြောက်နေကြသည်။

အတန်ကြာတော့မှ လူကြီးသူမတွေက ဤလိုအဖြစ်အပျက်မျိုးမှာ ရွာလူကြီးကို ဦးဆုံးအကြောင်းကြားရသည်။ ရဲစခန်းကို သေမှုသေခင်း ကိုင်ရသည်ဆိုသဖြင့် ချောင်းဝရွာရှိ ရွာသူကြီးကို သွားခေါ်ကြရသည်။ တချို့က ချောင်းဝရွာသူကြီးကို သွားခေါ်ကြရသလို တချို့ကလည်း ကန်းဒီးရွာကို လူမမာမေး သွားနေကြသော မနုဖြူ၏အမိ၊ အဘတို့ကိုခေါ်ရန် သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြားသည်နှင့် ချောင်းဝရွာသူကြီး ဦးချမ်းလှဦးလည်း ချက်ချင်း လိုက်လာ၏။ ရွာသူကြီးက ပြောသည်မှာ ဤကိစ္စသည် သူနှင့် မပြီးနိုင်၊ ကျောက်ဖြူမြို့ရှိ ရဲစခန်းကို သေမှုသေခင်း တိုင်ကြားရမည်၊ ချက်ချင်းလည်း အကြောင်းကြားရမည်၊ သူ သိသလောက်ဆိုလျှင် မိမိကိုယ်ကိုမိမိ ဆွဲကြိုးချသေသူအား ရဲအရာရှိ ဝန်ထောက်မင်း မရောက်မချင်း ဆွဲကြိုးချသေနေသူ၏ အလောင်းကြိုးကို တစ်စုံတစ်ယောက်၏ သဘောနှင့်မျှ ဖြတ်မချရ၊ သေမှုသေခင်းကို စစ်ဆေးပြီးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ သေသူ၏ ကြိုးကို ဖြတ်ချရမည်၊

ယခု မောင်ဖြူအောင်က သူ့သဘောနှင့်သူ သေသူ နမသည်၏ ဆွဲကြိုးချသေနေသော ကြိုးကိုဖြတ်ချထားသည့်အပြင် သေသူအား ပွေ့ချီကိုင်တွယ်ထားသည်ကလည်းတစ်ကြောင်း၊ ပြီးတော့ - သေသူသည် မောင်ဖြူအောင်၏ ပယောဂနှင့် သေရသည်ဟု တစ်ရွာလုံးသိနေကြရာ ဤကိစ္စကို ကျောက်ဖြူမြို့က ရဲအရာရှိလာတော့မှ ရှင်းလိမ့်မည်ဟု ဆိုသည်၊

ထို့ကြောင့် ကျောက်ဖြူမြို့က ရဲအရာရှိမရောက်မချင်း မည်သူမျှ နောက်ထပ် မနုဖြူ၏အလောင်းကို မတို့မထိကြနှင့်၊ ထိသူကိုင်သူကို သူကြီးအမိန့်နှင့် ရွာလယ်တွင် ထိတ်တုံးခတ်ရမည်ဟု သူကြီးကလည်း သူကြီးအာဏာကို ပြနေပြန်သည်၊

ထိုအခါ သူ့နမတစ်ဝမ်းကွဲ မနုဖြူသေရသည်မှာ သူ့အစ်ကိုကြီး မောင်ဖြူအောင်ကြောင့်ဟု စောစောကပင် မောင်ဖြူအောင်ကို သတ်မည်ဖြတ်မည်လုပ်ပြီး ဓားတပြက် တုတ်တပြက် လုပ်နေခဲ့သူ ငကျန်ရှိုးက တစ် စခန်းထလာပြန်သည်၊

"ဟင် - သူကြီး၊ ကျုပ်နမအလောင်းကို မည်သူမျှ နောက်ထပ် မတို့မထိရဘူး ဟုတ်လား၊ တို့ကဲ့ထိတဲ့လူကိုတောင် ထိတ်တုံးခတ်မယ်ဆိုတော့ ဖြူအောင်ကို ဘာဖြစ်လို့ ခုထိ ထိတ်တုံးမခတ်သေးတာလဲဗျ။ ဒီလိုပဲ ကြည့်နေတော့မှာလား၊ ခုထိ ဖြူအောင်ကို ဘာလို့သူကြီးက ထိတ်တုံးမခတ်သေးတာ



လဲ" ဟု ငိုယိုပြီး လူတွေ ဝိုင်းဆွဲထားကြသည့်ကြားက အတင်းရုန်းရင်းဆန်ခတ် လုပ်နေပြန်သည်၊

"ဟော့ကောင် - မင်း အစ်ကို ဖြူအောင်ကို ငါက ထိတ်တုံးခတ်စရာ မလိုဘူး။ ကျောက်ဖြူမြို့က ရဲတွေ လာခတ်လိမ့်မယ်၊ ခု - ဖြူအောင်တ မနုဖြူကို တို့လို့ထိလို့လား၊ ငါပြောတာက ငါထိပြီး ငါမြင်ပြီး နောက်ထပ် လို့ ပြောတာ၊ မင်း - ခု အဲသလို ပြောမရဆိုမရ လုပ်နေရင် နောက်ထပ် ရာဇဝတ်မှုတစ်ခုကို ကာကွယ်တဲ့အနေနဲ့ ခု မင်းကို ခြောက်ပေါက်သွင်း ထိတ်တုံးခတ်ရလိမ့်မယ်၊ မင်း ငြိမ်ငြိမ်နေမလား၊ မနေဘူးလား - ဒါပဲပြော"

ချောင်းဝရွာသူကြီး ဦးလှချမ်းဦးက ဥပဒေအကြောင်းအရ ဘာလိုလိုနှင့် ခပ်တည်တည်ဟောက်လိုက်တော့မှ ငကျန်ရှိုးလည်း ငြိမ်ကျသွား၏၊ ဒါတောင် - သူ့ဖါးစပ်က မကျေမနပ်နှင့် ပွစိပွစိလုပ်နေသေးသည်၊ ဤသည်ကိုတော့ သူကြီးက မသိယောင်မမြင်ယောင် ဆောင်နေလိုက်၏၊

သူကြီးက ဆွဲကြိုးချသေနေသူ မနုဖြူအား ဤသို့ပင် ထားရဦးမည်ဆိုသဖြင့် မနုဖြူအလောင်းနားတွင် မီးထင်းဖိုကြီးတစ်ဖို ဖို၍ တစ်ညလုံး ရွာသားကြီးတွေက အိပ်စောင့်ကြရသည်၊

(သူကြီး၏ ဤအမိန့်၊ ဤအတွေ့အကြုံကြောင့်လည်း ကြိုးတန်းလန်းနှင့် ဆွဲကြိုးချသေနေသူကို ကျောက်ဖြူမြို့က ရဲသားတွေ မလာမချင်းသည် အတိုင်း ထားကြရခြင်းဖြစ်သည်၊ စောညွန့်ဦးမှာ မနုဖြူသေသလို ခြေထောက် မြေထိလုနီးပါးမဟုတ်၊ မြေပြင်နှင့် တစ်လံနီးပါးကွာနေသည်၊ ထို့ကြောင့်လည်း ဦးလှမောင်ဦး၏ အဖေကြီး ဦးဘသာက မနုဖြူကို မြင်သလိုမျိုးမဟုတ်သဖြင့် ဦးဖိုးသာထွန်းမှာ လန့်ဖျပ်ပြီး အရှုးပေါ်လာခဲ့ရခြင်းဖြစ်၏၊)

မနုဖြူနှင့် မောင်ဖြူအောင်တို့ မိဘနှစ်ပါးမှာ အခေါ်လွှတ်လိုက်ကြသူတွေနှင့်အတူ ညတွင်းချင်း ကန်းဒီးရွာက အပြေးရောက်လာကြသည်၊ သူတို့ ရောက်ပြီးမကြာမီ မိုးလင်းပိုင်း၌ပင် ချောင်းဝရွာသူကြီး အကြောင်းကြားချက်အရ ကျောက်ဖြူမြို့က ရဲများ ရောက်လာကြသည်၊

www.burmeseclassic.com

ထိုအခါ သေမှုသေခင်းအရ မိမိကိုယ်ကိုမိမိ ဆွဲကြိုးချသေသူအား ကြိုးကို မည်သူဖြတ်ချသနည်းဟု စစ်မေးတော့သည်။ မည်သူကြောင့် ဤကဲ့သို့ သူ့ကိုယ်သူ သတ်သေရသနည်းဟုလည်း မီးနိုးကြွက်လျှောက် မေးစစ်တော့သည်။

မည်သူ့ကြောင့် မနုဖြူ ဤကဲ့သို့ မိမိကိုယ်ကို ဆွဲကြိုးချသေကြောင်း ကြံသွားသည်မှာ ရပ်သိရွာသိ အကုန်သိ ဖြစ်နေလေရာ မောင်ဖြူအောင်မှာ ရာဇဝတ်မှု သင့်လေပြီ။

သို့သော် – သူ့အဖေ ဦးနီမှာ ချောင်းဖျား၊ ချောင်းဝရွာနှင့်တကွ ပတ်ဝန်းကျင်ရွာများ၌လည်း ဩဇာရှိသော ကြေးရတတ်တစ်ယောက်ဖြစ်သည်။ ထို့အပြင် မင်းပေါက်စိုးပေါက်၊ ရုံးရောက်ဂါတ်ရောက်လည်း သူ့သားမောင်ဖြူအောင်ကြောင့် ရောက်ဖူးပေါက်ဖူးထားသည်။

ယခု သူ့သမီးငယ်လေး ဆုံးပါးသွားသည့်အပြင် ကျန်သားကြီးကပါ ရာဇဝတ်မှုသင့်တော့မည်ကို မလိုလားပေ။ ထို့ကြောင့် တစ်ပူပေါ် နှစ်ပူဆင့် မဖြစ်ရလေအောင် ရပ်သူရွာသားများအား ဖုံးတန်ဖုံး၊ ဖိတန်ဖိနှင့် တရားလို၏ စွပ်စွဲချက်မရှိဘဲ ကျေအေးသွားစေရန် စီမံရတော့သည်။

ရဲများအနေမှာလည်း တိုင်ကြားသူ တရားလိုမရှိဘဲနှင့် အမှုလုပ်၍ မရပေ။ မနုဖြူ သေဆုံးရသည်မှာ သူ့အစ်ကို မောင်ဖြူအောင်ကြောင့်ဟု တစ်ရပ်လုံး၊ တစ်ရွာလုံး ပြောဆိုနေကြသည်ကို ကြားသင့်သလောက် ကြားနေရသော်လည်း မိဘဖြစ်သူများက ကျေအေးလိုကြသည်ကို လိုက်လျောထားခဲ့ကြသည်။

ထို့ကြောင့် လူမိုက်ကြီးမောင်ဖြူအောင်မှာ တစ်စုံတစ်ရာသော ပြစ်ဒဏ်ကိုမျှ မခံရဘဲ လွတ်မြောက်သွားလေ၏။

=❖=



သို့သော် မနုဖြူ ဆွဲကြိုးချသေပြီး ရက်လည်ဆွမ်းပင် မကျွေးရသေး၊ မနုဖြူ၏ ငိုညည်းနေသံကို ကြားလာကြရသည်။ ပထမ သူ့အခင်းဖြစ်သည့်နေ့က နွားကျောင်းနေခဲ့သော သူတို့ ယာပေါင်းဘက်က ကြားကြရသည်ဟု ပြောကြသည်။ နောက်တော့ မနုဖြူ အစိမ်းသရဲမသည် ညညဌ် မိမိအိမ်ကို ပတ်၍ လာငိုနေသည်ဟု ဆိုကြသည်။

သို့သော် ဤကိစ္စမှာ ရေးကြီးခွင်ကျယ်ဖြစ်လာ၍ တစ်ရွာလုံးသိသွားလျှင် သူ့သားကြီး အမှုပြန်ပေါ်လာမည်ကို စိုးရိမ်၍ မိဘနှစ်ပါးက ကြိတ်ငိုပြီး လေသံပင်မဟဘဲ နေနေကြသည်။ မောင်ဖြူအောင်ကမူ ကာလသားတို့ထုံးစံ ရွာလယ်ပိုင်းရှိ လူပျိုအိမ်၌ သွားအိပ်နေသဖြင့် မသိသေး။

တစ်ညတလေ အကြောင်းတစ်ခုခုကြောင့် မိမိအိမ်၌ အိပ်မိသောနေ့ကျ တော့မှ သူ့ညီမ ညညဌ် အိမ်ကိုပတ်ပြီး လာငိုနေသံကို ကြားရသည်။ ထိုအခါ မောင်ဖြူအောင်မှာလည်း အိမ်၌ မအိပ်ဝံ့တော့၊ မိဘနှစ်ပါးကိုပြောပြီး သားမိသားအဖတွေက မနုဖြူလာလာငိုနေသော ညတိုင်း သူတို့လည်း ကြိတ်ငိုနေကြရပြန်သည်။

သို့နှင့် ရက်လည်ဆွမ်းသွတ်၍ အမျှအတန်းဝေကြသည်။ သို့သော် ခုနစ်ရက်လွန်မြောက်သောအခါ မနုဖြူကား ကျွတ်လွတ်မသွားဘဲ ပို၍ပင် အခြောက်အလှန့်လုပ်လာသည်။ ညနေ မှောင်ရီဖျိုးဖျအချိန်ရောက်တိုင်း အိမ်ရှေ့နွားချေးစပ်က ဆံပင်ကို ဖားလျားချကာ ကိုယ်ထင်ပြလာသည်။ ဤသည်မှာလည်း တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်။

ထို့နောက်တွင် သူတို့အိမ်နားရှိ ချောင်းဖျားချောင်း၏ အင်းအိုင်များတွင် ငါးရှာဖားရှာလာသူများကို ခြောက်လာသည်။ အိုင်ချောင်းကမ်းစပ်ရှိ ပျဉ်းမပင်ကြီးပေါ်က ရေထဲကို တဝုန်းဝုန်းခုန်ချပြသည်။

သရဲတစ္ဆေခြောက်သည်ကို မကြောက်တတ်သော ငါးရှာဖားရှာသူအချို့က မနုဖြူတို့အိမ်နှင့်နီးသော ချောင်းဖျားပိုင်း၌ ငါးရှာနေကြရင်း မနုဖြူသာ ထိုသို့ လာခြောက်သောအခါ –



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - မနုဖြူ နင် တကယ်သရဲတစ္ဆေဖြစ်နေလား၊ နင် တကယ်ဟုတ် မဟုတ် ငါတို့ကို နောက်တစ်ခါ စုန်ချပြစမ်းပါဦး" ဟု ပြောလိုက်လျှင် သူတို့စကားမဆုံးမီပင် တကယ်ဖြစ်ကြောင်း စုန်ချပြပြန်သည်။

ရုပ်ကိုသာ မမြင်ရသော်လည်း လူတွေက တောင်းဆိုလိုက်တိုင်း တဝုန်းဝုန်း ရေထဲကို အကြိမ်ကြိမ်စုန်ချပြသည်။

ထူးခြားသည်မှာ အသံသာ တဝုန်းဝုန်းနှင့် ရေထဲစုန်ချပြသည်ကို ကြားနေရသော်လည်း သူတို့ ငါးရှာဖားရှာနေကြသော ရေအိုင်ထဲရှိ ရေကမူ နည်းနည်းလေးပင် လှုပ်ရှားမသွား။ လှိုင်းကြက်ခွပ်ကလေးများပင် ထမသွား။ ရေပြင်ကမူ ရေအိုင်ထဲရှိ ပကတိအတိုင်းသား။

သည်လိုနှင့် ဆွဲကြိုးရှုသေသွားသူ မနုဖြူ၏သတင်းမှာ တစ်ရွာလုံး ပျံ့နှံ့လာသည်။ ကြောက်တတ်သူများကမူ ချောင်းဖျားဘက်ကို ငါးရှာဖားရှာ မသွားဝံ့ကြတော့။ ကျွဲကျောင်း၊ နွားကျောင်းသားများမှာလည်း မနုဖြူတို့ လယ်ယာဘက် မသွားရဲကြတော့။ မလွှဲမရှောင်သာ၍ မနုဖြူတို့ လယ်ယာဘက်ရောက်သွားမိလျှင် သူတို့မှာလည်း နေ့ခင်းကြောင်တောင်၌ပင် မနုဖြူ၏ ငိုယိုခြောက်လှန့်သံကို ခံကြရသည်။

မိဘနှစ်ပါးက မည်မျှဖုံးထားဖုံးထား မနုဖြူ ခြောက်လှန့်သည့်အထဲ ရင်းရင်းရှာရှာ ဆွေမျိုးများပင် ပါနေလေရာ မနုဖြူ၏သတင်းမှာ မိမိရွာချောင်းဖျား၊ ချောင်းဝသာမက ရွာနီးချုပ်စပ်များကိုပင် ဂယက်ရိုက်လာသည်။

ထိုအခါ မနုဖြူ၏ မိဘနှစ်ပါးမှာလည်း သူကိုယ်တိုင် မြင်နေ၊ တွေ့နေကြသည်မို့ ဘယ်လိုမျှ ဖုံးကွယ်ထား၍ မရတော့။ မနုဖြူ သမီးငယ်လေး ဤမကောင်းဆိုးဝါး ပြိတ္တာသရဲမဘဝက ကျွတ်ရာလွတ်ရာနည်းလမ်းများကိုသာ တတ်သိနားလည်သူများနှင့် တိုင်ပင်ကြရသော အခြေအနေသို့ဆိုက်ရောက်သွားလေသည်။

ထိုအချိန်၌ လူမိုက်သားကြီး မောင်ဖြူအောင်၏အသက်မှာ နှစ်ဆယ်ကျော်နေပြီဖြစ်ရာ မောင်ဖြူအောင်လည်း ရှင်ပြု ရဟန်းခံပွဲပြုလုပ်ပြီး မနုဖြူအား အမျှအတန်းပေးဝေကြရန် စိုင်းပြင်းကြရသည်။



အဓိက မနုဖြူသေဆုံးသွားရခြင်း၏ တရားခံမှာ သူ့အစ်ကိုကြီး မောင်ဖြူအောင်ဖြစ်နေလေရာ မောင်ဖြူအောင်ကို ရဟန်းခံပေးပြီး အမျှအတန်းဝေလိုက်လျှင် မနုဖြူလေး နတ်စိမ်းမ ပြိတ္တာဘဝက ကျွတ်လွတ်ပြီး ကောင်းရာမွန်ရာဘုံဘဝကို ရောက်သွားလိမ့်မည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် မောင်ဖြူအောင်ကို ရှင်ပြု ရဟန်းတက်ပေးရန် ရွာထုံးစံအတိုင်း ပြုလုပ်ပေးရမည်။ မနုဖြူတို့ အိမ်ပတ်ဝန်းကျင်တွင် သီးပင်စားပင်များနှင့် အိမ်ဝင်းကျယ်ကြီးထဲ ချုံနွယ်ပိတ်ပေါင်းတို့ကလည်း တောထနေရာ အလှူကြီးလုပ်ရန်အတွက် အိမ်ပတ်ဝန်းကျင်ကို ဦးဆုံးရှင်းလင်းခုတ်ထွင်ကြသည်။

မနုဖြူ အစိမ်းသရဲမကလည်း မည်မျှထိ အတင့်ရဲနေသည်ဆိုသော် သူတို့ အိမ်နားဝန်းကျင်ကို ချုံလာရှင်းနေကြသူများကို ချမ်းသာမပေးဘဲ လာခြောက်၏။

ချုံရှင်းနေကြသူအချို့ချုံရှင်းနေကြရာ တောချုံနားက ဆံပင်ကို ဖားလျားချကာ နောက်ပြန်လာထိုင်ပြသည်။ ဤသည်ကို မျက်မြင်ကိုယ်တွေ့တွေ့ကြုံလိုက်ကြရသူတွေမှာ နေမညိုမီပင် အလုပ်လက်စသိမ်းလာခဲ့ကြရသည်။

မနုဖြူတို့ အိမ်နားဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းပြီးသွားသော နောက်တစ်နေ့မှာ အိမ်ရှေ့၌ မဏ္ဍပ်ကြီးထိုးကြသည်။ ချောင်းဖျားရွာမှာ ထိုစဉ်က ချောင်းဝရွာနှင့် တစ်ကျောင်းတည်း၊ တစ်ကန်တည်း ကိုးကွယ်နေထိုင်လျက်ပင် ရှိသေးရာ အလှူရက်မတိုင်မီကပင် မနုဖြူတို့အိမ်နားတွင် ချက်ကြပြုတ်ကြ၊ စားကြသောက်ကြနှင့် ပွဲဝင်နေကြသည်။

ထိုနေ့ရက်တွေမှာလည်း မနုဖြူ အစိမ်းသရဲမကို အိမ်နား၌ တွေ့သူကတွေ့ကြသည်။ ကြောက်တတ်သူ မိန်းမသားများမှာ နေ့ခင်းနေ့လယ်၌သာ လုပ်ကိုင်ပေးကြပြီး နေညိုသည်နှင့် ကိုယ့်အိမ်ကို မသိမသာ ရှောင်ပြန်လာကြသည်။

ဤသို့ မဏ္ဍပ်ကနားထိုးပြီးသွားသည်နှင့် အချိန်ကိုက်ကာ ရွာနီးချုပ်စပ်ရှိ ကျောင်းများက ဘုန်းတော်ကြီးများကို ပင့်လျှောက်ထားကြသည်။ မနုဖြူ



www.burmeseclassic.com

www.burmeseclassic.com

အဖေဦးနီ၏ရည်ရွယ်ချက်မှာ သားကြီးမောင်ဖြူအောင် ဆံချသောညနေမှာ ထုံးစံအတိုင်း သူ့သားကို ကိုရင်ဝတ်နှင့် တစ်ညထားမည်။

နောက်နေ့မှ ရဟန်းတက်ရမည်ဖြစ်သဖြင့် ပင့်သံဃာများအားလုံးနှင့် ရဟန်းလောင်း မောင်ဖြူအောင် အပါအဝင် ရဟန်းသာမဏေကျောင်းသားငယ်များ၊ ကျောင်းသားကြီးများ၊ ရွာခံဆွေမျိုးများနှင့် ရပ်ဝေးရပ်နီးက ဖိတ်ကြားထားသော ဆွေမျိုးများအားလုံးပါမကျန် အိမ်ရှေ့၌ မဏ္ဍပ်ကြီးထဲတွင် ညအိပ်ကြသည်။

ဦးနီ၏အလှူမှာ ထမင်းရည်ချောင်းစီး အလှူကြီးဖြစ်သဖြင့် ဆွေမျိုးတွေကလည်း ရပ်ဝေးရပ်နီးမကျန် လာရောက်ကြသည်။

သည်လိုနှင့် မောင်ဖြူအောင်အား သာမဏေဝတ်ပေးထားသော ညနေတွင် ပင့်သံဃာထဲက ရေနံတောင်ရွာ ဆရာတော်နှင့်အတူ ကျောင်းသားကြီး မောင်ကြာလှသည်လည်းပါလာ၏။ ထိုမောင်ကြာလှသည် အခြားရွာကျောင်းမှ ကျောင်းသားကြီးများနှင့်အတူ မဏ္ဍပ်ထဲတွင် မီးခြစ်ဆံဂုက်တမ်း ကစားနေကြသည်။

ဦးနီ၏ပင့်သံဃာများမှာ ချောင်းဝ၊ ကုလားပါ၊ မင်းပြင်၊ ဂေါ်တူ၊ နေရေနံတောင် စသည့် လေးငါးကျောင်းမှ ဘုန်းကြီးနှင့်အတူ လိုက်ပါလာကြသော ကျောင်းသားကြီးများမှာလည်း တစ်ဆယ်ကျော်ခန့်ရှိသဖြင့် သူတို့ကျောင်းသားကြီးများ မီးခြစ်ဆံဂုက်တမ်းကစားပွဲမှာ စည်ကားလှသည်။

ထိုခေတ်က အလှူလာကြသော ကျောင်းသားကိုရင်များမှာ ဤသို့ပင်ရှင်ပြုရဟန်းခံပွဲများ၌သာ ဆုံစည်းတတ်ကြရာ မီးခြစ်ဆံငါးချောင်းဆိုလျှင် ငါးချောင်း၊ ခြောက်ချောင်းဆိုလျှင် ခြောက်ချောင်း အလယ်တွင် စုပုံထားကြသည်။ ပြီးတော့မှ မိမိ ခါးပိုက်ပုဆိုးထဲက မီးခြစ်ဆံများကို အခြားသူများ မသိမမြင်အောင် လက်ထဲဆုပ်၍ အပြင်သို့ထုတ်ယူလာကာ ဖျာပေါ်တွင် လက်ကိုဆုပ်လျက်ပင် ချထားရသည်။

လူစုံ၊ တည်အိမ်စုံ၊ လက်သီးဆုပ်များကို ဖျာပေါ်တွင် ဆုပ်လျက်ပင် ဆုပ်ချထားပြီးကြသောအခါ အားလုံး သူ၏ လက်သီးဆုပ်ထဲ ရှိသမျှ စုစုပေါင်း



မီးခြစ်ဆံကို တစ်ယောက်စီ မိမိတို့စိတ်ကူးစိတ်မှန်းနှင့် ထင်ရာကို ဆယ်ချောင်း၊ ကိုးချောင်း၊ ဆယ့်နှစ်ချောင်း စသည်ဖြင့် အသီးသီး နှုတ်ကပြော၍ ဟောကိန်းထုတ်ကြရသည်။

ထိုသို့ လူကုန်ဟောကိန်းထုတ်ပြီးသောအခါ အကုန် သူကလက်ဖြန့်ပြကြရပြီး လက်ထဲပါလာကြသော မီးခြစ်ဆံများအားလုံးကို ရေတွက်ကြည့်ကြသည်။ တစ်ဦးတစ်ယောက်၏ ဟောချက်မှန်လျှင် ထိုမှန်သူက ရှိရှိသမျှလူများ၏ လက်ထဲက မီးခြစ်ဆံနှင့် အလယ်ပုံတွင် အညီအမျှ ထည့်ဝင်ထားကြသော မီးခြစ်ဆံများအားလုံးကို အဟောမှန်သူက နိုင်သွားပြီး ရရှိသွားသည်။

အကယ်၍ တစ်ယောက်မျှ မှန်မှန်ကန်ကန် မဟောပြောနိုင်လျှင် သူတို့၏ လက်ထဲပါလာသမျှသော မီးခြစ်ဆံများကို အလယ်ပုံသို့ထည့်၍ နောက်တစ်ခါ ဟောကိန်းထုတ်ကြရပြန်သည်။

တစ်ဦးတစ်ယောက် မမှန်မခြင်း ဤသို့ အလယ်ပုံ၌ တည်ထားကြရသဖြင့် တစ်ခါတစ်ရံ အလယ်ပုံ၌ မီးခြစ်ဆံများမှာ ပြည်တောင်းတစ်ဝက်ခန့်ပင် မြင့်တက်လာတတ်သည်။ ထိုအချိန်ကျမှ မှန်မှန်ကန်ကန် ဟောပြောနိုင်သူမှာ တစ်ချက်တည်းနှင့် ပေါက်ထိုးသွားလေသည်။

အချို့ကမူ မည်သူမျှမမှန်လျှင် လက်ထဲပါလာသမျှ မီးခြစ်ဆံများကို အလယ်ပုံသို့ ထည့်ရမည်ဖြစ်သဖြင့် လက်ထဲတွင် တစ်ချောင်း၊ နှစ်ချောင်း၊ သုံးလေးချောင်းထက် ပိုပြီးဆုပ်ယူမလာသူလည်းရှိသည်။ ခန့်မှန်းဟောရမည့်အခါနီးတိုင်းလည်း ကျန်လူများ၏ မျက်နှာကိုကြည့်ကာ အကဲခတ်တတ်ရလေသည်။ သို့မှသာ မှန်မှန်ကန်ကန် ဟောပြောနိုင်မည် မဟုတ်ပါလား။

ထိုသို့ မီးခြစ်ဆံဂုက်တမ်းကစားနေကြရာက ရေနံတောင်ရွာမှ ကျောင်းသားကြီး မောင်ကြာလှသည် အပေါ့အပါးသွားချင်၍ ဝိုင်းက ထသွားသည်။ အလှူကြီးအတန်းကြီးရက်ဖြစ်သဖြင့် အိမ်ဝင်းခံတစ်ခုလုံးကို ရှင်းလင်းထားကြသည့်အပြင် မနက်ဖြန် ရဟန်းခံပွဲအတွက် ချက်ပြုတ်ကျော်ချော်နေကြ

www.burmeseclassic.com

သော ကာလသမီးများနှင့် မိန်းမကြီးများလည်း တစ်ဝင်းလုံးပြည့်နေကြရာ မောင်ကြာလှသည် အပေါ့သွားရန် အိမ်ခြံဝင်းအပြင်ဘက် ထွက်သွားလေသည်။

အပေါ့အပါးသွားရာကပြန်ရောက်လာသော မောင်ကြာလှသည် မီးခြစ်ဆံဖဲဝိုင်းဆက်မကစားတော့ဘဲ မိမိရွာဖြစ်သော ရေနံတောင်ကို ခုချက်ချင်း ပြန်တော့မည်ဟု ဆိုသည်။

ထိုအခါ သူနှင့် တစ်ဝိုင်းတည်း အတူတကွကစားနေကြသူ ကျောင်းသားကြီးများအားလုံး အံ့ဩသွားကြသည်။ မီးခြစ်ဆံဖဲဝိုင်း ကစားနေကြသော မောင်ကြာလှမှာ အနိုင်အရှုံးလည်း မရှိဘဲ ဆက်မကစားတော့၊ ရွာကို ပြန်တော့မည်ဟု ဆိုစကားမှာ အများအံ့ဩမည်ဆိုကလည်း အံ့ဩစရာပင်။

အနိုင်နှင့် ပိုင်းသွားသည်ဟု ဆိုရအောင်ကလည်း သူမှာ မနိုင်မရှုံးသူဖြစ်သည်။ ပြီးတော့ ဘုန်းကြီးနောက်က အလှူလိုက်လာသော ကျောင်းသားကြီးဆိုသည်မှာ မနက်ဖြန် မောင်ဖြူအောင် ရဟန်းတက်ပြီးမှ လှူဖွယ်ဝတ္ထုများကို ထမ်းပိုးကာ သူ့ဆရာနောက်မှ ညနေရိုက်တွင် ပြန်ရမည့်သူ ဖြစ်သည်။

ယခု အပေါ့အပါးသွားရာကပြန်လာပြီး ချက်ချင်းပင် ရေနံတောင်ရွာသူ့အရပ်ကို ပြန်တော့မည်ဟု ဆိုလာသည်မှာ ဘယ်လိုသဘောပါလိမ့်။

ထို့ကြောင့် ကုလားပါရွာ ဘုန်းကြီးကျောင်းသားတစ်ယောက်က -

"ဟေ့ကောင် - ကြာလှ၊ ညကြီးမင်းကြီး ဘာလို့ ပြန်မှာလဲ။ မင်းက သိပ်နိုင်နေတဲ့အကောင်ဆိုတော့ ဘာလဲ - မင်းက အနိုင်နဲ့ပိုင်းသွားမယ့် သဘောလား။ မပြန်ရဘူးကွ - ဆက်ကစားရမယ်၊ ငါတို့ အိပ်ပျက်မခံနိုင်ဘူး" ဟု နောက်၏။

"ဒီမှာ မနေချင်တော့လို့ပေါ့ကွ" ဟု ဘောက်ဆတ်ဆတ်ပြန်ပြော၏။

ရွာချင်းပိုနီးသော ချောင်းဝရွာကျောင်းသားကြီးကမူ -

"မင်းကွာ - ဘာလို့ ပြန်မှာလဲ၊ စိတ်မပျက်ပါနဲ့။ ဆက်ကစားရင် နောက်တော့ နိုင်ရင်နိုင်လာမှာပေါ့။ ဖဲရှုံးတစ်ဖုံ၊ ကုန်ရှုံးတစ်ခေါက်ဆိုတာ ကြားဖူးတယ်မဟုတ်လား" ဟု ပြောပြန်၏။



"ဟေ့ကောင် - မီးခြစ်ဆံ ရှုံးတာလောက် ငါက အရေးလုပ်မယ်ထင်လို့လား။ ငါက -" ဟူသော မောင်ကြာလှ စကားမဆုံးမီပင် ဝေါတူရွာကျောင်းသားကြီးက -

"ဟ - ငါသိပြီကွ၊ ဒီကောင် ဒီည အပေါက်နှိုက်ဖို့ သူ့ကောင်မလေးနဲ့ ချိန်းထားတာကိုး။ တိုးတိုး - ဟုတ်တယ်မဟုတ်လား ဟေ့ကောင်" ဟု နောက်လိုက်ပြန်ရာ မောင်ကြာလှက -

"ဟုတ်တယ် - ဟုတ်တယ် - သွားမှဖြစ်မယ်" ဟုပြောပြီး မဏ္ဍပ်ထဲက ထွက်သွားသည်။

မောင်ကြာလှ သူ့ရွာသူ ပြန်မည်ဟု တကယ်ထွက်သွားသောအခါ ကျောင်းသားကြီးများမှာ အံ့ဩတကြီး ဖြစ်သွားကြသည်။

အလှူလုပ်နေသော ချောင်းဖျားရွာနှင့် သူတို့ရေနံတောင်ရွာမှာ ခြေကျင်တစ်နာရီနီးပါး ခရီးရှိသည်။ ပြီးတော့ - ညကြီးသန်းခေါင် လမ်းခရီးမှာလည်း လယ်ကွင်းတောတန်းများကို ဖြတ်သွားရမည်ဖြစ်ရာ ကျားသားငဲ့ဝါများကိုလည်း ကြောက်ရသည်။ ဤလိုအချိန် ဤလမ်းခရီးကို ဤလို ဆယ့်လေးငါးနှစ်အရွယ် ကျောင်းသားကို မဆိုထားနှင့်၊ လူကြီးများပင် အဖော်မပါဘဲ မည်သူမျှ သွားတတ်ကြသည်မဟုတ်။

ထို့ကြောင့် ကျောင်းသားကြီးများက တစ်ယောက်တစ်ပေါက်နှင့် -

"ဟေ့ကောင် - မင်း ဘယ်လမ်းက သွားမှာလဲ။ ငါးစားကျူးပြင်က သွားလို့ကတော့ကွာ ငါးစားကျူးသရဲနဲ့ မင်းတွေ့မှာ သေချာတယ်" ဟု တစ်ယောက်က လှမ်းပြောသလို နောက်တစ်ယောက်ကလည်း -

"မင်း - ကညင်တဲပြင်ဘက်က သွားရင်လည်း ခေါင်းမပါတဲ့ သရဲတောင်ပိုနဲ့ တွေ့လိမ့်မယ်နော် သူငယ်ချင်း" ဟု လှမ်းပြောပြန်သလို နောက်တစ်ယောက်ကလည်း -

"ဟေ့ကောင် - မင်းတဲတောင်ဘက်မှာ ဟိုတစ်နေ့ကပဲ ကျားတွေ့တယ်လို့ ဦးလူကြီးက ပြောတယ်ဆိုတာ မင်း မကြားမိဘူးလား" ဟု ပြောပြန်သလို နောက်တစ်ယောက်ကမူ သရဲနှင့် ကျားနှင့် ခြိမ်းခြောက်၍ မရသေးသောအခါ -



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် - မင်းဘကြီး ဘုန်းကြီး သိလို့ကတော့ ရေနံ့တောင်ကျောင်းကို ဆရာတော်ပြန်ရောက်လာတာနဲ့ မနက်ဖြန် မင်းကျောကိုလိမ်းဖို့ နနွင်းသာရှာထားပေတော့" ဟု သူ့ဘကြီးဘုန်းကြီးနှင့်ခြောက်၍ ဟန့်တားပြန်၏။

သို့သော် မည်သူက မည်သို့ပြောပြော မောင်ကြာလှကမူ နောက်သို့ပင် တစ်ချက်လှည့်မကြည့်ခဲ့တော့ဘဲ ညကြီးမင်းကြီး မှောင်းကြီးမည်းကြီးထဲ သူ့ရွာ ရေနံ့တောင်ကို ညတွင်းချင်း ပြန်သွားလေသည်။

=၄=

"ဝုန်း - ဝုန်း"

"ဝုန်း - ဝုန်း"

ညကြီးမင်းကြီး ကျောင်းရှေ့တံခါးကို အကြမ်းပတမ်းလာထုခေါက်နေသံကြောင့် ကျောင်းရှိ ဦးပဍွင်းကိုရင် ကျောင်းသားအားလုံး လန့်နိုးကုန်ကြသည်။

"ဘယ်သူလဲဟေ့ - ဘယ်သူလဲ"

"တ - တပည့်တော်ပါ"

"ဘယ်က တပည့်တော်လဲ"

မောင်ကြာလှက ထစ်ထစ်ငေါ့ငေါ့ တုန်တုန်ယင်ယင်ပြောလိုက်သော စကားသံကို ပီပီသသ မကြားလိုက်ရ၍ မမှတ်မိသော ဦးပဍွင်းဦးနန္ဒဇေကထပ်မေးသည်။

"ကြာလှပါဘုရား - တံခါးမြန်မြန်ဖွင့်စမ်းပါ"

"ဟေ"

ဦးပဍွင်းအထင်မှာ ဆရာတော်ပါ ပါလာသည်၊ နေထိုင်မကောင်းဖြစ်၍များ အလှူပွဲမပြီးမီ ပြန်ကြွလာသလားဟု တွေးလိုက်၏။ ဆရာတော် နေထိုင်မကောင်း၍ အလှူပွဲက ပြန်ကြွလာလျှင်တော့ ကျောင်းတွင် သက်တော်ဝါတော် အကြီးဆုံးဖြစ်သော သူက မနက်အစောကြီး ဆရာတော်ကိုယ်စား အလှူပွဲအမီ သွားရလိမ့်မည်။



သို့သော် သတ်တော်ဝါတော်ကြီးနေပြီဖြစ်သော ဆရာတော် ရုတ်တရက် နေထိုင်မကောင်းဖြစ်လျှင်လည်း ချောင်းဖျားရွာက ဒကာများ ထမ်းစင်နှင့် လာပို့ကြလိမ့်မည်။ ယခု ဆရာတော်အသံကိုလည်း မကြားရ၊ ချောင်းဖျားက ဒကာတစ်ယောက်ယောက်အသံကိုလည်း မကြားရ။

ဦးပဍွင်းက တံခါးဖွင့်ပေးလိုက်သောအခါ နောက်ထပ် ဘာမျှမပြောဘဲ လေ့ခါးကတက်လာသော မောင်ကြာလှသည် ရေးကြီးသုတ်ပျာပုံစံနှင့် ကျောင်းသားများစုအိပ်နေကြရာသို့ လျှောက်သွားကာ ယခင်က သူအိပ်နေကျ တင်မောင်နှင့် ခင်ဦးတို့နှစ်ယောက်ကြားထဲ အတင်းတိုးဝင်အိပ်နေလိုက်သည်။

အဝတ်မလဲ၊ ဘာမလဲ ရောက်ရောက်ချင်း အိပ်ရာထဲဝင်အိပ်လိုက်သော မောင်ကြာလှအနားကို ဦးပဍွင်းက လျှောက်လာပြီး -

"ဟေ့ကောင် - ဘယ်လိုဖြစ်လို့ ညကြီးမင်းကြီး အလှူက ပြန်လာတာလဲ။ မင်းကို ဘုန်းကြီးရိုက်လို့လား၊ နေမကောင်းလို့လား"

ထိုအချိန် တခြားကျောင်းသားကိုရင်များလည်း နိုးနေကြပြီး ဖြစ်၏။

ဦးပဍွင်း၏အမေးကို မောင်ကြာလှက တော်တော်နှင့်မဖြေ၊ စောင်ကို ခေါင်းမြီးခြုံ၍သာ မလှုပ်မယှက်လုပ်နေ၏။

"ဟေ့ကောင် - ဘယ်လိုဖြစ်လို့ ညကြီးသန်းခေါင် တစ်ယောက်တည်း ပြန်လာရတာလဲ။ မင်း ရွာပြန်မယ်ဆိုတာ ဘုန်းကြီးကိုကော လျှောက်ထားခဲ့လား။ ဟေ့ကောင် - ငါ မေးနေတယ်လေကွာ။ ငါတယ် - နော် - ဟင်း"

စိတ်မရှည်သော ဦးပဍွင်း ဦးနန္ဒဇေက တစ်ချက်ဆောင့်ကန်လိုက်တော့မှ -

"ဦးပဍွင်းဘကြီးဘုန်းကြီးကို လျှောက်ဖို့မပြောနဲ့၊ တပည့်တော် အပြေးမြန်လို့ ရောက်လာတာ"

"ဟဲ့ - ဘယ့်နယ်၊ ဘယ့်နယ်။ မင်းတစ်ယောက်တည်း ပြန်လာတာ လမ်းမှာ ကျားကိုက်လို့လား။ ဘယ်လို ဘယ်လိုဖြစ်လာလဲဆိုတာ ပြောစမ်းပါဦးဆို"



www.burmeseclassic.com

www.burmeseclassic.com

ဦးပဋ္ဌင်းက တစ်ခုခုတော့ တစ်ခုခုပဲဟူသော စိုးရိမ်စိတ်နှင့် တစ်ညလုံး မီးတလေလျှော့ထားသော မီးအိမ်ဆီသွားကာ မီးစာကို မြှင့်လိုက်သည်။

ထိုအချိန်မှာ မောင်ကြာလှ၏စကားကို ကြားလိုက်ကြရသော ကျောင်းသားများကလည်း မောင်ကြာလှ မည်သို့မည်ပုံဖြစ်ပြီး အချိန်မတော် အလှူပွဲက ပြန်ပြေးလာသည်ကို သိလိုကြားလိုကြသဖြင့် အားလုံးနီးပါး ထထိုင်မိပြီးသား ဖြစ်သွားကြသည်။ အိပ်ချင်မူးတူးဖြစ်နေကြသော အချို့က မှုလို့ လျောင်းရင်း နားစွင့်ထား၏။

"ဘယ် - ဘယ်လိုဖြစ်လဲဆိုတော့ တပည့်တော်အလှူလာတဲ့ ဘုန်းကြီးကျောင်းသားကြီးတွေနဲ့ ရှင်ပြုမဏ္ဍပ်ထဲမှာ မီးခြစ်ဆံဝှက်တမ်းကစားနေရင်းက အပေါ့သွားချင်လို့ အိမ်အနောက်ဘက်က တောစထဲအပေါ့သွားစွန့်တာ အပေါ့လည်းစွန့်ပြီးရော ဘယ်ကဘယ်လိုပေါ်လာမှန်းမသိတဲ့ ကောင်မလေးတစ်ယောက်က သူနဲ့အတူ နေကြရအောင် လိုက်ခဲ့ပါလို့ အတင်းခေါ်နေတာနဲ့ တပည့်တော် ကြောက်ပြီး ပြေးလာတာ"

မောင်ကြာလှ ထိုသို့ပြောလိုက်သောအခါ အားလုံးမှာ ရုတ်တရက် အံ့ဩတကြီးတော့ ဖြစ်သွားကြသည်။

သို့သော် - နဂိုက ခပ်ကြောင်ကြောင်ဖြစ်၍ သူ့ဘကြီး ဘုန်းကြီး ခေါ်ထားသော မောင်ကြာလှစကားကို မည်သူကမျှ မယုံကြည်ကြ။ ထို့ကြောင့်လည်း သူ့စကားကို ညကြီးမင်းကြီး ဝိုင်းဟားကြသည်။

မောင်ကြာလှမှာ ပင်ကိုကပင် ခပ်ကြောင်ကြောင် ခပ်ပေါပေါဖြစ်၏။ သူ့စိတ်ထဲ ထင်ရာမြင်ရာကို မဟုတ်တမ်းတရားလည်း ပြောတတ်၏။ ဤသို့ပြောသဖြင့် သူ့ဘကြီး ဘုန်းကြီးဆီ၌ အရိုက်ခံရသည်မှာလည်း အကြိမ်အခါမနည်းတော့။ ယခုလည်း မဟုတ်မဟတ် လုပ်ကြံပြောပြန်ပြီဟု ထင်ကြသည်။

ထို့ကြောင့်လည်း အပြောင်အပြက်သသောနှင့် သူ့ကို ဝိုင်းနောက်ဝိုင်းစကြပြန်သည်။

သူနှင့်ရွယ်တူ ကျောင်းသားကြီးအောင်ပွင့်က -



"မင်းနယ်ကွာ - မင်းပြောသလို ချောင်းဖျားရွာသူ အချောအလှကလေးက ခေါ်တာများ ကြောက်ပြီးပြေးလာရတယ်လို့ကွာ။ တောက် - ကျွတ်ကျွတ် ငါတို့နဲ့များ တွေ့လိုက်ချင်စမ်းပ၊ နေရာကလည်း တောစနားမှာ ဟုတ်လား" ဟု နောက်လိုက်သေးသည်။

ဦးပဋ္ဌင်းဦးနန္ဒဇေကမူ ဒီအရှုံးအပေါ် သူ့စိတ်ထင်ရာ လျှောက်ပြောပြန်ပြီဟူသောအထင်နှင့် တစ်ချက်လှမ်းကန်ထားခဲ့ပြီး -

"ဟေ့ကောင်တွေ - ညကြီးသန်းခေါင် တိတ်ကြစမ်း၊ အကုန်အိပ်ကြတော့" ဟု ပြောပြီး ခါတိုင်းညလိုပင် မီးအိမ်ကို ယူသွားပြီး မီးစာနှိမ့်ကာ သူ့ကျိန်းခန်းထဲ ဝင်သွားသည်။

သည်လိုနှင့် မောင်ကြာလှသည်လည်း စောင်ခေါင်းမြီးခြုံကာ တင်အောင်နှင့် ခင်ဦးကြား၌ လှဲအိပ်နေလိုက်သည်။

အချိန်မှာ ညသန်းခေါင်ကျော်နေပြီဖြစ်သဖြင့် ဦးပဋ္ဌင်း၊ ကိုရင်၊ ကျောင်းသားများအားလုံး အိပ်လိုက်ကြသည်။ မည်သူမျှ စကားတစ်ခွန်းမဟရဲကြ တော့။ စောစောက ဦးပဋ္ဌင်း ဦးနန္ဒ၏ ဤအမိန့်မှာ ကျောင်းသားများ အိပ် ချိန်၌ နေ့စဉ်မိန့်နေကျ စကားဖြစ်သည်။ ဦးပဋ္ဌင်းက "တိတ် - အိပ်ကြတော့" ဟု ဆိုလျှင် မည်သူမျှ စကားတစ်ခွန်း မထွက်ဝံ့ကြတော့။

သို့သော် - မကြာမီမှာပင် မောင်ကြာလှသည် အိပ်ရာကထပြီး ကယော ကတမ်း ထအော်ပြန်သည်။ သူ အော်လိုက်သဖြင့် အားလုံးလန့်နိုးကုန်ကြ ပြန်၏။

"ဟေ့ကောင်ပေါ - ဘာဖြစ်ပြန်တာလဲ"

မောင်ကြာလှအနား လာရပ်ပြီး ဦးပဋ္ဌင်း မေး၏။

"ဟို - ဟို - ချောင်းဖျားရွာမှာတွေ့ခဲ့တဲ့ ကောင်မလေးက တပည့်တေ ကို လာခေါ်နေလို့ပါ"

မောင်ကြာလှက ထစ်ထစ်ငေါ့ငေါ့နဲ့ ဦးပဋ္ဌင်းကို လက်ပူး၍ လျှော 
၏။

"ငါ - ကန်လိုက်မယ်နော်၊ ဟေ့ကောင် - မင်း အိပ်ပျော်နေတာ အိပ်မ မြင်လို့မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါ - ဘုရား၊ တကယ်လာခေါ်နေလို့ပါ"

ကျောင်းသားကြီးတစ်ယောက်က -

"မင်း စိတ်စွဲနေလို့ပါကွာ၊ အိပ်တော့ - ဟော့ကောင်၊ သူများတွေ အိပ်ရေး ပျက်တယ်။ မင်း မဟုတ်က ဟုတ်ကပြောတာနဲ့ ကောင်လေးတွေ လန့် -"

"အေးလေကွာ - ကြံကြံဖန်ဖန် ဘယ်ချောင်းဖျားသူမက မင်းလိုကောင်ကို လာခေါ်မှာလဲ။ အလကား - တောပြောတောင်ပြော စိတ်စွဲတော့ အိပ်မက်မြင်တာနေမှာ"

မောင်ကြာလုနှင့်ရွယ်တူ ကိုရင်ကြီးတစ်ပါးကလည်း ကျောင်းသားကြီးစကားမဆုံးမီ မောင်ကြာလုကို ထပ်ဟောက်သည်။

"အိပ်မက်မြင်တာ မဟုတ်ဘူး - ကိုရင်၊ တပည့်တော် ချောင်းဖျားက ပြန်လာကတည်းက အိပ်ကို မအိပ်သေးတာ။ တကယ်လာခေါ်နေပါတယ်ဆို" ဟု ထပ်ပြောပြန်သည်။

"ဘယ်နေရာက ခေါ်နေလဲ၊ တို့လည်း မကြားပါလား"

"ကျောင်းအောက်က လာခေါ်နေတာ။ အသံကြားနေရတယ်"

"ခုကော - ကြားနေရသေးလား"

"ကြားနေရတယ်"

"ဘယ်နေရာကလဲကွာ"

ကျောင်းသားကြီးတစ်ယောက် ဝင်မေးပြန်သည်။

ဦးပဥ္စင်းဦးနန္ဒဇေကမူ ဘာမျှဝင်မမေးတော့ဘဲ တစ်ခုခုတော့ တစ်ခုခုပဲ ဟု မောင်ကြာလုကိုသာ တွေကြည့်နေသည်။

အမှန်မှာ ဤဦးပဥ္စင်းမှာ ဤရပ်ဤရွာသားဖြစ်သဖြင့် ချောင်းဖျားရွာက ဦးနီသည် သူ့သမီး မနဖြူကိုစွနှင့် သားဖြစ်သူ မောင်ဖြူအောင် ရှင်ပြုရဟန်းခံပေးရသည့်အကြောင်းကို နားစွန်နားဖျား ကြားထားသူဖြစ်ရာ သူ့အနေနှင့်လည်း နေရင်းထိုင်ရင်း ကျောချမ်းချင်လာသည်။ ထို့ကြောင့်လည်း မောင်ကြာလု၏အဖြစ်ကို ဝေခွဲမရဘဲ ရုတ်တရက် ငိုင်နေခြင်းဖြစ်သည်။

"ဟော့ကောင် - မင်းကို ချောင်းဖျားသူမ ဘယ်နေရာက ခေါ်နေလို့လဲ"



ကျောင်းသား၏အမေးကို ကိုရင်ကြီးက တစ်ခါထပ်မေးပြန်သည်။

"ကျောင်းအောက်ကပါဆို"

"ကောင်းပြီ၊ ကဲ - ငါတို့ ဆင်းကြည့်မယ်။ လာကြကွာ - မတွေ့လို့ကတော့ မင်းသိမယ်။ သူများကို မဟုတ်ကဟုတ်ကပြောပြီး အိပ်ရေးပျက်အောင်လုပ်တဲ့ကောင်"

မောင်ကြာလုနှင့် ကျောချင်းကပ်အိပ်နေသူ မောင်တင်အောင်က ပြောပြောဆိုဆိုနှင့် ကျောင်းသားကြီးသုံးယောက်ကိုခေါ်ကာ အောက်ကိုပြေးဆင်းသွားသည်။ ထိုအခါ ကျောင်းတွင် အလွန်အနောက်အပြောင်သန်သော သံညိုကလည်း ဆင်းလိုက်သွား၏။

ခဏအကြာမှာပင် သူတို့သုံးယောက် ကျောင်းပေါ်ပြန်တက်လာကြသည်။

သံညိုက ဦးပဥ္စင်းနှင့် ကိုရင်ကြီးတို့ကို မျက်စိမှိတ်ပြလိုက်ပြီး -

"အမှန်ပါ - ဘုရား၊ မောင်ကြာလုကို မြင်မြင်ချင်း အသည်းစွဲအောင် ချစ်မိလို့ ချောင်းဖျားရွာကပင် ညကြီးမင်းကြီး မောင်ကြာလုနောက်ကို လိုက်လာတာပါတဲ့။ ခု လေှကားရင်းမှာ ထိုင်ငိုပြီး ရှိနေပါတယ်။ ဦးပဥ္စင်းတို့ကို ကြောက်လို့ ကျောင်းပေါ်တက်မလာရဲဘူးတဲ့။ ကဲ - မောင်ကြာလု၊ ကောင်မလေးက မင်းကိုတွေ့ချင်လို့ လေှကားရင်းမှာ တငိုငိုတရယ်ရယ် လုပ်နေတယ်။ မင်းသွားချော့လိုက်ဦး" ဟု ပြောလိုက်၏။

ထိုအခါ မောင်ကြာလုမှာ နဂိုကပင် ခပ်ပေါပေါဖြစ်သဖြင့် ငိုင်းဟားကြပြန်၏။

မောင်ကြာလုမှာ ရေနံတောင်ရွာဇာတိ မဟုတ်။ သူတို့အရပ်ခေလေ့နှင့် တောင်ဘက်ဟုခေါ်သော ဝါးနက်ချိုင်ဘက်က ဖြစ်သည်။ သူတို့ရွာတွင် မောင်ကြာလု ဘုန်းကြီးကျောင်းမနေဘဲ ရေနံတောင်ရွာ၌ ဘုန်းကြီးကျောင်းလာနေရခြင်းမှာ ဘုန်းကြီးက သူ့ဘကြီး အရင်းခေါက်ခေါက်ဖြစ်၍ မောင်ကြာလုအဖေက သူ့အစ်ကို ဘုန်းကြီးဆီတွင် လာအပ်ထားခြင်းဖြစ်သည်။

= ၄ =



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ရေနံတောင်ရွာရှိ အစ်ကိုအရင်း ဘုန်းကြီးဆီတွင် မောင်ကြာလှအား လာထားရခြင်းမှာလည်း သူ့သားအရှုးအပေါကို မိမိရွာ၌ထားလျှင် တခြားကျောင်းသားများက ပိုင်းနောက်ပိုင်းစကြ၍ ခဏခဏ ပြဿနာဖြေရှင်းရသဖြင့် ဖြစ်သည်။

ဤသည့်တို့ကြောင့်လည်း မောင်ကြာလှကလည်း မိမိရွာ၌ မနေချင်ကြောင်းပြောသလို သူ့အဖေ၏ သဘောမှာလည်း မိမိရွာ၌ထားလျှင် သူ့သားကို အရှုးအပေါမှန်း သိနေကြသဖြင့် ကျောင်းသားကြီးငယ်များက ပိုင်းစကြသည်။ ရေနံတောင်ရွာရှိ သူ့အစ်ကို ဘုန်းကြီးဆီတွင် သွားအပ်ထားလျှင် ရေနံတောင်ရွာရှိ ကျောင်းသားများကလည်း သူ့သားကို အရှုးအပေါမှန်း လောလောဆယ် သိကြမည်မဟုတ်သလို ဘုန်းကြီး၏ အရှိန်အဝါကြောင့် စရဲနောက်ရဲကြမည် မဟုတ်။

နောက်တစ်ကြောင်းမှာ တူအရင်းဖြစ်သူ မောင်ကြာလှကို ဘုန်းကြီးက သွန်သင်ဆုံးမလျှင် ကောင်းကြောင်းကောင်းသွားနိုင်လိမ့်မည်။ သူ့အနေမှာမူ သားကို ငယ်စဉ်ကပင် အလိုလိုက်ထားသဖြင့် ဆိုဆုံးမ၍မရသော အကြောင်းတစ်ခုကလည်း ပါသည်။ ဘကြီးဘုန်းကြီးဆိုလျှင် သူ့သားအနေမှာ စိတ်ပိုင်းဆိုင်ရာအရ ယုံကြည်မှုရှိသဖြင့် ဘကြီးဘုန်းကြီးက သူ့အား မဟုတ်တာ မမှန်တာကို ပြောဆိုဆုံးမမည်မဟုတ်ဟု သူ့သားက ယုံကြည်ကာ ဘုန်းကြီးဆုံးမသည်ကို နာယူ၍ လိမ္မာရေးခြားရှိလာလိမ့်မည်ဟု ထင်တစ်လုံးနှင့် ဖြစ်သည်။

သူ့ညီ လာအပ်ထားသော သူ့တူတော်မောင်ကို ဘုန်းကြီးကလည်း အရိပ်အကဲကြည့်သည်။ သူ့တူ၏ ရူးပေါပေါအခြေအနေကို ချော့၍လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း စာသင်ပေးသည်။ ခပ်ပေါပေါဖြစ်နေသော သူ့တူကို မစ၊ မနောက်ကြရန်လည်း ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများကို ဘကြီးဘုန်းကြီးက မိန့်ကြားထားသည်။

ဘကြီးဘုန်းကြီး၏သဘောမှာ သူ့အား တည်တည်တံ့တံ့ ပြောဆိုဆက်ဆံကြလျှင် သူလည်း တည်တည်တံ့တံ့နှင့် နေတတ်ထိုင်တတ်ပြီး တစ်နေ



ကောင်းလာလိမ့်မည်ဟု ထင်ပုံရသည်။ ထို့ကြောင့်လည်း သူ မရှိတုန်း သူ့တူ မောင်ကြာလှကို စကြနောက်ကြမှာစိုး၍ အလှူအတန်းသွားတိုင်း ခေါ်ခေါ်သွားတတ်သည်။

ယခု ချောင်းဖျားရွာ ရှင်ပြုရဟန်းခံပွဲသို့ ခေါ်သွားရာက ချောင်းဖျားသူမ အစိမ်းသရဲနှင့်တွေ့ပြီး ရေနံတောင်ရွာသို့ မောင်ကြာလှ ညကြီးသန်းခေါင် ပြန်ပြေးလာသည်ကိုမူ ယခုကာလထိ ဘုန်းကြီးက သိချင်မှသိမည်။ စောစောပိုင်းက အလှူမဏ္ဍပ်ထဲတွင် အခြားရွာက ဘုန်းကြီးကျောင်းသားများနှင့် မီးခြစ်ဆံဖဲဝှက်တမ်း ကစားနေကြသည်ကိုသာ ဆရာတော်က မသိမသာ အကဲခတ်သွားသည်။ သူ့တူမောင်ကြာလှမှာ အခြားကျောင်းသားများနည်းတူ မီးခြစ်ဆံဖဲဝှက်တမ်း ကစားနေကြသည်ကို မြင်သောအခါ ဘုန်းကြီးလည်း ကျိန်းစက်ရန် သင်္ဃာစင်ရှိ တင်းထိမ်ထဲ ဝင်သွားသည်။

မနက် ရှင်ပွဲရဟန်းခံပွဲ၌ ကျောင်းသားများကို အရက်ဆွမ်းကျွေးတော့မှ သူ့တူကို ထမင်းဝိုင်း၌ တစ်ချက်လာကြည့်ကောင်း ကြည့်ပေလိမ့်မည်။

သို့သော် သူ့တူမောင်ကြာလှကမူ အရက်ဆွမ်းစားရန်ကိုပင် မစောင့်ခဲ့ဘဲ ယခုအထိ ရေနံတော်ရွာကျောင်းသို့ ရောက်နေလေပြီ။

ကျောင်းတွင် သူ့ဘကြီးဘုန်းကြီး ရှိနေစဉ်က မောင်ကြာလှအား မည်သူမျှ မစရဲ၊ မနောက်ရဲကြသော်လည်း ယခု ဘုန်းကြီးမရှိသောအခါ မောင်ကြာလှအား စချင်တိုင်းစ၊ နောက်ချင်တိုင်းနောက်ကြရန် ရွာခံကျောင်းသားများအတွက် အခွင့်အရေး ရသွားကြလေသည်။

ထို့ကြောင့် မောင်ကြာလှနှင့် ကျောခင်းကပ်အိပ်သူ တင်အောင်ကပါ -

"ဟုတ်တယ်ကွ - ကြာလှ၊ သေညီပြောသလိုပဲ ချောင်းဖျားသူမကမင်းကိုကြိုက်လို့ ခုကျောင်းအောက်တောင်ရောက်လာပြီဆိုတော့ ကဲ - မထူးတော့ပါဘူးကွာ တစ်ခါတည်း မင်းမိဘအိမ်ကိုသာ နိုးပြေးသွားတော့ကွာ။ ကဲ - သွား - သွား - ကောင်မလေး သနားပါတယ် သွားလိုက်လေကွာ" ဟု တမင်နောက်ပြောင် ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ငူငူငိုင်ငိုင်ဖြစ်နေသော မောင်ကြာလှကလည်း ချောင်းဖျားသူမ ခေါ်နေသည်ကို ကြောက်၍ ပြေးလာသည်ဆိုသူက ယခုတော့ ဘယ်လို အတွေးပေါက်သွားပြန်သည်မသိ၊ တင်အောင်၏ စကားအဆုံးမှာ မြူးတူး ပြုံးတဲ့နှင့် ကျောင်းအောက်ရောက်နေသည်ဆိုသော ချောင်းဖျားသူမဆီ သွား ရန် ရှတ်ခနဲထလိုက်သည်။

ဤသည်ကို ကိုရင်ကြီးဝဏ္ဏက ချက်ချင်းဖမ်းဆွဲထားလိုက်ပြီး -

"ဟေ့ကောင် - ဟေ့ကောင် - မင်း ခု တို့ကျောင်းက ချက်ချင်း မိန်းမနိုး ပြေးသွားလို့တော့ ဘယ်ဖြစ်ဦးမလဲကွ၊ တို့ကျောင်းနာမည် ပျက်တော့မှာ ပေ့ါ၊ မင်းဘကြီးဘုန်းကြီး ပြန်ရောက်လာရင်လည်း မင်းကိစ္စနဲ့ တို့ကိုပြဿနာ ရှာနေပါဦးမယ်ကွာ၊ နေဦး - ဟေ့ကောင်၊ သူငယ်ချင်း ငါပြောမယ်၊ မင်းမိဘ ဂုဏ်သိက္ခာ၊ ဆရာတော်ဂုဏ်သိက္ခာနဲ့ တို့ကျောင်းကနေပြီး မင်းမိန်းမ ခိုးသွား တယ်ဆိုရင် မင်းဘကြီး ဘုန်းကြီးကိုလည်း ရပ်ရွာဒကာ၊ ဒကာမတွေ ပြော စရာဖြစ်နေပါဦးမယ်၊ ဒီတော့ - ဒီလိုလုပ်ကွာ" ဟု ခပ်တည်တည်ပြောပြန် ၏။

"ကို - ကိုရင်ကြီး - ပြောပါဦး၊ တပည့်တော် ဘယ်လိုလုပ်ရမလဲ"

မောင်ကြာလှက ကိုရင်ဝဏ္ဏ မျက်နှာကို အားကိုးတကြီး ကြည့်မေးနေ ပြန်၏။

ကိုရင်ကြီးဝဏ္ဏက ရယ်ချင်ပက်ကျိမျက်နှာကို တစ်ဖက်သို့ မသိမသာ လှည့်ထားလိုက်ပြီး -

"ဘယ်လိုလုပ်ရမလဲဆိုတော့၊ အင်း - ကောင်မလေးမိဘတွေလည်း ဂုဏ်ရှိအောင်၊ မင်းမိဘနစ်ပါးလည်း ဝတ္တရားကျေရာရောက်အောင် မိန်း ကလေးဘက်ကို အရင်နားဖောက်ပြီး မိသားဖသားပီပီ တောင်းရမ်းယူတာ အကောင်းဆုံးပေါ့ကွ၊ ဒီတော့ - ဒီနေ့ည ကောင်မလေးကို ခု ငါတို့သွားပြီး ချောင်းဖျနားချလွှတ်လိုက်မယ်၊ ပြီးတော့မှ -" ဟူသော စကားပင် မဆုံးသေး မောင်ကြာလှက -



"တပည့်တော်လည်း ကောင်မလေးကို မှာလိုက်ဦးမယ်" ဆိုပြီး ကိုရင် ဝဏ္ဏရှေ့က ကျောင်းအောက်ကို ဆင်းလိုက်မည်လုပ်ပြန်သောအခါ ကိုရင် ဝဏ္ဏက အတင်းဖိကိုင်ထားပြီး -

"ဟေ့ကောင် - ငါပြောတာ နားထောင်စမ်း၊ ငါတို့နဲ့အတူ မင်းပါ ဆင်း လိုက်လာတော့ ကောင်မလေးက ရှက်ပြီး ထွက်ပြေးသွားလိမ့်မယ်၊ မင်း နေ ခဲ့စမ်းပါ၊ ငါတို့ပဲ ပြောလိုက်ပါ့မယ်" ဟု မောင်ကြာလှ နား,နား တီးတိုးကပ် ပြောကာ သံညိုကိုခေါ်ပြီး ကျောင်းအောက် ဆင်းသွားကြ၏။

ခဏအကြာမှာ သံညိုက မိန်းမသံနှင့် -

"ကိုကြာလှ - မောင်မောင်၊ ကျွန်မ ပြန်လိုက်ပါဦးမယ်၊ ကျွန်မကို ဆက် ဆက်လာတောင်းပါနော် - မောင်မောင်" ဟူသော စကားသံ ပေါ်လာပြန်ရာ ကျောင်းသားများက ဝိုင်းဟားလိုက်ကြပြန်သည်။

ထိုအခါ မောင်ကြာလှက သံညို မိန်းမလုပ်သံကို မှတ်မိ၊ မမှတ်မိတော့ မသိ၊ ကျောင်းအောက်ဆင်းသွားသော ကိုရင်ဝဏ္ဏတို့ တက်အလာကို တွေ တွေဝေဝေနှင့် ငေးကြည့်နေသည်။

ကိုရင်ဝဏ္ဏက မောင်ကြာလှအပေါ်အား အရှုးထပ်လုပ်ရသည်ကို ရယ် ချင်နေ၍လားမသိ၊ ပါးစပ်ကို သင်္ကန်းစွန်းနှင့်အုပ်ပြီး သူ့အိပ်ရာဘက်သို့ တန်းတန်းမတ်မတ် ဝင်သွားသောအခါ သံညိုက -

"ဟေ့ကောင် - မင်းကောင်မလေးကို ငါတို့ ချော့မော့လွှတ်လိုက်လို့ ပြန်သွားပြီ၊ မင်းကောင်မလေး ပြောသွားတာကို မင်း ကြားတယ်နော်၊ အဲဒီ တော့ မနက်မိုးလင်းရင် မင်းမိဘတွေဆီ သွားပြောပြီး ကောင်မလေးကို တောင်းရမ်းယူတော့ကွာ၊ မင်းကောင်မလေးနဲ့ မင်းနဲ့ မင်္ဂလာဆောင်တဲ့အခါ ငါ လူပျိုရန် လုပ်ပါရစေနော် - သူငယ်ချင်း၊ မင်း - ခု စိတ်ချလက်ချ အိပ် တော့ကွာ၊ ငါတို့လည်း အိပ်ကြတော့မယ်" ဟူသော စကားမဆုံးမီပင် မောင် ကြာလှက -

"သူ့မိဘတွေ သဘောမတူရင်ကောကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအခါကျမှတော့ သွားနိုးကြရမှာပေါ့ကွာ။ ငါတို့ လိုက်နိုးပေးပါ့မယ်။ မမလေးကို မောင်က နိုးမယ်လို့ ဟဲ - ဟဲ - သေံညို့တို့နဲ့ မောင်တိုင်ပင်၊ မောင်တိုင်ပင် -"

"ဟော့ကောင်တွေ - တော်ကြတော့ကွာ၊ သေံညို ညကြီးမင်းကြီး မင်းအသံပြဲကြီးနဲ့ အော်မနေနဲ့။ အတော်ကြာ ရွာကလူကြီးတွေပါ ကျောင်းမှာဘာဖြစ်နေကြလဲလို့ လာကြည့်ပြီး ဆရာတော်ပြန်လာတဲ့အခါ ငါပါ အဆစ်ပါနေဦးမယ်။ ကဲ - အိပ်ကြတော့၊ ကြာလှ - မင်းလည်း အိပ်တော့။ မင်း ဖြစ်ချင်တာ မင်းဘကြီးပြန်လာတဲ့အခါ လျှောက်၊ နု - အိပ်တော့ကွာ။ မင်းတို့ကိစ္စ နောက်မှရှင်းကြ"

တစ်ချိန်လုံး မောင်ကြာလှအခြေအနေကို အကဲခတ်ကြည့်နေသော ဦးပဉ္ဇင်းဦးနန္ဒဇေက အော်လိုက်တော့မှ ခုနစ်သံချီနှင့် မမလေးကို မောင်က နိုးမယ်ဆိုနေသော သေံညို၏ အသံပြဲကြီးလည်း တိတ်သွား၏။

ဦးပဉ္ဇင်းဦးနန္ဒဇေက မီးအိမ်ကို မြှောက်ကိုင်ယူသွားပြီးအခိုက်တွင် မီးအိမ်ကိုပြန်ချိန်လိုက်ကာ မီးစာကိုလည်း နှိမ့်ချလိုက်သည်။

ဤသည်မှာ နေ့စဉ်လိုလို အိပ်ရာထဲ စကားများနေကြသော ကျောင်းသားများအား "အိပ်ကြတော့" ဟူသော အချက်ပေးသင်္ကေတပင်။ ဦးပဉ္ဇင်းဦးနန္ဒဇေက မီးအိမ်မီးကို နှိမ့်ချလိုက်ပြီဆိုလျှင် မည်သူမျှ စကားမပြောရတော့။ "တိတ် - အိပ်ကြတော့" ဟူသော သဘောပင်။

ထိုသို့ မီးအိမ်နှင့် အချက်ပြလျှင် မအိပ်ကြသေးဘဲ စကားတီးတိုးအသံထွက်နေလျှင် ထိုသူကို ချောင်းနားထောင်၍ ကြိမ်လုံးနှင့် တဖြောင်းဖြောင်း ဆော်တော့သည်။

ထို့ကြောင့် ယခုလည်း မောင်ကြာလှ အပါအဝင် ကျောင်းသားအားလုံး ကိုယ့်နေရာကိုယ် တုံးလုံးလှဲချလိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် တီးတိုးပင် စကားမပြောဝံ့ကြတော့။

အားလုံးအိပ်ကြရန် ဦးပဉ္ဇင်းက အချက်ပေးထားခဲ့သော်လည်း ချောင်းများရွာသူမကိုစွဲလမ်းနေသော မောင်ကြာလှကမူ ဦးပဉ္ဇင်းကို ကြောက်၍သာ



စကားမပြောရဲသော်လည်း အိပ်ပျော်ပုံမရပေ။ တစ်ညလုံး သက်ပြင်းချလိုက်၊ ဟိုလှိမ့် သည်လှိမ့်လုပ်နေ၏။ ထို့ကြောင့် မနက်မိုးမလင်းမီကပင် မောင်ကြာလှ အိပ်ရာထဲက ပျောက်သွားလေသည်။

မနက်မိုးလင်းထိပင် မောင်ကြာလှမှာ မစောင့်နိုင်တော့ဘဲ မိန်းမတောင်းပေးရန် သူ့မိဘဆီ အပူကပ်ဖို့ ပြေးပြီဟု သိလိုက်ကြရသည်။

ချောင်းများရွာ ရှင်ပြုရဟန်းခံပွဲက ဆရာတော် ပြန်ကြွလာ၍ မောင်ကြာလှကို မေးသောအခါ ဤမနက်၌ပင် သူ့ရွာသို့ ပြန်သွားကြောင်း လျှောက်ထားလိုက်ကြသည်။

ညက ချောင်းများရွာသူမကိစ္စနှင့် မောင်ကြာလှအား သူတို့ဝိုင်းပြီး လုပ်ဇာတ်ခင်းကာ နောက်ပြောင်ကြသည်ကိုမူ ဆရာတော် သိသွားလျှင် ကြိမ်ဆော်ခံရမည်ကြောက်သဖြင့် မည်သူမျှ မဟာရဲကြပေ။ သူ့တူမှာ အရွယ်ရောက်လေးဖြစ်သဖြင့် ဆရာတော်ကလည်း ဆက်မမေးတော့။ သူ့မိဘရွာကို ပြန်သွားနေသည်ဟုသာ မှတ်လိုက်သည်။

သို့သော် -

=၂=

မောင်ကြာလှ သူ့ရွာကို ပြန်သွားပြီဟု ထင်ကြပြီး အားလုံးက မေ့မေ့ပျောက်ပျောက်နေကြရာ သုံးလခန့်ကြာသောအခါ မောင်ကြာလှ အဖေ ဦးကြာပန်းသည် သူ့အစ်ကိုကြီး ဘုန်းကြီးရှိရာ ရေနံ့တောင်ရွာသို့ ရောက်လာသည်။ သူ့အစ်ကို ဘုန်းကြီးအား သူ့ခြံထွက် ငှက်ပျောသီး၊ ဒူးရင်း၊ သြဇာသီးတို့ကို ကပ်သည်။

အစ်ကို ဘုန်းကြီးကလည်း သူ့ရွာ၊ သူ့ဆွေမျိုးများ၏ သာရေးနာရေး အကြောင်းများကို သူ့ညီဦးကြာပန်းအား မေးစမ်းသည်။ ဦးကြာပန်းကလည်း ဆွေမျိုးများ၏ သာရေးနာရေးအကြောင်းများကို အစ်ကိုဘုန်းကြီးအား လျှောက်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဦးကြာပန်းနှင့် ဘုန်းကြီးတို့ အာလာပသလ္လာပ ပြောနေကြသည်မှာ နာရီဝက်နီးနီး ကြာသွားသည်။ ထိုအချိန်ထိ ဦးကြာပန်းမှာ ရေန်တောင်အစ်ကိုဘုန်းကြီးကျောင်း၌အပ်ထားသော သူ့သား၏ အရိပ်အခြည်ကို မမြင်ရသေး။ ခါတိုင်း သူရောက်လာလျှင် မောင်ကြာလှက ချက်ချင်း အဖေ့နားလာထိုင်တတ်သည်။ ယခု သူ့သားကို မမြင်ရသေးသဖြင့် အစ်ကိုဘုန်းကြီးကို လျှောက်သည်။

"တပည့်တော်သား မောင်ကြာလှတစ်ယောက်ကို မမြင်မိပါတော့ ဘုရား၊ ဒီကောင် ဘယ်များ သွားနေပါလိမ့်"

"ဟင် – မင်းသား မင်းတို့ဆီပြန်သွားတာ သုံးလလောက်တောင် ရှိပြီပဲ။ မောင်ကြာလှ မင်းဆီ မရောက်ဘူးလား"

"ဒုက္ခပါပဲ – မရောက်ပါလား ဘုရား။ ဒါဆို – တပည့်တော်သား ဘယ်ကိုများ ရောက်သွားပါလိမ့်၊ တပည့်တော်ဆီကို မရောက်လာပါဘုရား။ သုံးလလောက်တောင် ရှိသွားပြီဆိုတော့ – ဘုရား – ဘုရား"

ထိုအခါမှ ဘုန်းတော်ကြီးမှာလည်း သူ့ညီ ဦးကြာပန်းကဲ့သို့ပင် မောင်ကြာလှအတွက် အစိုးရိမ်ကြီး စိုးရိမ်သွားကာ လွန်ခဲ့သော သုံးလလောက်က ချောင်းဖျားရွာ ရှင်ပြုပွဲက မောင်ကြာလှ ရေန်တောင်ရွာသို့ ညကြီးမင်းကြီး ပြေးပြန်သွားသည့်ကိစ္စကို အစဖော်၍ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများကို မေးစစ်ရတော့သည်။

အစကမှ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများက မောင်ကြာလှ ညကြီးမင်းကြီးတောင် ကျောင်းကို ပြန်ရောက်လာကြောင်း၊ သူ့မိဘအရပ်ကို ပြန်မည့်အကြောင်းပြောပြီး မိုးလင်းလျှင် ပြန်သွားကြောင်း၊ သူတို့အထင်မှာ ဆရာတော်ကို လျှောက်ထားခဲ့ပြီး၍ပြန်သွားသည်ထင်ကြကြောင်း ပြန်ပြောပြကြသည်။

ချောင်းဖျားရွာ မောင်ဖြူအောင် ရှင်ပြုရဟန်းခံပွဲ၌ မနုဖြူနှင့် ပတ်သက်သည့် သတင်းအစအနကို ကြားလာခဲ့ရသော ဆရာတော်က မောင်ကြာလှ ချောင်းဖျားရွာက ညကြီးမင်းကြီး ပြန်ရောက်လာစဉ် မည်သို့ ထူးခြားမှုရှိ



"မောင်ကြာလှအား တောအုန်း တောင်အုန်း ရှာကြရ၊ သူတို့ရှာတက်ကို သွားသော မင်းပြင်ရွာနှင့် သူတို့ရွာကြား တောတန်းတစ်နေရာတွင် ဦးခေါင်းနှင့် အရိုးစုတစ်ခုကို သစ်ပင်ပေါ်၌ တွဲလောင်းကြီး တွေ့ကြရသဖြင့် ဖြစ်သည်။"



သနည်း။ မည်သို့မည်ပုံ ပြောဆိုနေထိုင်သနည်းဟု အသေးစိတ် အချက်အလက်များကို မေးမြန်းလေရာ မောင်ကြာလှ ညကြီးမင်းကြီး ချောင်းဖျားရွာက ပြန်ရောက်လာသည်ကို ဦးပဥ္စင်း၊ ကိုရင်တို့က ရှင်ပြုပွဲမကျွပ်ထဲက သူ အပေ့ါအပါးသွားစဉ် ကောင်မလေးတစ်ယောက်ကိုတွေ့၍ ထိုကောင်မလေးက သူနှင့်အတူနေရန် သူ့ကိုခေါ်သည်။ ဤသည်ကိုကြောက်၍ သူ ပြေးလာရကြောင်း ပြောပါသည်ဟု မယုတ်မလွန် ဘုန်းကြီးကို လျှောက်ကြသည်။

ထိုအခါ ဆရာတော်မှာ ပိုပြီးအထိတ်တလန့် ဖြစ်သွားကာ –

"မောင်ကြာလှ နောက်ကော ဘာပြောသေးလဲ" ဟု မေးမြန်းရာ ချောင်းဖျားရွာတွင် တွေ့ခဲ့ရသော ထိုကောင်မလေးသည် သူ့နောက် လိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအောက်က သူ့ကို လာခေါ်နေသည်ဟု ပြောပါကြောင်း၊ သို့သော် - ထိုကောင်မလေးခေါ်နေသံကို မည်သူမျှ မကြားရပါကြောင်း၊ ထို့ကြောင့် - ဦးပဥ္စင်းက ခါတိုင်းလိုပင် မီးစာကိုနှိမ့်ချလိုက်ပြီး အားလုံးကို အိပ်စိုင်းလိုက်ကြောင်း၊ မနက်မိုးလင်း၍ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများ ထလာကြသောအခါ သူ့ကို မတွေ့ကြရကြောင်း၊ သူ ချောင်းဖျားရွာမှ ပြန်လာကတည်းက သူ့ရွာကို ပြန်မည်ပြောထားသဖြင့် သူ့ရွာကို ပြန်သွားသည် ထင်ကြပါကြောင်း၊ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများက တညီတညွတ်တည်း ဘုန်းကြီးကို လျှောက်ကြ၊ အစစ်ခံကြပြန်သည်၊

ထိုအခါ ဆရာတော်နှင့် ဦးကြာပန်းတို့မှာ သောကကြီးစွာ ရောက်သွားကြပြီး မောင်ကြာလှ၏ ဇာတိရွာကို အကြောင်းကြားသူကြား၊ မောင်ကြာလှ ဆွေမျိုးများရှိရာ ရွာများကိုသွား၍ ရှာသူကရှာနှင့် အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြတော့သည်၊ သို့သော် - ရွာနီးချုပ်စပ်ရှိ ဆွေမျိုးများကလည်း မောင်ကြာလှ သူတို့ရွာ သူတို့ဆီသို့ ရောက်မလာကြောင်း အကြောင်းကြားကြသလို၊ ဆွေမျိုးရင်းသူများကမူ ရေနံတောင်ရွာ ဆရာတော်ကျောင်းထိ လိုက်လာကြပြီး မောင်ကြာလှကို ရှာပုံတော်ဖွင့်ကြတော့သည်၊

နောက်တော့ - ရေနံတောင်ကျောင်း၊ ရေနံတောင်ရွာ ပတ်ဝန်းကျင်ရှိ တောတောင်များကိုပင် လူစုခွဲ ပိုက်စိပ်တိုက်ရှာကြသည်၊

ဤသို့ တောတောင်များကို ရှာကြရခြင်းမှာ မနဖြူ အစိမ်းမ၏ အပယောဂ လည်းပါသည်၊ မောင်ကြာလှက ချောင်းဖျားသူမတစ်ယောက်က သူနှင့်အတူ နေကြရန် ခေါ်သည်ဟုပြောခြင်းမှာ မနဖြူအစိမ်းသရဲမပင်ဖြစ်ရမည်၊ မနဖြူ သရဲမမှာ နွေခင်းကြောင်တောင်၌ပင် မိမိအိမ်နားထိ လာလာခြောက်နေရာ မောင်ကြာလှနှင့်တောစမှာ တွေ့သည်ဆိုခြင်းက တစ်ကြောင်း မဟုတ် တစ်ကြောင်းတော့ ပတ်သက်နေလေသလားဟု သံသယဖြစ်ကြသဖြင့် ရှာ ကြခြင်းဖြစ်သည်၊

သူတို့ထင်ကြသလိုပင် ဟုတ်မှန်နေလေသလားဟု တွေးထင်စရာ ဖြစ်လာသည့်အကြောင်းမှာ မောင်ကြာလှအား တောအနှံ့၊ တောင်အနှံ့ ရှာကြရာ



သူတို့ရွာဘက်ကို သွားသော မင်းပြင်ရွာနှင့် သူတို့ရွာကြား တောတန်းတစ်နေရာတွင် ဦးခေါင်းနှင့် အရိုးစုတစ်ခုကို သစ်ပင်ပေါ်၌ တွဲလောင်းကြီးတွေ့ကြရသဖြင့် ဖြစ်သည်၊

လူကြီးများက သစ်ပင်ပေါ်တက်၍ သေသေချာချာကြည့်ကြရာ ထိုအရိုးစု ဦးခေါင်းခွံပိုင်ရှင်မှာ ဆွဲကြိုးချသေနေသူတစ်ဦး၏ အရိုးစုဖြစ်သည်၊ ဦးခေါင်းခွံ၊ မေးရိုးနှင့် ဆွဲကြိုးချပြီး အရိုးစုက သစ်ပင်ပေါ်တက်နေသည်။ အရိုးစု၏အဝတ်အတာပမာဏကို တွက်ချက်ကြည့်ကြသည့်အပြင် မောင်ကြာလှအား လူကောင်းသူကောင်းဖြစ်လာရန် ဆွဲပေးထားသော လက်ဖွဲ့ကြိုး၊ ပုဆိုး၊ အကျီအပိုင်းအစများကိုလည်း အရိုးစုကြီး တွဲလောင်းအောက်၌ ရှာတွေ့ကြပြန်ရာ စေ့ - မောင်ကြာလှ ဆွဲကြိုးချသေသွားပြီဟု ဆုံးဖြတ်ချက်ချလိုက်ကြရလေ၏။

ဤဆုံးဖြတ်ချက်ကိုနိုင်မာအောင် ပြောဆိုပြသသည့်သတ်သေသာစကာမှာ ချောင်းဖျားရွာ၌ သူ့မိဘများက မောင်ဖြူအောင်အား ရှင်ပြု၊ ရဟန်းခံကာ အလှူကြီးအတန်းကြီးပေးပြီး အမျှဝေကြသော်လည်း မနဖြူသရဲမကား သူတို့ယာ၊ သူတို့လယ်၊ သူတို့အိမ်နား၌ ချောင်းဖျားချောင်းကို လာသူတိုင်းအား ယခုထိ ဆက်လက်ပြီး အခြောက်အလှန့် လုပ်နေသဖြင့် ဖြစ်သည်၊

သည်လိုနှင့် ရေနံတောင်ရွာ၌ မောင်ကြာလှ ဆွဲကြိုးချသေသွားပြီး နောက်တစ်နှစ်၊ နှစ်နှစ်ခန့်အကြာတွင် ရေနံတောင်ရွာသား ကိုသောကြာဦး တစ်ယောက် သူ့ကိုယ်သူ ဆွဲကြိုးချ၍ သေသွားပြန်သည်။

ထိုသူကို တော့ မနဖြူ လာခေါ် မခေါ် မသိကြ၊ အကြောင်းရင်းမှာ ကိုသောကြာဦး လူပျိုကြီးသည် ကျောက်ဖြူမြို့ကို ဈေးဝယ်ရန်သွားသည်၊ နဂါးဘုန်းတော်ကြီးကျောင်း၌ တည်းခို၏၊ ယခင့်ယခင်ကလည်း တည်းခိုနေကျ ဖြစ်သည်၊ ဤသည်မှာလည်း ကိုသောကြာဦး ကျောင်းသားကြီးဘဝ ဘုန်းကြီးနှင့် ကျောက်ဖြူမြို့ကို လိုက်သွားတိုင်း ကျောင်းသား၊ ကိုရင်၊ နဂါးကျောင်းက ဦးပဥ္စင်းတို့နှင့် သိကျွမ်းခင်မင်နေကြ၍ ဖြစ်သည်၊

ယခု လူကြီးဘဝ၌ ဈေးသွားဝယ်ရင်း ခါတိုင်းလိုပင် နဂါးကျောင်း၌သို တည်းခိုနေစဉ် အာဂန္တု သူ့လိုပင် တောကျောင်းက ကိုရင်တစ်ပါးလည်း နဂါး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း၌တည်းခိုလျက်ရှိသည်။ အမှန်ကတော့ ထိုကိုရင်တစ်ပါးသာမဟုတ်၊ နဂါးဆရာတော်၏ သံယဂိုဏ်းမှာ ဂိုဏ်းဂဏကြီးဖြစ်သဖြင့် နဂါးဂိုဏ်းဝင် မည်သည့်တောရွာကျောင်းကလာလာ ဘုန်းကြီးရဟန်းများကလည်း ကိုယ့်ဂိုဏ်း ကိုယ့်ဘုန်းကြီးရှိရာ နဂါးကျောင်း၌သာ မြို့ကို ရောက်လာတိုင်း တည်းခိုတတ်ကြသည်။

သို့နှင့် ရေနံ့တောင်ရွာသား ကိုသောကြာဦး တည်းခိုနေစဉ်အတွင်း အာဂန္တု ကိုရင်တစ်ပါးတွင် ငွေနှစ်ဆယ် ပျောက်သွားသည်၊ ဤသည်ကို ကိုသောကြာဦး ခိုးသည်ဟု ကိုရင်က စွပ်စွဲ၏။ သူ နဂါးကျောင်းက ကိုရင်များနှင့် မြို့ထဲကို ဆွမ်းခံလိုက်သွားစဉ် သူ့အိပ်ရာနားတွင် ကိုသောကြာဦး တစ်ယောက်သာ ကျန်ခဲ့သည်၊ ကိုသောကြာဦးမယူလျှင် မည်သူယူမည်နည်းဟု ကိုသောကြာဦးကို အတပ်စွဲတော့၏။

အမှန်က ကိုသောကြာဦးမှာ ဤသို့ ခိုးတတ်ဝှက်တတ်သော အလေ့အထအကျင့်ရှိသူ မဟုတ်ပေ၊ မိမိရွာ၌ နေစဉ်ကလည်း ခိုးဆိုးဖို့မဆိုထားနှင့်၊ သူများပစ္စည်းကို အပ်တိုတစ်ချောင်းပင် ပိုင်ရှင်မသိဘဲ ခိုးဝှက်ယူဖူးသူ မဟုတ်ပေ၊ အသက်အရွယ် သုံးဆယ်နီးပါးရှိအိမ်ထောင်လည်းမပြုဘဲ ဥပုသ်သီတင်းတိုင်း ဥပုသ်သီလဆောက်တည်ကာ လူ့ဘုန်းကြီးအဖြစ် နေထိုင်သူ ဖြစ်သည်၊ သို့သော် ကိုယ့်ရပ်ကိုယ့်ရွာ မဟုတ်သဖြင့် သူ၏ သီလသမာဓိကို မည်သူမျှ မသိကြ။

ထို့ကြောင့်လည်း အာဂန္တု ကိုရင်က သူ့ကို သူခိုးစွဲသောအခါ နဂါးကျောင်းရှိ ကျောင်းသား၊ ကိုရင်၊ ဦးပဉ္စင်းများကပါ သံသယဝင်ကြသည်။ ထိုအခါ ကိုသောကြာဦး၏ လွယ်အိတ်ကို ပိုင်းရှာကြသည်၊ ကိုသောကြာဦး၏ လွယ်အိတ်တွင် ငွေသုံးဆယ်ကျော်ကို တွေ့ကြရသည်၊ ထိုငွေသုံးဆယ်ကျော်ထဲက ငွေနှစ်ဆယ်မှာ အာဂန္တုကိုရင်ဆီက ခိုးထားသောငွေဟု အတတ်ထင်ကြသည်၊ ထိုအခါ ကိုရင့်ငွေကို ပြန်ပေးမလား၊ ရဲကို အအပ်ခံမည်လားဟု ဝိုင်းပြီး အကြပ်ကိုင်ကြသည်။



သူ မယူပါဘူး၊ နဂါးကျောင်းတွင် လာတည်းခိုနေသူ သူတစ်ယောက်တည်းသာ ရှိသည်မဟုတ်၊ ကျောင်းသား၊ ကိုရင်၊ ဦးပဉ္စင်း၊ ဒကာ၊ ဒကာမ အာဂန္တု ဧည့်သည်တွေ အများကြီးပါဟု ပြောသော်လည်း မရ၊ ထို့ကြောင့် ရုံးပြင်ကန္နားလည်း တစ်ခါမျှ မရောက်ဘူးသော ကိုသောကြာဦးမှာ သူ့ငွေသုံးဆယ်ထဲက အာဂန္တု ကိုရင်ကို ငွေနှစ်ဆယ် ပေးလိုက်ရသည်၊ ထို့အပြင် ကျောင်းကိုလာပြီး နာမည်ဖျက်သူ၊ သူခိုးဟုပြောကာ ကျောင်းက ချက်ချင်းနှင်ထုတ်လိုက်ကြသည်။

ကိုသောကြာဦးမှာလည်း တစ်သက်နှင့်တစ်ကိုယ်၊ ဤတစ်ခါပဲ သူခိုးစွဲခံရသဖြင့် စိတ်ညစ်ညစ်နှင့် မိမိရွာသို့ ပြန်လာသည်၊ ဤကိစ္စမှာ ဤမျှနှင့် မပြီးသေး။ ရေနံ့တောင်က ကျောက်ဖြူမြို့ကို ဈေးဝယ်သွားသူအချို့ခါတိုင်းလိုပင် နဂါးကျောင်း၌ တည်းခိုရန် သွားသောအခါ "ဘယ်ရွာကလဲ" ဟု မေးကြသည်၊ "ရေနံ့တောင်ရွာကပါ" ဟု ပြောလိုက်သည်နှင့် "လာပြန်ပလား - တစ်ယောက်၊ မင်းတို့ ရေနံ့တောင်ရွာက သောကြာဦးဆိုတဲ့အကောင် ဟိုတစ်လောကပဲ ကျောင်းလာတည်းပြီး အာဂန္တု ကိုရင် ပိုက်ဆံကို ခိုးသွားတာ၊ နလည်း ကျောင်းကို နာမည်ဖျက်မယ့်ကောင်၊ သွား - လက်မခံဘူး၊ ခုချက်ချင်း ထွက်သွား" ဟု နှင်လွှတ်လိုက်ကြသည်။

ထိုသူ ပြန်လာသောအခါ နဂါးကျောင်းက အာဂန္တု ကိုရင် ပိုက်ဆံကို သောကြာဦးခိုးလာသဖြင့် ရေနံ့တောင်ကဆို အတည်းမခံကြောင်း ပြောလိုက်ရာ ထိုသတင်းမှာ ချက်ချင်း ရွာ၌ပျံ့သွားသည်၊ ထိုအခါ တစ်သက်လုံး အကျင့်စာရိတ္တကောင်းကောင်းနှင့် နေလာသူ ကိုသောကြာဦးကို ရေနံ့တောင်ရွာက လူတွေကပင် သံသယမျက်လုံးနှင့် ကြည့်လာကြသည်၊ ဤသည်ကို သောကြာဦးမှာမှာ သေမလောက်ရှက်မိသည်၊ ရပ်မှာရွာမှာလည်း မနေချင်တော့။

ထိုအခါ နဂိုကလည်း သီလဆောက်တည်၊ တရားထိုင်လုပ်လာသော ကိုသောကြာဦးမှာ တောထဲသွားပြီး တရားထိုင်သည်၊ မတော်မတရား စွပ်စွဲခံရသော သူ့စိတ်ကို ဤနည်းနှင့် ဖြေသိမ့်နေသည်၊ သူ တောထဲ၌ တင်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တည်း တရားထိုင်နေသည်ကို ထင်းစခွ၊ ဟင်းရွက်ခူးသွားကြသူများ နှင့် န္တားကျောင်းသားများလည်း မြင်နေသိနေကြသည်။

သည်လိုနှင့် သူ ဆွဲကြိုးချမသေမီ တစ်နေ့၌ ကိုသောကြာဦးသည် ကျွန်ုပ်၏ ဦးလေးတော်သူ ကိုဖြူသီးအောင်ဆီ ရောက်လာသည်။ ကိုဖြူသီး အောင်နှင့် ကိုသောကြာဦးတို့မှာ အလွန်ချစ်ကြသော ငယ်သူငယ်ချင်းဖြစ် သည်။ သောကြာဦး၏ သတင်းကိုကြားထားသော ကိုဖြူသီးအောင်ကတော့ မသိသလိုပင် ခါတိုင်းကဲ့သို့ သူ ရောက်လာသည်ကို ပျူပျူငှာငှာ ယခင်အတိုင်း ပင် ဖော်ဖော်ရွေရွေ ဆက်ဆံသည်။

ကိုဖြူသီးအောင်သည် သူ့သတင်းကို သိထားပြီးသူဖြစ်မည်ကို ကိုသော ကြာဦးကလည်း သိသည်။ ထို့ကြောင့် နဂါးကျောင်းက အာဂန္တု ကိုရင် ငွေ ပျောက်၍ သူ့ကို မဟုတ်မမှန် စွပ်စွဲကြကြောင်း သူကပင် ကိုဖြူသီးအောင် ကို ဦးစွာပြောပြသည်။

ထိုအခါ ကိုဖြူသီးအောင်က –

"သူငယ်ချင်းရာ – ဒါတွေ ကိုယ့်သူငယ်ချင်းစိတ်ထဲ ဘာမျှမထားနဲ့။ ကိုယ်မဟုတ်ရင် လူမသိ နတ်သိပါတယ်ကွာ။ အဲဒီကိစ္စအတွက်နဲ့ စိတ်ထိ ခိုက်ပြီး တမှိုင်မှိုင်တတွေတွေ ဖြစ်နေတယ်ဆိုတာ ငါလည်း ကြားပါတယ်၊ သူငယ်ချင်း – မင်းရဲ့သီလ၊ သမာဓိကို ဒီကလူတွေ အကုန်သိတယ်၊ စိတ် သန့်သန့်နဲ့နေစမ်းပါ" ဟု ကိုဖြူသီးအောင်က ပြောလိုက်ရာ ကိုသောကြာဦး က –

"မင်းမသိဘူးနော် – သူငယ်ချင်း၊ ခု ငါ့ကိုကြည့်တဲ့အကြည့်တွေက တောင် တစ်မျိုးကြီးပဲ၊ တကယ် ငါခိုးတယ်လို့ ထင်နေကြတဲ့ပုံပဲ။ ငါ့စိတ်ထဲ အရမ်းခံစားနေရတယ် သူငယ်ချင်း။ အဲဒါကြောင့် – တစ်ခါတစ်ခါ ငါ့ကိုယ်ငါ သတ်သေချင်လောက်အောင် ရှက်မိတယ်ကွာ၊ ငါ သေသွားရင်တောင် ကောင်းမယ်လို့ ထင်မိ –"

"ဟာ – မပြောကောင်းမဆိုကောင်း – သူငယ်ချင်းရာ"

"မပြောကောင်း မဆိုကောင်း မဟုတ်ဘူးကွ။ ငါ တကယ်သေသွားရင်"



"ဟာ – တော်စမ်းပါကွာ၊ ဖော့ကောင် – ကိုယ့်ကိုယ်ကိုယ် သတ်သေ တယ်ဆိုတာ အဖန်ငါးရာ ငါးကမ္ဘာခံရတယ်ဆိုတာ မင်းကြားဖူးတယ် မဟုတ် လား။ ကိုယ်မှ မယူတာ၊ စိတ်သန့်သန့်နဲ့ နေစမ်းပါကွာ။ ငါတို့ရွာ၊ မင်းတို့ရွာ ကသာ မဟုတ်ပါဘူး၊ ဘယ်လူပြောပြော မင်းအကြောင်းကို သိတဲ့လူတွေက မင်း ခိုးပါတယ်ဆိုတာ ဘယ်လူမှ မယုံကြပါဘူး – သူငယ်ချင်းရာ၊ ပြီးတော့ – ရိုးမွှမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုသလို နောက်တော့ ပျောက်သွားကြမှာပါ၊ မင်း တရားနဲ့ မင်းနေစမ်းပါ" ဟု ဖျောင်းဖျနားချ၍ ကိုဖြူသီးအောင်က လွှတ် လိုက်သည်။

သို့သော် – ကျွန်ုပ်တို့ ချောင်းဝရွာက ပြန်သွားပြီး နောက်တစ်နေ့မှာပင် ကိုသောကြာဦး ဆွဲကြိုးချသေကြောင်း သတင်းကိုကြားရလေသည်။ အမှန် က သူသည် သူ့ကိုယ်သူ ဆွဲကြိုးချသေမည်ကို ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် သူ့ အချစ်ဆုံးသူငယ်ချင်း ကိုဖြူသီးအောင်ကို လာနှုတ်ဆက်သွားပုံရလေ သည်။

သူ တောထဲ၌ ဆွဲကြိုးချသေသည်မှာလည်း တစ်မျိုးဆန်းသည်ဟု ပြော ရမည်၊ သူများတွေ ဆွဲကြိုးချသေကြသည်မှာ မြေပြင်ကို ခြေထောက်မကျ ဘဲ လည်ပင်းအစ်၍ သေကြ၏။ ကိုသောကြာဦးကမူ ထိုသို့မဟုတ်ပေ။ မြေ ပြင်တွင် ခြေထောက်မက တင်ပါးပင်ကျပြီး တင်ပျဉ်ခွေထိုင်နေသလို ကြိုး တန်းလန်းနှင့် သေနေ၏။

ထို့ကြောင့်လည်း နွားကျောင်းသားများက သွားရင်းလာရင်း မြင်ခဲ့ကြ သော်လည်း ခါတိုင်းလိုပင် တောထဲလာ၍ တရားထိုင်နေသည်ဟု ထင်ခဲ့ကြ သည်ဆို၏။ ဆွဲကြိုးကိုမူ သူတို့က အမှတ်တမဲ့ မမြင်ခဲ့ကြပေ။ နောက် သူ့ တူတော်သော နွားကျောင်းသားတစ်ယောက်ကမူ မျက်စိနှင့် ပါးစပ်တို့တွင် ခါချဉ်ကောင်များ အုံနေသည်ကိုမြင်၍ ခါချဉ်ကောင်တွေ ကိုက်နေသည်ကို ပင် မလှုပ်မယှက် တရားထိုင်နေသည်ထင်၍ ခါချဉ်ကောင်များကိုပင် လက် နှင့် ပွတ်ချပေးခဲ့ရကြောင်း ပြောပြတော့မှ ထိုနေရာကိုသွားရှာကာ ဆွဲကြိုးချ သေနေကြောင်း သိကြရတော့သည်။

=၃=

www.burmeseclassic.com

❝ထိုအခါ ကျွန်ပ်၏ လျင်လျားသော စိတ်က ဤမနော်နွယ်ပင်တွင် အဘိုးလေး သရဲဖြစ်နေသည်ဟု ပြောဆိုကြသည်ကို ချက်ချင်းသတိရပြီး "အမယ်လေး–လေး–သရဲ–သရဲ" ဟု အော်ကာ ဦးလေးဦးဖြူသီးအောင်တို့အိမ်ဘက်ကို စွတ်ပြေးရာ❞



ရေနံတောင်ရွာ၌ ကိုသောကြာဦး ဆွဲကြိုးချသေပြီးနောက် ချောင်းဖျား ရွာက ဦးဖိုးလှိုင်၏သား စောညွန့်ဦး ဆွဲကြိုးချသေပြန်သောအခါ မနုဖြူသရဲမ ခေါ်သွားပြန်ပြီဟု ပြောကြပြန်သည်။ ကြိုးဆွဲချသေသွားသူ သုံးယောက်စလုံး မှာလည်း လူပျိုကာလသားချည်း ဖြစ်နေကြရာ မနုဖြူကို ပိုပြီးယိုးစွပ်ကြတော့ သည်။



ဤသို့သော ပတ်ဝန်းကျင်၊ ဤသို့သော ဒေသ၊ ဤသို့သော ကာလ ပယောဂရှိ အကြားအမြင်ရှိနေသည့် ပတ်ဝန်းကျင်၌နေနေရသော ကျွန်ပ် ခုနစ်နှစ်၊ ရှစ်နှစ်ရွယ် ကလေးငယ်တစ်ယောက်မှာ သရဲတစ္ဆေဆို လျှင် အကြောက်ကြီးကြောက်လာသည်။ သစ်ကိုင်းတစ်ကိုင်း လေတိုး၍ လှုပ်ခါ နေသည်ကိုပင် ငါ့ကို တစ္ဆေခြောက်ပြီ၊ သစ်ကိုင်းကို သရဲတစ္ဆေတစ်ကောင် ကောင်က လှုပ်ပြနေပြီဟု အထင်ရောက်လာသည်။

သရဲတစ္ဆေကို ကြောက်တတ်သောစိတ်သည် အကျွန်ုပ်ကို အမြဲဖိစီးနေ သည်။ ကျွန်ုပ်တို့ အိမ်ကြားနှင့် ဦးလေးဦးဖြူသီးအောင်တို့ အိမ်ကြားတွင် ဝါးရုံများ၊ မနော်နွယ်၊ သရက်ပင်ကြီးနှင့် ချုံတောများရှိသည်။ ကျွန်ုပ်တို့ အိမ် က ဦးလေးဦးဖြူသီးအောင်တို့ အိမ်ဘက်ကိုသွားလျှင် ထိုနေရာက ဖြတ်သွား ရသည်။ ထိုနေရာနားတွင် အိမ်ကလည်းမရှိ၊ ထိုနေရာကို အဘိုးလေးတော ဟု ခေါ်ကြသည်၊ မည်သည့်ကာလ၊ မည်သည့်နှစ်ပရိစ္ဆေဒတာပင် ခေါ်လာခဲ့ ကြသည်ကိုလည်း မသိ။

ထိုနေရာအား အဘိုးလေးတောဟု ခေါ်ကြခြင်းမှာ ထိုနေရာ၌ အဘိုး လေး မည်သော သရဲတစ်ကောင်ရှိသည်ဟု အစဉ်အလာ လူကြီးများက ပြောကြသံတွေကို ကျွန်ပ်တို့ ကြားလာခဲ့ရသည်။ ထို့ကြောင့် ကျွန်ပ်သည် နေနည်းနည်း ညိုသွားသည်နှင့် ထိုနေရာကို တစ်ယောက်တည်း ဖြတ်မသွား ဝံ့ပေ။ မှောင်ရီဖျိုးဖျအချိန် တစ်နေ့တွင် ဦးလေးဦးဖြူသီးအောင်တို့ အိမ်ဘက် က ကလေးများ ကစားအော်ဟစ်နေကြသံကို ကြားမိလိုက်သောအခါ ကစား လိုစိတ်နှင့် အမှတ်တမဲ့ အဘိုးလေးတောကို ဖြတ်လာမိသည်။

အမှန်က အဘိုးလေးတောမှာ လမ်း ဆယ်မိနစ်ခရီးပင် မရှိ၊ ငါးမိနစ်ခန့် နှင့် အဘိုးလေးတောလမ်းကို ကျော်ဖြတ်နိုင်သည်။ ထို့ကြောင့်လည်း ကစား လိုစိတ်နှင့် ဦးလေးဦးဖြူသီးအောင်တို့ အိမ်ဘက် ပြေးချလာရာ ကျွန်ပ်လည်း မနော်နွယ်ပင်ကြီးနားအရောက်မှာ မနော်နွယ်ပင်ရင်းက မည်းမည်းအကောင် ကြီးတစ်ကောင် ဖြန်းခနဲထွက်လာသည်။ ထိုအခါ ကျွန်ပ်၏ လျင်လျားသော စိတ်က ဤမနော်နွယ်ပင်တွင် အဘိုးလေး သရဲဖြစ်နေသည်ဟု ပြောဆိုကြ

www.burmeseclassic.com

သည်ကို ချက်ချင်းသတိရပြီး "အမယ်လေး - လေး - သရဲ - သရဲ" ဟု အော်ကာ ဦးလေးဦးဖြူသီးအောင်တို့အိမ်ဘက်ကို စွတ်ပြေးရာ ကျွန်ုပ်အော်သံပင်မဆုံးမီ "ဟေ့ကောင် - ငါပါဟ၊ ငါပါဟ၊ ဘယ်က သရဲဟုတ်ရမှာလဲ" ဟု တစ်ယောက်ယောက် အော်ပြောလိုက်သံကို ကြားလိုက်ရသည်။ ထိုအခါ ကျွန်ုပ်ကား ဦးလေးဦးဖြူသီးအောင်တို့ အိမ်ရှေ့ကလေးများ ကစားနေကြရာသို့ ရောက်သွားလေပြီ။

အမှန်မှာ အဘိုးလေး တောလမ်း၏အနောက်ဘက် ကုန်းပေါ်ရှိအိမ်က အဘိုးဦးဖိုးရွှေဦးသည် မနော်နွယ်ပင်ကြီးကို အကာအကွယ်ယူကာ အပေါ့စွန့်နေ၏။ ကျွန်ုပ် ပြေးလာ၍ သူ့အနားရောက်ချိန်မှာ သူကလည်း အပေါ့စွန့်ပြီးသွားချိန်နှင့် တိုက်ဆိုင်ပြီး လမ်းပေါ်ထွက်လာသည်ကို ကျွန်ုပ်က အဘိုးလေး သရဲခြောက်ပြီထင်ကာ အော်ပြေးခြင်းသာ ဖြစ်သည်။

အဘိုးလေး ဦးဖိုးရွှေဦးသည် တဟားဟားရယ်၍ ကျွန်ုပ်တို့ စကားဝိုင်းနားကို ရောက်လာသောအခါ အဘိုးလေးနည်းတူ ကျွန်ုပ်ကို အားလုံးက ဝိုင်းတားကြသည်၊ ထိုအချိန်ကစ၍ အဘိုးလေး ဖိုးရွှေဦးကိုလည်း ကလေးများက အဘိုးလေးတောက အဘိုးလေးသရဲဟု နောက်ပြောင်ခေါ်ကြသည်။

ဤသို့အလွန်ကြောက်စိတ်ဝင်နေသော ကျွန်ုပ်သည်တကယ်သရဲလေးများနှင့် လက်ပွန်းတတီး တွေ့သောအခါမှာမူ ငါ့ကို သရဲလေးတွေ ခြောက်တာပါလားဆိုသည်ကိုပင် မသိခဲ့ပေ။

တောထဲက ကျွန်ုပ်တို့ကြံတဲမှာပင် ဖြစ်သည်။

အဖေသည် သားကြီးအစ်ကိုနှစ်ယောက်ကလည်း လူပျိုဖြစ်ကြသည့်အပြင် အမေ့မောင် ယောက်ဖ လူပျိုကြီးကလည်း အိမ်၌ရှိနေလေရာ ထိုနှစ်တွေမှာ ကြံစိုက်ဧကများသည်၊ ထို့ကြောင့်လည်း ခါတိုင်းနှစ်တိုင်း ကြံစိုက်ဧကများသောနှစ်လိုပင် ကြံ့ကြိတ်မပြီး၍ သကြံန်နီးပါးအချိန်သို့ ရောက်သွားသည်။

ကျွန်ုပ်တို့ကြံတဲနှင့် မနီးမဝေးတွင် အစ်ကိုဝမ်းကွဲမောင်စံညွန့်တို့ ကြံတဲရှိသည်၊ ထိုကြံတဲနှင့် ရိုးလေးတစ်စုအခြားတွင် ဘကြီးတို့ကြံတဲ ရှိ၏။ နေ့ခင်းနေ့လယ် လူကြီးတွေက အလုပ်ကိုယ်စီနှင့် မအားမလပ်ရှိနေကြရာ ကျွန်ုပ်သည် ကြံတဲ၌ အဖော်မရှိဘဲ တစ်ယောက်တည်း နေနေရ၏။ ထို့ကြောင့် အဖော်ရှိရာ အစ်ကိုကြီးတို့ကြံတဲကို သွားပြီး ရွယ်တူညီမများဖြစ်ကြသော အောင်သန်းစိန်၊ ကြိုင်ဖြူမ၊ ကျောင်းဖြူမတို့နှင့် သွားကစားသည်။

မနက်စာ ထမင်းစားပြီးသည်နှင့် အစ်ကိုကြီးတို့ကြံတဲမှာ ညီမများနှင့် သွားကစားပြီး ညနေ ထမင်းစားခါနီးမှ မိမိတို့ကြံတဲကို ပြန်လာတတ်သည်၊ သည်လိုနှင့် တစ်နေ့ညနေတွင် ကျွန်ုပ် ညီမများနှင့် ကစားပြီး အစ်ကိုကြီးတို့ကြံတဲက ပြန်လာရာ အမေက -

"ဟေ့ - ဝေယံ၊ တစ်နေ့လုံး ဘယ်သွားနေလဲ" ဟု မေး၏။

"အမေကလဲဗျာ - အစ်ကိုကြီးတို့ ကြံတဲကို သွားတာပါ"

"ဟင် - မောင်စံညွန့်တို့ ကြံတဲ နင် ဘာသွားလုပ်တာလဲ"

"ခါတိုင်းလိုပဲ အောင်သန်းစိန်တို့နဲ့ သွားကစားနေတာပါဗျ။ ဘယ်မှ မသွားပါဘူး"

"ဟင် - အောင်သန်းစိန်တို့နဲ့ သွားကစားတယ်"

အမေက အံ့ဩသံနှင့် ဆို၏။

"ဟုတ်ပါတယ်ဆို - အမေကလဲ"

ကျွန်ုပ်စကားကြောင့် အမေ မျက်စိမျက်နှာပျက်သွားသည်၊ သို့သော် - ကျွန်ုပ်ကို ဘာမျှမပြောတော့ဘဲ အထိတ်တလန့်နှင့် -

"တဲ - လာ၊ ရေချိုး ထမင်းစားရအောင်"

ဤသည်မှာတော့ အမေ့စကားက ထူးဆန်းနေသည်။

ခါတိုင်းဆိုလျှင် အစ်ကိုတို့၊ ဦးလေးတို့ကြံခင်းထဲ ကြံသွားခုတ်ကြရာက ပြန်လာတော့မှ မိသားစု ထမင်းဝိုင်းစားကြသည်၊ ယနေ့ညနေမှာတော့ အမေနှင့် ကျွန်ုပ် နှစ်ယောက်တည်း ထမင်းစောစော စားနေကြ၏။

ကျွန်ုပ်နှင့်အမေတို့ ထမင်းစားမပြီးခင်ပင် အဖေ၊ အစ်ကိုနှစ်ယောက်နှင့် ဦးလေးတို့ ခုတ်ပြီးသားကြံလှိုင်းများကို ထမ်းပိုးပြီး ကြံတဲသို့ ဝင်လာကြသည်၊ ကျွန်ုပ်နှင့်အမေတို့ ယနေ့ညနေ၌ ထမင်းစောစော စားနေကြသည်ကို အဖေနှင့်တကွ အားလုံးလည်း အံ့ဩသွားကြပုံရသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အဖေက -

"ဟ - ဒီသားအမိ၊ ထမင်းစားကြတာ စောလှချည်လား၊ တို့တောင် မစောင့်ကြဘူးလား၊ ဘာဖြစ်လို့လဲ" ဟု လှမ်းမေး၏။

အမေက ဘာမျှပြန်မပြောခဲ့ဘဲ ထမင်းဝိုင်းက ထသွား၏၊ အဖေနှင့် တကွ အားလုံးက အမေ့ကို စိုက်ကြည့်နေကြသည်၊

အမေက အဖေ့နားနားကိုကပ်ပြီး တစ်စုံတစ်ခု ပြောလိုက်၏၊ အဖေက အမေ့စကားအဆုံးမှာ ကျွန်ုပ်ကို လှမ်းကြည့်နေသည်၊ အားလုံးကလည်း ကျွန်ုပ်ကိုပင် ထူးထူးဆန်းဆန်း ကြည့်နေကြလိမ့်မည်ထင်သည်၊

အမေ ထမင်းစားပွဲသို့ ပြန်ရောက်လာ၏၊

"အမေ - ဘာလဲဟင်"

"ဘာမျှမဟုတ်ပါဘူးဟာ၊ ရွာမှာ ကိစ္စရှိလို့ အမေတို့ ဒီနေ့ ရွာကို စောစော ပြန်ကြမယ်ပြောတာပါ"

"ရွာမှာ ဘာကိစ္စလဲဟင် - အမေ"

"နင်က ရှည်လာပြီ၊ ဘာကိစ္စဖြစ်ဖြစ် စားစမ်း မြန်မြန်၊ ရွာကို စောစော ပြန်ပါမယ်ဆို ရွာမှာ လူကြီးတွေ ကိစ္စရှိလို့ပေါ့"

ကျွန်ုပ်က လူမှုရေးကိစ္စတစ်ခုခုဟု ထင်လိုက်သဖြင့် ဆက်မမေးရဲ တော့၊

ထမင်းစားပြီးသည်နှင့် အမေနှင့် ကျွန်ုပ်တို့ ကြံတဲက ရွာပြန်လာကြ သည်၊ အဖေက မပြောစဖူး ကျွန်ုပ်နှင့် အမေ့ကိုကြည့်ပြီး "တောင်းကောင်း ပြန်ကြ" ဟု ဆိုသည်၊

နောက်နေ့ကျတော့ အမေက ကျွန်ုပ်ကို ကြံတဲသို့ မလိုက်ရတော့၊ အဘွားဆီတွင် အပ်ထားခဲ့သည်၊ ထိုအချိန်ထိ ကျွန်ုပ်က ဘာမှန်းမသိသေး၊ ရွာက ဆွေမျိုးများ ကျွန်ုပ်ကို လာလာကြည့်ကြသည်၊ ထိုအချိန်ထိလည်း ကျွန်ုပ် ဘာမှန်းမသိသေး၊

ဦးဘကျော်ရောက်လာပြီး ကျွန်ုပ်ကို စေ့စေ့ကြည့်ကာ -



"ဒီကောင်လေးလား - မောင်စံညွန့်တို့ကြံတဲမှာ မှင်စာလေးတွေနဲ့ ကစားလာတာ - အာဂအကောင်ပဲ" ဟု ပြောလိုက်သည်ကို အဘွားက - "ဟော့ကောင် - ကလေးကို" ဟု ဟန့်လိုက်သဖြင့် ဦးဘကျော်ရယ်ပြီး ပြန်သွား သည်၊ အဘွားက ဦးဘကျော်အား ဟန့်တားလိုက်ခြင်းမှာ ကျွန်ုပ် ကြောက် လန့်နေမှာစိုး၍ ဖြစ်သည်၊

ထိုအခါမှ ကျွန်ုပ်မှာ အစ်ကိုကြီးတို့ကြံတဲ၌ နမများနှင့် ကစားလာသည် မှာ နမများမဟုတ်ဘဲ ဦးဘကျော်ကြီး ပြောသွားသလို မှင်စာကလေးများ တကယ်ဖြစ်နေသလားဟု ကြောက်လာသည်၊ ထို့ကြောင့် - အစ်ကိုကြီးတို့ အိမ်သို့ ပြေးသွားကာ အောင်သန်းစိန်တို့ ညီအစ်မကို ကျွန်ုပ်က -

"နင်တို့နဲ့ မနေ့တစ်နေ့ကပဲ ကြံတဲမှာ ငါတို့ကစားခဲ့ကြတာကို ဦးဘကျော် ကြီးက" ဟု စကားပင်မဆုံးသေး အောင်သန်းစိန်အကြီးမက -

"ဦးဘကျော်ကြီးပြောတာ ဟုတ်တယ်ဟဲ့ - ဝေယံရယ်၊ ငါတို့ ကြံခင်းပွဲ မို့ ကြံတဲက ရွာကိုဝင်လာကြတာ တစ်ပတ်ကျော်ပြီ၊ နင် ဟိုတစ်နေ့ကပဲ ကြံတဲမှာ ကစားခဲ့ကြတယ်ဆိုတာ ငါတို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ အဖေ တို့က ပြောပြကြတာတော့ ရိုးနားလေးတွေ ညောင်ပင်ကြီးအောက်မှာ နေကြ တဲ့ မှင်စာမလေးတွေက ငါတို့ အယောင်ဆောင်ပြီး နင်နဲ့ကစားကြတာတဲ့၊ ဟုတ်မှာပေါ့ - ငါတို့မှ ကြံတဲကို မရောက်ကြတော့တာ"

အောင်သန်းစိန်၏စကားကို ကြားလိုက်ရသောအခါ ယခုမှ ကျွန်ုပ်မှာ ကျောချမ်းပြီး ကြက်သီးထလာသည်၊ ထိုအခါ သရဲတစ္ဆေကို ကြောက်တတ် သော ကျွန်ုပ်၏စိတ်မှာ ဆောက်တည်ရာမရသလို ဖြစ်လာမိသည်၊ ကြံတဲ တွင် ကစားခဲ့ရသော နမယောင်ဆောင်ထားကြသည့် မှင်စာမလေးများကို အောင်သန်းစိန်တို့ညီအစ်ကိုမြင်တိုင်း သတိရကာ အကြောက်ကြီး ကြောက် ရွံ့လာသည်၊

သည်လိုနှင့် မှင်စာမလေးတွေနှင့် ကစားလာသူ ကျွန်ုပ်ကို အကြောင်း ပြု၍ ရှင်ပြုပေးရန် အဖေက သူ့ညီအစ်ကိုတော်များကို နှိုးဆော်လေရာ ညီ အစ်ကိုတွေမှာလည်း ရှင်ပြုပေးရမည့်အရွယ် ရောက်နေကြပြီဖြစ်၍ ညီ အစ်ကိုများ စုပေါင်း၍ ရှင်ပြုပွဲ ပြုလုပ်ပေးကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ရှင်လောင်းတွေမှာ ကျွန်ုပ်တို့ ညီအစ်ကို သုံးယောက်အပြင် ဝမ်းကွဲညီအစ်ကိုပါပေါင်းလျှင် ရှစ်ယောက်နှင့် ဦးကြီးတို့အိမ်တွင် သူရင်းငှားလာလုပ်နေသူ ငလုံးစုရွာသားတစ်ယောက်ပါ ရှင်လောင်းကိုးရင် ကိုးပါးဖြစ်သည်။ ဦးကြီးက သူ့အိမ်တွင် စာရင်းငှားလာလုပ်နေသူမှာ လူပျိုကြီးဖြစ်နေသော်လည်း ရှင်မပြုရသေးသဖြင့် ဦးကြီးကလည်း သူ့ကို သားအရင်းပမာ ချစ်ခင်နေသဖြင့် ရှင်ထည့်ပြုပေးခြင်း ဖြစ်သည်။

ရှင်သာမဏေကိုးပါးထဲတွင် ကျွန်ုပ်ကား အငယ်ဆုံးဖြစ်သည်။ ကျွန်ုပ်မှာ မုင်စာမလေးများနှင့် ကစားလာသူ၊ တစ္ဆေသရဲကြောက်စိတ်ကလည်း အမြဲဗိစီးနေသူဖြစ်သဖြင့် သာမဏေဝတ်နှင့် ဘုန်းကြီးကျောင်း၌နေလျှင် စိတ်ပိုင်းဆိုင်ရာအရ အကြောက်ပြေသွားလိမ့်မည်ဟု အဖေက ထင်ထား၍ လားမသိ။

အဖေက ကျွန်ုပ်အား –

"ကိုရင်လေး – သား – လူထွက်ဖို့ စိတ်မကူးနဲ့နော်၊ သားကိုရင်ဝတ်နဲ့ နေရင် ဘယ်သရဲတစ္ဆေကမျှ ကိုရင်ကို ခြောက်ရဲကြမှာ မဟုတ်တော့ဘူး။ ဘုရားသားတော်ဖြစ်သွားတော့ ကိုရင်ကို သရဲတစ္ဆေတွေ ခြောက်ရဲဖို့မပြောနဲ့၊ အနားတောင်လာကပ်ဝံ့မှာ မဟုတ်ဘူးနော် – သား။ ကိုရင်ဝတ်နဲ့နေ၊ နောက်တော့ ဘုန်းကြီးလုပ်ပေါ့" ဟု ဆိုသည်။

အမေကမူ –

"ငါ့သားလေး ငယ်လွန်းသေးတယ်။ နဂိုကပင် ပိန်ကပိန်နဲ့၊ ညနေ ထမင်းမစားဘဲ ကြာကြာနေရင် အားပြတ်သွားလိမ့်မယ်။ ခုနစ်ရက်စေ့ရင် လိင်ပြန်လူထွက်ပါစေ" ဟု ဆိုသည်။

သို့သော် ကျွန်ုပ်ကား ငယ်စဉ်ကပင် အဖေ့ကို အထင်ကြီးသူ၊ အားကိုးသူဖြစ်ရာ အဖေ့စကားကို နားထောင်ပြီး လူမထွက်ဘဲ ကိုရင်ဝတ်နှင့် နေသည်။

ကျွန်ုပ်တို့ ညီအစ်ကိုဝမ်းကွဲ ရှစ်ယောက်ထဲက လူမထွက်ဘဲနေသူ နောက်တစ်ယောက်မှာ ရှင်စန္ဒာဘာသ (ခေါ်) ကိုထွန်းသာဦး (ခ) ကိုးစိုးမြင့် ဖြစ်သည်။ (ယခု မိုးကုတ်၊ ကျောက်ပြင်က မြင့်သိပ္ပံ နာရီဆိုင် ဖြစ်သည်။)

သူကမူ ဘုန်းကြီးလုပ်မည်ဟူသော ရည်ရွယ်ချက်နှင့် ရှင်လူမထွက်ဘဲ နေသည်။ အစ်ကိုဝမ်းကွဲ သူ့ကို အဖော်ရသဖြင့် အမေကလည်း နောက်တော့ "ကိုရင်လေး – ထမင်းမဆာဘူးလား၊ ညနေ ထမင်းဆာရင် ကိုရင့်အဖေ လယ်တောကမပြန်မီ လာစား၊ အမေ နေ့တိုင်း ကိုရင်လေးအတွက် ချက်ထားမယ်" ဟု တွေ့တိုင်းပြော၊ တွေ့တိုင်း မေးသည်။

"အမေကလည်းဗျာ – ကိုရင် ညစာ စားရတယ်လို့ အမေ့ကို ဘယ်သူပြောလဲ၊ ကိုရင် စားချင်ရင် ကျောင်းမှာဆွမ်းဟင်းတွေ ပေါမှပေါ၊ ညက်သိန်းကို ယူထားခိုင်းရင်လည်း ရတာပဲ" ဟု ကျွန်ုပ်က လေရှကြီးဖါကြီးပုံစံနှင့် အမေ့ကို ပြန်ပြောမိသည်။ ညက်သိန်းမှာ ကျွန်ုပ်၏အချစ်ဆုံးသူငယ်ချင်း ရွယ်တူကျောင်းသားဖြစ်သည်။

အမေက ထမင်းဆာနေမှာစိုး၍ ညနေ မေးတိုင်း၊ ပြောတိုင်း ကျွန်ုပ်က ထိုသို့ပြောရာ အမေက နောက်ထပ်မမေးတော့၊ မပြောတော့။ သည်လိုနှင့် မိမိရွာ ရှောင်းဝကျောင်းတွင် ကျွန်ုပ် ကိုရင်နှင့် နေလေသည်။

ဝေယံလင်းခေါင်



www.burmeseclassic.com